တက်ကြွသော လူငယ်

# techspace

ကွန်ပျူတာ၊ သိပ္ပံနှင့် နည်းပညာဂျာနယ်

XPERIA
Sony Smartphone

Volume.2, Issue.39 | https://blog.techspace.com.mm | December 28, 2013 (Saturday)



EDITOR'S CHOICE!

## အနာဂတ်ကို စိုးမိုးသွားလေမလား MAC PRO

၂၀၁၃ နှုတ်ဆက်
Yangon ICT Fair 2013
SPECIAL REPORT

မိုဘိုင်းဆက်သွယ်ရေးကြောင့်
ပြည်တွင်းစီးပွားရေးကို
ရိုက်ခတ်လာနိုင်မည့်အလားအလာ

စမတ်ဖုန်းများအတွက်
Samsung Game Pad
Controller ထွက်ရှိ

Hyundai ကားကုမ္ပဏီက ထုတ်လုပ်တဲ့
Sky Vega စမတ်ဖုန်းများ

+ SCIENCE & COMPUTING
MOBILE & AUTO GUIDE
CONSUMER MARKET



Tech Space Technology Journal
3103000310
ks 500

ASUS®
IN SEARCH OF INCREDIBLE

Welcome ICT Fair (Computer & Mobile)
Date : 27-29 / Dec 2013| Place : Tatmataw Exhibition Hall | Booth No. A5

ပြပွဲတွင် ASUS Notebook ဝယ်ယူသူတိုင်းအတွက် စိတ်ဝင်စားဖွယ်ရာ
ဗလာမပါ ကံစမ်းမဲ အစီအစဉ်များ
ငွေသား ၅,၀၀၀ ကျပ် မှ ၁၀၀,၀၀၀ ကျပ် အထိ
ရင်ခုန်လှုပ်ရှား ကံစမ်းမဲ အစီအစဉ်များ



normal price - 629$
discount 30$ + lucky draw
special price - 5xx$
amazing discount item !

ASUS K450CC | IntelCore i5-3337U-1.8 GHz (Turbo Boost 2.7 GHz) 3M | 4GD3/1600 up to 8G | Sata 500G(5400rpm) | Nvidia GT720(2G)DDR3 | DRW | 14"HD Color Shine(LED) | 4cell

Golden Power Technology - Your Reliable Supplier | Tel : (01) 2304848, 2304849, 2304850, 2304851, 2304852

# MUM

*Mister & Miss University Myanmar Talent Competition*

**MYANMAR**

★ 2014 ★

Organised by
August Myanmar Media Group



**Date & Places**

**Level 1 : 4 Jan 2014** *(Gandamar Wholesales)*
**Level 2 : 10 Jan 2014** *(National Theatre)*
**Level 3 : 24 Jan 2014** *(Myanmar Convention Centre)*

Contact Address 1: Building 6/1, Room 11, YanAung Street 3, Yankin Township. Yangon. Ph: +959 254077725, +951 865088

https://www.facebook.com/missuniveristymyanmar

Contact Address 2: August Myanmar Media Group: Room 803, Building A3-1, MyanmaGonyi Housing Complex, MingalarTaungNyunt Township, Yangon, Myanmar. Phone +951 393499, +951 399065.

Platinum Sponsors

August Myanmar Company Limited
SHWE GANDAMAR International Trading Limited

Media Partners

NEXT, YATI, Digital Camera, Popular News, Mr., Stuff, CITY FM

Venue Sponsors

Gandamar, Ruby Mart, Pearl Count



mobileMASTER
PHONES, ACCESSORIES, SALES & SERVICE
တယ်လီဖုန်းအကျိုးဆောင်ပေးပါသည်
အမှတ်(၃၀) မြေညီ၊ (၅၃)လမ်း၊
(၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။
Tel: 01-297478, 09-731 33330
09-732 33330, 09-737 33330
09-50 33330, 09-51 33330




Mr. Shwe MOBILE
GSM, CDMA Handset & Accessories Sales & Service
iPhone 5S
Samsung Galaxy S4
Samsung Galaxy Note III
HTC One
Huawei G610
အရည်အသွေးနှင့်လိုင်းဆွဲအား အထူးကောင်းမွန်သော GSM Handset မျိုးစုံ၊ CDMA 800-450 ဟန်းဆက်များ၊ကြိုးဖုန်း၊ အထိုင်ဖုန်းများ၊ MP4 ၊ Speaker ၊ Phone Accessories မျိုးစုံ၊Phone Spearparts များ၊ Power Benk မျိုးစုံနှင့် Battery များကို မှန်ကန်သောပစ္စည်း၊ ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။
လိုင်းကဒ်ပျောက်ခြင်း၊ ပျက်ခြင်း၊ CDMA ဖုန်းများ Internet လိုင်းသစ်လျှောက်ထားပေးခြင်းစသည့် အထွေထွေဝန်ဆောင်မှုများကို ဈေးနှုန်းသက်သာစွာဖြင့် လျှင်မြန်စွာဆောင် ရွက်ပေးနေပါသည်။
အမှတ်-(၆)၊ ရွှေဝါနန်း တည်းခိုခန်း(မြေညီထပ်)၊ ပြည်ထောင်စုလမ်းမကြီး၊
(၂၆) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ (တောင်/မြောက် ကားဂိတ်အနီး)
ဖုန်း - ၀၉ ၅၁၅၂၀၇၉၊ ၀၉ ၇၃၁၇၆၂၁၇




GH Mobile
SERVICE & TRAINING CENTER
Galaxy S4 (China)
GSM + WCDMA
Galaxy Note 3 (China)
GSM + WCDMA
3G
Samsung Galaxy Tab 7.0
GAM + WCDMA
3G
Galaxy Note 2 (China)
GSM + WCDMA
5.5"
2 CPU - 1.2GHz
8.0MP + 2.0MP
iPhone 5C (China)
32GB
3G
GSM + WCDMA
Galaxy S III (China)
Marketing
အရောင်းဝန်ထမ်း
အလိုရှိသည်။
အလုပ်ချိန် - နံနက် ၉း၃၀ မှ
ညနေ ၅း၃၀
Samsung China Clone များကို လက်လီလက်ကားရောင်းချပေးနေပါသည်။
GH Service Centre မှ Samsung, Huawei, Tablet အမျိုးမျိုးတို့အတွက် LCD, Touchscreen အမျိုးမျိုးတို့ကိုလည်း လက်လီလက်ကားဖြန့်ချိသည်။
GH Training Center မှ Samsung, Huawei, Tablet ပစ္စည်းတို့အတွက် Hardware, Solfware တို့ကို အသေးစိတ်သိရှိလိုသူများကို တရုတ်ပြည်မှ ဆရာများကိုယ်တိုင် စာတွေ့ လက်တွေ့သင်ကြားပို့ချပေးမည်။
ထို့ပြင် GH Mobile Service မှ Samsung, Huawei, Tablet Second Hand များကိုလည်း ပြန်လည်ဝယ်ယူလက်ခံသည်။
GH မှမည်သည့် Handset မဆိုချို့ယွင်းပျက်စီးပါက
Software/Hardware များပြုပြင်နိုင်သည်။
ဤဆိုင်တွင်ရောင်းချသော
China Phone များအားလုံးအတွက်
ပြုပြင်လဲလှယ်စရာ ဖုန်းအတွင်းပိုင်းအပိုပစ္စည်းများ
အချိန်မရွေးရရှိနိုင်သောကြောင့် ချို့ယွင်းမှုတစ်စုံတစ်ရာရှိခဲ့ပါက
အပြည့်အဝတာဝန်ယူဆောင်ရွက်ပေးနိုင်သောကြောင့်
စိတ်ချယုံကြည်စွာဖြင့် ဝယ်ယူနိုင်ပါသည်။
ဆက်သွယ်စုံစမ်းရန် - 425281333, 425286333, 73012666, 200747 (Ext: 2066)
C-12, ယုဇနပလာဇာ၊ ပထမလွှာ

techspace
Published by August Myanmar Media Group

CHIEF EXECUTIVE OFFICER
Ye Myanmar Aung
GENERAL MANAGER
Soe Thiha

EDITOR-IN-CHARGE
Nyein Chan
EDITORS
Cyra, Nay Lin Aung, May Thazin
TRANSLATION EDITOR
Si Thu Nay Naing
REPORTERS
Yar Za Ko Ko, Arkar, Wai Phyo Aung
CONTRIBUTORS
Dr. Mie Mie Ko, Myint Moh, worldwide
WRITERS
Ko Chain Kwin, Leon, Htet Aung, Zaw Tun (Netstar), Ko Ko Aung, Cloud, Lin Lin (IA)
CARTOON
Arkar, Tor Ti Swe
DESIGNER IN CHIEF
Khin Ei Ei Khine
LAYOUT DESIGNER
Htain Lin, Nay Myo Aung, Hnin Nwe Phyo, Thin Thin Aung, Kay Thi Hlaing, Thandar Su Htwe

MARKETING EXECUTIVES
Sandar Hlaing
MARKETING ASSISTANT
Isali Phuu, Thae Nandar, Twal Tar Myint Maung, Thun Shwe Yi, Thingyan May Zaw
SENIOR ACCOUNTANT
Ni Ni Hlaing
JUNIOR ACCOUNTANT
May Khattar Khin
MANAGER (ADMIN & HR)
Swe Thet Maung Maung
ADMINISTRATION
Khine Su Yin
CIRCULATION SUPERVISIOR
Myat Su Mon
CIRCULATION INCHARGE
San Myint
CIRCULATION COORDINATOR
Myat Htun Oo
CIRCULATION ASSISTANT
Nay Phyo Hlaing, Zaw Min Latt, Aung Wai Phyo

PUBLISHER
Ye Myanmar Aung (04603)
PRINTER
Ngwe Gant Gaw Printing House (06361)
CTP
Kabaoo
PRICE
500 Kyats
FACEBOOK
www.facebook.com/techspacejournal
WEBSITE
blog.techspace.com.mm
EMAIL
techspace.mm@gmail.com

HOT LINE
09-400463030, 01-393499

Copyright © 2013 August Myanmar Co.,Ltd. All Right reserved. No Part of this publication may be reproducted in any form in whole or in part without the written permission of the Publisher.

HEAD OFFICE (YANGON)
Room 803, Building A3-1, Myanma Gonyi Housing, Mingalar Taung Nyunt Township, Yangon, Myanmar.Tel: 01-393499, 01-399065, 01-393038, 09-8306054, 09-8306053
Fax: 01-393038 PO.Box: 603

# မိုဘိုင်းဖုန်းအသုံးပြု Myanmar Mobile Money ဝန်ဆောင်မှု စတင်




မိုဘိုင်းဖုန်းကိုအသုံးပြုပြီး တစ်ဦးမှတစ်ဦးသို့ ငွေလွှဲခြင်း၊ ဖုန်းငွေဖြည့်သွင်းခြင်း၊ ဝန်ထမ်းလစာပေးချေခြင်း၊ ငွေသွင်းငွေထုတ်လုပ်ငန်းများ လုပ်ဆောင်နိုင်မည့် Myanmar Mobile Money ဝန်ဆောင်မှုကို ပြည်တွင်းနည်းပညာကုမ္ပဏီမှ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်းသိရသည်။ အဆိုပါ ကုမ္ပဏီမှာ ပြီးခဲ့သည့် သီတင်းပတ်က ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ပြုလုပ်ခဲ့သော ကုန်စည်ပြပွဲတွင် Myanmar Mobile Money ကို မိတ်ဆက်ပြသခဲ့ခြင်းလည်းဖြစ်သည်။

Myanmar Mobile Money ဝန်ဆောင်မှုမှာ ဖုန်းအင်တာနက်ဖြင့်အသုံးပြုနိုင်သလို အင်တာနက်မရှိပါက ဖုန်းမက်ဆေ့ချ်ပေးပို့နိုင်ရုံဖြင့် ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ မိုဘိုင်းဖုန်းငွေဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း၊ ဝန်ထမ်းလစာပေးချေခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ Myanmar Mobile Money စနစ်ကိုမြန်မာပြည်နေရာအနှံ့ အပြားတွင် အသုံးပြုနိုင်မည်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် အေးဂျင့်များ ထားရှိပေးသွားမည်ဖြစ်ကာ အေးဂျင့်များမှတစ်ဆင့်ငွေထုတ်ယူခြင်းများ ပြုလုပ် နိုင်မည်ဖြစ်ကြောင်း Myanmar Mobile Money မှ တာဝန်ရှိသူတစ်ဦး က Tech Space သို့ပြော သည်။ Myanmar Mobile Money စနစ်ကို အင်း၀ ဘဏ် ဖြင့်ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

Myanmar Mobile Money စနစ်ကိုအင်တာနက်(USSD)၊ မက်ဆေ့ချ် (SMS) ဖြင့် အသုံးပြုနိုင်သလို Myanmar Mobile Money Application ဖြင့်လည်း အသုံးပြုနိုင်မည်ဖြစ်သည်။ USSD နစ်ကို *166# သို့ဖုန်းခေါ်ပြီး အော်ပရေတာမှညွှန်ကြားချက်အတိုင်း Register ဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ SMS စနစ်ကိုအသုံးပြုမည်ဆိုပါက 1666 သို့ Join ဆိုသည့် စာသားပေးပို့ရမည်ဖြစ်ပြီး ပေးပို့သူအတွက် Pin နံပါတ်ပြန်လည်ပေးပို့ပေးမည်ဖြစ်ကာ အဆိုပါ Pin နံပါတ်ဖြင့် Myanmar Mobile Money စနစ်ကို စတင်အသုံးပြုနိုင်မည်ဖြစ်သည်။ Application ကို www.myanmarmobile money.com.mm တွင် ဝင်ရောက် Download ရယူနိုင်မည်ဖြစ်သလို အေးဂျင့်များထံမှလည်း သွားရောက် ရယူထည့်သွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

Myanmar Mobile Money စနစ်ကို Application Form ဖြင့် ကိုယ်ရေးအချက်အလက်ပြည့်စုံစွာ စာရင်းပေးသွင်းပါကငါးထောင်မှ ဆယ်သိန်းအထိ ထည့်သွင်းအသုံးပြုခွင့်ပေးမည် ဖြစ်ကြောင်း၊ မက်ဆေ့ချ်ဖြင့်သာ စာရင်းပေး သွင်းပါက ငါးထောင်မှ ငါးသောင်းအထိသာ အသုံးပြုမည်ဖြစ် ကြောင်း၊ ငွေလွှဲရာတွင် တစ်ရက်လျှင် ကျပ်တစ် ထောင်မှ ၁၀ သိန်းအထိ ပေးပို့နိုင်ပြီး ဝန်ဆောင်ခ များကို ၁၀၀၀ မှ ၅၀၀၀၀ ကြားကို ၁၂၀ ကျပ်၊ ၅၀၀၀၁ မှ ၁၀၀၀၀၀ ကြားကို ၁၈၀ ကျပ်၊ ၁၀၀၀၀၁ မှ ၂၀၀၀၀၀ ကြားကို ၂၄၀ ကျပ်၊ ၂၀၀၀၀၁ မှ ၅၀၀၀၀၀ ကြားကို ၄၀၀ ကျပ်၊ ၅၀၀၀၀၁ မှ ၁၀၀၀၀၀၀ ကြားကို ၆၅၀ ကျပ် သတ်မှတ်ထားကြောင်းသိရသည်။ Myanmar Mobile Money စနစ်ကိုအသုံးပြုပါက လစဉ်ကြေး ၂,၀၀၀ ကိုပေး သွင်းရမည်ဖြစ်ပြီး Pin နံပါတ် ပြောင်းလဲလိုပါက ၂၀၀ ကျပ်ပေးဆောင်ရမည်ဖြစ်သည်။ အဆိုပါစနစ်ကိုအသုံးပြုနေ စဉ်ကာလအတွင်း လစဉ်ကြေးသာ ပေးဆောင်ရမည်ဖြစ်ပြီး ငွေလွှဲပေးပို့ရာတွင် မက်ဆေ့ချ်များ အတွက် ပေးဆောင်ရမည်မဟုတ်ကြောင်းသိရသည်။

Myanmar Mobile Money စနစ်အသုံးပြုသူများအနေဖြင့် Call Center 1212 သို့ မိမိနှင့် အနီးဆုံးနေရာတွင်ရှိသော အေးဂျင့်များမေးမြန်းနိုင်ကြောင်း၊ အဆိုပါစနစ်နှင့်ပတ်သက်ပြီးအခက်အခဲတစ်စုံတစ်ရာရှိပါကလည်း ၂၄ နာရီပတ်လုံး ဆက်သွယ်မေးမြန်းနိုင်ကြောင်း၊ အသုံးပြုနေသည့်ဖုန်းပျောက်ဆုံးသွားပါက ၁၂၁၂ သို့ချက်ခြင်းအကြောင်းကြားပြီး ဖုန်းပြန်မရခင်အချိန်အထိ မိမိဖုန်းမှ Transaction များကိုပိတ်ထားနိုင်မည် ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် အေးဂျင့် ၁၀၀ ဝန်းကျင် ခန့်အပ်ထားပြီး အေးဂျင့်လုပ်လိုသူများအနေဖြင့် အင်း၀ဘဏ် သို့မဟုတ် ဘဏ်တစ်ခုခုတွင် အေးဂျင့်အဆင့်အလိုက် Deposit ငွေသားသွင်းထားရမည်ဖြစ်ကြောင်း၊ Super အေးဂျင့်တစ်ဦးမှာ သိန်း ၂၅၀ မှ သိန်း ၁၀၀၀၊ ရိုးရိုးအေးဂျင့်တစ်ဦးမှာ သိန်း ၅၀ မှ သိန်း ၂၅၀ အထိ ပေးသွင်းရမည်ဖြစ်ကြောင်းသိရသည်။ Mobile Banking စနစ်ကို ဗဟိုဘဏ်မှ တရားဝင်ခွင့်ပြုချက် ရရှိပြီးနောက်ပိုင်း ပြည်တွင်းပုဂ္ဂလိကဘဏ်အချို့မှာလည်း အဆိုပါစနစ်ကို လုပ်ဆောင်နေပြီဖြစ်သည်။

■ အေဝမ်း

# ဆီးဂိမ်းစ်ပြိုင်ပွဲတွင် အင်တာနက် WiFi အခက်အခဲကြုံခဲ့ဟု သတင်းထောက်များနှင့် ပရိသတ်များပြောကြား

မြန်မာနိုင်ငံမှ လက်ခံကျင်းပခဲ့သည့် ၂၇ ကြိမ်မြောက် အာဆီယံဆီးဂိမ်းစ်ပြိုင်ပွဲတွင် ပြိုင်ပွဲကျင်းပရာနေရာများတွင် အင်တာနက် Wi-Fi ဝန်ဆောင်မှုကို အခမဲ့ပေးရန်အတွက် စီစဉ်ဆောင်ရွက်ခဲ့သော်လည်း အချို့နေရာများတွင် အဆိုပါဝန်ဆောင်မှုစနစ်ကို အသုံးပြု၍မရခဲ့ကြောင်း သတင်းထောက်များနှင့် အားပေးသူပရိသတ်များထံမှသိရသည်။

"သုဝဏ္ဏဘောလုံးကွင်းမှာတော့ ပထမရက်တွေက မြန်တယ်လိုပြောတာပဲ။ ဒါပေမဲ့ ထိုင်းနဲ့ကစားတဲ့နေ့က အင်တာနက်လုံးဝသုံးလို့ မရဘူး။ ပွဲပြီး သတင်းစာရှင်းလင်းပွဲပြီးလို့ ရုံးကို သတင်းမေးလ် ပို့မယ်လုပ်တော့ သုံးမရလို့ ဖုန်းနဲ့ပဲပြောလိုက်ရ တယ်။ ဖုန်းတောင်မှ တော်တော်ခေါ်ယူရတယ်။ ဆီးဂိမ်းစ်လိုပြိုင်ပွဲမှာတော့ ဒီလိုမဖြစ်သင့်ဘူး ထင်ပါ တယ်" ဟု ပြည်တွင်းသတင်းထောက်တစ်ဦးက Tech Space သို့ပြောသည်။

ဆီးဂိမ်းစ်ပြိုင်ပွဲတွင် 4G အင်တာနက်စနစ်ကိုပေးရန်အတွက် အစောပိုင်းကာလများကတည်းက ပြည်ပကုမ္ပဏီအချို့ဖြင့် စာချုပ်ချုပ်ခဲ့ဟုသိရကြောင်း၊ ဆီးဂိမ်းစ်ကျင်းပရာနေရာများ အားလုံးတွင် 4G အင်တာနက်စနစ်ရရှိမည်ဟု မြန်မာ့ဆက် သွယ်ရေးနှင့် ဝန်ဆောင်မှုပေး သည့်ကုမ္ပဏီများကပြောကြားခဲ့သော်လည်း လက်ရှိတွင် အမှန် တကယ်အလုပ်မဖြစ်သည်မှာ မေးခွန်းထုတ်ဝေဖန်စရာဖြစ်နေကြောင်း ထိုင်း-မြန်မာ အမျိုးသားဘောလုံးပြိုင်ပွဲသို့လာရောက်အားပေးသူ တစ်ဦးကပြောခဲ့သည်။

မြန်မာ့ဆက်သွယ်ရေးမှ ဆီးဂိမ်းစ်အားကစားပြိုင်ပွဲတွင် အင်တာနက်ဝန်ဆောင်မှုပေးရန်အတွက် Bandwidth တိုးချဲ့မှုမှာ 19Gbps ကျော်အထိ စီစဉ်ထားပြီးဖြစ်ကြောင်း ဆီးဂိမ်းစ်ပြိုင်ပွဲ မကျင်းပမီက ပြောကြားခဲ့ဖူးသည်။ ထို့ပြင် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ပြည်ပအားကစားသမားများ အတွက် အခမဲ့ဖုန်းခေါ်ဆိုရန်အတွက် Y talk မှ စီစဉ်ဆောင်ရွက်ခဲ့သော်လည်း မြန်မာ့ဆက်သွယ်ရေးမှ ခွင့်ပြုချက်မရခဲ့သောကြောင့် ယင်းအခမဲ့ဖုန်းခေါ်ဆိုနိုင်သည့်ဝန်ဆောင်မှုမှာလည်း ပျက်ပြယ်ခဲ့ကြောင်း သိရသည်။ မြန်မာ့ဆက်သွယ်ရေးမှခွင့်မပြုခဲ့ခြင်းမှာ Y talk နှင့်မြန်မာ့ဆက်သွယ်ရေးတို့တရားဝင်စာချုပ်မချုပ်ဆိုခဲ့ခြင်းကြောင့်ဖြစ်နိုင်ကြောင်းအကြီးတန်း အင်ဂျင်နီယာ တစ်ဦးက ပြောသည်

■ အေဝမ်း

# ဆက်သွယ်ရေးဆိုင်ရာအဆောက်အအုံများ တည်ဆောက်ရန်နှင့် စီမံခန့်ခွဲရန် Apollo Towers အား တရားဝင် Vendor အဖြစ် တယ်လီနောမြန်မာမှ ရွေးချယ်


ဓာတ်ပုံ - အင်တာနက်

ပြည်တွင်းနေရာအနှံ့တာဝါတိုင်များတည်ဆောက်ရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများလုပ်ကိုင်ရန်အတွက် ဆက်သွယ်ရေးအဆောက်အအုံ ဆောက်လုပ်ရေး လုပ်ကိုင်သူ Apollo Towers အား တယ်လီနောမြန်မာမှရွေးချယ်ခဲ့ကြောင်းသိရသည်။

အဆိုပါရွေးချယ်ခြင်းအနေဖြင့် တယ်လီနောမြန်မာမှပြည်တွင်း၌ခေတ်မီ ဆက်သွယ်ရေးကွန်ရက် လျင်မြန်စွာ စတင်နိုင်ရန် အကောင်အထည်ဖော်စတင်ခြင်းဖြစ်ကြောင်း၊ လိုင်စင်ရရှိပြီး ၈ လအတွင်း စျေးနှုန်းသင့်တော်သည့် မိုဘိုင်းဆက်သွယ်ရေးပစ္စည်းများနှင့် ဝန်ဆောင်မှုများစတင်ရောင်းချနိုင်ရန် စီစဉ်ထားကြောင်းတယ်လီနောမြန်မာ၏အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr.Petter Furberg မှပြောသည်။

"ကျွန်တော်တို့အနေနဲ့ မကြာမီအချိန်အတွင်းမှာ လိုင်စင်ဆိုင်ရာဆွေးနွေးမှုလုပ်ငန်းစဉ်တွေ အပြီးသတ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။ အခု တယ်လီနောမြန်မာနဲ့ Apollo Towers တို့ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် အနာဂတ်မြန်မာနိုင်ငံမှာအကျိုးရှိပြီးတော့ ကုန်ကျစရိတ်သက်သာတဲ့မိုဘိုင်းဆက်သွယ်ရေးအဆောက်အအုံမျှဝေအသုံးပြုနိုင်မယ့်စနစ်ကိုအော်ပရေတာအများသုံးစွဲနိုင်မယ့်တာဝါတိုင်များနဲ့ဆက်စပ်ပေးမယ့်နေရာတစ်ခုကိုပေးသွားနိုင်မှာဖြစ်ပါတယ်" ဟုပြောသည်။

Apollo Towers အနေဖြင့် မြန်မာအခြေစိုက်ကုမ္ပဏီများစွာနှင့် ပြည်တွင်းနေရာအနှံ့အပြားဆက်သွယ်ရေးအခြေခံ အဆောက်အအုံများအား ပူးပေါင်းတည်ဆောက်သွားမည်ဖြစ်ပြီး ဒေသခံစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ၊ ပြည်တွင်းစီးပွားရေးပတ်ဝန်းကျင်အား သက်ဝင်လှုပ်ရှားလာစေရန် အားဖြည့်ခြင်းများအားဆောင်ရွက်သွားမည်ဖြစ်ကြောင်းအဆိုပါကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr.Francois Lorelli မှ ပြောသည်။

"ဒီမြန်မာနိုင်ငံရဲ့တယ်လီဖုန်းဆက်သွယ်ရေးအနေအထား အသွင်ပြောင်းနေတဲ့အချိန်မှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တို့အနေနဲ့တွေ့ကြုံလာရမယ့်စိန်ခေါ်မှုနဲ့အခွင့်အလမ်းတွေကို နှစ်သက်ပါတယ်။ တယ်လီနောအတွက်ကမ္ဘာ့အဆင့်မီဆက်သွယ်ရေးအဆောက်အအုံတွေကိုအချိန်မီတည်ဆောက်ပေးသွားမှာဖြစ်ပါတယ်" ဟုပြောသည်။

Apollo Towers အနေဖြင့် တယ်လီနောမြန်မာနှင့် လက်တွဲလုပ်ဆောင်ခွင့်ရသည့်အတွက် မြန်မာပြည်တွင်းအများဆုံးသုံးဆက်သွယ်ရေးအခြေခံအဆောက်အအုံးအမိကဖြည့်ဆည်းသူဖြစ်လာစေမည့် အုတ်မြစ်တစ်ခု ချထားနိုင်မှာဖြစ်ကြောင်း အဆိုပါ Apollo Towers တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ Mr.Sorjib Ahuja မှ ပြောကြားခဲ့သည်။

ပြည်တွင်း မိုဘိုင်းဖုန်းသုံးစွဲနိုင်မှုနှုန်းအနေဖြင့် ၂၀၁၂ ခုနှစ်တွင် လူဦးရေ၏ ၄ ရာခိုင်နှုန်းအောက်တွင် ရှိနေပြီး ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုပါက နည်းနေသေးကြောင်း ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများတိုးတက်လာသည်နှင့်အမျှ မိုဘိုင်းဖုန်းသုံးစွဲနိုင်မှုများမြင့်တက်လာမှာဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။

■ ရာဇကိုကို



# မိုဘိုင်း ဆက်သွယ်ရေးကြောင့် ပြည်တွင်းစီးပွားရေးကို ရိုက်ခတ်လာနိုင် မည့် အလားအလာ

■ ကျော်သွင်ကို

မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များ တိုးချဲ့တော့မည်။ အော်ပရေတာသစ်များထံမှ ဝန်ဆောင်မှုသစ်များရတော့မည်ဖြစ်ရာ ဆက်သွယ်ရေးစနစ်ကြီး တစ်ခုလုံးနီးပါး တဖြည်းဖြည်းပြောင်းလဲသွားသည်နှင့် အမျှ ပြည်တွင်းရှိနိုင်ငံသား သန်းပေါင်းများစွာ၏ လူမှုစီးပွားရေးဘဝများကို ရိုက်ခတ်လာနိုင်မည့် အလားအလာများအား Deloitte သုတေသနနှင့် အကြံပေးအဖွဲ့မှ ထုတ်ပြန်ထားသည့် The Potential Economics of Mobile Communications in Myanmar အစီအရင်ခံစာကို ကိုးကားကာ ဤဆောင်းပါးကို ဖော်ပြခြင်းဖြစ်သည်။

Figure 1: Supply side value add as a proportion of GDP




Source: Deloitte

Ericsson ၏ နိဒါန်းစကား

ယနေ့ခေတ်တွင် ကမ္ဘာ့လူဦးရေ ၏ ၆၀ ရာခိုင်နှုန်းမှာ မိုဘိုင်းဖုန်းသုံးစွဲလျက်ရှိသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် လူပေါင်း ၆ ဘီလျံကျော်က မိုဘိုင်းဖုန်း သုံးစွဲလျက်ရှိသည်ဟု ခန့်မှန်းနိုင်သည်။ Ericsson ၏ ခန့်မှန်းချက်အရ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၈၅ ရာခိုင်နှုန်းမှာ 3G ကွန်ရက် သုံးစွဲမှုရရှိမည်ဖြစ်သည်။ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အင်တာနက် သုံးစွဲမှုမှာ ၂၀၁၇ ခုနှစ်ကုန်ဆုံးချိန်တွင် ၁၅ ဆ တိုးလာမည်ဖြစ်သည်။ လူများစုအတွက် မိုဘိုင်းဖုန်းသည်သာ အင်တာနက်ချိတ် ဆက်သုံးစွဲရန် တစ်ခုတည်းသော နည်းလမ်း ဖြစ်လာပါလိမ့်မည်။ ဘရော့ဘန်း အင်တာနက် ဆက်သွယ်ရေး ၁၀ ရာခိုင်နှုန်းတိုးသည်နှင့်အမျှ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး ၁ ရာခိုင်နှုန်းတိုးသည်ဟု တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လေ့လာသိရှိရပါသည်။ ဘရော့ဘန်း ဆက်သွယ်ရေးကြောင့် စီးပွားရေးကဏ္ဍတွင် အကျိုးဖြစ်ထွန်းစေခြင်းပင်။ အင်တာနက်မြန် နှုန်းနှစ်ဆမြှင့်ပေးနိုင်လျှင် ဂျီဒီပီကို ဝ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်စေသည် ဟု Ericsson မှ သုတေသနပြုလုပ်ထားသည့် Traffic market Reportတွင် ဖော်ပြထားပြီး ဖြစ်သည်။

မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ဆယ်စုနှစ်နှစ်ခုတွင် ပေါ်ထွက်ခဲ့သော ဇရာမ ဆက်သွယ်ရေး ဖြစ်ပေါ်တိုးတက်မှုကြီးများ၏ အဖျားအနားလောက်သာ ရိုက်ခတ်ခံခဲ့ရသည့် နိုင်ငံတစ်ခုဟု ဆိုရမည်။ လူဦးရေ သန်း ၆၀ ကျော်ရှိသည်ဟု ခန့်မှန်းထားသည့် မြန်မာပြည်တွင် လူတစ်သန်းဝန်းကျင်လောက်ကသာ မိုဘိုင်းဖုန်းသုံးစွဲနေကြသည်။ အင်တာနက် သုံးစွဲသူဦးရေ မှာ ၄၀၀၀၀၀ မပြည့်ပါ။

၁၉၉၀ပြည့်နှစ်များ နှောင်းပိုင်းမှစပြီး မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံမှုမှာ လူ့အခွင့် အရေးချိုးဖောက်မှုများ ကိုစိုးရိမ်ကြသည်က တစ်ဖက်၊ နိုင်ငံတကာမှ အရေးယူ ပိတ်ဆို့မှုများ ကြောင့်ကတစ်ဖက် ဖြင့် အကန့်အသတ်ဖြင့်သာ ရှိခဲ့သည်။ သို့ရာတွင် ကုလသမဂ္ဂ အပါအဝင် အပြည်ပြည် ဆိုင်ရာမှ စူးစမ်းလေ့လာသူများ၏ အမြင်အရ မြန်မာပြည်တွင် ဒီမိုကရေစီ စနစ်သို့ အသွင်ကူးပြောင်းမှုကို ပိုမိုလေးနက်စေရန်နှင့် လူ့အခွင့်အရေး အခြေအနေကို ပိုတိုးတက်စေရန် အပြုသဘောဆောင်ပြီး အဓိပ္ပါယ်ပြည့်ဝသည့် အခွင့်အရေးများ အမှန်ပင်ရှိနေ သည်။ နိုင်ငံတကာမှ ပိတ်ဆို့မှုများ ရုတ်သိမ်းခြင်းနှင့် ဆိုင်းငံ့ခြင်းတို့အပြင်၊ မြန်မာပြည်တွင် အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှုများပိတ်ပင်ထားခြင်းကို ဖယ်ရှားလိုက်ခြင်းတို့က အထက်ပါ အပြုသဘောဆောင်သောဖြစ်ပေါ်တိုးတက်မှုများကိုအသိအမှတ်ပြုခြင်းပင်။

Maplecroft Myanmar Country Risk 2012 အစီအရင်ခံစာတွင် ဖော်ပြချက်အရ မြန်မာနိုင်ငံသည် အစိုးရ၏ ပြုပြင်ပြောင်းလဲရေး အစီအမံ၏ ပံ့ပိုးမှုဖြင့် ရင်းနှီးမြှုပ်နှံမှုများ အာရုံကျရာ နေရာဖြစ်လာမည်ဟုသိရသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍကဲ့သို့ အခြေခံ အဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှု၌ မူတည်နေသည်ဟု အစီအရင်ခံစာက ဆိုပါသည်။

မိုဘိုင်းဆက်သွယ်ရေးသည် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာရေး၊ လျှပ်စစ်မီးရရှိရေး၊ ကုန်သွယ်ရေးနှင့် အလုပ်အကိုင်ရရှိရေး တို့ကို ပိုမိုချိတ်ဆက်နိုင်မှုအပြင် အခြားအခွင့်အလမ်းများကို အကျိုးဖြစ်ထွန်းစေကြောင့် အာဖရိကနှင့် အာရှနိုင်ငံများကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တွေ့မြင်ခဲ့ကြရပြီး ဖြစ်သည်။ မြန်မာပြည်တွင် လေ့လာတွေ့ရှိရသည့် အပြုသဘောဆောင်သောအရှိန်အဟုန်ကို ဖြည့်စွက်နိုင်မည်မှာလည်း အထက်ပါ အကျိုးကျေးဇူးများပင်ဖြစ်သည်။

မြန်မာပြည်တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ပါက လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ဖွယ် အခြေအနေများကို သေချာထည့်တွက်ရန်လိုသည်။ လူ့အခွင့်အရေးနှင့် စီးပွားရေးအင်စတီကျု (IHRB) နှင့် ဒိန်းမတ်လူ့အခွင့်အရေး အင်စတီကျုတို့၏ (DIHR) ၏ အကြံ ပြုတင်ပြချက်ဖြစ်သည့် လူ့အဖွဲ့အစည်းအတွင်း အရေးပါအရာရောက်သူ ပေါင်းစုံပါဝင်သည့် ဖြစ်စဉ်တွင်အခြေခံပြီး မြန်မာပြည်တွင် လုပ်ကိုင်မည့် စီးပွားရေး လုပ်ငန်းများတွင် လူ့ အခွင့်အရေး အခြေခံမူများနှင့် စံသတ်မှတ်ချက်များကို လက်တွေ့အသုံးချမှုအား ဦးဆောင်လှုပ်ရှားနေမှုကို Ericsson က ထောက်ခံပါသည်။ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် ကိုက်ညီသော ၎င်းတို့၏ ဦးဆောင်လှုပ်ရှားမှုတွင် Ericsson က ပါဝင်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

တစ်ချိန်တည်းတွင် အခြေခံ လူ့အခွင့်အရေးများ ရရှိစေခြင်း၊ လူ့အဖွဲ့အစည်းအတွင်းပွင့်လင်းမြင်သာမှုတိုးပွားလာမှုကိုတွန်းအားပေးခြင်းတို့တွင် မိုဘိုင်းဆက်သွယ်ရေးမှာ အရေးကြီး သည့်နေရာမှ ပါဝင်နေသည်။ မိုဘိုင်း ကုန်သွယ်ရေးကဲ့သို့ လက်တွေ့အသုံးချမှုများမှနေပြီး ဘဏ်စနစ်နှင့် ဘဏ္ဍာ ရေးစနစ်ဆိုင်ရာ စိန်ခေါ်မှုများကို လျှော့ချနိုင်ရန်လည်း မိုဘိုင်းဆက်သွယ်ရေးက အထောက်အကူ ပြုနိုင်သည်။ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများရရှိမှုကိုအားပေးနိုင်သည်။ အလုပ်အကိုင်များ ဖန်တီးပေးနိုင်သည်။ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုနိုင်သည်။ ထိုအချက်များမှာ ယေဘုယျ ခြုံငုံပြီး အထောက်အကူပြုနိုင်သည့် နယ်ပယ်များဖြစ်သည်။

ဆက်သွယ်ရေး စနစ်များရရှိခြင်းသည် မြန်မာ့လူ့အဖွဲ့အစည်းနှင့် မြန်မာ့စီးပွားရေး၊ နိုင်ငံသားများအားလုံးကို အကျိုးရှိစေမည်ဟု Ericsson က ယုံကြည်ပါသည်။ Ericsson ၏ တန်ဖိုးများနှင့် လိုက်လျောညီထွေစွာ မြန်မာပြည်တွင် ပြန်လည်အခြေချပြီးနောက် လူ့အခွင့်ရေးလှုပ်ရှားသူများ နှင့် လက်တွဲကာ မိုဘိုင်းဆက်သွယ်ရေးကြောင့် လူမှုစီးပွားရေးဘဝများအပေါ် သက်ရောက်မှုများကို အကဲဖြတ်လေ့လာသွားမည် ဖြစ်ပါသည်။ ယခုအစီအရင်ခံစာမှာ မြန်မာပြည်တွင် ဆက်သွယ်ရေးစနစ်များ သုံးစွဲခွင့်ရရှိ လာပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးအပေါ် ရိုက်ခတ်နိုင်မှု အလားအလာများကို အလေးထား တင်ပြသွားရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

(ဆက်ရန်)

# ၂၀၁၄ စီအိုင်အက်ဖ်ဈေးနှုန်း ထူးထူးခြားခြား ပြောင်းလဲဖွယ်မရှိဟုဆို

မကြာခင် ထွက်ရှိလာတော့မည့် ၂၀၁၄ ခုနှစ်အတွက် စီအိုင်အက်ဖ် ဈေးနှုန်းမှာ ထူးထူးခြားခြားပြောင်းလဲနိုင်ဖွယ် မရှိကြောင်း မြန်မာမော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဌေးအောင်က ဒီဇင်ဘာလ ၂၀ ရက် နေ့က My Garden တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

ဦးဌေးအောင်က "၂၀၁၄ အတွက် ထွက်ရှိလာမယ့် စီအိုင်အက်ဖ် ဈေးနှုန်းက အရင်နှစ်တွေကအတိုင်း ထူးထူးခြားခြား ပြောင်းလဲသွားဖို့ မရှိပါဘူး။ အရင်နှစ်တွေကလည်း တစ်နှစ်နဲ့တစ်နှစ် အရမ်းကြီး ပြောင်းလဲတာမျိုး မရှိခဲ့ပါဘူး။ ပြင်ခဲ့တာတွေ၊ ပြောင်းခဲ့တာတွေ အချို့တော့ရှိခဲ့ပါတယ်။ ဒါပေမဲ့ မဖြစ်သင့်တဲ့ကိစ္စတွေ အများကြီးပြင်ဖို့ ရှိနေပါတယ်" ဟု ပြောသည်။

မြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းက ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် My Garden ၌ မော်တော်ယာဉ် လုပ်ငန်းရှင်များ တွေ့ကြုံနေရသည့် အခက်အခဲများကို ရှင်းလင်းပြောခဲ့ပြီး ပြည်ပမှ တင်သွင်းသော Brand New ကားများအတွက် သတ်မှတ်ထားသော ဈေးနှုန်းမှာ တပြေးညီမရှိကြောင်း၊ မော်တော်ယာဉ် တင်သွင်းမှု ကြီးကြပ်ရေးကော်မတီမှ Brand New ကားများအတွက် တစ်ဦးချင်း တင်သွင်းသည်ဖြစ်စေ၊ ကုမ္ပဏီအနေဖြင့်တင်သွင်းသည်ဖြစ်စေ၊ အပြင်ကတင်သွင်းသည်ဖြစ်စေ ဈေးနှုန်းကွာခြားမှုမှာမဖြစ်သင့်ကြောင်း ပြောခဲ့သည်။

ပြီးခဲ့သည့် ရက်ပိုင်းက အဆိုပါ အသင်းနှင့် မော်တော်ယာဉ်တင်သွင်းမှုကြီးကြပ်မှုကော်မတီတို့အစည်းအဝေး ကျင်းပခဲ့ပြီး ဆွေးနွေးမှုပြုလုပ်ခဲ့သော်လည်း တိကျသည့်အဖြေ ထွက်ပေါ်မလာခဲ့ကြောင်း၊ ထပ်မံဆွေးနွေး သွားမည်ဖြစ်ကြောင်း ဦးဌေးအောင်က ပြောသည်။ မော်တော်ယာဉ် တင်သွင်းမှုနှင့် ပတ်သက်သည့် စည်းမျဉ်းများမှာ မျှတမှုမရှိကြောင်း၊ အဆိုပါစည်းမျဉ်းများကို ပြောင်းလဲရန် လိုအပ်ကြောင်း၊ အသင်းအနေဖြင့် မျှတမှု မရှိသည့် စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲရန်ကြိုးစားသွားမည်ဖြစ်ကြောင်း မြန်မာမော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းက ပြောခဲ့သည်။

■ အေဝမ်း

# လာမည့် ဇန်နဝါရီတွင် Ooredoo Myanmar မှ မန္တလေးနှင့် နေပြည်တော်မြို့များ၌ အလုပ်အကိုင်ပြပွဲ ပြုလုပ်မည်



ဓာတ်ပုံ - Ooredoo Myanmar Facebook

ဆက်သွယ်ရေး တင်ဒါ အောင်မြင်ထားသော Ooredoo Myanmar ကုမ္ပဏီသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့နှင့် ၂၆ ရက်နေ့တို့တွင် မန္တလေးမြို့နှင့် နေပြည်တော်မြို့များ၌ အလုပ်အကိုင်ပြပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ဆက်သွယ်ရေးကုမ္ပဏီ၏ သတင်းထုတ်ပြန်ထားချက်အရ သိရသည်။

Ooredoo Myanmar ဆက်သွယ်ရေး ကုမ္ပဏီအနေဖြင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ အလုပ်အကိုင်ပြပွဲ ပြုလုပ်မည်ဖြစ်ပြီး ၂၀၁၄ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နေပြည်တော်မြို့ သင်္ဂဟာဟိုတယ်၌ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ Ooredoo Myanmar မှ ၁ ပြီးခဲ့သည့် နိုဝင်ဘာလ ၃၀ ရက်နေ့နှင့် ဒီဇင်ဘာလ ၁ ရက်နေ့များတွင် ရန်ကုန်မြို့၌ အလုပ်အကိုင်ပြပွဲကို ၂ ရက် ကျင်းပခဲ့ပြီး တက်ရောက်သူပေါင်း ၄၅၀၀ ခန့်ရှိခဲ့ကြောင်း Ooredoo Myanmar ၏ Public Relations Manager ဒေါ်သီရိကြာညိုက Tech Space သို့ ပြောသည်။

ရန်ကုန်မြို့၌ကျင်းပခဲ့သော အလုပ်အကိုင်ပြပွဲတွင် ဝယ်ယူသူများအတွက် ဝန်ဆောင်မှုပေးရေး၊ လက်လီအရောင်းဌာန၊ ကွန်ယက်ဖြန့်ကျက်မှုဌာန၊ သတင်းအချက်အလက်နှင့် နည်းပညာဌာန၊ ဘဏ္ဍာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဌာနများကိုလာရောက်လေ့လာသူများ အများဆုံး စိတ်ဝင်စားနေကြောင်း၊ Ooredoo Myanmar မှအကြီးတန်းတာဝန်ရှိသူများကလည်း အလုပ်လျှောက်ထားသူများကို အလုပ်အကိုင် အခွင့်အလမ်းများနှင့် ပတ်သက်ပြီး ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အလုပ်ရှာဖွေနေသူများအနေဖြင့် ပြည်ပဆက်သွယ်ရေးကုမ္ပဏီများ၌ အလုပ်ရရှိရန် အာရုံစိုက်ကြိုးစားနေကြပြီး Ooredoo Myanmar မှ အလုပ်အမှုဆောင်အရာရှိချုပ် Ross Coarmack က လက်ရှိတွင် Ooredoo Myanmar တွင် ဝန်ထမ်းဦးရေ ၁၅၀ ရှိကြောင်း၊ ၂၀၁၄ ခုနှစ်အကုန်တွင် ဝန်ထမ်းဦးရေ ၁၀၀၀ ခန့်ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ နောင် ၅ နှစ်အတွင်းမှာ ကုမ္ပဏီ၏ ဝန်ထမ်း ၉၉ ရာခိုင်နှုန်းမှာ မြန်မာလူမျိုးများဖြစ်လာလိမ့်မည်ဖြစ်ကြောင်းပြောကြားထားသည်။

■ အေဝမ်း



# အပြည်ပြည်ဆိုင်ရာ အိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီဖြစ်သည့် Savills မှ မြန်မာပြည်ရုံးခွဲဖွင့်လှစ်



ဓာတ်ပုံ - Tech Space

၁၈၅၅ ခုနှစ်တွင်စတင်တည်ထောင်ခဲ့သည့် အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီဖြစ်သည့် Savills မှ ပြည်တွင်းရုံးခွဲအား အမှတ် - ၁၉၂ ကမ္ဘာအေးဘုရားလမ်းဗဟန်းမြို့နယ်တွင် ဖွင့်လှစ်ခဲ့ပြီး အဆိုပါ ကုမ္ပဏီ၏ ရည်မှန်းချက်အနေဖြင့် အာဆီယံဒေသအတွင်း ခိုင်မာမှုတည်ဆောက်ရန် ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်၌ တည်ဆောက်မည့် စီးပွားရေးအဖွဲ့အစည်းအသစ်အတွက် ရှေ့ပြေးတစ်ခုအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း Savills Myanmar ၏ ဒေသဆိုင်ရာ မန်နေဂျာဖြစ်သူ ရစ်ချက်အီမာဆမ် မှ ပြောကြားခဲ့သည်။

ဒေသတွင်းဆိုင်ရာအိမ်ခြံမြေနှင့် ပတ်သက်သည့် အချက်အလက်များအား မြန်မာပြည်တွင်းအခြေချနေထိုင်သည့် ဗီယက်နမ်လူမျိုးများ၊ ၎င်းတို့ကိုယ်တိုင် စူးစမ်းလေ့လာထားသည့် အချက်အလက်များနှင့် သေချာမှုတိကျမှုများနှင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း TechSpace ဂျာနယ်၏ မေးမြန်းချက်အား အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးမှ ဖြေကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာအခြေကျနေတာကြာပြီဖြစ်တဲ့ဗီယက်နမ်လူမျိုးတွေဆီက အချက်အလက်တွေရယ်၊ ကျွန်တော်တို့ဆီမှာရှိတဲ့ အတွေ့အကြုံတွေနဲ့ သေချာစူးစမ်းလေ့လာထားတဲ့ အချက်အလက်တွေစတဲ့ တိကျမှုတွေနဲ့ ပြည်တွင်းမှာ ဝန်ဆောင်မှုပေးသွားမှာပါ" ဟုပြောသည်။

အဆိုပါ ကုမ္ပဏီအနေဖြင့် ဩဇာကြီးမားသည့် ဈေးကွက်ရှိသည့် ရုံးခန်းများနှင့် ဒေသကိုထိုးဖောက်၍ ပိုင်ဆိုင်မှုလုပ်ငန်းများအားဝန်ဆောင်မှုပေးခြင်း၊ ရောင်းခြင်း၊ ငှားခြင်း၊ သုတေသနပြုခြင်း၊ တန်ဖိုးဖြတ်ခြင်းနှင့်ပိုင် ဆိုင်မှုဆိုင်ရာ စီမံခန့်ခွဲမှုအပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်းသိရသည်။ အာရှပစိဖိတ်ဒေသအတွင်းမြန်မာအပါအဝင် ၁၁ နိုင်ငံတွင် ရုံးခွဲပေါင်း ၄၀ ရှိသည့် Savills အနေဖြင့် ရန်ကုန်တွင် လက်ရှိနှင့် အနာဂတ်အတွက် ဈေးကွက်သုံးသပ်ချက်များအား သုတေသနပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံလိုသူများ အလုံးအရင်းနှင့်ဝင်ရောက်ရန်ဆွဲဆောင်နေကြောင်း၊ ပြီးခဲ့သည့် ၁၂လအတွင်း ရန်ကုန်မြို့၏ ပိုင်ဆိုင်မှုဆိုင်ရာ ဈေးကွက်များအနက် ရုံးခန်းငှားရမ်းမှု ၈၀ ရာခိုင်နှုန်း၊ ကြယ်ငါးပွင့်အဆင့်ဟိုတယ်အခန်းခနှုန်းထားများအနေဖြင့် ၇၀ ရာခိုင်နှုန်း၊ အသင့်နေတိုက်ခန်းငှားရမ်းမှု ၅၀ ရာခိုင်နှုန်း၊ အဆင့်မီ လက်လီရောင်းနေရာငှားရမ်းမှုများအနေဖြင့် ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း အဆိုပါကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

■ ရာဇကိုကို

# "လူတိုင်းကျန်းမာစေဖို့" ခေါင်းစဉ်ဖြင့် LG မှ လူထုအကျိုးပြုလုပ်ငန်းများ ပြုလုပ်




ဆဋ္ဌမအကြိမ်မြောက် "လူတိုင်းကျန်းမာစေဖို့" ဆိုသည့် ခေါင်းစဉ်ဖြင့် တောင်ကိုရီးယားနိုင်ငံ အခြေစိုက် LG Electronics ကုမ္ပဏီနှင့် Seoul National University Hospital (SNUH) တို့ပူးပေါင်း၍ ပဲခူးမြို့ရှိ သီရိဟံသာခန်းမတွင် ဒီဇင်ဘာလ ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ကျင်းပပြုလုပ်ခဲ့သည့်ပွဲသည် ခြောက်ကြိမ်မြောက် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လူမှုအကျိုးပြုလုပ်ငန်းများအနေဖြင့် အခမဲ့ကျန်းမာ ရေးဆေးစစ်ပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပညာပေးခြင်းနှင့် အခြား ခေါင်းစဉ်များဖြင့် ဟောပြောခြင်းအပြင် ဖျော်ဖြေရေးအနေဖြင့် LG ၏ထုတ်ကုန်ပစ္စည်းများကို လေ့လာ ကြည့်ရှုနိုင်သည့်အပြင် တာရေ့ ဗေဒင် ကြည့်ရှုနိုင်ခြင်း၊ ရုပ်ပြောင်ပန်းချီများ ရေးဆွဲနိုင်ခြင်းအပြင် အသိဉာဏ် ရည်ဆိုင်ရာ ကစားပွဲများနှင့် စွမ်းရည်ပြိုင်ပွဲများ၊ သီချင်းဆိုပြိုင်ပွဲများအား ပြုလုပ်ပေးခဲ့ကြောင်းသိရသည်

"LG ကုမ္ပဏီနဲ့အတူ Seoul National University Hospital (SNUH) က ဆေးစစ်ပေးတဲ့ အဖွဲ့တွေလည်းပါတယ်။ ဟောပြောပွဲလာတဲ့ ကလေးတွေ၊ မိခင်တွေအပြင် တက်ရောက်လာသူအားလုံးကိုအခမဲ့ဆေးစစ်ပေးခဲ့ပါတယ်။ ကလေးတွေ၊ မိခင်တွေ ကျန်းမာရေးအသိပညာ၊ ဗဟုသုတတိုးတက်မြင့်မားဖို့ ဟောပြောသွားခဲ့ပါတယ်။ ကလေးတွေအတွက်အသိဉာဏ်ရည်ဆိုင်ရာ ကစားပွဲတွေနဲ့ စွမ်းရည်ပြိုင်ပွဲတွေအပြင် သီချင်းဆိုပြိုင်ပွဲလည်းပြုလုပ်ခဲ့တာတွေ့ရပါတယ်" လို့ ပဲခူးမြို့ခံတစ်ဦးက ပြောသည်။

"မြန်မာနိုင်ငံရဲ့အသီးသီးမှာရှိတဲ့ ကလေးသူငယ်တွေနဲ့မိခင်တွေအတွက် ရည်မှန်းပြီး ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ပညာပေးခြင်းနဲ့ စွမ်းရည်ပြိုင်ပွဲတွေ ပြုလုပ်ပေးပါတယ်။ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ အာဟာရဖြည့်တင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးဆိုတဲ့ အချက်သုံးကို အခြေပြုပါတယ်" ဟု LGE Electronic ကုမ္ပဏီ၏ CSR Team Leader ဖြစ်သူ Mr. Minseok Kim က ပြောသည်။

"လူတိုင်းကျန်းမာစေဖို့" ခေါင်းစဉ်ဖြင့်မန္တလေးမြို့တွင်ထပ်မံပြုလုပ်သွားရန်ရှိပြီး ၂၀၁၄ ခုနှစ်မှ စတင်ပြီး တစ်လအတွင်း အဆိုပါ လူမှုအကျိုးပြုလုပ်ငန်းများကို တစ်လလျှင် တစ်ကြိမ် (သို့) နှစ်ကြိမ် ပုံမှန်ပြုလုပ်သွားမည့် အစီအစဉ်ရှိကြောင်း ၎င်းက ပြောသည်။

အဆိုပါ "လူတိုင်းကျန်းမာစေဖို့" ခေါင်းစဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၊ စစ်ကိုင်းတိုင်း ဒေသကြီး မုံရွာမြို့၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၊ မွန်ပြည်နယ် မော်လမြိုင်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့တွင် ကျင်းပခဲ့ကြောင်းသိရသည်။ ■ ရာဇကိုကို

# Samsung ကုမ္ပဏီ၏ သံတမန်အငယ်စား ဖြစ်ခွင့်ရမည့် Facebook ပေါ်မှ ဓာတ်ပုံပြိုင်ပွဲ ပြုလုပ်မည်

Samsung ကုမ္ပဏီမှ Samsung GALAXIAN ဓာတ်ပုံပြိုင်ပွဲအား ပြည်တွင်း၌ကျင်းပသွားမည်ဖြစ်ကြောင်း၊ အဆိုပါပြိုင်ပွဲအား Facebook ပေါ်၌ပြုလုပ်သွားမည်ဖြစ်ကြောင်း Samaung Myanmar ၏ဖော်ပြချက်အရ သိရသည်။ Samsung GALAXIAN ဓာတ်ပုံပြိုင်ပွဲအား ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ပြီး လစဉ် ပြုလုပ်သွားမည်ဖြစ်ပြီး ၁ လချင်းစီ၌ Vote အများဆုံးရရှိသူတစ်ယောက်အား ရွေးချယ်ပြီး ၂၀၁၄ နှစ်ကုန် ဒီဇင်ဘာလတွင် ၁၂ ဦးပါဝင်မည့် ပွဲတစ်ခုအား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပွဲ၌အနိုင်ရပါက Samsung GALAXIAN အဖြစ်ရွေးချယ်ပေးသွားမည်ဖြစ်ပြီး Samaung ၏ သံတမန်အငယ်စားတစ်ဦးအဖြစ်ခန့်အပ်သွားမည်ဖြစ်ကာ လစဉ်ဆုရရှိသူများအား ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲအတွက် အသေးစိတ်သိရှိလိုပါက https://www.facebook.com/samsungmyanmar တွင်ဝင်ရောက် ကြည့်ရှုနိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံများ ပေးပို့လိုပါက Samsung ၏နှစ်သက်ရာ ကုန်ပစ္စည်းတစ်မျိုးနှင့်အတူ ဓာတ်ပုံရိုက်ကူး၍ ဓာတ်ပုံများအား အမှတ် ၅၊ သဇင်လမ်း၊ လှိုင်ရတနာအိမ်ရာ၊ လှိုင်မြို့နယ် (သို့) galaxian.samsung@gmail.com, https://www.facebook.com/samsungmyanmar လိပ်စာသို့ပေးပို့ပေးယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါ Facebook Page အား Like လုပ်၍ မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

■ ရာဇကိုကို



# Yoma Strategic နှင့် Sumitomo Corporation တို့ ပူးပေါင်း၍ Hino အမှတ်တံဆိပ် ကုန်တင်ယာဉ်များ ဖြန့်ချိမည်




ပြည်တွင်း လုပ်ငန်းများလည်ပတ် ဆောင်ရွက်နေသည့် စင်ကာပူနိုင်ငံ စတော့အိပ်ချိန်း စာရင်းဝင်၊ Yoma Strategic Holdings Ltd. Hino အမှတ်တံဆိပ် ကုန်တင်ယာဉ်များနှင့် လူစီးဘတ်စ်ကားများ ဖြန့်ချိရေးနှင့် ပြင်ဆင်ကြံ့ခိုင်ရေးဆောင်ရွက်မှု လုပ်ငန်းများအား ဂျပန်နိုင်ငံမှ ထိပ်တန်းကုန်သွယ်မှု လုပ်ငန်း အဖွဲ့အစည်းတစ်ခုဖြစ်သည့် Sumitomo Corporation နှင့်အကျိုးတူ ဖက်စပ်ဆောင်ရွက်ရန် အဆိုပြုလိုက်ပြီဖြစ်ကြောင်းသတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါဖက်စပ်လုပ်ငန်းအနေဖြင့် သက်ဆိုင်ရာ အာဏာပိုင်တို့ထံမှ ခွင့်ပြုချက်အပေါ် မူတည်လျက်ရှိပြီး၊ ၆၀ ရာခိုင်နှုန်းကို Sumitomo Corporation က လည်းကောင်း၊ ၂၀ ရာခိုင်နှုန်းကို Yoma Strategic ၏ လက်အောက်ခံကုမ္ပဏီဖြစ်သည့် Elite Matrix ကလည်းကောင်း၊ ကျန် ၂၀ ရာခိုင်နှုန်းကို Serge Pun & Associates အုပ်စုဝင်ကုမ္ပဏီဖြစ်သည့် First Myanmar Investment Co Ltd. က လည်းကောင်းအသီးသီးပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Yoma Strategic မှရင်းနှီးမြှုပ်နှံခြင်း အနေဖြင့် မြန်မာနိုင်ငံရှိ ကုမ္ပဏီ၏ မော်တော်ယာဉ် လုပ်ငန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေမည်ဖြစ်ပြီး ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းသည် Sumitomo Corporation နှင့် Yoma Strategic Holdings Ltd. နှင့် First Myanmar Investment Co., Ltd. တို့ ပါဝင်သည့် SPA ကုမ္ပဏီအုပ်စုတို့အကြား ကာလကြာရှည်စွာ တည်ရှိခဲ့ပြီးဖြစ်သည့် မိတ်ဖက်ဆောင်ရွက်ခဲ့မှုတွင်အသစ်ဆုံးသော ဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

Sumitomo Corporation နှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ Yoma Strategic ၏အမှုဆောင် အရာရှိချုပ် ဖြစ်သူ Mr. Andrew Rickards က ] Hino အမှတ်တံဆိပ်ကုန်တင်ယာဉ်တွေနဲ့ ဘတ်စ်ကား တွေကို မြန်မာနိုင်ငံမှာ ဖြန့်ချိဖို့နှင့်ပြင်ဆင်ကြံ့ခိုင်မှုဆောင်ရွက်ပေးနိုင်ဖို့ Sumitomo Corporation နဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုအလားအလာအပေါ်ကျွန်တော်တို့အပြည့်အဝ ယုံကြည်မှု ရှိပါတယ်။ မြို့ပြဖွံ့ဖြိုးမှု ဆက်လက်ဖြစ်ပေါ်ပြီး ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုး လာတာနဲ့အမျှ အထူးသဖြင့် မြို့ကြီးများအကြား ကူးလူးသွားလာတဲ့အခါ၊ ခရီးဝေးသွား အဆင့်မြင့်ဘတ်စ်ကားကြီးတွေဝယ်လိုအားလည်း တက်လာမှာ ဖြစ်ပါတယ်။ မော်တော်ယာဉ်တွေ ဝယ်လိုအား တဟုန်ထိုး တိုးမြင့်လာတာရဲ့နောက်မှာမော်တော်ယာဉ် ထုတ်လုပ်တဲ့လုပ်ငန်းကြီးအများအပြားက မြန်မာနိုင်ငံ ဈေးကွက်ကို မျက်စိကျနေကြပါတယ်။ မြန်မာနိုင်ငံရဲ့မော်တော်ယာဉ်လုပ်ငန်းမှာ ထင်ရှားတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာနိုင်ဖို့ ရေရှည်အစီအစဉ်တွေနဲ့အညီ ကျွန်တော်တို့ရဲ့ မော်တော်ယာဉ်လုပ်ငန်းဌာနကို ခိုင်မာလာအောင် ကြိုးပမ်းရာမှာ အခုလို ပူးပေါင်း ဆောင်ရွက်မှုဟာ မှန်ကန်တဲ့ ခြေလှမ်းတစ်ရပ် စတင်လိုက်တာ ဖြစ်တယ်လို့ ကျွန်တော်တို့ အခိုင်အမာ ယုံကြည်ထားပါတယ်" ဟုပြောကြားခဲ့သည်။

Hino Motors အနေဖြင့် Toyota Motor Corporation ၏ ကုမ္ပဏီ တစ်ခုဖြစ်ပြီး၊ ဂျပန်နိုင်ငံတွင် အကြီးစားနှင့် အလတ်စား ကုန်တင်ယာဉ်များ ထုတ်လုပ်နေသည့် ကုမ္ပဏီဖြစ်ကာ အရှေ့တောင်အာရှနှင့် ဩစတြေးလျတို့တွင် အတော်အတန်ကြီးမားသော ဈေးကွက် ဝေစုအား ရရှိထားကြောင်း ထုတ်ပြန်ချက်များအရသိရသည်။

■ ကိုရ

# သတင်း Update မဖြစ်ခြင်း၊ သတင်းမဝင်ခြင်းမှ ကင်းဝေးနိုင်မည့် GOthere Myanmar 2014 Preview Version အားအသုံးပြုနိုင်မည်

GOthere Myanmar တွင် "သတင်း မဝင်ရောက်ခြင်း၊ Update မဖြစ်ခြင်းများအတွက် GOthere Servers ပေါင်း "၉" လုံး နှင့် ချိတ်ဆက်ပေးထား သည့် GOthere Myanmar 2014 Preview Version အား စတင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဗားရှင်းအသစ်အား ဒီဇင်ဘာ 7~9 တပ်မတော်ခန်းမပြပွဲတွင် အသုံးပြုသူပေါင်း ၅ ထောင်ကျော်အား ထည့်သွင်းပေးခဲ့ပြီး ၉၉.၉ ရာခိုင်နှုန်းအဆင်ပြေအောင်မြင်ခဲ့ကြောင်းသိရသည်။

GOthere Myanmar 2014 Preview ဗားရှင်းအနေဖြင့် GOthere Giftcard ဝယ်ယူရန် အခက်အခဲရှိသူများအတွက် အဆင်ပြေအောင် စီစဉ်ပေး ထားပြီး၊ ရေရှည်အသုံးပြုမည်ဆိုပါက GOthere Myanmar Giftcard ထည့်သွင်းရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ Gothere Giftcard များအား နီးစပ်ရာ ဖုန်းဆိုင်များတွင် ၁နှစ်စာအ တွက် ၂ထောင်ကျပ်ဖြင့် ဝယ်ယူရရှိနိုင်မည် ဖြစ်သည်။ Gothere Myanmar Logo ဖြစ်သည့် မြန်မာပြည်မြေပုံနေရာတွင် GOthere Myanmar 2014 Preview Version မှစ၍ ဒေါင်းပုံလေး အားပြောင်းလဲထားကြောင်းသိရသည်။

အဆိုပါ GOthere Myanmar 2014 Preview Version အနေဖြင့် 2G/3G ကွန်ယက်များတွင် သတင်းများ လျှင်မြန်စွာ ဝင်ရောက်နိုင်အောင် စီစဉ်ထားခြင်း၊ သတင်းများ မဝင်လျှင်မဝင်သည့် အကြောင်းအရင်းများအား ဖော်ပြပေးခြင်း၊ နောက်ဆုံးရသတင်းများအား ဦးစားပေး အရင်ဝင်လာစေရန် ဆောင်ရွက်ထားခြင်း၊ နိုင်ငံခြားသားများ အသုံးပြုနိုင်စေရန် English/ Myanmar 2 languages ထည့်သွင်းပေးထားခြင်း၊ သတင်းစာသားများ အတွင်းရှိပုံများ ကို Offline/ Online ပြုလုပ်ထားနိုင်ခြင်း။ (Settings>Hot news options> Making offline image)

အကြောင်းအမျိုးမျိုးကြောင့် ဆော့ဝဲတွင်း အဆင်မပြေမှုများ ရှိနေပါက မူလအခြေအနေသို့ ပြန်လုပ်ပေနိုင်သော "Settings>Software reset to default" ပါဝင်လာပြီး ဆော့ဝဲ Filesize သေးငယ်အောင်စီစဉ်ထား၍ Family Locator မှ Error များ ပြင်ဆင်ထားခြင်းကြောင်းသိရသည်။ 2014Preview ကို ထည့်သွင်းပြီးပါက GOthere Myanmar ကို ဖွင့်လှစ်ရမည်ဖြစ်ပြီး GOthere Myanmar > ချိန်ညှိရန်မှ > "Software reset to default" အားနှိပ်၍ ဗားရှင်းအသစ်အား အသုံးပြုနိုင်မည်ဖြစ်သည်။ GOthere Myanmar တစ်နှစ်စာ ၂ထောင်ကျပ်တန် Giftcard ဝယ်ယူအားပေး သူများအတွက် GOthere Myanmar ၏နှစ်ပတ်လည် အထိမ်းအမှတ် အနေဖြင့် Samsung Galaxy Tab3 နှင့်အတူ ဟန်းဆက်များ၊ ၁၀,၀၀၀ နှင့် ၅,၀၀၀ ကျပ်တန် ငွေဖြည့်ကတ်များ၊ Memory Card များအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် မဲဖောက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

■ ကိုရ



# ပြည်တွင်းပြည်ပ ဆားဗစ်ပညာရှင် ၂၅ဦးဖြင့် Huawei မှ မိုဘိုင်းပြုပြင်ရေး ဝန်ဆောင်မှုစင်တာဖွင့်လှစ်




Huawei၏တစ်ကမ္ဘာလုံးဆိုင်ရာဆက်သွယ်မှုစင်တာ၅ခု - ဓာတ်ပုံအင်တာနက်

Huawei ၏ ပထမဦးဆုံးတရားဝင်အသိအမှတ်ပြု ဝန်ဆောင်မှုစင်တာ(Authorized Service Center) အားပြီးခဲ့သည့် ဒီဇင်ဘာလ ၁၅ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး အဆိုပါ ဝန်ဆောင်မှုစင်တာ သစ်အနေဖြင့်တစ်ကမ္ဘာလုံးဆိုင်ရာ Huawei ဝန်ဆောင်မှုစနစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ တရုတ်ပြည်နှင့် ပြည်တွင်းမှ ဝါရင့်ဆားဗစ်ပညာရှင် ၂၅ ဦး ဖြင့် ဖွဲ့စည်း တည်ထောင်ထားခြင်းဖြစ်ကြောင်း Huawei Myanmar မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုပြည်တွင်းတွင် ပထမဆုံးဖွင့်လှစ်သည့် Huawei ဆားဗစ်စင်တာ၏ စနစ်အနေဖြင့် တရားဝင်ဝန်ဆောင်မှုစင်တာတစ်ခု၊ အလတ်စားပြင်ဆင်မှု၊ လက်ခံနေရာ ၂ နေရာပြင်ဆင်မှုလက်ခံရာနေရာပေါင်း ၂၀ ကျော်ဖြင့် စတင်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ဝယ်ယူသူများအနေဖြင့် မိမိပြင်ဆင်လိုသည့် ဟန်းဆက်များအား အကြီးစားပြင်ဆင်မှုများအတွက် တရားဝင် ဝန်ဆောင်မှုစင်တာတွင် ပြင်ဆင်နိုင်မည်ဖြစ်ပြီးအသေးစားပြင်ဆင်မှုများအတွက် Huawei Flag Ship Shop and Branded shop များတွင်ပြုပြင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ အမှတ်(၅၁၊၅၅)၊၄၆ လမ်းအောက် ၊ဗိုလ်တစ်ထောင်မြို့နယ် တွင် Authorized Service Center အားဖွင့်လှစ်ထားပြီး Maintenance Point ဆိုင်များအနေဖြင့် အမှတ် - A ဗားကရာလမ်း၊စမ်းချောင်းမြို့နယ်ရန်ကုန်ဖုန်း-၀၁၂၃၀၄-၇၄၉ ၊ယုဇနပလာဇာ အမှတ် - (H-4)၊ ပထမထပ် ဖုန်း ၀၁ - ၂၀၀၇၄၇၊၀၁-၂၉၇၆၀၀(Ext-2887)တွင်ဖွင့်လှစ်ထားရှိကြောင်းသိရသည်။ အဆိုပါဝန်ဆောင်မှုစင်တာများအနေဖြင့် warranty ပါဝင်သည်ဖြစ်စေ မပါဝင်သည်ဖြစ်စေ ဝန်ဆောင်မှုပေးသွားမည် ဖြစ်ပြီး ပါရှိပါက warranty တွင် ပါရှိသည့် စည်းကမ်းများအတိုင်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး မပါရှိပါက ပြင်ဆင်မှုလက်ခ ကောက်ခံသွားမည် ဖြစ်ကြောင်းသိရသည်။ ပြင်ဆင်မှုလက်ခနှင့် အပိုပစ္စည်းများ၏ ဈေးနှုန်းများအား ဆိုင်နံရံများတွင် ကြေညာပေးထားမည်ဖြစ်ကြောင်း သိရသည်။

Huawei အနေဖြင့် ၂၀၁၂ ခုနှစ်နှစ်ကုန်အထိ တရားဝင်အသိအမှတ်ပြုဝန်ဆောင်မှုစင်တာများ ၆၀၀ကျော် ဝန်ဆောင်မှုလက်ခံနေရာ ၂၀၀၀ ကျော်နှင့် အဆင့်မြင့်နည်းပညာသုံး ပြင်ဆင်မှုစင်တာ ၁၀ ကျော်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သတင်း ထုတ်ပြန်ခဲ့သည်။ တစ်ကမ္ဘာ လုံးဆိုင်ရာ ဆက်သွယ်မှုစင်တာ ၅ ခုမှ ဇရိယာ ၃၀ အတွင်း Hotline ဝန်ဆောင်မှုများဖြင့် ဝန်ဆောင်မှုပေးနေပြီး အဆိုပါဆက်သွယ်မှုစင်တာအနေဖြင့် ကမ္ဘာ့တိုက်ကြီး ၆ တိုက်ရှိနိုင်ငံပေါင်း ၁၀၀ ကျော်တို့တွင် သုံးစွဲမှုများအဆင်ပြေစေရန် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

■ ရာဇာကိုကို



ဓာတ်ပုံ - Techspace

Pioneer Car Audio ၏ Authorized Distributior Company တစ်ခုဖြစ်သည့် MK Car Audio မှ ပစ္စည်းအသစ်မိတ်ဆက်ပွဲအား ယခုလ(၁၇)ရက်နေ့က ADAMAS Seafood and Coffee Restaurant တွင်ကျင်းပခဲ့သည်။

# LG မှ Star Dealers များအတွက် ဒုတိယ အကြိမ်အဖြစ် ဥရောပသို့ အလည်အပတ်ခရီး ပို့ဆောင်ပေးခဲ့




ဓာတ်ပုံ - Techspace

LG မှ ဒုတိယအကြိမ် အဖြစ် Star Dealer (၁၉) ဦးအား အီတလီနိုင်ငံရှိ ရောမမြို့နှင့် ပြင်သစ်နိုင်ငံရှိ နိစ်မြို့နှင့် မိုနာကိုမြို့များသို့ အလည်အပတ်ခရီးကို ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ဒီဇင်ဘာ ၂၆ ရက်နေ့အထိ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပထမအကြိမ် အနေဖြင့် မတ်လ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့က ထိုင်းနိုင်ငံရှိ Hua Hin သို့ပို့ဆောင်ပေးခဲ့ပြီး အရောင်းကိုယ်စားလှယ်များထဲမှ ရောင်းအားအကောင်းဆုံး ရောင်းချနိုင်သည့်ကိုယ်စားလှယ်များအားရွေးချယ်ခဲ့ပြီးဂျပန်၊ ကိုးရီးယား၊ အမေရိကန်၊ ဥရောပနိုင်ငံများ၊ ကနေဒါနှင့် ၂၀၁၀ ခုနှစ်တွင် ကမ္ဘာ့ဖလား ဘောလုံးပွဲကြည့်ရန် တောင်အာဖရိက နိုင်ငံများသို့ ဝက်ကျပြုအလည်အပတ်ခရီးစဉ်များကို နှစ်စဉ်နှစ် တိုင်းစီစဉ်ပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ Star Dealer များအနေဖြင့် LG Electronics, TMW Enterprise Ltd. တို့နှင့် Star Dealer အဖြစ် ၂၀၁၃ ခုနှစ်တွင် စာချုပ်ချုပ်ဆိုပြီး LG Electronics Product များကို အားသွန်ခွန်စိုက်ရောင်းချပေးသည့် Dealer များအား TMW Enterprise Ltd. မှ ကျေးဇူးတင် ဂုဏ်ပြုသော အားဖြင့် အလည်အပတ် ခရီးစဉ်များဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရသည်။

■ ဝေဖြိုးအောင်

# Master Card မှ ဝေးလံဒေသများရှိ အမျိုးသမီးများအတွက် စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စာတတ်မြောက်ရေး လုပ်ငန်းများ တိုးချဲ့ရန် အမေရိကန်ဒေါ်လာ (၂၅၀၀၀)ထပ်မံပံ့ပိုး

MasterCard မှ" အောင်မြင်မှုအတွက်စီးပွါးရေး နှင့် ဘဏ္ဍာရေးဆိုင်ရာ စာတတ်မြောက်ရေး လုပ်ငန်း များကိုချဲ့ထွင်ရန် အမေရိကန်ဒေါ်လာ (၂၅၀၀၀) ထပ်မံထည့်သွင်းလိုက်ခြင်း သည် Mercy Corps နှင့်အတူတကွ ပူးပေါင်း ဆောင်ရွက်သည့် စီးပွါးရေးဆိုင်ရာတတ်မြောက် မှု အစီအစဉ်တစ် ခု ဖြစ် ပြီး ပံ့ပိုးခံရသည့်အမျိုးသမီးလုပ်ငန်းရှင်များ အနေဖြင့် ဝေးလံခေါင်ဖျားသော အရပ်ဒေသများတွင် စီးပွါးရေးဆိုင်ရာ တတ်မြောက်မှု လှုပ်ရှားမှုများကို ရန်ပုံငွေအသစ်များမှတဆင့် အကျိုး ကျေးဇူးများရရှိမည် ဖြစ်ကြောင်း သိရသည်။

ယခုအစီအစဉ်အနေဖြင့် အသေးစားလယ်သမားများနှင့်မိသားစုများကို စီးပွါးရေး ကျွမ်းကျင်မှုများနှင့်ငွေကြေးစီမံမှုများအတွက်ပညာပေးသွားမည်ဖြစ်ပြီး ယခုထောက်ပံ့မှုအနေဖြင့် Mercy Corps အား လေ့ကျင့်သင်ကြားမှု၏ ဒုတိယအဆင့်ဖြစ်သည့် အသေးစိတ်နှင့်ပစ်မှတ်ထားထားသောစီးပွါးရေးအကြံပေးဆိုင်ရာဝန်ဆောင်မှုများ၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ အမျိုးသမီးစွန့်ဦးတီထွင်လုပ်ငန်းရှင် (၅၀၀) လုပ်ငန်းများစတင်ရန် (သို့) ချဲ့ထွင်ရန်အားငွေ ကြေးဆိုင်ရာအထောက်အပံ့ပေးရန်လမ်းကြောင်းများ ပေးအပ်ရန်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

"MasterCard နှင့် Mercy Corps တို့မှပူးပေါင်းဆောင်ရွက်မှု၏ ပထမအဆင့်ဖြစ်သော Mercy Corps ၏ လေ့ကျင့်သင်ကြားမှုများမှ လယ်သမားနှင့်စွန့်ဦးတီထွင် လုပ်ငန်းရှင်ပေါင်း (၁၂၀၀) ကျော်မှ အကျိုးအမြတ်ရရှိခဲ့ပြီဖြစ်ပြီး အများစုမှာ အမျိုးသမီးများဖြစ်သည်။ အခြေခံကျသောသင်ကြားမှုများဖြစ်သည့် မှတ်တမ်းတင်ခြင်း နှင့် ဘတ်ဂျက်သတ်မှတ်ခြင်း၊ ပရိုမိုးရှင်းလုပ်ခြင်းနှင့် Coustomer ဆားဗစ်နှင့်ပတ်သက်သော သင်ကြားမှုများသည် ပါဝင်သူများ၏ စီးပွါးရေး စွမ်းဆောင်ရေကို တိုးတက်စေ ရုံသာမကဘဲ ထိုသူများ၏ မိသားစုများနှင့် လူမှုအဖွဲ့အစည်းကိုထောက်ပံ့နိုင်မှုများကိုပါ အကျိုးရှိစေပါသည်။ MasterCard ၏ယခုအစီအစဉ်အပေါ်ထောက်ပံ့မှုကို တိုး ချဲ့ရန်အတွက် ငွေ ရေးကြေးရေးအရ ပါဝင်ပတ်သတ်မှုများကိုစွန့်ဦးတီထွင်လုပ်ငန်းများမှ တဆင့်ဆက်လက်အားပေးသွားနိုင်ရန်မျှော်လင့်ထားကြောင်း MasterCard မှ Southeast Asia president, ဖြစ်သူ Matthe w Driver မှပြောကြားခဲ့ သည်။

ယခုနှစ် မတ်လပိုင်းမှ စတင်ခဲ့သော ပထမအဆင့်အနေဖြင့် ကျေးရွာပေါင်း (၃၀) ကျော်ရှိ လယ်သမားများ၊ အသေးစားလုပ်ငန်းရှင်များနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ (၈၀% မှာအမျိုးသမီးများ) ကိုအခြေခံစီးပွါးရေးကျွမ်းကျင်မှုများနှင့် ငွေကြေးစီမံမှုများကို သင်ကြားပေးပြီးဖြစ်သည်။ ယခုအစီမှ အလွန်ကောင်းမွန်သောရလာဒ်များရရှိခဲ့ပြီး အကြမ်းဖျဉ်းအားဖြင့်ပါဝင်သူများမှအဓိကအရေးကြီးသောစီးပွါးရေးနှင့်ပတ်သတ်သည့် ဗဟုသုတသိရှိမှုမှာ (၂၁၈%) တိုးလာခဲ့ကြောင်းထုတ်ပြန်ခဲ့သည်။

■ ရာဇာကိုကို

# နည်းပညာကျောင်းသားများအတွက် Schneider Electric မှ မြို့တော်အတွင်းစွမ်းအင်အသုံးပြုမှုများ တီထွင်ဆန်းသစ်စွာ အသုံးပြုနိုင်စေရေးအတွက် Go Green in City အမည်ရှိ ပြိုင်ပွဲပြုလုပ်မည်

စွမ်းအင်စီမံခန့်ခွဲမှုတွင် နိုင်ငံတကာ အထူးကျွမ်းကျင်သူဖြစ်သည့် "Schneider Electric" ၏ မြို့တော်အတွင်း စွမ်းအင်အသုံးပြုမှုများကို တီထွင်ဆန်းသစ်စွာ အသုံးပြုနိုင်ရေးအတွက် ယှဉ်ပြိုင်ရသည့်ပွဲကို သုံးနှစ်တိုင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီးနောက် လေးကြိမ်မြောက်ပြိုင်ပွဲကို စတင်လိုက်ကြောင်း သိရသည်။

ကျင်းပသော ပြိုင်ပွဲ ၃ စုတွင် ကျောင်းသားများနှင့် တက္ကသိုလ်များမှ ပြိုင်ပွဲအပေါ်အထူးစိတ်ဝင်စားမှု ရရှိခဲ့ပြီး Schneider Electric ၏နိုင်ငံတကာအပေါ် ဆွဲဆောင်နိုင်မှုကို သေချာစေခဲ့ပါသည်။ အဆိုပါ ပြိုင်ပွဲအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ ကျောင်းသားများ၏ စွမ်းအင်နှင့်ပတ်သက်သောကိစ္စများအပေါ်တွင် စိတ်ဝင်စားမှုကို မြှင့်တင်နိုင်ခဲ့သောကြောင့် စီစဉ်သူများမှ နယ်ပယ်အသစ်များ ထည့်သွင်းခြင်းဖြင့် အသွင်သစ်ဖြင့် ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသည်နိုင်ငံတကာရှိကျောင်းသားများအတွက် အထင်ကရရှိသော စွမ်းအင်ဖြေရှင်းမှုများအတွက် အရေးပါသော ပြိုင်ပွဲတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံအသစ် ၁၂ နိုင်ငံ ပါဝင်ယှဉ်ပြိုင်စေခြင်းဖြင့်၊ စုစုပေါင်း ၃၁ နိုင်ငံရှိလာပြီဖြစ်သည်။ ပြိုင်ပွဲအပေါ်တွင်စိတ်ဝင်စားမှုများပြားလာခြင်းသည် အနာဂတ်တွင် ပေါ်ထွန်းလာမည့် အင်ဂျင်နီယာများအနေဖြင့် တိုးပွားလာသော လျှပ်စစ်စွမ်းအင်လိုအပ်မှု၊ လူမှုဖွံ့ဖြိုးရေး လိုအပ်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အပေါ်တွင် မျှတမှုရှိရန် လိုအပ်ကြောင်းကို သိရှိလာကြောင်း ဖော်ပြလျက်ရှိပါသည်။ ပါဝင်ယှဉ်ပြိုင်သော ပြိုင်ပွဲဝင်နိုင်ငံများ များပြားလာသည့် အပြင် နိုင်ငံတကာအနေအထား၊ ပြည်တွင်းအနေအထားနှင့်အွန်လိုင်းပေါ်တွင် ပြိုင်ပွဲအပေါ် သိရှိအောင် ဆောင်ရွက်မှုများသည်လည်းတိုးပွားလျက်ရှိပြီးနိုင်ငံတွင်း လိုအပ်သော အလုပ်သင်များကို ရှာဖွေဖော်ထုတ်နိုင်မှုအနေဖြင့် အားကောင်းလာကြောင်း သိရသည်။

နိုဝင်ဘာလ ၁၅ ရက် ၂၀၁၃ မှ ဖေဖော်ဝါရီလ ၁၅ ရက် ၂၀၁၄ အထိ အင်ဂျင်နီယာ ဘာသာရပ် (ဒုတိယနှစ်နှင့်အထက်)၊ မာစတာကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ နှစ်ယောက်တစ်ဖွဲ့တွင် အနည်းဆုံး အမျိုးသမီးတစ်ဦးပါဝင်ရမည်ဖြစ်ပြီး ယှဉ်ပြိုင်သူများအနေဖြင့်ပြည်တွင်းရှိကဏ္ဍ(၅)ခု (နေအိမ်များ၊ တက္ကသိုလ်များ၊ စီးပွားရေးလုပ်ငန်းများ၊ ရေနှင့် ဆေးရုံများ) အတွက် အသုံးချစွမ်းအင်စီမံခန့်ခွဲရေးဆိုင်ရာ ဖြေရှင်းချက်များအကြောင်းကို Case Study အဖြစ်တင်ပြရမည်ဖြစ်ပြီး မိမိတို့ Case Study နှင့်ပတ်သက်သော အချက်အလက်များနှင့်နိုင်ငံတကာတွင် ဦးဆောင်နေသော စွမ်းအင်စီမံခန့်ခွဲမှုကုမ္ပဏီအကြောင်းကို ပိုမိုသိရှိရန် ကျောင်းသားများအနေဖြင့် Online Quiz တွင် ဝင်ရောက်ဖြေဆိုရပါမည်။ လက်ရှိတွင် နိုင်ငံသားပေါင်း ၈၁ ခုကိုကိုယ်စားပြုသော ကြိုတင်မှတ်ပုံတင်ထားသည့် ပြိုင်ပွဲဝင်ပေါင်း ၁၇၄၄ ယောက်ကိုလက်ခံရရှိထားပြီးဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီလ ၂၈ရက် ၂၀၁၄ တွင် ထိပ်တန်းအဖွဲ့ ၁၀၀ ကိုကြေငြာမည်ဖြစ်ပြီး မတ်လတွင် မြန်မာနိုင်ငံတွင် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ နိုင်ငံတွင်း ပထမရသော အဖွဲ့အား Schneider Electric မှ စီမံအုပ်ချုပ်သူ တစ်ယောက်မှကြီးကြပ်ပေးပြီးတစ်လအချိန် အတွင်း အကြံဉာဏ် အဆိုပြုလွှာနှင့် ရှင်းလင်းချက် ဗီဒီယိုကိုပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။ အရှေ့အာရှ ၁၀ နိုင်ငံမှ အကောင်းဆုံး တစ်ဖွဲ့အား ဇွန်လတွင် ပဲရစ်မြို့သို့ ခေါ်ဆောင်ပြီး နောက်ဆုံးအဆင့် ၁၂ ဖွဲ့ ယှဉ်ပြိုင်စေမည်ဖြစ်သည်။ အနိုင်ရရှိသောအဖွဲ့အနေဖြင့် Schneider နှင့်အတူ အထူးဇည့်သည်အဖြစ်ဖြင့် နိုင်ငံတကာသို့ လှည့်လည်သွားရမည်ဖြစ်ပြီး၊ စက်ရုံများကိုလှည့်ပတ်ကြည့်ရှုခြင်း၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ အုပ်ချုပ်သူများနှင့် တွေ့ဆုံခြင်းတို့အပြင် အလုပ် အကိုင်အခွင့်အလမ်းများပါ ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။ ကြိုတင် စာရင်းပေးသွင်းခြင်း၊ Website စတင်ခြင်း နှင့် လျှောက်လွှာများ စတင်လက်ခံခြင်းအား ၂၀၁၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်နိုဝင်ဘာလ ၁၅ ရက်နေ့တွင်၊ လက်ခံခဲ့ပြီး လျှောက်လွှာပိတ်ရက်အနေဖြင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၅ရက်နေ့ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Schneider Electric Overseas Asia Pte နာနတ်တောလမ်း ရွှေကိန္နရီအိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ဖုန်း ၀၁-၅၀၁၁၃၆၃ သို့ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်သည်။

■ ကိုရ

## Programming အခြေခံသင်တန်း သစ်ထပ်မံဖွင့်လှစ်မည်




Programming အခြေခံသင်တန်းသည် Programming နည်းပညာအား အခြေခံမှ စတင်လေ့လာလိုသူများနှင့် Professional Programmer အဖြစ် ရပ်တည်လိုသူများအတွက်စတင်တက်ရောက်သင့်သော သင်တန်းဖြစ်ပြီး ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များအား တက်ရောက်ရန် ရည်ရွယ်ထားသူများ၊ နိုင်ငံရပ်ခြားတွင် အဆင့်မြင့် အိုင်တီနည်းပညာများအား သွားရောက်သင်ယူရန်ရည်ရွယ်ထားသူများအနေဖြင့် Programming ဘာသာရပ်အား မဖြစ်မနေ သင်ယူရမည်ဖြစ်သည်။ Programming အခြေခံကောင်းများဖြစ်သော Pseudo Code, Flow Chart များကို အသုံးပြုပြီး Real Program Coding မရေးခင်တွင် Problems ဖြေရှင်းပုံများကို အသေးစိတ်သင်ယူရမည်ဖြစ်သည်။ ၎င်းတို့ကိုသင်ယူခြင်းဖြင့် Logical Thinking Skill ကို မြင့်မားစေမှာ ဖြစ်ပြီး မည်သည့် Programming Language ကိုမဆို ဆက်လက်လေ့လာနိုင်ရန် များစွာ အထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါသည်။ သင်တန်းပြီးဆုံးပါက Thinking Skill, Problem Solving Skill များမြင့်မားလာပြီး မိမိကိုယ်မိမိ ယုံကြည်စွာဖြင့် Programming ကိုဆက်လက်လေ့လာနိုင်မှာ ဖြစ်ပါသည်။ ဤသင်တန်းကို Computer အခြေခံရှိသူများ တက်ရောက်နိုင်ပါသည်။ သင်တန်းကာလမှာ တစ်လခွဲခန့်သာ ကြာမြင့်မည်ဖြစ်ပြီး တစ်ပတ်လျှင် သုံးရက် (တနင်္လာ+ ဗုဒ္ဓဟူး +သောကြာ) နံနက်-(၉း၁၅ မှ ၁၂း၁၅) ထိ တက်ရောက်ရမည် ဖြစ်သည်။

သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြရမည် ဖြစ်သည်။ အဆိုပါ သင်တန်းကို Myanmar WWW Institute (M3WI) သင်တန်းတည်ရှိရာ အဆောင် (၅)၊ အခန်း (၄)၊ မြန်မာအင်ဖိုတက်၆်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။ (ဖုန်း) ၆၅၂၂၈၈၊ ၅၂၁၁၂၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်မည်ဖြစ်သည်။

■ ကိုရ

## Royal Holloway University of London ၏ ဘွဲ့ဒီဂရီများကို ရယူလိုသူ ကျောင်းသားများအတွက် Kaplan စင်ကာပူတွင် တက်ရောက်နိုင်မည်



၂၀၁၂-၂၀၁၃ Time Higher Education ၏ World University Ranking အရ Top 1% ရရှိထားသော Royal Holloway University of London မှ စီးပွားရေး ဘွဲ့ဒီဂရီများကို စင်ကာပူနိုင်ငံ Kaplan ကျောင်းတွင် တက်ရောက် နိုင်ပြီ ဖြစ်ကြောင်း AT&S မှ သိရသည်။

အင်္ဂလန်နိုင်ငံတွင် ဘွဲ့ဒီဂရီတန်းကို တိုက်ရိုက်တက်ရောက်ပါက (၄)နှစ် အချိန်ပြည့်တက်ရောက်မှသာ ရရှိနိုင်မည်ဖြစ်ပြီး Kaplan စင်ကာပူတွင် ဒီပလိုမာတန်းမှ ဘွဲ့ဒီဂရီတန်းအထိပညာသင်ကြားချိန်မှာ (၂)နှစ်သာကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။

Royal Holloway University of London မှ တိုက်ရိုက် လာရောက်သင်ကြားပေးခြင်းကြောင့် ဆရာများ၏ နိုင်ငံတကာ အတွေ့အကြုံများကိုပါ ရရှိနိုင်မည် ဖြစ်ပြီး အင်္ဂလန်နိုင်ငံတွင်သင်ကြားသည့်သင်ရိုးညွှန်းတမ်းများအတိုင်း အပြည့်အဝရ ရှိနိုင်မည်ဖြစ်သည်။ Royal Holloway University ၏ ဘွဲ့ဒီဂရီများမှာ AMBA နှင့် ABS စသည့် နိုင်ငံတကာ အသိအမှတ်ပြုအဖွဲ့အစည်းများမှ အသိအမှတ်ပြုထားသောဘွဲ့ဒီဂရီများဖြစ်သောကြောင့် နိုင်ငံတကာ ကျောင်းသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများရှာဖွေရာတွင်ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်သည်။

Kaplan စင်ကာပူမှတစ်ဆင့် Royal Holloway University of London ၏ စီမံအုပ်ချုပ်မှုဆိုင်ရာဘွဲ့ဒီဂရီ၊ စီမံအုပ်ချုပ်မှုနှင့်စာရင်းကိုင်ဘွဲ့ဒီဂရီ၊ စီမံအုပ်ချုပ်မှုနှင့် နိုင်ငံတကာစီးပွားရေးဆိုင်ရာ ဘွဲ့ဒီဂရီ၊ စီမံအုပ်ချုပ်မှုနှင့် ဈေးကွက် ရှာဖွေရေးဆိုင်ရာ ဘွဲ့ဒီဂရီ စသည်တို့ကို တက်ရောက် သင်ယူနိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံမှ အခြေခံအထက်တန်းအောင် ကျောင်းသားများသည် IELTS(၅.၅) ရရှိထားပါက(သို့) IGCSE ဘာသာရပ်များတွင် အင်္ဂလိပ်စာဘာသာရပ်ကိုဖြေဆိုအောင်မြင်ထားသူများအနေဖြင့် Kaplan ၏ ဒီပလိုမာတန်းကို တိုက်ရိုက် တတ်ရောက်နိုင်မည်ဖြစ်ပြီး နိုင်ငံတကာ အသိအမှတ်ပြု ဘွဲ့ဒီဂရီကို (၂)နှစ်၊ (၂)လဖြင့်တက်ရောက်ရယူနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ အသိအမှတ်ပြုဘွဲ့ဒီဂရီ ရရှိထားသူများ၊ စီးပွားရေးဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြုဒီပလိုမာ ရရှိထားသူများအနေဖြင့် ဘာသာရပ်ကင်းလွတ်ခွင့်များကို AT&S မှတစ်ဆင့် မေးမြန်း လျှောက်ထားနိုင်မည်ဖြစ်သည်

Royal Holloway University of London အကြောင်းနှင့် ဘာသာရပ်ဆိုင်ရာများကို အသေးစိတ်သိရှိလိုပါက AT&S ဖုန်း (၀၁-၆၅၂၂၈၈၊ ၀၁-၂၅၁၃၃၂၊ ၀၉-၅၁၂၄၇၆၁) သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်မည် ဖြစ်သည်။

■ ကိုရ

# အင်္ဂလိပ်ဘာသာ လေ့လာသူများအတွက် ရှောင်ရန် ၉ ချက်

ဆရာမကြီး ဒေါ်ခင်မျိုးချစ်ရဲ့ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်။ ကျိန်းသေပေါက် အင်္ဂလိပ်စာတတ်နည်းတော့ မပေးတတ်ဘူး။ ကျိန်းသေပေါက်မတတ်မယ့်နည်းတော့ရှိတဲ့။ အဲဒါမီးနင်းအလွတ်ကျက်တဲ့နည်းပဲ" တဲ့။

အင်္ဂလိပ်စာ လေ့လာနေတဲ့ ဘဝတူများအတွက် တိုတိုထွာထွာလေးတွေ ရေးလာလိုက်တာ အားလုံးကိုပြန်ကြည့်လိုက်တော့ တစ်ခုခုကိုလုပ်ဖို့ တိုက်တွန်းထားတဲ့ Dos တွေချည်းပဲ များနေပါတယ်။ ဆောင်ရန်နဲ့ ရှောင်ရန်မှာ ဆောင်ရန်တွေပဲ ရေးနေသလို ဖြစ်နေတယ်။ ရှောင်ရန်လေးတွေလည်း ရေးသင့်တယ်လို့ ယူဆလို့ ဒီတစ်ခါတော့ John Fotheringham ရဲ့ A Not To Do List for Successful Language Learners ဟာကိုယ်ပြောချင်တာတွေနဲ့လည်း တိုက်ဆိုင်နေလို့ သူ့ကိုပဲ အခြေခံ ရေးသားလိုက်ပါတယ်။

**ရှောင်ရန် ၁။ Do Not spend more than 5% of your study time on grammar, translation, vocabulary list or any other overt information about the language.**

ကိုယ်လေ့လာချိန်ရဲ့ ၅ ရာခိုင်နှုန်းထက်ပိုပြီး သဒ္ဒါ၊ ဘာသာပြန်ခြင်း၊ ဝေါဟာရအစုလိုက်ကျက်ခြင်းနဲ့ ကိုယ်လေ့လာနေတဲ့ ဘာသာစကားအကြောင်း ရေးထားတာတွေမှာ အချိန်မကုန်ပါစေနဲ့။

ဘာသာစကားဆိုတာ စိမ့်ဝင်ရယူရတာမျိုးပါ။ Acquisition ဆိုတာ တမင်တကာ လေ့လာခြင်းမျိုးမဟုတ်ဘဲ ကိုယ်နဲ့သင့်တော်တဲ့ language input ကို မသိစိတ်ကနေ တဖြည်းဖြည်းနဲ့ အချိန်နဲ့ အမျှအနည်ထိုင်စုပုံလာစေခြင်းမျိုးဖြစ်ပါတယ်။ ကိုရီးယားကားတွေကြည့်ရင်း ကိုရီးယားစကားတစ်ချို့ကို နားလည်လာသလိုမျိုးပေါ့။ တမင်လေ့လာတာ မဟုတ်ပေမယ့် နားထောင်ပါများတဲ့အခါ စိတ်ထဲစွဲထင်လာတာမျိုး။ ဒါကြောင့်မလို့ တမင်လေ့လာတာက ၅ ရာခိုင်နှုန်း၊ ကျန်တဲ့ ၉၅ ရာခိုင်နှုန်းက ပျော်ပျော်ရွှင်ရွှင် acquire ရယူတဲ့ အင်္ဂလိပ်လို ဝတ္ထုပုံပြင်ဖတ်တာမျိုး၊ ရုပ်ရှင်ကြည့်တာမျိုး၊ သီချင်းနားထောင်တာမျိုး လုပ်ပါတဲ့။

**ရှောင်ရန် ၂။ Do Not spend time on material that are too difficult of don't interest you**

ကိုယ့်အတွက် ခက်ခဲလွန်းသော အကြောင်းအရာ (သို့မဟုတ်) ကိုယ်စိတ်မဝင်စားသော အကြောင်းအရာများတွင် အချိန်မဖြုန်းပါနဲ့။

နိုင်ငံခြားဘာသာစကားတစ်ခု လေ့လာရာမှာ (motivation) သိလိုတတ်လိုစိတ်တက်ကြွနေတဲ့အခါအောင်မြင်မှုလည်း ကြီးမားပါတယ်။ ၄င်းစေ့ဆော်စိတ်ကို အချိန်မရွေး တဟုန်းဟုန်း တောက်လောင်စေတဲ့ အရာကတော့ စိတ်ဝင်စားမှုပါပဲ။ စိတ်မဝင်စားတဲ့အရာကို လုပ်ရတာ ကြီးမားတဲ့ fatigue ဖြစ်ပေမယ့် ကိုယ်စိတ်ဝင်စားတဲ့ အကြောင်းအရာ ရေးထားတဲ့ စာဖတ်ရရင် အချိန်ကုန်လို့ကုန်မှန်းတောင် သိမှာမဟုတ်ပါဘူး။ ဒီတော့ စိတ်မဝင်စားတာကို မဖတ်နဲ့။ အရမ်းခက်တာကိုမဖတ်နဲ့။

**ရှောင်ရန် ၃။ Do Not study long, infrequent session**

တစ်ခါစာကြည့်ရင် အချိန်အကြာကြီး ကြည့်ပြီး ကြည့်တဲ့အခါကြည့်လိုက်၊ မေ့သွားလောက်ရှိမှ ပြန်လေ့လာလိုက်မလုပ်နဲ့။

ဒီအကြောင်းကတော့ ပြောရတာ အပ်ကြောင်းတောင်ထပ်နေပြီနဲ့ တူပါတယ်။ motivation အပြင်အရေးကြီးတာက consistency ပုံမှန်လေ့လာဖို့ပဲဖြစ်ပါတယ်။ တစ်ပတ်ကိုနှစ်နာရီလောက် စနေတနင်္ဂနွေ သင်တန်းလေးတက် လေ့လာတာထက် တစ်နေ့ကိုမိနစ် ၂၀ လောက် တပတ်ခြောက်ရက်လောက် ပုံမှန်လေးလေ့လာသွားတာကို အများကြီးပိုကောင်းပါတယ်။

**ရှောင်ရန် ၄။ Do Not worry about speaking too soon.**

ခဏလေးနဲ့ စကားပြောတတ်ဖို့ ဆန္ဒမစောပါနဲ့။

ဒီစကေးက အမြန်ဆုံးသောအင်းဆက်များရဲ့ နှုန်းထားတွေနဲ့ နှိုင်းယှဉ်နိုင်ပါတယ်။ သေးငယ်မှုက သူတို့ရဲ့ရွေ့လျားနိုင်စွမ်းတွေကိုကန့်သတ်ထားပေမယ့် သူတို့ရဲ့ ခြေထောက်တွေက အင်မတန်ပေ့ါပါးပါတယ်။ ဒါ့ကြောင့်မို့ ပိုမိုလျင်မြန်စွာ လှမ်းနိုင်ပါတယ်။ ဩစတြေးလျ Tiger Beetle(cicendela hudsoni) အင်းဆက်က 20mm သာ ရှည်လျားပေမယ့် 2.5m/s(5.6mph) အထိပြေးလွှားနိုင်ပါတယ်။ ဒါက သူတို့ကိုယ်ခန္ဓာ အရွယ်အစားထက် တစ်စက္ကန့်ကို ၁၂၅ ဆပိုမြန်စွာသွားလာနိုင်ပြီး သစ်ကုလားအုပ်ထက် အဆ ၃၀ ပိုမိုမြန်ဆန်တာပဲဖြစ်ပါတယ်။ ဒီစကေးနဲ့သာ လူတွေကပြေးလွှားနိုင်မယ်ဆိုခဲ့ရင် 512 mph အထိတောင် ပြေးနိုင်မယ့်သဘောပါ။

ဒီနှုန်းတွေအတိုင်းတော့အကြာကြီးမပြေးနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မောပန်းမှုတွေရှိလို့ပါပဲ။ Tiger Beetle တွေက အလွန်လျှင်မြန်တဲ့ နှုန်းထားတွေနဲ့ ပြေးလွှားတဲ့အခါ သူတို့ရဲ့ အနီးပတ်ဝန်းကျင်က အရာတွေကို မြင်နိုင်စွမ်းမရှိတော့ဘဲသူတို့ရဲ့ခြေထောက်တွေရဲ့အမြန်နှုန်းက မျက်လုံးရဲ့အလင်းတွေကိုဖမ်းယူနိုင်တဲ့ နှုန်းထားထက်ပိုမြန်နေလို့ပဲဖြစ်ပါတယ်။ Tiger Beetles တွေဟာ တိုက်ခိုက်ရေးသမားတွေလည်းဖြစ်ကြပြီး သူတို့ရဲ့သားကောင်များကို ပြေးလွှားကာ ဖိနှိပ်ချပြီး ဖမ်းယူကြပါတယ်။ သူတို့သားကောင်လိုက်တဲ့အခါ သုံးလေးခါလောက်တော့နားကြပါတယ်။ နောက်ထပ်လိုက်ရမယ့် သားကောင်ကို မျက်လုံးနဲ့မြင်အောင်ပေါ့။ သူတို့က ဒီလိုမျိုး အနားယူမှုတွေ ပြနေတဲ့အချိန်မှာတောင် လျှင်မြန်စွာပြေးလွှားနိုင်ကြပြီး တစ်ဖန် သူတို့ရဲ့သားကောင်ကို ပြန်လိုက်နိုင်ကြပါတယ်။



# နားကြပ်၊ သို့မဟုတ် စမတ်ဖုန်းဖြင့် နလုံးခုန်နှုန်းကို တိုင်းတာနိုင်တော့မည်



ဂျပန်တို့လူသားများသည်သာမန်အားဖြင့်စကားပြောရန်နှင့်သီချင်းနားထောင်ရန်အတွက်သာ နားကြပ်များကို အသုံးပြုခဲ့ကြပါသည်။

သို့သော်ယခုအခါတွင်ဂျပန်နိုင်ငံ Kaiteki Institute မှ သုတေသီများက နားကြပ်၊ သို့မဟုတ် စမတ်ဖုန်းကိုအသုံးပြု၍ လူတို့၏ နလုံးခုန်နှုန်းကိုတိုင်းတာနိုင်သော နည်းပညာတစ်မျိုးအား တီထွင်ခဲ့ပါသည်။

အဆိုပါ သုတေသီများ အနေဖြင့် အထူးပြုလုပ်ထားသည့် ဆော့ဖ်ဝဲတစ်မျိုးအားတီထွင်နိုင်ခဲ့ကြပြီးၾင်းဆော့ဖ်ဝဲအနေဖြင့် နားကြပ်၊ သို့မဟုတ် စမတ်ဖုန်းအားအသုံးပြု၍ နလုံးခုန်သံအား တိုင်းတာရာတွင် ကူညီပေးမည်ဖြစ်ပါသည်။ ဂျပန်တို့သွေးကြောများ၏လှုပ်ရှားမှုသည်ဂျပန်တို့၏နားစည်အတွင်း၌ 1 Hz တုန်ခါမှု ရှိပါသည်။

အဆိုပါတုန်ခါမှုအားတီထွင်ထားသော ဆော့ဖ်ဝဲကို အသုံးပြု၍ နလုံးခုန်နှုန်းအားတိုင်းတာခြင်းဖြစ်သည်။

ယခုကဲ့သို့ တိုင်းတာနိုင်ခြင်းမှာ Signal Processing Technologies နည်းပညာ၏ အကျိုးကျေးဇူးပင်ဖြစ်ပြီး ၎င်းနည်းပညာအား သုတေသနအဖွဲ့အနေဖြင့် စမတ်ဖုန်းတွင် ထည့်သွင်းနိုင်ရန်အတွက်လည်း ကြိုးစားလုပ်ဆောင်လျက်ရှိပြီး အောင်မြင်ပါက မိမိတို့၏နလုံးခုန်နှုန်းအား ပြင်ပကိရိယာအကူအညီမယူဘဲတိုင်းတာနိုင်မည်ဖြစ်သည်။

လက်ရှိတွင် သုတေသီများအနေဖြင့် စမ်းသပ်မှုအဆင့်အားထပ်မံမြှင့်တင်ရန် ကြိုးစားလုပ်ဆောင်လျက်ရှိသည်ဟု သိရပါသည်။

Source:www.thetechjournal.com/tech-news/measure-heart-rate-using-a-headphone

ပြန်ဆိုသူ - worldwide

## မိမိတို့၏ဂိမ်းထဲမှ Virtual Objests များ၏အလေးချိန်အား ခံစားနိုင်မည့် Game Controller





ဂိမ်းခလုတ်များ (Controllers) များ၏တုံ့ပြန်နိုင်မှုသည် Nintendo ၆၄ အား စတင်အသုံးပြုခဲ့သည့် အချိန်မှစ၍ ယနေ့အချိန်ထိ ထူးခြားစွာတုံ့ပြန်နိုင်မှုများမရှိသေးပေ။ မကြာသေးမီက ထုတ်လုပ်ခဲ့သည့် PlayStation 4 နှင့် Xbox One များတွင်လည်း အသုံးပြုသော Controllers များအနေဖြင့် ဂိမ်းကစားသည့်အခါ Virtual Avatar များ တစ်ခုခုဖြစ်သွားပါက တုံ့ပြန်နိုင်မှုမှာ ၎င်းတွင်ပါဝင်သော ဘုတုန်ခါသွားခြင်း၊ သို့မဟုတ် လက်ကိုင်တုန်ခါခြင်းဖြင့် ကစားသူအား သတိပေးခြင်းများသာ ပြုလုပ်နိုင်ပါသည်။

ထို့ကြောင့် ဂိမ်းကစားသူအား အသစ်ခံစားမှု ရရှိနိုင်စေရန်အတွက် Reactive Grip Controller အမျိုးအစားတစ်ခုအား (ပုံတွင်ပြထားသည့်အတိုင်း) Tactical Haptics အသင်းမှ တီထွင်ခဲ့ကြပြီး အဆိုပါ ဂိမ်းခလုတ်အနေဖြင့် ဂိမ်းထဲမှ Virtual Objects များ၏အလေးချိန်အား ခံစားသိရှိနိုင်မည်ဖြစ်ပါသည်။

သင့်အနေဖြင့် ဂိမ်းထဲမှာ လေးလံသော အရာဝတ္ထုတစ်ခုအား မ,ယူလိုက်ပါက ဂိမ်းခလုတ်တွင်ပါဝင်သော plates ပြားများမှတစ်ဆင့် အရပ်အလေးချိန်အား ဖော်ပြပေးမည်ဖြစ်ပါသည်။ နားလည်အောင်ရှင်းပြရလျှင်သင့်အနေဖြင့် ဂိမ်းထဲတွင် ဓားကို သင့်၏ ခေါင်းပေါ်သို့ မ,ယူလိုက်ပါက Plates ပြားများအနေဖြင့်သင့်လက်၏ဆွဲယူမှုကိုဆန့်ကျင်မည်ဖြစ်ပြီး တကယ့်ဓားအား မ,တင်လိုက်ရသလိုအလေးချိန်အား ခံစားစေမည်ဖြစ်ပါသည်။

သို့သော်ကန့်သတ်ချက်အနေဖြင့် အဆိုပါ ဂိမ်းခလုတ်အားကွန်ပျူတာဂိမ်းများတွင်သာ အသုံးပြုနိုင်သည်ဟု သိရပါသည်။

http://www.popsci.com/article/gadgets/game-controller-lets-you-feel-weight-virtual-objects¿dom=PSC&loc=recent&lnk=7&con=game-controller-lets-you-feel-the-weight-of-virtual-objects

ပြန်ဆိုသူ - worldwide

## Smartphone များကို microscope ကဲ့သို့ ကြည့်ရှုအသုံးပြုလာနိုင်တော့မည်



Smartphone များတွင် Microscope ကဲ့သို့ ကြည့်ရှုအသုံးပြုနိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၀ သာတန်ဖိုးရှိသည့်ကိရိယာကို Smart-phone များတွင်တပ်ဆင်၍ အသုံးပြုရမည်ဖြစ်သည်။ ထိုကဲ့သို့ တပ်ဆင်ရာတွင် အလွန်လွယ်ကူမှုရှိပြီး သင့်အနေဖြင့် အသုံးမပြုချင်တော့သည့်အခါတွင်သင်၏ စာအုပ်စင်ပေါ်၌ အလှပစ္စည်းတစ်ခုအဖြစ်ထား ရှိနိုင်ပေသည်။

Microscope ကဲ့သို့အသုံးပြုနိုင်ရန်အတွက်လည်း ညွှန်ကြားချက်များကိုအလွယ်တကူဖတ်၍ လုပ်ဆောင်နိုင်ပါသည်။ အခြေခံအားဖြင့် လုပ်ဆောင်ချက်များအားလုံးကို အထူးပြုလုပ်ထားသည့် Plexiglass ဖန်ပြားလေးများက ဆောင်ရွက်ပေးပြီး နောက်ခံအလင်းရောင် အတွက် အောက်တွင် LED ဖြင့်ပြုလုပ်ထားသည့် ဖန်ပြားထည့်သွင်းထား ရှိပါသည်။ အောက်ဆုံးရှိ laser pointer မှန်ဘီလူးသည်ပုံကြီးချဲ့ပေးပါသည်။ ထိုကိရိယာဖြင့် ပုံကြီးချဲ့ပေးမှုသည် အရာဝတ္ထု တစ်ခုကို ၁၇၅ ဆအထိ ချဲ့ပေးနိုင်ပြီး ထူးခြားချက်အနေဖြင့် ၀ှက်ဖျားရောဂါလက္ခဏာကိုပင် စစ်ဆေးကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

သင့်အနေဖြင့်ယခင်က အရာဝတ္ထုတစ်ခုအား အသေးစိတ်နက်ရှိုင်းစွာကြည့်ရှုလေ့လာ ချင်သော် လည်း သင့်မှာ Microscope မရှိသည့်အတွက် ဝမ်းနည်း ပူဆွေးနေရမည်ဖြစ်သည်။ သို့သော် ထိုအချိန်ကာလများ ကျော်လွန်လာပြီး ယခု သင်အသုံးပြုလျက်ရှိသည့် smartphone ဖြင့်တွဲဖက်၍ microscope ကဲ့သို့ ကြည့်ရှုနိုင်မည့် ကိရိယာလေးအား ဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်လာပြီဖြစ်ကြောင်း သိရှိရပါသည်။

Source: http://thetechjournal.com/how-to/turn-your-smartphone-into-a-microphone.xtml

ပြန်ဆိုသူ - worldwide

# ညကြည့်နည်းပညာ(၃)

■ World Wide

ညကြည့်ကိရိယာ၏ပုံရိပ်မြှင့်တင်ပြွန်သည်အမျိုးမျိုးကွဲပြားတက်ပါသည်။ ၎င်းတို့ သည် စိန်ပွင့်များနှင့် အလားသဏ္ဍာန်တူပါသည်။

**မှန်ပြောင်း (Binocular)**

မျက်စိနှစ်လုံးဖြင့် ပုံရိပ်တစ်ခုကို ကြည့်ခြင်းဖြစ်သည်။ ( ဥပမာ - ရုပ်မြင်သံကြား ကြည့်သကဲ့သို့ဖြစ်သည် )။

**မှန်ပြောင်း ( Binocular )**

မြင်ကွင်းတစ်ခုလုံးကို channel နှစ်ခုအား ဖြတ်၍ ကြည့်ခြင်းဖြစ်သည်။ channelတစ်ခုကို မျက်လုံးတစ်လုံးဖြင့် ကြည့်ခြင်းဖြစ်သည်။

**အလင်းဖြာခြင်း (သို့) ဝေဝါးခြင်း (Blooming)**

အလွန်တောက်ပသောအလင်းရောင်အရင်းအမြစ်တစ်ခုကြောင့် ပုံရိပ်မြှင့်တင်ပြွန်တွင် ဝန်ပိမှုဖြစ်ပေါ်ပြီး ညကြည့်ကိရိယာ၏ပုံရိပ်တစ်ခုလုံး ဆုံးရှုံးဝေဝါးခြင်း၊ အစိတ်အပိုင်းတစ်ခု ဝေဝါးမှု ဖြစ်ပေါ်ခြင်း ဖြစ်သည်။ ၎င်းကို "halo" သက်ရောက်မှုဟုခေါ်ပြီး အလင်းရောင် အရင်းအမြစ်၏ ဘေးပတ်ဝန်းကျင်တွင် ဖြစ်ပေါ်တက်ပါသည်။ တောက်ပသော အလင်းရောင် အရင်းအမြစ်တစ်ခုသည် ညကြည့်ကိရိယာသို့ ဝင်ရောက်လာပါက ညကြည့်မြင်ကွင်းတစ်ခုလုံး (သို့) အစိတ်အပိုင်းတစ်ရပ်သည် ပို၍ တောက်ပလာမည် ဖြစ်ပြီး ရှာဖွေကြည့်ရှုလိုသော အရာဝတ္ထုသည် မြင်ကွင်းတစ်ခုလုံးနှင့် ရောထွေးဝေဝါးသွားနိုင်ပါသည်။ ညကြည့်ကိရိယာမျိုးဆက်(၀) နှင့် မျိုးဆက် (၁) တို့တွင်အလင်းရောင် ဝေဝါးခြင်းပြဿနာ (Blooming) ဖြစ်ပေါ်တက်ပါသည်။

**စူးရှအလင်းရောင်အရင်းအမြစ်ကာကွယ်ခြင်း (Bright-source Protection (BSP))**



ကားမီး (သို့) အခန်းမီးကဲ့သို့စူးရှသည့်အလင်းရောင်နှင့်ထိတွေ့ရသည့်အခါ အီလက်ထရောနစ်စနစ်မှ ( photocathode )သို့ပေးပို့သော ဗို့အားကို လျှော့ချပေးလိုက်ပါသည်။ စူးရှအလင်းရောင် ကာကွယ်ခြင်းစနစ်သည် ပုံရိပ်ပြွန်အား ပျက်ဆီးခြင်းမှ ကာကွယ်ပေးပြီး ပြွန်၏ သက်တမ်းရှည်စေပါသည်။ သို့သော် ပုံရိပ်ကြည်လင်ပြတ်သားမှုကိုတော့ လျော့ကျစေပါသည်။

**Boresighting ( ပြောင်းချိန်ညှိခြင်း )**



လက်နက်ချိန်တွယ်ရေး ကိရိယာအား လက်နက်၏ပြောင်းနှင့် ချိန်ညှိခြင်း ဖြစ်ပါသည်။

**C-Mount**

ကင်မရာပေါ်သို့ အချင်း ၀.၅ (သို့) ၀.၆ လက်မရှိသည့် မှန်ဘီလူးလေးကို တပ်ဆင်ထားပါသည်။

**COMSPEC (Commercial Specification)**

အထက်ပါ အသုံးအနှုန်းသည် ပုံရိပ်ပြွန်၏ အရည်အသွေးကို ဖော်ပြရန် ဖြစ်ပြီး စမ်းသပ်စစ်ဆေးမှုများအား မူလထုတ်လုပ်သူမှပင် ပြုလုပ်ပါသည်။

**Chicken Wire**

ပုံရိပ်ဧရိယာ တစ်ခုလုံးတွင် (သို့) တစ်စိတ်တစ်ပိုင်းတွင် ပါးလွှာသောအနက်ရောင်လိုင်းလေးများပုံစံမကျပဲဖြစ်ပေါ်နေခြင်းဖြစ်သည်။ ဆိုးရွားသော အခြေအနေတွင် ၎င်းလိုင်းများသည် ခြောက်ထောင့်သဏ္ဍာန် (သို့) လေးထောင့်သဏ္ဍာန် ရေလှိုင်းပုံများအဖြစ် တွေ့မြင်ရပေသည်။

**နေ့အလင်းရောင်မှန်ဘီလူးအဖုံး (Daylight Lens Cover)**



ညကြည့်ကိရိယာ၏မှန်ဘီလူးထံသို့အလင်းရောင် အနည်းငယ် ဝင်ရောက်နိုင်ရန် အပေါက်ပါရှိပြီး ပလက်စတစ် (သို့) ရာဘာဖြင့်ပြုလုပ်ထားသော ပစ္စည်းဖြစ်သည်။ လေ့ကျင့်ရေးအတွက်သာ ရည်ရွယ်ထုတ်လုပ်ထားခြင်း ဖြစ်ပါသည်။

**Daylight Training Filter**



ဖန်ဖြင့်ပြုလုပ်ထားသော filterဖြစ်ပြီး ညကြည့်ကိရိယာ၏ မှန်ဘီလူးအပေါ်တွင် ဖုံးအုပ်တပ်ဆင်ထားပါသည်။ ဝင်ရောက်လာသော အလင်းရောင်အား အန္တရာယ်မဖြစ်နိုင်သည့် အဆင့်သို့ လျှော့ချပေးပါသည်။ ထို့ပြင် နေ့အချိန်၌ ညကြည့်ကိရိယာအား လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်လည်း ဆောင်ရွက်ပေးပါသည်။

**Diopter**

မျက်စိအမြင် လွဲမှားမှုပြုပြင်ခြင်း (သို့) မှန်ဘီလူး၏ ပါဝါလွဲမှားခြင်းတို့ကို သက်မှတ်တိုင်းတာရန်အတွက် သတ်မှတ်ထားသော ယူနစ်တစ်ခု ဖြစ်ပါသည်။ မျက်စိအမြင် အမျိုးမျိုးကွဲပြားမှုများကို ချိန်ညှိပေးပါသည်။ ဤစနစ်မှ + 2 မှ - 6 diopter range အတွင်း ချိန်ညှိပေးနိုင်ပါသည်။



**ရှုံ့တွခြင်း (Distortion)**

ညကြည့်ကိရိယာများတွင် ရှုံ့တွခြင်းနှစ်မျိုး ဖြစ်ပေါ်ပါသည်။ ပထမတစ်မျိုးမှာ မှန်ဘီလူးများ၏ ဒီဇိုင်းကြောင့်လည်းကောင်း ၊ ပုံရိပ်မြှင့်တင်ပြွန် ( image intensifier tube ) တွင် ပါရှိသည့် fiber optics များအား ထုတ်လုပ်စဉ်ကပင် အပြစ်အနာအဆာများ ပါရှိလာခြင်းကြောင့် ၎င်း ဖြစ်ပေါ်ခြင်း ပင်ဖြစ်သည်။

**မှန်ဘီလူးများ၏ ရိုးရင်းစွဲရှုံ့တွမှုများ (Classical Optical distortion )**



မှန်ဘီလူး ဒီဇိုင်းနှင့် ပုံရိပ်မြှင့်တင်ပြွန်များသည် မြင်ကွင်း၏ အစွန်းများတွင် အတွင်းဘက် (သို့) အပြင်ဘက်သို့ ကွေးဝင်နေသော မျဉ်းဖြောင့်များကို ဖြစ်ပေါ်စေခြင်းကို ခေါ်သည်။ ၎င်းကွေးဝင်နေသော မျဉ်းဖြောင့်များသည် စတုရန်းကွက်ပုံ ဖြစ်ပေါ်စေပြီး စည်းပိုင်းသဏ္ဍာန်ဖြစ်ပေါ်လာပါသည်။ ဤကဲ့သို့ရှုံ့တွပုံပျက်မှုများသည် မော်ဒယ်တူညီသော စနစ်များတွင် တူညီစွာ တွေ့ရပါသည်။ ကောင်းမွန်စွာ ဒီဇိုင်းထုတ်လုပ်ထားသော မှန်ဘီလူးများတွင် ဤရှုံ့တွမှုများ လျော့နည်းလေသည်။

**Fiber Optics၏ပြစ်ချက်များ (Fiber Optics Manufacturing Distortions)**

ညကြည့်ကိရိယာများတွင် Fiber Optics၏ ပြစ်ချက်အမျိုးအစား နှစ်မျိုးအားတွေ့ရှိရသည်။ ၎င်းတို့မှာ S ပုံသဏ္ဍာန် ပုံပျက်ခြင်း (S-distortion)နှင့် ညီညာစွာပုံပျက်ခြင်း (Shear Distortion) တို့ဖြစ်ကြသည်။

**S ပုံသဏ္ဍာန်ပုံပျက်သွားခြင်း (S-distortion)**

Fiber Optics Inverters များ၏ ထုတ်လုပ်မှုဖြစ်စဉ် မှားယွင်းမှုကြောင့် S ပုံသဏ္ဍာန် လိမ်သွားခြင်းဖြစ်သည်။ အများအားဖြင့် S ပုံသဏ္ဍာန်ပုံပျက်ခြင်းများသည် အလွန်သေးငယ်သောကြောင့် သာမာန်မျက်စိဖြင့် မမြင်နိုင်ပေ။

**ညီညာစွာပုံပျက်ခြင်း(Shear-Distortion)**

Phosphor Screen အတွက် သုံးသော Fiber Optics အစည်းလေးများ ပါဝင်သည့် ပုံရိပ်ပြွန် (Image Tube) အထဲတွင် Shear-Distortion ဖြစ်ပေါ်ပါသည်။ ၎င်းသည် ပုံရိပ်ဧရိယာအတွင်းတွင် မျဉ်းဖြောင့်သဏ္ဍာန် ကွဲအင် (Cleavage) အဖြစ် တွေ့ရှိရသည်။

**နောက်ခံအလင်းရောင် ချိန်ညှိခြင်း (Equivalent Background Illumination(EBI))**

ညကြည့်ကိရိယာ၏ ပုံရိပ်ပြွန်ကို ဖွင့်လိုက်သည့်အခါ မြင်ရသည့် အလင်းရောင်ကလေးသာ ဖြစ်ပြီး ၎င်းအလင်းရောင်သည် Photo Cathode ပေါ်သို့ ရောက်ရှိလာခြင်းမရှိပေ။

စာမျက်နှာ - ၂၅ သို့ >>

စာမျက်နှာ - ၂၄ မှ အဆက် >>

အပူရှိန်သည် EBI အပေါ်တွင် သက်ရောက်မှုရှိသည်။ ညကြည့်ကိရိယာပူနွေးလာလေ၊ နောက်ခံအလင်းရောင် တောက်ပလာလေဖြစ်သည်။ EBI အား Lumens per square centimeter(Lm/cm2) ယူနစ်ဖြင့် တိုင်းတာနိုင်ပါသည်။ EBI ယူနစ်တန်ဖိုးနည်းလေလေ ပိုကောင်းလေလေဖြစ်သည်။ EBI မှ ပုံရိပ်ဖော်နိုင်သည့် အနိမ့်ဆုံး အလင်းရောင် ပမာဏကို သတ်မှတ်ပေးသည်။ ကျန်အလင်းရောင် ပမာဏထက် နိမ့်ကျပါက EBI အဖြစ် ပြန်လည် ချိန်ညှိရပေမည်။




**Emission Point**

မှန်ဘီလူးမှ အခြားအလင်းရောင်များကို ပိတ်လိုက်သည့်အခါ ပုံရိပ်ဖရိယာပေါ်၌ တည်ငြိမ်နေသော (သို့) အနည်းငယ် တုန်ခါနေသော မရွေ့လျားသည့် တောက်ပသောအလင်းရောင်အစက်ကလေးပင် ဖြစ်သည်။ မြင်ကွင်းအတွင်းတွင် ၎င်းအလင်းရောင် အစက်အပြောက် ၏တည်နေရာမှာ ရွေ့လျားခြင်း မရှိပေ။ အလင်းရောင်ရှိသော ညတွင် ကြည့်သောအခါ ၎င်းအလင်းစက်သည် ပျောက်ကွယ်သွားခြင်း သို့မဟုတ် မှိန်သွားခြင်း ဖြစ်ပေါ်ပါက ပြဿနာမဟုတ်ပေ။ အကယ်၍ အလင်းစက်သည် အလင်းရောင်ရရှိမှု အခြေနေအမျိုးမျိုးတွင် တောက်ပမြဲတောက်ပနေပါက ပြုပြင်ရန်လိုအပ်ပါသည်။ သဘာဝမြင်ကွင်းတွင် တွေ့ရှိရသော အလင်းစက်နှင့် Emission Point တို့အား မရောထွေးရန် လိုအပ်ပေသည်။

**Eye Relief**




အကောင်းဆုံးပုံရိပ်ရရှိစေရန်အတွက် မျက်လုံးနှင့်မှန်ပြောင်းအကြားထားရမည့် အကွာအဝေးပင်ဖြစ်သည်။

**Field of View**

မှန်ပြောင်းဖြင့်ကြည့်သောအခါ မြင်ရသော ပုံရိပ်ဖရိယာ၏ အချင်း ပင်ဖြစ်သည်။

**Figure of Merit (FOM)**

ပုံရိပ်မြှင့်တင်ဖန်ပြွန် (Image Intensification Tube) ၏ အရည်အသွေး စစ်ဆေးသတ်မှတ်ခြင်းဖြစ်ပြီး ၎င်းအား Line pair per mm x signal to noise ဖြင့် တိုင်းတာပါသည်။

**Fixed-Pattern Noise(FPN)**

ပုံရိပ်ဖရိယာတွင် မှေးမှိန်သောခြောက်ထောင့်သဏ္ဍာန်ပုံစံဖြစ်ပြီး ၎င်းတို့သည် အလင်းရောင်တောက်သောအခြေနေမျိုးတွင် အများဆုံး ဖြစ်ပေါ်ပါသည်။ ၎င်းပုံစံသည် Microchannel Plate များတွင် မူရင်းရှိရင်းစွဲဖြစ်ပြီး ၎င်းတို့ကို မျိုးဆက်(၂)နှင့် မျိုးဆက်(၃) ညကြည့်ကိရိယာများတွင် အလင်းရောင်လုံလောက်သောအခါ၌ တွေ့မြင်နိုင်ပါသည်။

**Footlambert(FL)**

အလင်းရောင်ကိုတိုင်းတာသောယူနစ်ဖြစ်ပြီး ၎င်းသည် ဖယောင်းတိုင်တစ်တိုင်နှင့် ခြေတစ်လှမ်းအကွာတွင် တွေ့ရှိရမည့် အလင်းရောင်ပမာဏပင်ဖြစ်သည်။

**ဆပွားနိုင်မှု(Gain)**



ဆပွားနိုင်မှုအား Brightness gain သို့မဟုတ် Luminance gain ဟု ခေါ်ဆိုနိုင်ပါသည်။ ၎င်းသည် ညကြည့်ကိရိယာအတွင်း ဝင်ရောက်လာသော အလင်းအား ဆပွားနိုင်မှု အကြိမ်အရေအတွက်ပင်ဖြစ်သည်။ ၎င်းကို Tube gain သို့မဟုတ် System gain အဖြစ် တိုင်းတာ ပါသည်။ Tube gain ဆိုသည်မှာ ထွက်ပေါ်လာသော အလင်းပမာဏ (ယူနစ်မှာ FL) အား ဝင်လာသော အလင်းရောင် (ယူနစ်မှာ Fc)ဖြင့် စားခြင်းဖြစ်သည်။ ၎င်းအားပမာဏထောင်ပေါင်းများစွာဖြင့် ဖေါ်ပြသည်။ အကယ်၍ Tube gain များလာပါက Noise ပိုများလာပြီး Signal to Noise အချိုးကျဆင်းသွားပေမည်။ အမေရိကန်တပ်မတော်၏ မျိုးဆက်(၃) ပုံရိပ်ပြွန်တွင် Tube gain အဆ ၂၀၀၀၀ မှ ၄၅၀၀၀ အထိ ရရှိပါသည်။ System gain မှာ ထွက်ပေါ်လာသော အလင်းပမာဏ (ယူနစ်မှာFl) အားဝင်လာသော အလင်းရောင် (ယူနစ်မှာFl) ဖြင့် စားထားခြင်း ဖြစ်သည်။ ၎င်းအားလည်း ပမာဏထောင်ပေါင်းများစွာဖြင့် ဖော်ပြပါသည်။ အမေရိကန်တပ်မတော်တွင် System gain မှာ ၂၀၀၀ မှ ၃၀၀၀ အတွင်းသာ ရှိပါသည်။ မည်သည့် ညကြည့်စနစ်တွင်မဆို မှန်ဘီလူးများနှင့် Filters များကြောင့် Tube gain ပမာဏလျော့ကျနိုင်ပါ သည်။ ထို့ကြောင့် System gain သည် အသုံးပြုသူများအတွက်ပို၍အရေးပါသောတိုင်းတာမှုစနစ်ဖြစ်ပါသည်။

**Gallium Arsenide(GaAs)**

မျိုးဆက်(၃) Photocathode ထုတ်လုပ်ရာတွင် အသုံးပြုသော တစ်ပိုင်းလျှပ်ကူးပစ္စည်း(semiconductor) ဖြစ်ပါသည်။ GaAs Photo cathode သည် အလင်းရောင်စဉ် ၄၅၀ နာနိုမီတာ မှ ၉၅၀ နာနိုမီတာ အတွင်း၌ အာရုံခံနိုင်မှု အလွန်မြင့်မားသည်။

**Highlight Shutoff**

ပုံရိပ်မြှင့်တင်မှုကာကွယ်ရေးစနစ်တွင် Micro processer၊ အာရုံခံကိရိယာ (Sensor)နှင့် Circuit braker များပါဝင်သည်။ ဤစနစ် သည် စူးရှသော အလင်းရောင် ဝင်ရောက်လာပါက ၎င်း System အားပိတ်ပစ်လိုက်မည်ဖြစ်သည်။

**Interpupillary Adjustment**

အသုံးပြုသူ၏ မျက်လုံးနှင့် မှန်ဘီလူးတို့ကြား အကွာအဝေးအား လူအမျိုးမျိုးတို့အတွက် ချိန်ညှိခြင်းဖြစ်သည်။ ကောင်းမွန်စွာညှိထားခြင်းမရှိသော မှန်ဘီလူးများကို အသုံးပြုပါက ကြက်ဥပုံ (သို့) အင်္ဂလိပ်အက္ခရာ 8 ပုံသဏ္ဍာန်ပေါ်နေမည် ဖြစ်သည်။

**Interpupillary Distance**

အသုံးပြုသူမျက်ဆံ (Eyeball-centres)နှစ်ခုကြား အကွာအဝေး ဖြစ်သည်။ အမေရိကန် တပ်မတော်၏ ၉၅% သောသူများသည် ၎င်းတို့၏ မျက်ဆံနှစ်ခုကြားအကွာအဝေးမှာ ၅၅ မီလီမီတာမှ ၇၂ မီလီမီတာ အထိရှိသည်။

**အနီအောက်ရောင်ခြည်အလင်းပေးကိရိယာ (IR Illuminator)**

ညကြည့်ကိရိယာအများစုတွင် မမြင်နိုင်သော အလင်းရောင်ထုတ်လွှတ်ပေးနိုင်သော အနီအောက်ရောင်ခြည် အလင်းပေးကိရိယာ (Infrared diode) တပ်ဆင်ထားပါသည်။ အနီအောက်ရောင်ခြည်အား သာမန်မျက်စိဖြင့် မမြင်နိုင်ပေ။ ထို့ကြောင့် ညကြည့်ကိရိယာများ အနေဖြင့် ၎င်းအားမြင်နိုင်ရန် လိုအပ်ပေသည်။ အလင်းပေး ကိရိယာများသည် လှိုင်းအလျား ၇၃၀ နာနိုမီတာ၊ ၈၃၀ နာနိုမီတာ၊ ၉၂၀ နာနို မီတာ ခန့်ရှိသော အနီအောက်ရောင်ခြည် အလင်း ပေးခြင်းများကို ဆောင်ရွက်ပါသည်။ ပတ်ဝန်းကျင်မှ အမျိုးမျိုးသော မလိုအပ်သော ရောင်စဉ်များကိုလည်း ချေဖျက်ပါသည်။ ထို့အပြင် ကြည့်ရှု သူ အတွက် စိတ်ဝင်စား သည့် ဖရိယာအား အလင်းပေးရန် ဆောင်ရွက်စဉ်တွင် အရိပ်များကို ချေဖျက်ခြင်း၊ ပုံရိပ်ပြတ်သားမှု မြှင့်တင်ခြင်းကိုလည်း ဆောင်ရွက်ပါသည်။

**လေဆာအနီအောက်ရောင်ခြည် (IR Laser)**

ဝေးကွာသောအကွာအဝေးထိအလင်းပေးနိုင်သော စွမ်းအင်မြင့်ကိရိယာဖြစ်ပါသည်။ သာမန်အားဖြင့် မီတာ ထောင်ပေါင်းများစွာ အထိ အလင်းပေးနိုင်ပါသည်။ အများစုသည် မျက်လုံးအား အန္တရာယ်ရှိပြီး အသုံးပြုခြင်းအား ကန့်သတ်ချက်များ ထားရှိပါသည်။ လေဆာအနီအောက်ရောင်ခြည် ကိရိယာတစ်ခုစီအား FDA နှင့် CFR တို့မှ ထုတ်ပြန်ထားသော ကန့်သတ်ချက်များနှင့် အသေးစိတ်အချက်အလက်များ ပါဝင်သော သတိပေးချက် စာတမ်းရေးထိုးထားရှိပါသည်။




ဆက်လက်ဖော်ပြပါမည်..

Computer act!ve

ISSUE 011 | DECEMBER 28, 2013

Your friendly guide to technology

# Workshop & Tips

ယခုကဏ္ဍအား Tech Space နည်းပညာဂျာနယ်မှ UK ရှိ Computer Active Magazine နှင့်တရားဝင်လိုင်စင်ရယူကာ ပူးပေါင်းတင်ဆက်ထားပြီး အပတ်စဉ်ထည့်သွင်းပေးသွားပါမည်။

## What's All the Fuss About...

# 3D printing

သင်ကိုယ်တိုင် သင့်အိမ်မှာ အရာဝတ္ထုတွေကို Print ထုတ်နိုင်စွမ်းရှိတယ်။ သို့ပေမယ့် ဘာတွေလုပ်နိုင်မှာလဲ၊ ဘယ်လောက်ကုန်ကျမှာလဲ? ဒီအတွက် အဖြေတွေ သင်တို့ကို ကျွန်တော်တို့ပေးမယ်။

### ဒါကဘာလဲ?

3D-Modelling Software ကို သုံးပြီး ပလက်စတစ်၊ သတ္တု၊ ကြွေထည် မြေထည်ပစ္စည်းတွေနဲ့ ရုပ်ဝတ္ထုတွေကို Print ထုတ်ခြင်းက ထင်ပေါ်ကျော်ကြားတဲ့ နည်းပညာတစ်ခုပါ။ ၁၉၈၀ ပြည့်နှစ်အလယ်လောက်ကတည်းက ပုံတူတွေ ထုတ်လုပ်ဖို့အတွက် စက်ရုံတွေမှာ အသုံးပြုခဲ့ကြပါတယ်။ ယခုအခါမှာတော့ အများပြည်သူအိမ်မှာ အသုံးပြုနိုင်ဖို့အတွက် Printer တွေကို ဝယ်ယူနိုင်နေပါပြီ။

### အံ့သြမှုအသံတွေ ထွက်ပေါ်လာပေမယ့် ဘာအတွက် အသုံးချနိုင်မလဲ?

ဒါက အဓိကမေးခွန်းပါ။ Print ထုတ်ထားတဲ့အရာဝတ္ထုတွေက သူတို့ကို ဆိုင်မှာဝယ်ယူနိုင်ဖို့အတွက်ပဲ အောင်မြင်မှုရလိမ့်မယ်လို့ ကျွန်တော်တို့ ယူဆမိ တယ်။ ဥပမာ Screw နဲ့ Nut တွေကို အစားထိုးဝယ်ယူဖို့ DIY စတိုးကို သွားနေမယ့် အစား Print ထုတ်ပြီး ပုံမှန် အသုံးချနိုင်တယ်။ 3D ရုပ်ပုံအဖြစ် Print ထုတ်ထားတဲ့ စစ်တုရင်နဲ့တွေ၊ သွားတိုက်တံတွေ၊ စမတ်ဖုန်းကာဗာတွေ၊ စက္ကူညှပ်ကလစ်တွေ၊ ကွတ်ကီးဖြတ်စက်တွေနဲ့ အခြားခြားသော နေ့စဉ် အသုံးပြုနေကျ ပစ္စည်းတွေကို ကျွန်တော်တို့မြင်တွေ့ရှုပါတယ်။



**Velleman K8200 က လက်ရှိမှာ ဈေးနှုန်းအချိုသာဆုံး 3D Printer ပါ။**

သို့သော် 3D Print ပစ္စည်းတွေက ပန်းကန်ပြားပုံ (www.snipca.com/10250) နဲ့ ကြယ်ငါး (www.snipca.com/10254) တို့လို လူတွေကို ပျော်ရွှင်ဖွယ်ရာ ပစ္စည်း တွေအဖြစ်ပဲ ကျွန်ုပ်တို့က ထင်မြင်နေခဲ့ကြတာပါ။ ခဲတံဒုံးပျံပုံ (www.snipca.com/10247) နဲ့ အင်္ဂါဂြိုဟ်စူးစမ်းယာဉ် (www.snipca.com/10252) တွေက အာကာသအကြောင်း စိတ်ဝင်စားတဲ့ ကလေးငယ်တွေအတွက် အပြည့်စုံဆုံး ပစ္စည်းတွေပါပဲ။

Thingiverse (www.thingiverse.com) မှာ လူတွေပြုလုပ်ထားတဲ့ အကောင်းဆုံး ဓာတ်ပုံတွေကို ရှာဖွေကြည့်ရှုနိုင်ပါတယ်။

### ဒီဇိုင်းတွေကို Print ထုတ်ဖို့ ဘယ်လိုလုပ်ရမလဲ?

ဒီဇိုင်းပုံစံတွေဖန်တီးနိုင်ဖို့ SketchUp (www.sketchup.com) သို့ OpenSCAD (www.openscad.org) တို့လို 3D Software တွေ လိုအပ်ပါတယ်။ ကိုယ်ကြိုက် နှစ်သက်တဲ့ ပုံစံတွေကို ဖန်တီးနိုင်တယ်။ သင်က စတင်အသုံးပြုသူဆိုရင်တော့ Thingiverse မှာ တင်ထားတဲ့ ပုံစံတွေကို အတုယူနိုင်ပါတယ်။ ပုံစံပေါင်း တစ်သိန်းကျော်အထိ ကြိုးစားနိုင်စွမ်းရှိပါတယ်။

စာမျက်နှာ - ၂၇ သို့ >>

"ယခုဖော်ပြထားသောအကြောင်းအရာများအား Dennis Publishing Limited ၏ ခွင့်ပြုချက်ဖြင့် တရားဝင် လိုင်စင်ရယူကာ ထုတ်ဝေခြင်းဖြစ်သည်။ အကြောင်းအရာအားလုံးသည် Dennis Publishing Limited မှလုံးဝပိုင်ဆိုင်ခြင်းဖြစ်ပြီး ၄င်း၏ခွင့်ပြုချက်မရဘဲ အကြောင်းအရာတစ်ခုလုံး(သို့မဟုတ်)တစ်စိတ်တစ်ပိုင်းကို ပြန်လည်ထုတ်ဝေခွင့်မရှိပါ။"

<< စာမျက်နှာ - ၂၆မှ

## 3D Printer တွေက ဈေးကြီးသလား?

ဈေးကြီးပါတယ်။ Maplin (www.maplin.co.uk/3d-printer) မှာ စတာလင် ပေါင် ၆၉၉.၉၉ နဲ့ဝယ်ယူနိုင်တဲ့ Velleman K8200 က ဈေးအပေါဆုံးပါပဲ။ စတာလင်ပေါင် ၄၄.၉၉ ထပ်မံအကုန်ကျခံနိုင်ရင်တော့ လိုအပ်တဲ့ပစ္စည်း ကိရိယာအပိုတွေ ရရှိနိုင်ပါတယ်။ Dixons နဲ့ PC World ကနေ စက်တင်ဘာလမှာ စတင်ရောင်းချတဲ့ စတာလင်ပေါင် ၁၁၉၅ တန်တဲ့ Cubify Cube က ပိုပြီးဈေးကြီး တယ်။ Print ထုတ်ဖို့အတွက် လိုအပ်တဲ့ပစ္စည်းတွေကို Shapeways (www.snipca.com/10263) ကနေ စတာလင်ပေါင် ၁၂.၅၀ နဲ့ အစုံလိုက် ဝယ်ယူနိုင်ပါတယ်။




**Rubik ရဲ့ကုဗတုန်းပုံ Puzzles တွေနဲ့တူတဲ့ Print ထုတ်ပြီးသား 3D ထုတ်ကုန်တွေကို အဆင်သင့် ဝယ်ယူနိုင်တယ်။**

## 3D Printer နဲ့ထုတ်ထားတဲ့ ပစ္စည်းတွေကို ကျွန်တော်တို့ ဝယ်ယူနိုင်သလား?

ဝယ်ယူနိုင်ပါတယ်။ Shapeways (www.shapeways.com) မှာ ရရှိနိုင်ပါတယ်။ ယူရိုငွေနဲ့ ရောင်းချပေးပြီး ဖြန့်ချိခအဖြစ် ယူရို ၉.၅ ပေးချေရပါတယ်။ တချို့ပစ္စည်းတွေမှာ ဆန်းသစ်တီထွင်မှုတွေ များစွာ ထည့်သွင်းပေးထားပါတယ်။ Oskar van Deventer ရဲ့ ကုဗတုံးပုံသဏ္ဍာန် 3D Puzzles ပုံစံလေးက တော်တော်လေးကို စိတ်ဝင်စားစရာကောင်းတယ်။ သူတို့တွေ ဈေးနှုန်းသိသိသာသာ သက်သာလာရင်တောင် ကျွန်တော်တို့ ဝယ်ယူနိုင်မှာ မဟုတ်ပါဘူး။

## အိမ်မှာ 3D Printer ကို ဘယ်လောက်ကြာကြာ အသုံးပြုနိုင်မှာလဲ?

နှစ်ပေါင်းများစွာအထိ အသုံးခံနိုင်အောင် ဖန်တီးထားတဲ့အတွက်ကြောင့် တစ်ခုကို အနည်းဆုံး စတာလင်ပေါင် ၇၀၀ နီးပါးအထိရှိတာ ဖြစ်ပါတယ်။ အမှန် တကယ်တော့ 3D Printer တစ်လုံးကို စတာလင်ပေါင် ၅၀၀ အောက်သာ ကျသင့် ပါတယ်။ 3D Printer တစ်လုံးရှိတဲ့အတွက် အကျိုးရလဒ်က ဗွီဒီယိုဖမ်းစက်၊ ဒီဂျစ်တယ်ကင်မရာတို့လို အချို့သောနည်းပညာတွေက သိသိသာသာ ယှဉ်ပြိုင်နိုင်ခြင်း မရှိတာပါပဲ။

## 3D Printing တွေကို ဘယ်လိုအသုံးချနိုင်သေးလဲ?

မယုံကြည်နိုင်စရာကောင်းလွန်းလှတဲ့ နည်းပညာတွေကို ရှေးခေတ်ကတည်းက ဆေးပညာရပ်တွေမှာ အသုံးချခဲ့တာပါ။ ဩဂုတ်လမှာ တရုတ်သိပ္ပံ ပညာရှင်တွေက ခွဲစိတ်မှုတွေမှာ အသုံးချနိုင်ဖို့အတွက် လူရဲ့ကျောက်ကပ်ပုံတူ (www.snipca.com/10258) ကို Print ထုတ်နိုင်ခဲ့တယ်လို့ ကြေညာခဲ့ပါတယ်။ အံ့ဩစရာကောင်းတာက အရိုး၊ အရေပြားဆဲလ်၊ နား၊ သွေးလွှတ်ကြော ပုံတူတွေ အားလုံးကို Print ထုတ်နိုင်ခဲ့ပါသေးတယ်။ အာကာသထုတ်ကုန်ပစ္စည်းပိုတွေ အဖြစ် ဖန်တီးနိုင်ဖို့အတွက် International Space Station မှာ 3D Printer ကို လာမယ့်နှစ်မှာ အသုံးပြုသွားဖို့ အစီအစဉ်ရှိတယ်လို့ Nasa က ထုတ်ပြန်ထားပါတယ်။

WEBSITE CHECKER

## WOT

**www.mywot.com**

**လိုအပ်ချက် :** Internet Explorer, Firefox, Chrome, Safari or Opera

WOT (Web of Trust) က Website တစ်ခုကို ဝင်ကြည့်ဖို့လုံခြုံမှုရှိမရှိကို စစ်ဆေးပေးပြီး လုံခြုံတဲ့ Website ကို ညွှန်ပြပေးမယ့်အကောင်းဆုံး Tool တစ်ခုပါ။ Website တွေကို သွားလည်ပြီးတဲ့နောက်မှာလည်း အသုံးပြုသူများရဲ့ အကြံပြုချက်တွေပေါ် မူတည်ပြီး Rating သတ်မှတ်ချက်တွေကို ဖော်ထုတ်ပေးပါသေးတယ်။ Weblink (သို့) Address Bar ဘေးက အဝိုင်းလေးကိုနှိပ်ပြီး Website ရဲ့ လုံခြုံမှုအဆင့် ဘယ်လောက်ရှိလဲဆိုတာ အသေးစိတ်ကြည့်ရှုနိုင်တယ်။ ဗားရှင်းသစ်မှာတော့ ကလေးများအတွက် လုံခြုံမှု ရှိမရှိ၊ ဝင်ရောက်ကြည့်ရှုဖို့အတွက် ယုံကြည်နိုင်မှု ရှိမရှိကို သင်ကိုယ်တိုင် Rate သတ်မှတ်ပေးနိုင်ပါတယ်။ Parental Control Settings ကို အသုံးချပြီး Site တွေကို Block နိုင်ပါသေးတယ်။







VOICE AND VIDEO CHAT

## ooVoo

**www.oovoo.com**

**လိုအပ်ချက် :** Windows XP, Vista, 7 or 8

ooVoo က ဗွီဒီယို Call ခေါ်ဆိုနိုင်တဲ့ ထူးခြားတဲ့ Tool တွေထဲက တစ်ခုပါ။ တစ်ကြိမ်မှာ သူငယ်ချင်း ၁၂ ယောက်နဲ့အထက် ပူးပေါင်းကာ အုပ်စုဖွဲ့ ဗွီဒီယို Call ခေါ်နိုင်ပြီး သင့်ရဲ့ PC ကနေ ooVoo ပေါ်မှာ 25MB နဲ့ အထက်ရှိတဲ့ ဖိုင်တွေကို ပေးပို့နိုင်ပါသေးတယ်။ ကိစ္စတစ်ခု ဖြေရှင်းနိုင်မည့် နည်းလမ်းတွေကို သင့်ရဲ့ PC (သို့) Laptop မျက်နှာပြင်ပေါ်မှာ အခြားသူတွေနဲ့ မျှဝေကြည့်ရှုနိုင်ပါသေးတယ်။ ooVoo မှာ သင့်သူငယ်ချင်းတွေ Chat ဖို့ ရှိမရှိကို ပြသပေးနိုင်သလို သူတို့တွေ Log in ဝင်ရောက်လာရင်လည်း ဗွီဒီယိုမက်ဆေ့ချ်တွေ ပေးပို့နိုင်ပါသေးတယ်။ ooVoo app ကို iOS အတွက် (www.snipca.com/10239) နဲ့ Android က (www.snipca.com/10240) မှာ ရယူနိုင်ပါတယ်။

PRINTING

## Primg 1.2.1.2

**www.snipca.com/10134**

**လိုအပ်ချက် :** Windows XP, Vista, 7 or 8



Primg က ဓာတ်ပုံတွေကို ကြည့်ရှုရာမှာ အသုံးချနိုင်သလို ဓာတ်ပုံတွေကို Print ထုတ်နိုင်ဖို့အတွက်လည်း အချိန်တိုအတွင်း ခိုင်းစေနိုင်ပါတယ်။ Primg ရဲ့နောက်ဆုံးဗားရှင်းမှာ ဓာတ်ပုံတွေများစွာကို ဆက်တိုက် Print ထုတ်ဖို့ ညွှန်ကြားနိုင်ခြင်းက Windows' Photo နဲ့ Fax Viewer တွေထက် အသုံးဝင်မှု ပိုပါတယ်။ Primg ကိုသုံးနိုင်ဖို့ သင့်ရဲ့ဓာတ်ပုံတွေကို Browse လုပ်ပြီး သင် အလိုရှိတဲ့ တစ်ခုကို ရွေးချယ်လိုက်ပါ။ ဓာတ်ပုံ အစီအစဉ်တွေနဲ့ အရွယ်အစားတွေကို ချိန်ညှိကာ Crop ဖြတ်ပြီး သင်ဆန္ဒရှိရင်တော့ တိုက်ရိုက် Print ထုတ်နိုင်ပါတယ်။ မကြာသေးမီက Primg 64 bit ဗားရှင်းကို မိတ်ဆက်ပေးပြီးသွားပါပြီ။

စာမျက်နှာ - ၂၈သို့ >>

<< စာမျက်နှာ - ၂၇မှ

# ဘာတွေကို DOWNLOAD လုပ်သင့်သလဲ?

အသုံးပြုသင့်တဲ့ Software တွေကိုသင်တို့ကို ကျွန်ုပ်တို့ပြောပြမယ်

## ကျွန်တော့်ရဲ့ မော်နီတာကြောင့် အိပ်မရဖြစ်တာကို ဘယ်လိုရပ်တန့်နိုင်မလဲ ?

**Q** ညဘက်တွေမှာ ကျွန်တော်နောက်ကျတဲ့အထိ ကွန်ပျူတာပေါ်မှာ အလုပ်လုပ်လေ့ရှိတော့ နောက်ပိုင်းကျွန်တော်အိပ်ပျော်ဖို့ တော်တော်လေး ခက်ခဲလာတာကို တွေ့ရပါတယ်။ ဒါကမော်နီတာရဲ့အလင်းအမှောင်ကြောင့်ဖြစ်တယ်ဆိုတာကိုအွန်လိုင်းမှာကျွန်တော်ဖတ်ဖြစ်ခဲ့တယ်။ အဲဒီအတွက်ကူညီနိုင်မယ့် Software လေးများ ရှိပါသလား?

**Bruce Vinning**

**A** ဒီ f.lux (www.justgetflux.com) အခမဲ့ Software ကိုသုံးပြီး ကြိုးစားကြည့်လိုက်ပါ။ သူက မျက်လုံးအာရုံကြောကို ထိခိုက်စေမယ့် အနီရောင် လွန်ကဲမှုတွေကို လျှော့ချပေးပြီး အရောင်တွေကိုချိန်ညှိပေးမှာပါ။ F.lux က သင်အလုပ်လုပ်နေတဲ့ နေရာ၊ အခြေအနေ၊ အချိန်အခါတွေကို အသုံးချနိုင်စွမ်းရှိတယ်။ သူ့ကိုသုံးမယ် ဆိုရင် Notification ဧရိယာပေါ်က f.lux icon ကို နှိပ်ပြီး Set Your Location ကို Click ကာ Change ကို သွားပါ။ သင့်ရဲ့လိပ်စာနံပါတ်တွေကိုဖြည့်ပြီး Locate ကို နှိပ်ပါ။ Webpage ပေါ်မှာ f.lux box ထွက်လာပြီဆိုရင် လိပ်စာတွေကို Copy/ Paste ချပြီး OK သွားပါ။




သင့်ရဲ့Screen မျက်နှာပြင် အလင်းအရောင်ကို f.lux က ချိန်ညှိပေးနေပါပြီ။ တကယ်လို့များ ဓာတ်ပုံပြုပြင်ခြင်းကဲ့သို့သော အရောင် အတိအကျကို ထုတ်ဖော်ရမယ့် Software မျိုး သင့်ကွန်ပျူတာမှာ အသုံးပြုဖို့လိုလာတဲ့အခါ Notifi-cation ဧရိယာပေါ်က f.lux icon ကို Right-click နှိပ်ပြီး 'Disable for an hour' ကို ရွေးချယ်ကာ လုပ်ဆောင်မှု ခေတ္တရပ်နားနိုင် ပါတယ်။

အသုံးပြုသင့်တဲ့ Software တွေအတွက် သင်တို့ကျွန်ုပ်တို့ဆီက အကြံဉာဏ်လိုပါသလား? letters@computeractive.co.uk ကို Email ပို့လိုက်ပါ။



# သင့်ရဲ့ ဉာဏ်ရည်ဉာဏ်သွေး သွက်လက်နေအောင် ထိန်းသိမ်းပါ

ပင်ပန်းနွမ်းနယ်ခြင်းနဲ့ နှစ်ပေါင်းများစွာဆက်တိုက် အလုပ်လုပ်ခြင်းက ကျွန်ုပ်တို့ရဲ့စိတ်စွမ်းရည်ကို ကျဆင်းစေပါတယ်။ သို့ပေမယ့် App တွေနဲ့ ဂိမ်းတွေ ကတော့ ကူညီပေးနိုင်တယ်။ Rosie Hattersley ပြောမယ့် တိကျတဲ့ နည်းလမ်းတွေကိုကြည့်လိုက်ပါ။

ကျွန်ုပ်တို့တွေထဲက အများစုက နာရီပေါင်းများစွာ TV ကြည့်ခြင်း၊ အကြောင်းပြချက် မယ်မယ်ရာရာမရှိဘဲ Website ကြည့်ရှုခြင်းနဲ့ သွက်လက်တက်ကြွမှုမရှိဘဲ မားယွင်းစွာ နေထိုင်နေကြတယ်။ သို့ပေမယ့် သင့်ကိုပျော်ရွှင်မှုပေးနိုင်ပြီး သင့်ကို စိန်ခေါ်ယှဉ်ပြိုင်မယ့် အခမဲ့ ဂိမ်းတွေ ထောင်နဲ့ချီပြီးရှိနေတယ်။

ဂိမ်းဆော့ကစားခြင်းက စိတ်ခံစားမှုမြင့်မားစေလို့ ကွန်ပျူတာအပြင် ဖုန်းနဲ့ တက်ဘလက်တွေမှာပါ ကစားနိုင်ခြင်းကတော့ ပိုလို့တောင် ပျော်စရာပေါ့။ ကျွန်တော်တို့ အကြိုက်နှစ်သက်ဆုံးတွေက ဒီမှာပါ။

### နေ့စဉ်စိတ်ခံစားမှုကို စမ်းသပ်ခြင်း

Lumosity (Android နဲ့ iOS အတွက်အခမဲ့ ပေးထားတဲ့ www.lumosity.com) က စိတ်လေ့ကျင့်ခန်းတွေအတွက် ရုပ်ပြပုံလေးတွေ ဖော်ပြပေးထားပါတယ်။ ကိုယ်ရေးကိုယ်တာ အာရုံစိုက်မှုစွမ်းရည်၊ ပြဿနာဖြေရှင်းနိုင်စွမ်း၊ ရှုပ်ထွေးတဲ့ ပြဿနာတွေကို ဝေဖန်ပိုင်ခြားနိုင်စွမ်းစတဲ့ သင်စမ်းသပ်လိုတဲ့အပေါ် မူတည်ပြီး နေ့စဉ်စမ်းသပ်မှုတွေကို ကိုယ်တိုင် ရွေးချယ်နိုင်တယ်။ ဂိမ်းပုံစံအမျိုးမျိုးတွေကို အချိန်အကန့် အသတ်နဲ့ ပြီးဆုံးအောင် ဆော့ကစားရမှာပါ။ ရင်းနှီးကျွမ်းဝင်ပြီးသားပုံစံ (နှိုင်းယှဉ်ဖော်ပြချက်၊ မှန်/မှားရွေးချယ်ခြင်း) တွေကိုမြင်တွေ့ရမှာပါ။ စမ်းသပ် စစ်ဆေးမှုတစ်ခုအတွင်းမှာ ရေးသားထားတဲ့ အကြောင်းအရာတွေနဲ့ အရောင် အမျိုးအစားတွေကို ချိန်ဆပြီးဉာဏ်လျင်စွာနဲ့ ဆုံးဖြတ်တတ်ဖို့ လိုပါတယ်။ နေ့စဉ် ရမှတ်စာရင်းတွေကို အမှတ်စာရင်းဇယားမှာ ထပ်ကာထပ်ကာ ပေါင်းထည့်ဖော်ပြပေးသွားမှာပါ။




**Lumosity မှာ ဦးနှောက်လေ့ကျင့်ခန်းတွေကို ကိုယ်တိုင် ရွေးချယ်နိုင်ပြီး နေ့စဉ်ရလဒ် စာရင်းဇယားတွေကို ဖော်ပြပေးနိုင်တယ်။**

### Brain-testing apps

Brain-testing apps အများစုမှာ အကျိုးအကြောင်းဆက်စပ်မှု၊ အကြောင်းပြုမှု၊ ဉာဏ်အသုံးချမှုတွေပါတဲ့ ဂိမ်းတွေနဲ့ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အခမဲ့ရရှိတဲ့ Coach Memory (Android အတွက် www.snipca.com/10228) မှာ ဖော်ပြထားတဲ့ စာသားနဲ့ အရောင်တိကျစွာ ရွေးချယ်နိုင်မှုစတဲ့ စံထားရတဲ့လေ့ကျင့်ခန်းတွေ ပါဝင်ပါတယ်။ ပုံ (၄) ပုံကို ခဏတာပြပေးပြီး မတူတဲ့ပုံကို ရွေးချယ်ခိုင်းတာမျိုးတွေ ပါဝင်ပါတယ်။

Android တွေအတွက် အခမဲ့ပေးထားတဲ့ Brain Trainer Special (www.snipca.com/10229) က ဂဏန်းနှစ်လုံးပေါင်းခြင်းနဲ့ ပေါင်းခြင်းရလဒ်တွေက အခြားဂဏန်းတွေထက် ကြီးသလား၊ ငယ်သလားဆိုတဲ့ မေးခွန်းတွေကို မေးမြန်းပါလိမ့်မယ်။ အခြားလေ့ကျင့်ခန်းအနေနဲ့ ဖော်ပြထားတဲ့ ပုံအရေအတွက်ကိုရေတွက်ပြခိုင်းတာမျိုးတွေ လုပ်ခိုင်းပါတယ်။




**Coach Memory က ဘေးမှာ ဖော်ပြထားတဲ့ စာသားနဲ့ကိုက်ညီတဲ့ အရောင်တွေ ရွေးချယ်ခိုင်းတာမျိုး ပြုလုပ်ပါတယ်။**

စာမျက်နှာ - ၂၉ သို့ >>

<< စာမျက်နှာ - ၂၈ မှ

## သင့်ဦးနှောက် ဘယ်အစိတ်အပိုင်းက အလုပ်ကောင်းကောင်း လုပ်သလဲ?

Fit Brains Trainer (www.fitbrains.com/brain-games) က အွန်လိုင်းမှာ (Free အကောင့်တစ်ခုတော့ ဖွင့်ရလိမ့်မယ်) သင်စမ်းသပ်ရမယ့် လေ့ကျင့်ခန်း တွေကို ရွေးချယ်ပေးပါတယ်။ iOS အတွက်လည်း (www.snipca.com/10264) ရှိပါတယ်။ Uber Brain ကို စမ်းသပ်ကြည့်နိုင်ပါတယ်။ သူ့မှာ လေ့ကျင့်ခန်းတွေကို အာရုံစိုက်မှုစွမ်းရည်၊ ဘာသာစကား တတ်ကျွမ်းမှု၊ အဖွဲ့အစည်း၊ ဉာဏ်ရည်ဉာဏ်သွေးနဲ့ ပြဿနာ ဖြေရှင်းနိုင်မှုတွေကို အချိုးကျပေါင်းစပ် တည်ဆောက်ထားတယ်။ သင့်ရဲ့ အသက်အရွယ်နဲ့ ပညာရေးအရည်အချင်းတွေကို ကြည့်ပြီး သင့်ရဲ့စွမ်းရည်ကို ထုတ်ဖော်နိုင်ပါတယ်။ Dr Nရဲ့ ငါးမိနစ်စာရှင်းလင်းတင်ပြမှုတွေပြီးတဲ့နောက်မှာ အားနည်းချက်၊ အားသာချက်တွေ အကြောင်း သိရှိသွားမှာပါ။ သင့်ရဲ့ရလဒ်တွေကို အခြေခံပြီး နောက်ထပ် ဂိမ်းသစ်တွေကို ရွေးချယ် ကစားနိုင်ခွင့် ရှိတယ်။ သို့ပေမယ့် အဆင့်မြင့်ဂိမ်းတွေကို ကစားဖို့အတွက် ဂိမ်းတွေ အများကြီးကို အောင်နိုင်ပြီးမှ Lock ပွင့်သွားမှာပါ။ Paradise Island 2 ကဲ့သို့သော ဘာသာစကား စွမ်းရည်ကို မြှင့်တင်ပေးမယ့် အခမဲ့ဂိမ်းတွေကိုလည်း ဆော့ကစားနိုင်ပါတယ်။

## ဉာဏ်ရည်ဉာဏ်သွေး လိုက်လျောညီထွေအောင် လုပ်မယ်

Brain Matrix (www.brainmetrix.com) မှာ သင့်ရဲ့ IQ၊ မှတ်ဉာဏ်၊ ဖန်တီး နိုင်စွမ်း၊ တုန့်ပြန်နိုင်စွမ်းနဲ့ Tower of Hanoi ကဲ့သို့သော ယှဉ်ပြိုင်မှုများတဲ့ ဂိမ်းတွေ လို သင့်ရဲ့ပင်ကိုယ်စွမ်းရည်ကို စမ်းသပ်စစ်ဆေးမယ့် ဂိမ်းတွေအများကြီး ရှိနေပါတယ်။ ဒီဂိမ်းမှာ တာဝါတစ်ခုကို အပြားကြီးပေါ်မှာ အပြားငယ်ထပ်ခြင်းကဲ့သို့သော ပုံမှန်လုပ်နေကျမဟုတ်တဲ့ ပုံစံမဟုတ်ဘဲ အခြားတုတ်ချောင်းပေါ်မှာ တာဝါကို ထပ်မံတည်ဆောက်ရမှာ ဖြစ်ပါတယ်။ PacMan ဂိမ်းနဲ့ အခြားသော ဂိမ်းတွေကို ဆော့ကစားဖို့ ဖော်ပြလေ့ရှိတဲ့ အရောင်တောက်တောက် ကြော်ငြာတွေကိုတော့ လျစ်လျူရှုနိုင်ပါတယ်။ ကြော်ငြာတွေကို ဖျောက်နိုင်ဖို့အတွက် တစ်ခုချင်းစီမှာရှိတဲ့ X ကို Click လိုက်ပါ။

## သင့်ဦးနှောက်က ဘယ်လောက် စွမ်းဆောင်နိုင်စွမ်းရှိလဲဆိုတာ ဖော်ထုတ်ပါ

သင့်ရဲ့ဦးနှောက်က ဘယ်လောက်အထိ လျှင်မြန်သွက်လက်လဲဆိုတာ ဖော်ထုတ်လိုတယ်ဆိုရင် အခမဲ့ Brain Age Test (www.snipca.com/10230) မှာ စိတ်ဝင်စားဖွယ်ရာနဲ့ ပျော်ပျော်ရွှင်ရွှင် စမ်းသပ်နိုင်ပါတယ်။ သို့ပေမယ့် သိပ္ပံ နည်းကျတော့ မဟုတ်ဘူးပေါ့။

ညွှန်ကြားထားတဲ့ အကြောင်းအရာတွေက အနည်းငယ် မရှင်းမလင်းဖြစ်ပေမယ့် ပူစီဖောင်းလေးတွေနဲ့ နံပါတ်စဉ်တွေကို မှတ်သားထားပြီး နံပါတ်တွေ ပျောက်ကွယ်သွားရင် ပူစီဖောင်းနံပါတ်အလိုက် ကြီးစဉ်ငယ်လိုက် စီစဉ်ရမယ့် ဂိမ်းမျိုးတွေ ပါပါတယ်။ သူ့မှာပါတဲ့ တေးဂီတသံတွေက စိတ်ကို ပျံ့လွင့်နေစေတယ်။ သူ့မှာ ရွေးချယ်စရာ ဂိမ်းတွေအများကြီးမရှိပါဘူး။ ရမှတ်ဇယားမှာ တစ်ကမ္ဘာလုံးက လူတွေနဲ့ သင့်ရဲ့ Brain Age ရလဒ်တွေကို နှိုင်းယှဉ်နိုင်ပါတယ်။

## ပြောင်းလဲမှုတွေကို သတိထားကြည့်ပါ

ပိုပြီးထိရောက်မှုရှိပြီး ရွေးချယ်စရာများတဲ့ မှတ်ဉာဏ်လေ့ကျင့်ခန်းတွေကို အလိုရှိတယ်ဆိုရင် www.gamesforthebrain.com ကို ဝင်ကြည့်လိုက်ပါ။ ဒီဆိုဒ်မှာ ပျော်ရွှင်ဖွယ်ရာဂိမ်းတွေနဲ့အတူ သင့်ရဲ့ IQ စမ်းသပ်မှုတွေကို အချိုးကျ တည်ဆောက်ထားတာပါ။ Mastermind (အောက်တွင်ကြည့်ပါ) က ပန်းချီကား ၉ ချပ်ကိုပြပေးပြီး အဆိုပါ ပန်းချီကားတွေကို မှတ်သားထားရမှာပါ။ နောက်တစ်ကြိမ် ပန်းချီကား တွေ ပြန်လည်ဖော်ပြရင် ဘယ်ကားက ပြန်လည် ပါဝင်လာလဲဆိုတာ ရွေးချယ်ပေးရမှာပါ။ ပုံအစီအစဉ်တွေကို မှတ်သားထားပြီး နေရာတကျ ပြန်လည်စီစဉ်ခြင်းကဲ့သို့သော အပြောင်းအလဲတွေလုပ်ဆောင်ရမယ့် ဂိမ်းတစ်ခုပါပဲ။




**ပန်းချီကားတွေကို မှတ်သားထားပြီး နောက်ထပ်မျက်နှာပြင်မှာ ထပ်မံပါနေတဲ့ ပုံကို Click လိုက်ပါ။**

## Sudoku တွေ ဖြေရှင်းပါ

အွန်လိုင်း Sudoku ရဲ့ အားသာချက်က level တွေကို ကိုယ်တိုင် ရွေးချယ်နိုင်သလို ပဟေဠိအတွက် အရိပ်အမြွက်တွေကို ရယူနိုင်ပါသေးတယ်။ Sudoku ပဟေဠိဂိမ်း Site တွေအများကြီးရှိနေပါတယ်။ အများစုက သင့်ရဲ့ ပဟေဠိ အဖြေမှန် တွေကို Print ထုတ်နိုင်ပါတယ်။ www.dailysudoku.co.uk/sudoku မှာ ပဟေဠိကွက်တွေကိုဖြည့်စွက်ပြီး ဖြေရှင်းနိုင်သလို Krazy Dad (www.krazydad.com/sudoku) ရဲ့ အခမဲ့ ပဟေဠိမေးခွန်းတွေကိုလည်း အဖြေထုတ်နိုင်တယ်။

သင့်ရဲ့ Android Tablet မှာ ကစားနိုင်ဖို့ အခမဲ့ Cool Mango Sudoku Fun (www.snipca.com/10217) မှာ ရယူလိုက်ပါ။ iPad နဲ့ iPhone အတွက်တော့ Finger Art ရဲ့ Sudoku (www.snipca.com/10265) ကို နှစ်သက်မိနေတယ်။

## Goo တာဝါတွေ တည်ဆောက်မယ်

သင်ကပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းတွေ၊ ဆောက်လုပ်ရေး လုပ်ငန်း တွေကို စိတ်ဝင်စားတယ်ဆိုရင်တော့ World of Goo (www.2dboy.com/games.php) က ရွေးချယ်စရာ အကောင်းဆုံးပါပဲ။ အခမဲ့ရရှိနိုင်သလို Window, Kindle နဲ့ Android တားရှင်းတွေ အတွက် £1.99 နဲ့ဝယ်ယူနိုင်တဲ့အပြင် အွန်လိုင်းမှာလည်း သူငယ်ချင်းတွေနဲ့ ချိတ်ဆက်ကစားနိုင်သေးတယ်။ ဂိမ်းဆော့ကစားရာမှာ မြေနေရာအနေအထားနဲ့ ရာသီအခြေအနေတွေပေါ်မူတည်ပြီး ဆောက်လုပ်ရေး ပစ္စည်းတွေကို ရွေးချယ်ရမှာပါ။ Goo Ball တွေကိုအသုံးပြီး လျှိုမြောင်တွေကို ဖြတ်ကျော်ကာ တံတားတည်ဆောက်ရမှာပါ။ ရာသီဥတုပြောင်းလဲခြင်းနဲ့ အခြား ပတ်ဝန်းကျင်အခြေအနေတွေကို ဂိမ်းမှာ စိတ်ဝင်စားဖွယ်ရာအဖြစ် ထည့်သွင်း ထားပါတယ်။




**World of Goo ဆောက်လုပ်ရေးဂိမ်းမှာ ရာသီဥတုပြောင်းလဲမှုပေါ်မူတည်ပြီး မှန်ကန်တဲ့ပစ္စည်းတွေကို ရွေးချယ်တည်ဆောက်ရမယ်။**

## စာစီစာရိုက် လေ့လာမယ်

ပုံမှန်ဂိမ်းတွေထက် လေ့လာနိုင်မယ့်ဂိမ်းတွေကို ရွေးချယ်နိုင်တယ်။ ဥပမာ - သင့် PC ကို အသုံးချပြီး သင်ကိုယ်တိုင်ရှာဖွေလိုတယ်ဆိုရင် စာစီစာရိုက်ကို သင် ကိုယ်တိုင်လေ့လာသင်ယူနိုင်တယ်။ Typing Web (www.snipca.com/10251) ကဲ့သို့သောဆိုဒ်တွေမှာ Typing စွမ်းရည်တွေကို လေ့ကျင့် နိုင်တယ်။ ရမှတ်စာရင်းမှာ အခြားကျောင်းသားတွေနဲ့ နှိုင်းယှဉ်နိုင်ပါသေးတယ်။

## ဘာသာစကားတို့ရဲ့ အရှင်သခင်

BBC Learning ဝက်ဆိုဒ် (www.bbv.co.uk/learning/adults) မှာ Flash Card များစွာရှိပြီး နိုင်ငံခြားဘာသာကို လေ့လာနေချိန်မှာ ဝေါဟာရနဲ့ စကားစုတွေကို သိရှိစေဖို့ ကူညီပေးမယ့် စာရင်းပြုစုချက်တွေလည်း ပါဝင်ပါတယ်။ ပြင်သစ်၊ ဂျာမန်၊ စပိန်၊ အီတလီ သို့မဟုတ် ပေါ်တူဂီဘာသာစကားတွေကို လေ့လာချင်တယ်ဆိုရင် Duolingo (www.duolingo.com) ကို အသုံးပြုနိုင်ပါတယ်။ Android, Kindle Fire နဲ့ iOS အတွက် အခမဲ့ရနိုင်တဲ့ Duolingo apps လည်း ရှိပါတယ်။

## သင့်ရဲ့သင်ကြားမှုအတွက် ထပ်တိုးမှု

အခမဲ့သင်ရိုးညွှန်းတမ်းတွေအတွက် ဝက်ဆိုဒ်တွေ များစွာ ရှိနေပါတယ်။ Open University (www.open.edu/openlearn) မှာရှိတဲ့ အခမဲ့သင်ကြားနိုင်တဲ့ Course တွေကို ကြိုးစားကြည့်နိုင်ပါတယ် (သို့) ဗြိတိသျှတက္ကသိုလ်တွေကနေ အထောက်အပံ့ပြု Course တွေ ပါဝင်တဲ့ FutureLearn (www.futurelearn.com) မှာ Sign up လုပ်ပြီး လေ့လာနိုင်ပါသေးတယ်။

# Protect Your Tech

## Scam နဲ့ Threat တွေကိုရှောင်ရှားနိုင်ဖို့ လုံခြုံရေးကိရိယာသစ်များ

**WATCH OUT FOR...**

## အန္တရာယ်ပေးနိုင်တဲ့ Android apps များ



### ဘာတွေဖြစ်နိုင်လဲ?

ဖွန်လအဆုံးပိုင်းအထိ လေ့လာတွေ့ရှိချက်အရ Android apps ပေါင်း တစ်သန်းမှာ ၇ သိန်းကျော်လောက်က အန္တရာယ်ပေးနိုင်တဲ့ apps များဖြစ်ကြောင်း Trend Micro လုံခြုံရေးကုမ္ပဏီက ထုတ်ဖော်သွားပါတယ်။ အန္တရာယ်ပေးနိုင်တဲ့ Android apps တွေထဲက ၇၅ ရာခိုင်နှုန်းဟာ ငွေကြေးဆိုင်ရာ အချက်အလက်များ ခိုးယူနိုင်တဲ့အပြင် ဖုန်းဘေလ်များစွာ ကုန်ကျစေတဲ့ ဖုန်းခေါ်ဆိုခြင်းတွေကို ပြုလုပ်ဖို့ မက်ဆေ့ချ်ဖြင့် ခိုင်းစေခြင်းများ ပြုလုပ်နိုင်တယ်လို့ အဆိုပါကုမ္ပဏီက ဆက်လက်ထုတ်ဖော်သွားပါတယ်။ ကျန် apps အမျိုးအစားတွေက သင့်ရဲ့ ခွင့်ပြုချက် မရှိဘဲ ကြော်ငြာတွေကို Install လုပ်လေ့ရှိတာ တွေ့ရပါတယ်။

စာမျက်နှာ - ၃၀ သို့ >>

<< စာမျက်နှာ - ၂၉မှ

Fakelnst အနွယ်ဝင် Malware တစ်မျိုးဖြစ်တဲ့ မရိုးသားတဲ့ apps အများစုဟာ သတိထားနိုင်ဖို့ ခက်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ apps တွေကို အောင်မြင်ကျော်ကြားတဲ့ app ဖြစ်အောင် ဖန်တီးတတ်ပြီး Install လုပ်ဖို့ သွေးဆောင်ဖြားယောင်းတတ်ပါတယ်။ စွမ်းရည်မြင့် တိုက်ခိုက်တတ်တဲ့ Fakelnst တွေထဲက တစ်ခုက Bad Piggies (www.snipca/10235) ဂိမ်းရဲ့အယောင်ဆောင် ဗားရှင်းတစ်ခုပါပဲ။

ဂိမ်းကို ဆင်တူယိုးမှားဖြစ်အောင် Bad Pigs လို့ အမည်ပေးထားပြီး ၂၀၁၃ မေလနဲ့ ဇွန်လအတွင်း apps ကို install လုပ်သူပေါင်း တစ်သောင်းကျော် ရှိသွားပါပြီ။ ယခု အတုအယောင် ဗားရှင်းလမ်းကြောင်းကို App Store ကနေ ဖျက်ချပြီးပါပြီ။

### ဘာတွေလုပ်သင့်သလဲ?

Android Malware တွေကို install လုပ်မိခြင်းမှ ရှောင်ရှားသွားနိုင်မယ့် ရိုးရှင်းတဲ့ နည်းလမ်းတွေ ရှိနေပါတယ်။ အရေးအကြီးဆုံးက Google Play Store (https://play.google.com) (သို့) သက်ဆိုင်ရာ Device တွေက အထောက်အပံ့ပေးတဲ့ app Store တွေကနေသာ apps တွေကို Download ဆွဲပါ။ တရားဝင် Store တွေကနေ app တွေ ရယူခြင်းက တစ်ဆင့်ခံ Store တွေထက် အန္တရာယ်ပေးနိုင်တဲ့ app တွေဝင်ရောက်မှု နည်းပါတယ်။ ဥပမာ Google က Bouncer (www.snipca.com/ 10236) လို့ခေါ်တဲ့ လုံခြုံရေးစနစ်ကို အသုံးပြုပြီး Malware တွေကို အလိုအလျောက် ရှာဖွေပေးပါတယ်။

လုပ်ဆောင်ချက်တွေကိုလိုက်လျောဖို့သင့်ကိုခွင့်ပြုချက်တောင်းတဲ့အခါမြင်တွေ့ရလေ့ရှိတဲ့ Surefire လက္ခဏာက အန္တရာယ်ရှိတဲ့ app ဆိုတာကိုကိုယ်စားပြုတာပါ။ အန္တရာယ်ပေးတတ်တဲ့ Bad Pigs ဟာဆိုရင် သင့်ရဲ့တည်နေရာ၊ Network ချိတ်ဆက်မှု၊ Account များ၊ Storage များ၊ ဖုန်းခေါ်ဆိုမှုများ၊ Hardware ထိန်းချုပ်မှုနဲ့ System Tools တွေနဲ့ သက်ဆိုင်တဲ့အချက်အလက်တွေကိုရယူဖို့တောင်းဆိုလေ့ရှိပါတယ်။

Kaspersky Mobile Security Lite (www.snipca.com/10237) ကဲ့သို့သော အခမဲ့ မိုဘိုင်းဗိုင်းရပ်တိုက်ဖျက်တဲ့ app တွေကို သုံးစွဲသင့်ပါတယ်။ ဖုန်းနဲ့ တက်ဘလက်တွေကို Android 4.3 (Jelly Bean) ကို အဆင့်မြှင့်တင်သင့်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ Android ဗားရှင်းက Malware တွေကို တိုက်ခိုက်ပေးနိုင်တဲ့ လုံခြုံရေးစနစ်တွေကို ထည့်သွင်းထားလို့ပါပဲ။

# New tools

## TunnelBear

www.tunnelbear.com




TunnelBear ဆိုတာက Virtual Private Network (VPN) တစ်မျိုးပါ။ နာမည်ဝှက်နဲ့ Browser တွေကို သုံးနိုင်တဲ့အပြင် ဝင်ရောက်ခွင့်ပိတ်ပင်ထားတဲ့ (iPlayer သို့ Netflix ကဲ့သို့သော) စာမျက်နှာပြင်တွေကို ဝင်ရောက်ကြည့်ရှုနိုင်သလို 'Vigilant mode' ကို လုံခြုံရေးစနစ်အတွက် အသုံးချနိုင်ပါသေးတယ်။ သင့်ရဲ့ ကွန်ပျူတာက TunnelBear နဲ့ ချိတ်ဆက်မှု မရှိတော့တဲ့အခါ လုံခြုံမှုမရှိတဲ့ အချက်အလက်တွေအားလုံးကို ပိတ်ပစ်ပေးသွားမှာပါ။ TunnelBear ကို စက္ကန့်အနည်းငယ်အတွင်း ချိတ်ဆက်မှု ပြတ်တောက်သွားတယ်ဆိုရင် ပြန်လည် ချိတ်ဆက်နိုင်သည်အထိ အရာအားလုံးကို Offline သုံးနိုင်အောင် စီစဉ် ပေးထားပါတယ်။ ဒီနေရာမှာလည်း လုံခြုံမှုရှိရှိနဲ့ သုံးနိုင်မှာပါ။

VPN က သင့်ကို အွန်လိုင်းကနေ ခြေရာခံလိုက်မယ့် website တွေကို ထိန်းချုပ်ခွင့်ပေးခြင်း၊ Cookies တွေကိုလည်း စိတ်ကြိုက် ရွေးချယ်ခွင့်ပေးထားတယ်။ အခြား လုပ်ဆောင်ချက်က သင့် ကွန်ပျူတာဖွင့်တိုင်း TunnelBear အလိုအလျောက် စတင်နိုင်အောင် လုပ်ပေးထားလို့ရပါတယ်။ ဒါကြောင့် သူ့ကိုဖွင့်ဖို့သတိထားနေစရာ မလိုတော့ဘူးပေါ့။

TunnelBear အခမဲ့ဗားရှင်းက တစ်လကို အချက်အလက် 500MB အထိ ခွင့်ပြုပေးထားပါတယ်။ အပို 1GB ကို လိုချင်တယ်ဆိုရင်တော့ @theTunnelBear မှာ Tweet လုပ်ပြီး ရယူနိုင်ပါတယ်။

## ScamWatch

စာဖတ်သူအချင်းချင်း သတိပေးမယ်

### Amazon အတုအယောင်

ကျွန်မယောက်ျားနဲ့ ကျွန်မဆီကို Amazon ကနေ Email တစ်စောင်မှားပြီး ပေးပို့လာပါတယ် (ကျွန်မက Amazon ရဲ့ပုံမှန် ဖောက်သည် တစ်ဦးပါ)။ ဒါပေမယ့် နိုင်ငံခြားနာမည်တွေရှိတဲ့ သူတွေဆီကိုလည်း ဒီစာကော်ပီတွေ ပို့ပေးတာ တွေ့ရပြီး စက်တင်ဘာ ၂၅ ရက်နေ့က ပြုလုပ် ဆောင်ရွက်တဲ့ အသေးစိတ် အချက် အလက်တွေ ပါဝင်တဲ့ Zip ဖိုင်တွေပါ ရှိနေတာတွေ့ရပါတယ် (ကျွန်မ စစ်ဆေးကြည့်တဲ့အခါ အဲဒီနေ့ရက်က Amazon မှာ ဘယ်အရာမှ ဝယ်ယူထားခြင်း မရှိခဲ့ပါဘူး)။ ဖိုင်တွဲကို စစ်ဆေးကြည့်တဲ့အခါ ဗိုင်းရပ်တွေတော့ မတွေ့ရှိခဲ့ပါဘူး။ ဒါကြောင့် Folder ကို Download ဆွဲကြည့်လိုက်ပါတယ်။ Zip ဖိုင်အတွင်းမှာ .exe ဖိုင်တစ်ခုတွေ့ရပါတယ်။ ဆက်သွားတဲ့အခါ ဘာမှမရှိတာကို အံ့သြစွာနဲ့ တွေ့ခဲ့ရတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့လိပ်စာတွေကို ပြောပြပေးဖို့ အနှောင့်အယှက်ပေး တောင်းဆိုလာတာကို တွေ့ရပါတယ်။

**Pam Crane**

letters@computeractive.co.uk ကို အီးမေးလ် ပို့ပြီး စာဖတ်သူတွေကို သတိပေးနိုင်ပါတယ်။

# Best Free Software

## ငွေကုန်ကြေးကျမရှိတဲ့ အဆင့်မြင့် Program အသစ်များ

**BROWSER AND SEARCH TOOL**

## Epic Browser

www.epicbrowser.com

**What you need:** Windows XP, Vista, 7 or 8

Privacy Browser လို့အမည်တွင်တဲ့ Epic Browser က ကျွန်ုပ်တို့ကို များစွာ အကူအညီပေးနိုင်တယ်။ Browser ရဲ့ လုပ်ဆောင်ချက်တွေ အမျိုးမျိုးထဲမှာ Epic ရဲ့အဓိကလုပ်ဆောင်ချက်က သင်အွန်လိုင်းရောက်ချိန်တိုင်း သင့် Cookies လမ်းကြောင်းတွေကို Privacy အသုံးချနိုင်မယ့် နည်းလမ်းများစွာ ထည့်သွင်း ပေးထားခြင်းပါပဲ။ Epic search engine က စစ်ထုတ်ထားခြင်းမရှိတဲ့ ရလဒ်တွေကို ထုတ်ဖော်ပေးနိုင်ပါတယ် (ရှေ့မှာ မည်သည့်အရာကို ရှာဖွေထားလဲဆိုတာ မှတ်ခြင်း မရှိပါဘူး)။ Browser သုံးရာမှာ မြန်ဆန်သွက်လက်ဖို့နဲ့ Web စာမျက်နှာ တွေ ရှုပ်ထွေးခြင်း မရှိအောင် ယခင်ရှာဖွေမှုတွေကို အလိုအလျောက် ပယ်ဖျက်ပေးပါတယ်။

စာမျက်နှာ - ၃၁ သို့ >>

<< စာမျက်နှာ - ၃၀ မှ

Epic Browser ကိုပိတ်လိုက်ချိန်တိုင်း Browser History အပါအဝင် သင်ရှာဖွေထားသမျှ အကုန်လုံးကို ဖျက်ပစ်မှာပါ။ ဆိုလိုတာက နောက်တစ်ကြိမ် Epic Browser ကိုထပ်သုံးရင် မနေ့ကသုံးခဲ့တဲ့ Web လိပ်စာကို ရိုက်ထည့်လိုက်ရုံနဲ့ ရှာဖွေတဲ့ Website ကအလိုအလျောက်ကျလာမှာ မဟုတ်သလို Search Bar မှာ Web လိပ်စာ စာလုံးပေါင်းမှားရင်လည်း လိပ်စာအမှန်ပြင်ဆင်ပေးနိုင်မှာလည်း မဟုတ်ပါဘူး။

Epic Browser မှာ ကိုယ်ပိုင် Proxy Server တစ်ခုရှိပြီး Socket icon ကို နှိပ်ကာ Server ကိုအဖွင့်အပိတ် လုပ်နိုင်တယ်။ သင့်ရဲ့တည်နေရာ ကို ဖုံးကွယ်နိုင်ဖို့နဲ့ သင့်ကို ကြားဖြတ်နှောင့်ယှက်မှုတွေ ပြုတဲ့အခါ အချက်အလက်တွေ သိရှိနိုင်ဖို့အတွက် ဒီအချက်ကိုလုပ်ဆောင်သင့်ပါတယ်။ Proxy Server ပေါ်ဖြတ်သန်းပြီးမှ အသုံးပြုတဲ့ Web Browser တွေရဲ့လမ်းကြောင်း မှတ်ထားတာကြောင့် Website က သင့်ရဲ့ IP Address ကို မှတ်တမ်းထင်ထားနိုင်မှာ မဟုတ်ပါဘူး။

အကုန်လုံးကို Privacy Setting က တိုက်ရိုက် ထိန်းချုပ်နိုင်ခြင်း မရှိတဲ့အတွက် Epic Browser မှာ Extension တွေအသုံးပြုနိုင်မှာမဟုတ်ပါဘူး။ သင် ဘယ်ဇာတ်ရှင်းအသုံးပြုသလဲဆိုတာ မသိရှိနိုင်လောက်အောင် Epic Browser က Privacy ပိုင်းမှာတော့ အပြည့်အဝ လုံခြုံမှုရှိတယ်။ ဒါ့ကြောင့် ဇာတ်ရှင်းသစ်တွေကို ရှာဖွေပြီး Install လုပ်ဖို့ လိုအပ်ပါလိမ့်မယ်။ Epic မှာအခြား Browser ပေါ်က Bookmark တွေကို Import ထုတ်ယူနိုင်ပါသေးတယ်။ ထိပ်ဆုံးညာဘက်က Setting ကိုနှိပ်ပြီး "'Import bookmarks and settings' ကိုရွေးချယ်လိုက်ပါ။ သင် Import ထုတ်လိုတဲ့ Browser ကိုနှိပ်ကာ Import ကို click လိုက်ပါ။




1 Epic Browser က Cookies လမ်းကြောင်းတွေနဲ့ Track လမ်းကြောင်း တွေကို ပိတ်ပစ်ပြီး လမ်းကြောင်းဘယ်လောက်များများကို ပိတ်ပစ်လဲဆိုတာ ဖော်ပြပေးမှာပါ။

2 ထီးပုံသင်္ကေတ icon ကို နှိပ်ပြီး Code Setting တွေနဲ့ plug-in option တွေကို ပြောင်းလဲနိုင်ပါတယ်။

3 Socket icon ကိုနှိပ်ပြီး Proxy ကို ဖွင့်သုံးနိုင်တယ်။

4 Epic ရဲ့ညာဘက်ထိပ်ဆုံး Setting Menu ကနေ အခြား Browser က Bookmark တွေကို ထုတ်ယူနိုင်တယ်။

Dennis

"This magazine contains content that is published under license from and with the permission of Dennis Publishing Limited. All rights in this material belong to Dennis Publishing Limited absolutely and may not be reproduced, whether in whole or in part, without its prior written consent."

# အနာဂတ်ကို စိုးမိုးသွားလေမလား Mac Pro

■ ငြိမ်းချမ်း(B.E,IT)



Apple ရဲ့Mac Pro ကြီးက ၂၀၁၃ ဒီဇင်ဘာ ၁၉ ရက်နေ့ကစတင်ရောင်းချလိုက်ပါတယ်။ဒါ့ကြောင့် ကျွန်တော် ဒီ Mac Pro ကို စတင်မိတ်ဆက်ခဲ့တဲ့ WWDC 2013 ပွဲအပြီး ရေးခဲ့တဲ့ဆောင်းပါးကို ပြန်လည်ဖော်ပြလိုက်ပါတယ်။

ဈေးနှုန်းကတော့ Entry Level က $ 3,000 လောက်ရှိပြီး အမြင့်ဆုံး $ 9,000 လောက်အထိ ရှိပါတယ်။ အောက်မှာတော့ အမျိုးအစားနှစ်မျိုးကို ဖော်ပြလိုက်ပါတယ်။

| Quad-Core and Dual GPU | 6-Core and Dual GPU |
|---|---|
| 3.7GHz Quad-Core Intel Xeon E5 processor | 3.5GHz 6-Core Intel Xeon E5 processor |
| 12GB 1866MHz DDR3 ECC memory | 16GB 1866MHz DDR3 ECC memory |
| Dual AMD FirePro D300 | Dual AMD FirePro D500 with 3GB GDDR5 |
| with 2GB GDDR5 VRAM each | VRAM each |
| 256GB PCIe-based flash storage1 | 256GB PCIe-based flash storage1 |
| $2,999.00 | $3,999.00 |

Mac Pro ကိုပြုပြင်ပြောင်းလဲမှုတွေလုပ်မယ်ဆိုတော့ Pro Computer တစ်လုံးဆိုတာကို သတ်မှတ်ပေးနိုင်မယ့် Graphics, Storage, Processing Power နဲ့ Memory တွေအားလုံးကို ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ပစ်မယ်လို့ Apple ရဲ့အင်ဂျင်နီယာတွေက ဆုံးဖြတ်ခဲ့ကြတယ်။

သူတို့က အကောင်းဆုံးဆိုတာတွေကို ရှာဖွေနိုင်ဖို့အတွက်နဲ့ အဲဒီProဆိုတာကို သတ်မှတ်ပေးနိုင်မယ့် Technology တွေ တစ်ခုချင်းစီမှာ ရှေ့ဆောင်နိုင်စေဖို့ သူတို့ကိုသူတို့ စိန်ခေါ်ခဲ့ကြတယ်။

ဒီလိုနဲ့ သူတို့ရဲ့ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်လိုက်တဲ့အခါမှာတော့ ရလဒ်က အရာရာ အားလုံးကို အသစ်ဖြစ်စေခဲ့တယ် ဆိုတာပဲ။

အချို့အပိုင်းတွေက ပြောင်းလဲမှုနည်းနည်း။

အချို့အပိုင်းတွေကမယုံနိုင်လောက်စရာစွမ်းအားတွေနဲ့။

ဟောဒီမှာ အနာဂတ် Pro Computer တွေရဲ့ကမ္ဘာထဲကိုဘာမှပြောဆိုထားခြင်းမရှိဘဲ အလစ်အငိုက်ချဉ်းနင်းဝင်ရောက်လာ ခဲ့တဲ့Mac Pro...

## THE NEW POWER STRUCTURE

- စွမ်းဆောင်ရည်တွေအတွက် dual GPUs တွေနဲ့ Work Station Graphics တွေ
- အပူချိန်ကိုအကောင်းဆုံးထိန်းချုပ်နိုင်စေမယ့်Unified Thermal Core ဒီဇိုင်းပုံစံ
- မျိုးဆက်သစ် Xeon Processors • မြန်နှုန်းမြင့် Thanderbolt 2 • Flash Storage ကို အခြေခံထားတဲ့ PCIe • Ultra-fast ECC Memory • ဆလင်ဒါပုံစံရှိပြီး 9.9 inches အမြင့်နဲ့ ကျစ်လျစ်တဲ့ကိုယ်ထည်
- 4K ဗီဒီယိုဖိုင်တွေကိုထောက်ပံ့ပေးနိုင်မှု

## PROCESSOR

- မျိုးဆက်သစ် Intel Xeon E5 chipset ကို ပထမဦးဆုံး သုံးစွဲထားတယ်။
- 12 Cores
- Up to 4 0GB/s of PCI Express gen 3 bandwidth
- Floating –point instructions တွေက 256-bit ရှိတယ်

## MEMORY

- 1866MHz နဲ့ run တဲ့ Four-channel DDR3 memory controller
- Up to 60 GB/s of memory bandwidth

ဒါတွေဟာ ဘာကိုဆိုလိုတာလဲဆိုရင် တကယ့်ကြီးကြီးမားမား တွက်ချက်မှုတွေကို မြန်မြန်ဆန်ဆန်လုပ်နိုင်မယ်ဆိုတာပဲ။ ECC memory ဖြစ်လို့ rander လုပ်တာ၊ ဗီဒီယိုဖိုင် export လုပ်တာ၊ simulation လုပ်တာတွေမှာ transient memory errors တွေကြောင့် ရပ်တန့်ခြင်းမှ ကင်းဝေးမှာပါ။

## STORAGE

Flash storage တွေရဲ့မျိုးဆက်သစ်ဖြစ်တဲ့ PCI Express Flash Storage ကိုသုံးစွဲထားတယ်။အမြန်ဆုံးဆိုတဲ့ SATA SSD တွေထက် ၂.၅ဆပိုမြန်ပြီး 7200 rpm SATA HDD တွေထက် ၁၀ ဆ ပိုမြန်ပါတယ်။ Boot တက်တာ၊ Appsတွေအများကြီးဖွင့်တာ၊ကြီးမားတဲ့ဖိုင်တွေအများကြီးဖွင့်တာတွေအတွက် PCI Express based flash controller technology က အမြန်ဆုံးသော Speed တွေကိုထောက်ပံ့ပေးမှာပါ။

## GRAPHICS

အများစုသော ProComputerတွေဟာ Computing Power အတွက် CPU တွေအပေါ် မှီခိုရတယ်။ ဒါပေမယ့် GPU တွေရဲ့Performance တွေဟာ တဖြည်းဖြည်းတိုးတက်လာခဲ့တဲ့အတွက် Software Developer တွေဟာ သူတို့ရဲ့ apps တွေကို GPU တွေရဲ့ လုပ်ဆောင်နိုင်စွမ်းတွေအပေါ်မှာ အားပြုခဲ့တယ်။ ၂.၅ ဆပိုမြန်တဲ့ dual workstation AMD Fire Pro GPUs ( 4096 stream processors, 384 –bits memory buses, 528 GBps total bandwidth) ကို သုံးစွဲထားတယ်။

Resolution အပြည့်နဲ့ 4K ဗီဒီယိုတွေကို edit လုပ်ရာမှာလည်း background မှာ effects တွေကို rendering လုပ်နေစဉ်မှာ တပြိုင်နက်တည်း လုပ်ဆောင်နိုင်တယ်။ High Resolution 4K Display သုံးခု တပြိုင်နက်တည်းချိတ်ဆက်နိုင်စေပါမယ်။

## A UNIFIED THERMAL CORE

နေရာစားသက်သာနိုင်စေဖို့ အထူးဒီဇိုင်းနဲ့ ပြုလုပ်ထားပြီး အပူချိန်တွေကို ထိန်းချုပ်နိုင်စေဖို့ Unified Thermal Core က ပင်မ ထောက်ပံ့ပေးထားပါတယ်။ Processor တွေ၊ Graphics Card တွေ အတွက် မြောက်မြားလှစွာသော Heat Sinks တွေနဲ့ Fans တွေကို အအေးခံနိုင်ဖို့ သုံးစွဲမယ့်အစား Air Flows တွေကို တစ်နေရာတည်းက စုပ်ထုတ်နိုင်မယ့် Alluminium တွေနဲ့ ဒီဇိုင်းပြုလုပ်ထားတဲ့ တြိဂံပုံ ဘော်ဒီကြီးက Core တွေအားလုံးအတွက် တစ်သားတည်း ဖြစ်နေစေပါမယ်။






# Computer Accessories Prices

| Memory | Price |
|---|---|
| 2GB (DDR3 RAM) 1333 MHz (Kingston) PC RAM China | 19,500 |
| 4GB (DDR3 RAM) 1333 MHz (Kingston) PC RAM China | 33,000 |
| 4GB (DDR3 RAM) 1333 MHz (Kingston) Notebook RAM China | 35,000 |
| 4GB (DDR3 RAM) 1600 MHz (Kingston) Notebook RAM China | 36,000 |
| 4GB (DDR3 RAM) 1600 MHz (Kingston) Notebook RAM Taiwan | 38,000 |
| **UPS** | |
| 650 VA (Prolink) UPS 700V | 34,000 |
| 650 VA (Prolink) UPS 700VU with USB port | 36,000 |
| 1200 VA (Prolink) UPS 1200SV | 62,000 |
| 650 VA (Power Tree) UPS | 38,000 |
| 1250 VA (Power Tree) UPS | 64,000 |
| IPS 1000 Long Time (inverter+UPS)Prolink | 64,000 |
| IPS 2000 Long Time (inverter+UPS)Prolink | 80,000 |
| **Multimedia** | |
| 24X DVD-Writer (Samsaung) SATA with Box | 21,000 |
| 24X DVD-Writer (ASUS) SATA with Box | 21,000 |
| 24X DVD-Writer (Lite On) SATA with Box | 22,000 |
| 24X DVD-Writer (Pioneer) SATA with Box | 24,000 |
| 24X DVD-Writer (Fujitsu/Samsung) SATA External Slim | 34,000 |
| Power Tree Portable Speakers SP 2005 | 7,500 |
| Power Tree Samil Speakers SP 200/A4 TechAS-6 Small Speakers | 9,500 |
| Prolink Dual Stereo Speakers PSC 3701E | 14,000 |
| Prolink Travel Beats Portable Speakers PSC 2601E | 19,000 |
| Microlab M-200 Speakers with woofer (2.1) | 29,000 |
| Microlab M-600 Speakers with woofer (2.1) | 31,000 |
| Microlab M-700 Speakers with woofer (2.1) | 34,000 |
| **STORAGE DEVICE** | |
| 500GB (Seagate) SATA | 54,000 |
| 1000GB (Seagate) SATA | 64,000 |
| 1500GB (Seagate) SATA | 71,000 |
| 2000GB (Seagate) SATA | 89,000 |
| Note Book HDD 500GB SATA (WDC) 5400 RPM | 51,000 |
| Note Book HDD 500GB SATA (Seagate) 7200 RPM | 64,000 |
| Note Book HDD 1000GB SATA (WDC) 5400 RPM | 70,000 |
| External USB HDD 500 GB (2.5") (USB3.0) Verbatim / Freecom / Fujitsu | 57,000 |
| External USB HDD 1TB (2.5") (USB3.0) Verbatim / Freecom / Fujitsu | 78,000 |
| External USB HDD 2TB (3.5") (USB3.0) Verbatim | 106,000 |
| **Motherboards** | |
| Intel DH77-EB (1155/DDR3) w/Sound+PCIE+Lan | 99,000 |
| Intel DQ77-MK (1155/DDR3) w/Sound+PCIE+Lan | 137,000 |
| ASUS-P8 H61-ME (1155/DDR3) w/Sound+PCIE+Lan | 54,500 |
| ASUS-P8 H61-ME (1155/DDR3) w/Sound+PCIE+Lan | 58,500 |
| ASUS-P8 H81-ME (1150/DDR3) w/Sound+PCIE+Lan | 66,000 |
| ASUS-P8 H87-ME (1150/DDR3) w/Sound+PCIE+Lan | 105,000 |
| **CPU** | |
| Intel Dual Core 2.9 GHz (3MB/1155) G-2020 | 54,000 |
| Intel Core i3 3.3 (3MB/1155) 3220 (IVY Bridge) | 111,000 |
| Intel Core i3 3.2 (3MB/1155) 3220 (IVY Bridge) | 176,000 |
| Intel Core i7 3.4 (3MB/1155) 3220 (IVY Bridge) | 278,000 |
| Intel Core i3 3.4 (3MB/1150) 4130 (Haswell) | 117,000t |
| Intel Core i5 3.2 (6MB/1150)4570 (Haswell) | 194,000 |
| Intel Core i7 3.4 (8MB/1150) 4770 (Haswell) | 295,000 |

| GRAPHIC CARD | Price |
|---|---|
| PCIE (1 GB) EAH 5450 (DDR3) With DVIHDMI Output (ASUS) | 37,500 |
| PCIE (2 GB) GT610 (DDR3)64 Bit With DVI/HDMI Output (ASUS) | 53,500 |
| PCIE (4 GB) GT630 (DDR3) 128 Bit With DVI/HDMI Output (ASUS) | 87,000 |
| **Toner** | |
| HP 1200 (C7115A) / HP 1005 (CB 435A) / HP 1102 (CE285) Toner | 64,000 |
| HP 1010 /3015 Toner (Q2612A) / 1300 (Q2613A) Toner | 68,000 |
| HP 2015(Q7553A) /1522N(36A) / 1536N (CE278A) / 2055 (CE505A/1320 (Q5949A) | 79,000 |
| HP401 (CF280A) Toner | 92,000 |
| Samsung CLP-325/CLX-3185 Toner (CLT-C407S) /(CLT-M407S) /(CLT-Y407S /CLT-K407S) | 47,500 |
| Canon 2900(EP303)/Cannon 1120(EP22)/Canon3050(312)/Canon600 (325) Toner | 55,500 |
| **PERIPHERALS** | |
| P4 Casing (Mediam Light) with 550W | 25,000 |
| P4 Casing (Handie Hight) with 600W | 29,000 |
| P4 Casing (Light Hight) with 600W | 35,000 |
| Biaze Optical Mouse (PS/3) | 2,400 |
| Biaze Optical Mouse (USB) | 2,600 |
| Sony Optical Mouse (USB) | 1,500 |
| Prolink Optical Mouse (USB) 618U /627U/628U/1001/2001/3001/ Retractable 339 N | 3,700 |
| Prolink Multimedia Myanmar KB (USB) PCCM-2001 | 5,000 |
| Prolink Wlreless Presenter with Air Mouse PWP-102G | 22,500 |
| Prolink Wlreless Presenter with Air Mouse / LCD (USB) PWP-103G | 29,000 |
| Prolink Wlreless Multimedia Presenter with Green Laser pointers (USB) PWP-105G | 30,000 |
| Fujutsu wireless Browsing Mouse | 7,000 |
| Prolink Wireless Nano Mouse (USB) 712G /713G/714G/715G/716G / 717G/5001 /7001 | 9,500 |
| Prolink Wireless Bluetooth Optical Mouse PMO 624B | 14,000 |
| Prolink Wireless Bluetooth Multimedia KB PKM 3810B | 21,000 |
| Prolink USB illuminate Gaming Mouse PMG-9001/Combo KB + Mouse PCCM-2001 | 9,000 |
| Prolink USB illuminate Gaming Keyboard PKGS-9001 | 20,000 |
| Prolink (Combo) Wlreless Deskiop KB + Mouse (500) | 17,000 |
| Prolink (Combo) Wlreless Laser KB + Mouse (5307G) | 24,000 |
| A4 Tech KB (PS/2) / (USB) | 7,000 |
| A4 Tech Optical Mouse 620 (PS/2)/(USB)/BW-9 (USB) | 4,400 |
| A4 Tech Optical Mouse X520D/X5-28D/X6-10D/59D/N600/N400/ N360/D312 (USB) | 6,400 |
| **MONITOR** | |
| 18.5" LED Color Monitor (Prolink) wide view DVI | 88,000 |
| 21.5" LED Color Monitor (Prolink) wide view DVI | 116,000 |
| 18.5" LED Color Monitor (Samsung) wide view DVI | 94,000 |
| 20" LED Color Monitor (Samsung) wide view DVI | 114,000 |
| 20" LED Color Monitor (View Sonic) wide view VA2046a | 97,000 |
| **PRINTER & SCANNER** | |
| Epson L210 Printer With Ink Tank (3 in 1) | 155,000 |
| Epson L350 Printer With Ink Tank (3 in 1) | 183,000 |
| Canon LBP 600 Printer With Cable(USB) | 88,000 |
| Canon LBP 2900 Printer With Cable(USB) | 130,000 |
| HP Lasaejet 401D Printer With Cable (USB) printer | 258,000 |

**KMD Sales Center**

174-182, Pansodan Street, Kyauktada Township, Yangon, Tel : 01-385 177, 01-385 877, 01-245-180

# NEW CDs

## Helicon Filter 5.2.6




Digital Image များကို Resize, Brightness, Noise, Sharpening, Rotate, Mirror Distortions, Frames အစရှိသဖြင့် မိမိစိတ်ကြိုက် Functions/Tools များဖြင့် နှစ်သက်ရာဖန်တီးနိုင်တဲ့ Photo Editing Software ကောင်းတစ်ခုဖြစ်ပါတယ်။

## Christmas Tree Photo Gallery - Project for After Effects (Videohive)




Videohive ကနေ တင်ဆက်ပေးထားပြီး After Effects CS6 နဲ့ တွဲဖက်အသုံးပြုနိုင်တဲ့ Christmas Tree Project ခွေဖြစ်ပါတယ်။ Placeholders (၂၆)မျိုး၊ Scenes (၂၄)မျိုး ပါဝင်ပြီး 1920x1080 အရည်အသွေးရှိ mov ဖိုင်များပါဝင်မှာပါ။

## Isotropix Clarisse 1.6 SP1 Win




Animation, Shading, Lighting, Filter အစရှိတာတွေ ပြုလုပ်နိုင်တဲ့ 3D Rendering Software ဖြစ်ပါသည်။ Personal Learning Edition (PLE) Mode, New Node Locked Licensing, New CRender အစရှိတဲ့ Features သစ်တွေ ပါဝင်လာမှာပါ။

## Photo Album V-2 Project for After Effects (Videoohive)



Videohive ကနေ တင်ဆက်ပေးထားပြီး After Effects CS6 နဲ့ တွဲဖက်အသုံးပြုနိုင်တဲ့ Photo Album Project ခွေ ဖြစ်ပါတယ်။ Photo Placeholders (၂၀) ပါဝင်မှာဖြစ်ပြီး Background Image (၄)ခု ပြောင်းလဲနိုင်မှာပါ။

## Alien Skin Software Plug-ins for Photoshop Bundle (Dec.2013) x 64 x 86




Photoshop သမားတွေနဲ့ ဂရပ်ဖစ်ဒီဇိုင်နာ တွေ ဆောင်ထားသင့်တဲ့ Plug-ins စုစည်းမှု Bundle ဖြစ်ပါတယ်။ Blow Up, Bokeh, Exposure, Eye Candy, Snap Art အစရှိတဲ့ Plugins တွေ ပါဝင်မှာပါ။

## Android.Games.And.Apps.December.2013



Android Platform သမားတွေအတွက် ယခုဒီဇင်ဘာလအတွင်း နောက်ဆုံးထွက်ရှိလာတဲ့ Game နဲ့ Application တွေကို စုစည်းပေးထားတာ ဖြစ်ပါတယ်။ Latest App: အမျိုးအစား စုစုပေါင်း (၁၅၀)ကျော်တောင် ပါဝင်တာမို့ လက်မလွတ်သင့်တဲ့ အခွေပါ။

Excellent Software & Games
(253736, 09-91038952) မှ ကူညီပံ့ပိုးပါသည်။

## စမတ်ဖုန်းများအတွက် Samsung Game Pad Controller ၁၇-၁၂-၂၀၁၃ တွင် ထွက်ရှိ




Samsung စမတ်ဖုန်းများနှင့်တွဲဖက်ကစားနိုင်မည့် Game Pad Controller အား Samsung မှ ထုတ်လုပ်လိုက်ပါသည်။

အဆိုပါ Game Pad Controller သည် Samsung စမတ်ဖုန်းများအတွက် သာမက ၄လက်မနှင့် ၆.၃ လက်မကြား Android 4.1 နှင့်အထက် Run နေသော စမတ်ဖုန်းများနှင့် တွဲဖက်သုံးစွဲနိုင်မည်ဖြစ်သည်။ သို့သော်လည်း Samsung စမတ်ဖုန်းများအတွက် အကောင်းဆုံး သုံးစွဲနိုင်အောင် လုပ်ဆောင်ထားပြီး

Android 4.3 အတွက် အထူးပြုလုပ်ထားသည်။ ဒီ Controller က ဖုန်းနှင့် Bluetooth 3.0 မှ ချိတ်ဆက်နိုင်သလို NFC ဖြင့်လည်း ချိတ်ဆက်နိုင်သည်။ အလေးချိန်က 195g ဖြစ်သည်။ ယခုအခါတွင် ဥရောပရှိ အချို့ဈေးကွက်များတွင် ရရှိနိုင်ပြီဖြစ်ပါသည်။ Euro 80 ဝန်းကျင်ခန့် ရှိပါသည်။

### Samsung Smartphone GamePad Product Specifications

**Compatibility**
Android OS 4.1 more (Optimized for Samsung devices with Android 4.3 more)

**Connectivity**
Bluetooth® v3.0, NFC(Samsung devices with Android 4.3 more) 3.0 class 2, HID

**Control Keys**
- D-Pad (8 way)
- 2 Analog Sticks
- 4 Action buttons and 2 Trigger buttons
- Select button and Start button
- PLAY button (Samsung devices with Android 4.3 more)

**Dimension**
137.78 x 86.47 x 31.80mm, 195g

**Battery**
Rechargeable 160mA

**Color**
Black

**Ref: http://www.samsungmobile press.com/2013/12/17/Samsung-Enhances-Consumer-Entertainment-Experience-with-Smartphone-GamePad-and-Mobile-Console-Application-1**

## Digital Scale Projection




အလေးချိန်များကို Projector နဲ့ နံရံမှာ ထိုးပြနိုင်မယ့် ပေါင်ချိန်စက်လေးပဲဖြစ်ပါတယ်။ စွဲဆောင်မှုရှိစွာဖြင့် လုပသေသပ်စွာအလေးချိန်များကို မြင်တွေ့နိုင်မှာဖြစ်ပြီး နံရံမှာ ရောင်ခြည်နဲ့ ထိုးပြနိုင်သလို ၂ လက်မ LCD မျက်နှာပြင်နဲ့လည်း စက်မှာကြည့်ရှုနိုင်မှာပါ။

ချိန်တွယ်နိုင်တဲ့ အလေးချိန် ကတော့ ၅၅၀ ပေါင်၊ ၂၅၀ ကီလိုဂရမ်အထိ ရနိုင်ပါတယ်။ ဒီစက်ရဲ့ အလေးချိန်ကတော့ ၅ ပေါင်ဖြစ်ပါတယ်။ Length 16 inches,Width 3 inches,Height 15 inches ရှိကာ AA ဘက်ထရီ သုံးလုံးနဲ့ သုံးနိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ဒေါ်လာ 40~ 50 ဝန်းကျင်ရှိပါတယ်။ ဒီမှာတော့ မရနိုင်ပါဘူး။ Taylor အမှတ်တံဆိပ် ဖြစ်ပါတယ်။

## Android Developer ဖြစ်လိုသူ တိုင်းအတွက် လေ့လာရမယ့် နေရာများ

Android Developer
https://plus.google.com/+AndroidDevelopers/about
https://plus.google.com/+AndroidDevelopers/posts
http://developer.android.com/index.html
http://www.youtube.com/user/androiddevelopers
http://developer.android.com/index.html
http://android-developers.blogspot.com/
http://stackoverflow.com/questions/tagged/android
http://www.youtube.com/androiddevelopers
https://play.google.com/apps/publish/
https://play.google.com/store
http://tools.android.com/

# CSS 3 24

■ ဇော်ထွန်း (Netstar)

CSS 3 ရဲ့အသုံးပြုပုံများကို ဖော်ပြလာခဲ့တာ ယခုတစ်ပတ်နဲ့ဆို ၂၄ ပတ်ရှိခဲ့ပါပြီ။ အခြေခံ အသုံးပြုပုံမှစပြီး လုပ်ငန်းခွင်မှာ အသုံး အများဆုံး property များအထိကို စုစည်းရေးသားဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်တော့ CSS 3 ကို အသုံးပြုပြီး ဘယ်လို shape တွေဖန်တီး လို့ရတယ်ဆိုတာ ဖော်ပြရင်း စာရေးသူရဲ့ CSS 3 tutorial ရေးသား ခြင်းကို အဆုံးသတ်လိုက်ပါတယ်။

## Creating Shapes

### Circle

```
<!doctype html>
<html>
<head>
<title>CSS Shapes</title>
<style type="text/css">
#circle {
  width: 140px;
  height: 140px;
  background: red;
  border-radius: 70px;
}
</style>
</head>
<body>
<div id="circle">
</div>
</body>
</html>
```



- အောက်မှာ ဆက်လက်ဖော်ပြမယ် နမူနာ code များကို style tag ကြားထဲမှာရေးပါ။ သတ်မှတ်ထားတဲ့ id selector ကို div tag ရဲ့ id attribute မှာ ပြန်ရေးပါ။

### Triangle

```
#triangle {
  width: 0;
  height: 0;
  border-bottom: 120px solid green;
  border-left: 60px solid transparent;
  border-right: 60px solid transparent;
```



### Six Point Star

```
#six-point-star {
  position: absolute;
  width: 0;
  height: 0;
  border-left: 50px solid transparent;
  border-right: 50px solid transparent;
  border-bottom: 80px solid red;
}
#six-point-star:after {
  content:"";
  position: absolute;
  width: 0;
  height: 0;
  border-left: 50px solid transparent;
  border-right: 50px solid transparent;
  border-top: 80px solid red;
  margin: 30px 0 0 -50px;
}
```



### Twelve Point Star

```
#twelve-point-star {
  height: 100px;
  width: 100px;
  background: orange;
  position: absolute;
}
#twelve-point-star:before {
  height: 100px;
  width: 100px;
  background: orange;
  content:"";
  position: absolute;
  /* Rotate */
  -moz-transform: rotate(30deg);
  -webkit-transform: rotate(30deg);
  -ms-transform: rotate(30deg);
  -o-transform: rotate(30deg);
  transform: rotate(30deg);
}
#twelve-point-star:after {
  height: 100px;
  width: 100px;
  background: orange;
  content:"";
  position: absolute;
  /* Rotate */
  -moz-transform: rotate(-30deg);
  -webkit-transform: rotate(-30deg);
  -ms-transform: rotate(-30deg);
  -o-transform: rotate(-30deg);
  transform: rotate(-30deg);
}
```



### Speech Bubble

```
#speech-bubble {
  width: 120px;
  height: 80px;
  background: purple;
  position: absolute;
  -moz-border-radius: 10px;
  -webkit-border-radius: 10px;
  border-radius: 10px;
}
#speech-bubble:before {
  content:"";
  position: absolute;
  width: 0;
  height: 0;
  border-top: 13px solid transparent;
  border-right: 26px solid purple;
  border-bottom: 13px solid transparent;
  margin: 13px 0 0 -25px;
}
```



- ယခု css နဲ့ shape ဆွဲနည်း အချို့ကို ဖော်ပြခဲ့ပြီးပါပြီ။ သက်ဆိုင်ရာ property အလိုက် value များကို ပြင်ပြီး shape များကို ပြုပြင်ပြောင်းလဲကြည့်နိုင်ပါတယ်။ စာရေးသူရဲ့ css tutorial ရေးသားခြင်းကို အပိုင်း ၂၄ မှာပဲ အဆုံးသတ်လိုက်ပါပြီ။ ရွှင်လန်း ချမ်းမြေ့ကြပါစေ။

# လေ့လာဖတ်မှတ် SolidWorks 17

■ ကိုဌေး

## ယခင်အပတ်မှအဆက်

ဒီတစ်ခါ သောက်ရေခွက်လေးတစ်လုံး ဆွဲကြည့်ရအောင်။ Dimension တွေကတော့ ပုံ(၁)မှာ ပြထားတဲ့အတိုင်းဖြစ်ပါတယ်။



ပုံ(၁)

ကြိုက်နှစ်သက်ရာ plane ရွေးချယ်ပါ။ ကျွန်တော်ကတော့ top plane ကို ရွေးလိုက်ပါပြီ။ Sketch, Circle နဲ့ origin ကို ဗဟိုပြုပြီး အချင်း ၂၅ ယူနစ်ရှိတဲ့ စက်ဝိုင်းတစ်ခုဆွဲပါ။ Features, Extruded Boss/Base နဲ့ အမြင့် ၁ ယူနစ် တင်လိုက်ပါ။ ပြီးရင်အမှန်ခြစ်ပါ။



ပုံ(၂)

စက်ဝိုင်းရဲ့အပေါ်မျက်နှာပြင်ပေါ်မှာ ပုံဆွဲဖို့အတွက် အဲဒီအပေါ်မျက်နှာပြင်ကို click၊ Sketch, Circle နဲ့ origin ကို ဗဟိုပြုပြီး စက်ဝိုင်းနှစ်ခုဆွဲပါ။ စက်ဝိုင်းတစ်ခုကို စောစောက အထူတင်ခဲ့တဲ့ စက်ဝိုင်းရဲ့ အနားနဲ့ Add Relation ကို အသုံးပြုပြီး Coradial နဲ့ ထပ်ပေးပါ။ နောက်စက်ဝိုင်းတစ်ခုကို အပြင်စက်ဝိုင်းနဲ့ အတွင်းဘက် ၁ယူနစ်အကွာ အဝေးမှာထားပေးပါ။ ပြီးရင် Features, Extruded Boss/Base နဲ့ အမြင့် ၂၅ ယူနစ် တင်ပေးပါ။ ပြီးရင် Features, Fillet နဲ့ ထိပ်မျက်နှာပြင်နဲ့ အောက်ဖက်ထောင့်စွန်းကို ၀.၅ ယူနစ်စီ လုံးဖို့ click ပေးပြီး အမှန်ခြစ်ပါ။



ပုံ(၃)


ပုံ(၄)



ပုံ(၅)


ပုံ(၆)


ပုံ(၇)



ပုံ(၈)

ပြီးရင် ခွက်ရဲ့ကိုင်းပုံဆွဲဖို့အတွက် plane တစ်ခု တည်ဆောက်ပါမယ်။ ဒ့ါကြောင့် FeatureManager design tree က Right Plane ကို click၊ ပြီးရင် Insert, Reference Geometry, Plane ကို click ပါ။ ဒါမှမဟုတ် CommandManager toolbar က Reference Geometry, Plane ကို click ပါ။ သောက်ရေခွက်ကိုင်း Profile ဆွဲဖို့အတွက် ရေခွက်အသားထဲက တစ်နေရာကို ရွေးချယ်လိုတဲ့အတွက် plane ရဲ့အကွာအဝေးကို ၁၂.၄ ယူနစ်အဖြစ် ထားလိုက်တာပါ။ ပြီးရင် အမှန်ခြစ်ပါ။



ပုံ(၉)



ပုံ(၁၀)

ပြီးရင် အခုဆွဲလိုက်တဲ့ plane1 ကို click၊ Tools, Sketch Entities, Ellipse နဲ့ Ellipse တစ်ခုဆွဲပါ။ Ellipse ရဲ့အချင်းကို ၅ ယူနစ်၊ အနံကို ၁.၅ ယူနစ်အဖြစ် သတ်မှတ်ပေးပါ။ Ellipse ရဲ့ ဗဟိုနဲ့ origin ကို vertical နဲ့ တည့်ပေးပါ။ ပြီးရင် Exit Sketch လုပ်ပေးပါ။



ပုံ(၁၁)

ပြီးရင် Front plane ကိုရွေးချယ်ပြီး path အတွက် ပုံမှာ ပြထားတဲ့ အတိုင်း Sketch, Line နဲ့ Tangent Arc ကို သုံးပြီး ဆွဲပေးပါ။ ပြီးရင် Ellipse ဗဟိုနဲ့ line ရဲ့ point ကို Add Relation နဲ့ Coincident လုပ်ပေးပါ။ လိုအပ်တဲ့ dimension တွေ တပ်ပေးပါ။ ပြီးရင် Exit Sketch လုပ်ပေးပါ။ ပြီးရင် Features, Swept Boss/Base ကို click ပါ။ Profile အကွက်အတွက် ellipse ကိုရွေးပေးပါ။ Path အကွက်အတွက် line ကို ရွေးပေးပါ။ ပြီးရင် အမှန်ခြစ်ပါ။ ဒါဆိုရင် ကျွန်တော်တို့ လိုချင်တဲ့ ပုံလေး ရရှိပြီဖြစ်ပါတယ်။ plane1 ကိုမြင်ကွင်းထဲကဖျောက်ချင်ရင်တော့ plane1 ပေါ်ကို right click၊ Hide လုပ်ပေးလိုက်ပါ။



ပုံ(၁၂)



ပုံ(၁၃)



ပုံ(၁၄)



ပုံ(၁၅)


ပုံ(၁၆)

ဆက်လက်ဖော်ပြပါမည်။

# Samsung ရဲ့ အလယ်အလတ်တန်းစား Galaxy Core Advance စမတ်ဖုန်း




Samsung က ၁၆ - ၁၂ - ၂၀၁၃ တနလ်ာနေ့တွင် အလယ်အလတ်တန်းစား စမတ်ဖုန်းဖြစ်သော Galaxy Core Advance အားကြေညာလိုက်သည်။ မျက်နှာပြင် ၄.၇ လက်မ WVGA Display ဖြစ်ပြီး နောက်ကျောဖက်သည် "Soft Feel" ဟုခေါ်ဆိုသော နူးညံ့သည့် ကာဗာဖြင့်အုပ်ဖုံးထားကာ နွေးထွေးနူးညံ့သော အတွေ့အထိဖြင့် အကြမ်းခံနိုင်မှာဖြစ်ပါတယ်။ သက်သောင့်သက်သာကိုင်တွယ်နိုင်စေရန် ပြုလုပ်ထားခြင်းလည်းဖြစ်သည်။ မကြာခဏသုံးစွဲရသော Home, Back စသည်တို့ကို ခလုတ်များဖြင့် ပြုလုပ်ထားပြီး Voice Recorder, Camera, Volume, Menu, Home, Power စသည့်ခလုတ်များပါဝင်သည်။

ချိတ်ဆက်မှုပိုင်းအနေဖြင့် Bluetooth 4.0, နေရာကို ပိုမိုတိကျစေသည့် GLONASS နည်းပညာဖြင့် အဆင့်မြှင့်တင်ထားသည် GPS, S Beam စနစ်ပါဝင်သည့် NFC စသည်တို့ပါဝင်သည်။ အခြားသော Galaxy Series စမတ်ဖုန်းများကဲ့သို့ပင် S Voice, S Translator, Sound & Shot, Group Play နှင့် Easy Mode များပါဝင်သည်။ ထို့ပြင် မျက်မမြင်နှင့် မျက်စိမှုန်ဝါးသူများပါ သုံးစွဲနိုင်စေရန်လည်း အထူးပြုလုပ်ထားသည်။



အရောင်ကတော့ Deep Blue နှင့် Pearl White တို့ကိုရရှိနိုင်မှာ ဖြစ်ပါတယ်။

Processor ကတော့ 1.2 GHz Dual Core သုံးစွဲထားပြီး RAM က 1GB ဖြစ်ကာ သိုလှောင်မှုအပိုင်းအတွက် Internal Memory က 8GB ပါဝင်မှာဖြစ်ပါတယ်။ ထို့ပြင် micro SD ကတ်မှလည်း 64 GB အထိ ထပ်မံထည့်သွင်းနိုင်မှာ ဖြစ်ပါတယ်။

OS ကတော့ Android 4.2 သုံးစွဲထားပြီး GSM ကွန်ရက်လိုင်းများအတွက် သုံးနိုင်မှာပါ။ ဘက်ထရီကတော့ 2000 mAh သိုလှောင်နိုင်စွမ်းရှိပြီး ကင်မရာ Resolution ကတော့ 5MP AF ဖြစ်ပါတယ်။ အထူကတော့ 9.7mm ဖြစ်ပြီး အလေးချိန်က 145g ဖြစ်ပါတယ်။

၂၀၁၄ အစောပိုင်းလောက်မှာဈေးကွက်မှာ တင်သွင်းရောင်းချသွားမယ်လို့ Samsung က ဆိုထားပါတယ်။

အခြားပါဝင်သော Feature များမှာ Optical Scan, Light Sensing technology, Instant Voice Recorder, Screen Curtain, Voice Guided Camera တို့ပဲဖြစ်ပါတယ်။ ဈေးနှုန်းကတော့မသတ်မှတ်ရသေးဘဲ အလယ်အလတ်တန်းဈေးနှုန်းလောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်။



# ပြည်တွင်းမှာ ဝယ်ယူနိုင်ပြီဖြစ်တဲ့ Huawei ရဲ့ ပထမဆုံး ရေစိုခံစမတ်ဖုန်း

# Huawei Honor 3




■ မေသဇင်

**Price** - 299,000 Ks
**Contact** – Huawei Showroom (Tamwe)
**Phone** - 09-876 2668

Sony က ရေစိုခံနည်းပညာကို ရှာဖွေတွေ့ရှိပြီးနောက်ပိုင်းမှာ ရေစိုခံစမတ်ဖုန်းတွေနဲ့ တက်ဘလက်တွေကို တစိုက်မတ်မတ် ထုတ်လုပ်လာခဲ့ပြီး မိုဘိုင်းလောကကို အပြတ်အသတ်ထိုးဖောက်လာနိုင်ခဲ့တယ်။ မြန်မာနိုင်ငံကိုလည်း မိုးရာသီအမီ Sony ရေစိုခံဖုန်းတွေ တင်သွင်းနိုင်ခဲ့တာကြောင့်လည်း ပြည်တွင်းဈေးကွက်မှာ တော်တော်လေး အောင်မြင်မှု ရရှိခဲ့လေတယ်။ အခုချိန်မှာတော့ ရေစိုခံစမတ်ဖုန်း နည်းပညာက ပြည်တွင်းမှာ Sony တစ်ဦးတည်း လွှမ်းမိုးနိုင်တာ မဟုတ်တော့ပါဘူး။ Huawei ကလည်း Honor 3 ဆိုပြီး ရေစိုခံစမတ်ဖုန်းတစ်လုံးကို အစွမ်းပြ ထုတ်လုပ်ခဲ့ပါပြီ။ နိုင်ငံတကာဈေးကွက်ထဲကို မိတ်ဆက်ပြသခဲ့တာကတော့ ၂၀၁၃ ဩဂုတ်လကတည်းကပါ။ ယခုအချိန်မှာတော့ ပြည်တွင်းမှာ ဝယ်ယူနိုင်နေပါပြီ။ Honor 3 ဆိုတာ Huawei ရဲ့ ပထမဆုံး ရေစိုခံစမတ်ဖုန်း တစ်လုံးပေါ့။ သိကြတဲ့အတိုင်းပါပဲ။ Huawei ဖုန်းတွေက ဈေးနှုန်းအလွန်ချိုသာပြီး တန်ဖိုးနည်းနည်းနဲ့ အဆင့်မြင့်ဖုန်းတွေကို ကိုင်ဆောင်နိုင်စေဖို့ အခွင့်အရေးတွေ ပေးနေပါတယ်။ ယခု Huawei Hornor 3 ကလည်း ဒီလိုပါပဲ။ နည်းပညာသစ်ဆန်းပေမယ့် တန်ဖိုးက သင့်တင့်တဲ့အတွက် အားလုံးအတွက် အဆင်ပြေစေမယ့် ဖုန်းလေးပါပဲ။

## ရေစိုခံနည်းပညာအစွမ်း

Honor 3 အဓိကအားသာချက်ကို ပြောပါဆိုရင်တော့ ဖုန်းအတွင်း ဖုန်၊ သဲမဝင်ရောက်နိုင်ခြင်းနဲ့ ရေစိုခံနည်းပညာတွေကို လက်ညှိုးထိုးပြရမှာပဲ။ ရေစိုခံဖုန်းတွေကို ဖန်တီးရာမှာ ပုံမှန်ဖုန်းတွေကိုဖန်တီးတာလောက်တော့ လွယ်ကူလေ့မရှိပါဘူး။ ဖုန်းရဲ့အတွင်းပိုင်း ပစ္စည်းတွေ ရေမစိုဖို့အပေါ်ယံက အလွှာပါးတစ်ခု ဖန်တီးရပါတယ်။ Sony ရေစိုခံဖုန်းတွေမှာ အသုံးပြုတဲ့ IP57 certified နည်းပညာကို ယခု Honor 3 မှာ အသုံးပြုပေးထားပါတယ်။ အဲဒီ IP57 နည်းပညာကြောင့်ပဲ ရေ အောက်တစ်မီတာ အနက်အထိ ဖုန်းကို ယူဆောင်သွားနိုင်ပြီး မိနစ် ၃၀ ကြာ ရေအောက်ထဲ အထားခံနိုင်စွမ်းရှိပါတယ်။ ရေအောက်မြင်ကွင်းတွေကို ရိုက်ကူးလိုသူတွေအတွက်တော့ Honor 3 ကို ကောင်းကောင်းကြီး အသုံးချနိုင်တယ်လေ။ ဖုန်းအမှတ်တမဲ့ ရေအောက်ထဲ ပြုတ်ကျသွားတာတို့၊ မိုးရေစိုသွားမှာတွေအတွက်တော့ စိုးရိမ်နေဖို့ မလိုတော့ပါဘူး။

## အစွမ်းကုန်အသုံးချနိုင်မယ့် Hardware များ

Honor 3 ကို အလယ်လတ်သုံး mid-range စမတ်ဖုန်းတစ်လုံး အနေနဲ့ ထုတ်လုပ်ထားတယ် ဆိုပေမယ့် တန်းမြင့်စမတ်ဖုန်းတွေနဲ့ ယှဉ်ပြိုင်နိုင်တဲ့ အနေအထား ရှိနေပါတယ်။ 1.5 GHz Quad-core Processor နဲ့ 2 GB RAM တွေကြောင့် mid-range ဖုန်းတွေထဲမှာ အထက်က ရှိနေ တာပါ။ ကင်မရာစွမ်းရည်ကလည်း အခြား တန်းမြင့် ဖုန်းတွေနဲ့ ယှဉ်ပြိုင်နိုင်တဲ့ အနေအထား ရှိနေတယ်။

နောက်ကင်မရာ က 13 MP အစွမ်းရှိပြီး ရုပ်ထွက် အရည်အသွေးမြင့်တဲ့ HDR ပုံရိပ်တွေအထိ ဖမ်းယူပေးနိုင်စွမ်း ရှိပါတယ်။ မိမိကိုယ်ကို ဓာတ်ပုံ ပြန်ရိုက်နိုင်ဖို့ နဲ့ Video Chat တွေ လုပ်စေနိုင်မယ့် 1.3 MP ကင်မရာကို ဖုန်းရဲ့ အရှေ့ပိုင်းမှာ တပ်ဆင်ပေးထားပါတယ်။ Honor 3 က ၄.၇ လက်မ ရှိတယ်ဆိုတော့ မျက်နှာပြင်ကြီးကြီး




စမတ်ဖုန်းတစ်လုံး မဟုတ်ပေမယ့် ကိုင်ဆောင်ရလွယ်ကူစေတဲ့ စမတ်ဖုန်းတစ်လုံးပါပဲ။ မျက်နှာပြင်၊ Processor, RAM နဲ့ ကင်မရာစွမ်းရည်တွေကြောင့် Honor 3 ရဲ့ စွမ်းရည်ကို ကျေနပ်မိတာတော့ အမှန်ပါပဲ။

## Honor 3 ကိုဘာ့ကြောင့်ရွေးချယ်သင့်သလဲ?

ရေစိုခံဖုန်းတစ်လုံးဖြစ်ခြင်း၊ စွမ်းဆောင်နိုင်စွမ်းမြင့်တဲ့ Hardware တွေအသုံးပြုထားခြင်းနဲ့ ရေစိုခံဖုန်းတွေထဲမှာ တန်ဖိုးသင့်တင့်ဆုံး စမတ်ဖုန်းတစ်လုံးဖြစ်ခြင်းတွေက Honor 3 ကို အဓိကရွေးချယ်သင့်တဲ့ အကြောင်းအရင်းတွေပါပဲ။ ရေစိုခံနည်းပညာကို မနှစ်သက်ဘူးဆိုရင်လည်း Honor 3 မှာ သုံးထားတဲ့ Hardware တွေက ပေးချေလိုက် ရတဲ့ တန်ဖိုးငွေနဲ့ကိုက်ညီတဲ့ စွမ်းဆောင်ရည်တွေ ပေးစွမ်းနိုင်ပါတယ်။

## ဈေးနှုန်းအလွန်ချိုသာခြင်း

ပြည်တွင်းမှာ Honor 3 ရဲ့ရောင်းဈေးက ၂၉၉,၀၀၀ ကျပ် ဝန်းကျင် ရှိပါတယ်။ ရေစိုခံစမတ်ဖုန်းတစ်လုံးအတွက်တော့ ဒီဈေးနှုန်းက တော်တော်လေး သင့်တင့်ပါတယ်။ နိုင်ငံတကာဈေးကွက်ထဲမှာ Honor 3 ကို ကျပ် ၃၀၀ ကျော်ကျော်နဲ့ရောင်းချနေတာကြောင့် ပြည်တွင်းဈေးကွက်မှာ ၂၉၉,၀၀၀ ကျပ် ဝန်းကျင်နဲ့ ရောင်းချပေးခြင်းက ဈေးနှုန်းမျှတတယ်လို့ ဆိုနိုင်ပါတယ်။ ပေးချေလိုက်ရတဲ့ ငွေကြေးပမာဏနဲ့ ထိုက်တန်စေမယ့် Processor တွေ၊ ကင်မရာ အရည်အသွေး တွေကို ပိုင်ဆိုင်ထားတဲ့အပြင် Storage ကို 8GB အထိတောင် ထည့်ပေးထားသေးတယ်။ နောက်ပြီး နောက်ဆုံးထွက် Android ဗားရှင်း မဟုတ်ပေမယ့် 4.2.2 (Jelly Bean) ကိုပိုင်ဆိုင်ထားပါတယ်။ ကြာရှည်အသုံးခံနိုင်တဲ့ Li-Ion 2150 mAh battery ကြောင့်လည်း စိတ်ကျေနပ်မှု ရစေပါတယ်။

## အားနည်းချက်၊ အားသာချက်

ရေစိုခံနိုင်ခြင်း၊ ဖုန်၊သဲ မဝင်နိုင်ခြင်းက အဓိကအားသာချက်ပါပဲ။ စွမ်းဆောင်နိုင်စွမ်းမြင့်တဲ့ Hardware တွေနဲ့ ဈေးနှုန်းချိုသာခြင်းတွေ ကလည်း အားသာချက်တစ်ခုပါပဲ။ အားနည်းချက်ကတော့ အခြား Quad-core ဖုန်းတွေနဲ့ယှဉ်ရင် Honor 3 က အနည်းငယ် မြန်နှုန်း နှေးနေခြင်းပါပဲ။

### Huawei Honor 3 (Waterproof)

- 4.7 inches Capacitive Display
- 720 x 1280 pixels Resolution
- IP57 certified (dust and water resistant)
- Water resistant up to 1 meter and 30 minutes
- 8 GB Storage, 2 GB RAM
- 13 MP Camera (Main), 1.3 MP (Front)
- Android OS, v4.2.2 (Jelly Bean)
- Quad-core 1.5 GHz Processor
- Li-Ion 2150 mAh battery

# ကျပ်တစ်သိန်း ဝန်းကျင်နဲ့ ဝယ်ယူနိုင်မယ့် Touch ဖုန်းများ

■ မေသဇင်

## Acer Liquid Z3



၁၀၀,၀၀၀ ကျပ်ဝန်းကျင်
၀၁-၂၂၁၆၈၃

ပြည်တွင်းကို နောက်ဆုံးဝင်ရောက်ထားတဲ့ Acer စမတ်ဖုန်းတစ်လုံးဖြစ်ပြီး Acer ဖုန်းတွေထဲမှာ ဈေးနှုန်းအနိမ့်ဆုံးဖုန်းလေးလည်းဖြစ်ပါတယ်။ သူ့ရဲ့မျက်နှာပြင် အရွယ်အစားက ၃.၅ လက်မရှိပါတယ်။ ရိုးရိုး TFT မျက်နှာပြင်မျိုးကိုပဲ အသုံးပြုထားတာပါ။ ဈေးနှုန်း အသင့်အတင့်ဖြစ်အောင် ထုတ်လုပ်ထားတဲ့ ဖုန်းတစ်လုံးဆိုတော့ ကင်မရာ စွမ်းရည်အမြင့်ကိုတော့ မျှော်မှန်းလို့ မရပါဘူး။ နောက်ကင်မရာ က 3.15 MP ပဲရှိပြီး ရှေ့ကင်မရာတော့ မပါဝင်ပါဘူး။ အားရစရာ ကောင်းတာက Android OS, v4.2.2 (Jelly Bean) နဲ့ Dual-core 1 GHz Cortex-A7 Processor တွေ အသုံးပြုထားခြင်းပါပဲ။ Dual-core Processor သုံး စမတ်ဖုန်းတွေထဲမှာတော့ ဈေးနှုန်းအနိမ့်ဆုံးလို့ ပြောနိုင် ပါတယ်။ Memory ကို 4GB အထိ ထည့်ပေးထားပြီး RAM ပမာဏကတော့ 512MB လောက်ပဲ ရှိပါတယ်။

## Samsung Galaxy Star Plus

အသစ်ဝင်ရောက်လာတဲ့ Samsung ဖုန်းတွေထဲမှာတော့ ဈေးနှုန်းအသင့်ဆုံးဖုန်းလေးပါပဲ။ GSM ဆင်းကဒ်နှစ်ကဒ် ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ သူက ၄ လက်မ မျက်နှာပြင်နဲ့ပါ။ Acer Liquid Z3 ထက်တော့ အနည်းငယ် အရွယ်အစားကြီးပါတယ်။ သူ့မှာလည်း ရိုးရိုး TFT မျက်နှာပြင်ကိုပဲ သုံးထားတာပါ။ သူ့မှာက 1 GHz Cortex-A5 ရိုးရိုး Processor ကိုပဲ တပ်ဆင်ထားတာ ဖြစ်ပါတယ်။ ၂၀၁၃ အောက်တိုဘာလအတွင်းမှာမှ ထုတ်လုပ်တဲ့ဖုန်းတစ်လုံးဖြစ်တာကြောင့် Android OS တားရှင်းကို v4.1.2 (Jelly Bean) အထိ ထည့်ပေးထားပါတယ်။ နောက်ကင်မရာက 2MP ရှိပြီး ရှေ့ကင်မရာတော့ ပါဝင်ခြင်းမရှိပါဘူး။ အချက်အလက်တွေ သိမ်းဆည်းနိုင်ဖို့ 4GB ကို ထည့်သွင်းပေးထား ပါတယ် RAM ကတော့ 512 MB ပဲရှိပါတယ်။



၉၉,၉၀၀ ကျပ်ဝန်းကျင်
၀၉-၄၃၀၅၃၁၉၀

## Huawei Y500



၉၂,၀၀၀ ကျပ်ဝန်းကျင်
၀၁-၂၃၀၄၇၇၉

ကျပ်တစ်သိန်းဝန်းကျင် ဖုန်းတွေထဲမှာတော့ Huawei Y500 က ရွေးချယ်စရာတစ်ခုဖြစ်လာပါတယ်။ တစ်သိန်းအောက် ဈေးနှုန်းပဲရှိပေမယ့်မျက်နှာပြင်ကြီးကြီး ဖုန်းတစ်လုံးကိုကိုင်ဆောင်နိုင်မယ့်အခွင့်အရေးရှိနေပါတယ်။ သူက ၄.၃ လက်မ အရွယ်အစားရှိပါတယ်။ Samsung Galaxy Star Plus နဲ့ Acer Liquid Z3 ထက်စာရင် အရွယ်အစားပိုကြီးပါတယ်။ အခြားဖုန်းတွေလို TFT မျက်နှာပြင်မျိုးကိုပဲ သုံးထားတာမဟုတ်ဘဲ IPS မျက်နှာပြင်ကို အသုံးပြုထားခြင်းက ပိုပြီးကျေနပ်စရာကောင်းနေပါတယ်။ အားရစရာကောင်းတာက Dual-core Processor ကို အသုံးပြုထားခြင်းပါပဲ။ အနောက်မှာတော့ 3MP ကင်မရာတစ်လုံး တပ်ဆင်ထားပေမယ့် ရှေ့ကင်မရာတော့ မပါပါဘူး။ Memory 2GB နဲ့ 512MB RAM တွေကို ထည့်သွင်းပေးထားပါတယ်။

# HOTTEST

## App of the Week

### EasyNote Notepad | To Do List



Price - Free
Current Version - 1.4.4
Requirement - 2.1 and up
Size - 1.8M

### Mobogenie Market



Price - Free
Current Version - 1.0.5
Requirement - 2.2 and up
Size - 1.5M

### Thit Htoo Lwin MobileReader



Price - Free
Current Version - 1.0
Requirement - 3.0 and up
Size - 1.3M

### 360 Mobile Security- Antivirus



Price - Free
Current Version - 1.5.0
Requirement - 2.2 and up
Size - 3.4M

### Facebook Video Downloader



Price - Free
Current Version - 2.1.2
Requirement - 2.2 and up
Size - 1.2M

# HOTTEST

## Smart Phone of the Week

### Motorola Moto G



Processor - Quad-core 1.2 GHz Cortex-A7
RAM & Storage - 8/16 GB Storage, 1 GB RAM
Screen Size - 4.5 inches
OS - Android OS, v4.3 (Jelly Bean)
Camera - 5MP, 1.3MP (Front)

### LG G Pro Lite



Processor - Dual-core 1 GHz Cortex-A9
RAM & Storage - 8 GB Storage, 1 GB RAM
Screen Size - 5.5 inches
OS - Android OS, v4.1.2 (Jelly Bean)
Camera - 8MP, 1.3MP (Front)

### Apple iPhone 5s



Processor - Dual-core 1.3 GHz Cyclone
RAM & Storage - 16/32/64 GB storage, 1 GB RAM
Screen Size - 4.0 inches
OS - iOS 7
Camera - 8MP, 1.2MP Front

### Huawei Honor 3C



Processor - Quad-core 1.3 GHz
RAM & Storage - 4 GB Storage, 1 GB RAM
Screen Size - 5.0 inches
OS - Android OS, v4.2.2 (Jelly Bean)
Camera - 8MP, 5MP (Front)

မိတ်ဆွေတို့ရဲ့ ပျော်ရွှင်ဖွယ် တနင်္ဂနွေနေ့များတွင် လူကြီးမင်း-လသာမှာ ပျော်ပျော်ပါးပါး ကံစမ်းကြပါစို့
လူကြီးမင်း
CELL PHONE VILLA
ယုံကြည်မှုနှင့်ထပ်တူရှိနေမှာ
၁ = ၁၀၀၀ ကျပ် ၃ = ၃၀၀၀ ကျပ် ၅ = ၅၀၀၀ ကျပ် ၇ = ၇၀၀၀ ကျပ် ၉ = ၉၀၀၀ ကျပ်
၂ = ၂၀၀၀ ကျပ် ၄ = ၄၀၀၀ ကျပ် ၆ = ၆၀၀၀ ကျပ် ၈ = ၈၀၀၀ ကျပ်
ကံစမ်းမဲနံပါတ် ၁ မှ ၉ အထိ
Lucky No. များကိုမဲနှိုက်ခြင်းဖြင့် ဝယ်ယူသော Handset အပေါ်တွင်
Happy Discount ရရှိနိုင်မည့် Super Sunday @ လူကြီးမင်း-လသာ
အပါတ်စဉ် တနင်္ဂနွေနေ့ တစ်နေ့ဘဲ ရမှာနော် ....
ပျော်ရွှင်စွာ ကံစမ်းကြပါစို့....
၂၉.၁၂.၂၀၁၃ အထိသာ
အမှတ်(၁၄၈)၊ လသာလမ်း(အထက်)၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၃၈၈၇၃၉၊ ၀၉-၇၃၀၀၉၉၈၄၊ ၀၉-၅၀၂၂၂၂၅

# 2013 Hottest Social Media Sites

■ မေသဇင်

## 1. Tumblr

Tumblr ဆိုတာက Yahoo! ပိုင် Social Media Site တစ်ခုပါ။ သူ့မှာ Multimedia နဲ့ပတ်သက်သမျှတွေကို Blog အသေးစား တစ်ခုအနေနဲ့ တင်နိုင်ပြီး ကိုယ်ပိုင် Blog အဖြစ် သုံးနိုင်သလို အခြား User တွေအနေနဲ့ Follow လုပ်ပြီး တင်သမျှကို စောင့်ကြည့်နိုင်ပါတယ်။

## 2. Facebook

Facebook က Mark Zuckerberg တည်ထောင်ခဲ့တဲ့ Social Site ဖြစ်တယ်ဆိုတာ အားလုံးသိကြလိမ့်မယ်လို့ထင်ပါတယ်။ နေ့စဉ်ဖြစ်ပျက်သမျှ သတင်းတွေဖတ်နိုင်သလို သတင်းများ၊ ဓာတ်ပုံများကိုလည်း တစ်ဦးနဲ့တစ်ဦး မျှဝေနိုင်ပါတယ်။ သတင်း၊ ဓာတ်ပုံ၊ ဗီဒီယိုများတင်နိုင်သလို Comment တွေ Like တွေ လုပ်နိုင်ပါတယ်။




## 3. LinkedIn

LinkedIn က လက်ရှိမှာ အသုံးပြု ၂၅၉ သန်းရှိပြီး နိုင်ငံပေါင်း ၂၀၀ ကျော်မှာအသုံးပြုလျှက်ရှိတဲ့ Social Website တစ်ခုပါ။ အဆိုပါ Site မှာ ဘာသာပေါင်း ၂၀ ကို အထောက်အပံ့ပေးထားပြီး ကိုယ်ပိုင်အကောင့်ဖန်တီးကာ အသိပညာတွေ မျှဝေနိုင်သလို အချင်းချင်း ချိတ်ဆက်ပြောဆိုနိုင်ပါတယ်။

## 4. SoundCloud

ဂျာမနီ၊ ဘာလင်အခြေစိုက် Online Audio Platform တစ်ခုပါ။ တေးသီချင်းတွေကို Upload, Record, Promote လုပ်နိုင်သလို ကိုယ်ပိုင်ဖန်တီးထားတဲ့ Music တွေကိုလည်း Share လုပ်နိုင်ပါတယ်။ SoundCloud ဟာ ၂၀၁၁ ခုနှစ်မှာ Schroders Innovation Award ကိုရရှိထားတဲ့ Online Audio Site တစ်ခုလည်း ဖြစ်ပါတယ်။

## 5. Google +

Google+ ဆိုတာကတော့ Google ကနေ ထပ်ခွဲထုတ်လိုက်တဲ့ Social Site တစ်ခုဖြစ်ပါတယ်။ Facebook နောက်မှာလိုက်နေတဲ့ ဒုတိယအကြီးဆုံး Social Site လည်းဖြစ်ပါတယ်။ သူ့ရဲ့အထင်ရှားဆုံး Feature က မျက်နှာချင်းဆိုင် Video Chat တွေလုပ်နိုင်မယ့် "Hangout" feature ပါပဲ။ Google+ မှာ တစ်ပတ်ကို Photo Upload လုပ်သူ 1.5 billion အထိ ရှိနေပါတယ်။

## 6. Goodreads

Goodreads မှာတော့ ထင်ပေါ်ကျော်ကြားပြီး အောင်မြင်မှုရရှိနေတဲ့ books၄ annotations၄ reviews တွေကို အလွယ်တကူ ရှာဖွေပေးနိုင်ဖို့ ကူညီပေးပါတယ်။ ကိုယ်ပိုင် Group ဖွဲ့ပြီး စာအုပ်၊ စာပေနဲ့ပတ်သက်တဲ့ အကြံဉာဏ်တွေ၊ စိတ်ကူးစိတ်သန်းတွေကို မျှဝေနိုင်ပါတယ်။ လက်ရှိမှာ Member ဝင်ပေါင်း 20 million အထိ ရှိနေပါပြီ။

## 7. Wattpad

Wattpad မှာ ဆောင်းပါးတွေ၊ ကဗျာတွေ၊ ပုံပြင်တွေ၊ ဝတ္ထုတွေကို Post တင်နိုင်ပါတယ်။ တင်သမျှ Post တွေနဲ့ပတ်သက်ပြီး Like, Comment ပေးနိုင်သလို Group တွေနဲ့ချိတ်ဆက်ပြီး အကြံဉာဏ်တွေ မျှဝေနိုင်ပါတယ်။ eBook တွေကိုလည်း Download ရယူနိုင်ပါသေးတယ်။

## 8. Yelp

Yelp ကတော့ အွန်လိုင်းတည်နေရာလမ်းညွှန်နဲ့ စီးပွားရေး Review Site တစ်ခုဖြစ်ပါတယ်။ San Francisco အခြေစိုက်ဖြစ်ပြီး စိတ်ဝင်စားဖွယ် အစားအသောက်တွေ၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုတွေ၊ အလှအပဆိုင်ရာ ဝန်ဆောင်မှုတွေအကြောင်း ဖတ်ရှုရမှာဖြစ်ပါတယ်။ ဘာသာပေါင်းမျိုးစုံနဲ့ မြင်တွေ့နိုင်သလို Friend များရှာဖွေပြီးတော့လည်း Chat နိုင်ပါသေးတယ်။

Real People. Real Reviews.®




## 9. MocoSpace

MocoSpace ဆိုတာကတော့ မိုဘိုင်းဂိမ်းအဖွဲ့အစည်းတစ်ခုပဲ ဖြစ်ပါတယ်။ Mobile Social Network လို့လည်းအမည်ရပါသေးတယ်။ iPhone နှင့် Android ဂိမ်းများကို ရယူနိုင်ပြီး ပြိုင်ပွဲများပြုလုပ်၍လည်း ယှဉ်ပြိုင်ကစားနိုင်ပါတယ်။ သူငယ်ချင်းများ ရှာဖွေပြီး Message ပို့ခြင်း၊ Chatting ထိုင်ခြင်းများကိုလည်း ပြုလုပ်နိုင်ပါတယ်။ နာမည်ကျော် ဗီဒီယိုတေးသီးချင်းများကိုလည်း ကြည့်ရှုနိုင်ပါသေးတယ်။

## 10. DeviantART

ကိုယ်ပိုင်ဖန်တီးထားတဲ့ အနုပညာတွေကို ချပြနိုင်မယ့် Site လေးပါ။ Los Angeles, California မှာရှိတဲ့ Hollywood အခြေစိုက်ဖြစ်ပြီး ကိုယ်ပိုင်ဖန်တီး ရိုက်ကူးထားတဲ့ ဓာတ်ပုံ၊ ဗီဒီယိုများ၊ Animation များ၊ ပန်းချီ၊ ပန်းပု၊ စာပေများ၊ ကာတွန်းရုပ်ပြများ၊ ဒီဇိုင်းဖန်တီးမှုများ စသည်ဖြင့် အနုပညာရပ်ဆိုင်ရာ ဖန်တီးမှုများကို တင်ပြနိုင်တဲ့အပြင် နာမည်ကျော် လက်ရာများကိုလည်း လေ့လာနိုင်ခွင့်ရရှိမှာဖြစ်ပါတယ်။

# TIPS & TRICKS

■ မေသဇင်

## Android ဖုန်းတွေမှာ YouTube Video တွေကို ဘယ်လို Download ဆွဲမလဲ

YouTube ဆိုတာ နာမည်ကျော် Video Website ကြီး ဖြစ်တာကို အားလုံးသိကြမယ်လို့ ထင်ပါတယ်။ နိုင်ငံကျော် အဆိုတော်များရဲ့ နောက်ဆုံးထွက် တေးအယ်ဘမ်သီချင်းများ၊ ဗီဒီယိုဇာတ်ကားများ၊ ကာတွန်းစီးရီးများအပြင် ပြည်တွင်းအဆိုတော်များရဲ့တေးသီချင်း ဗီဒီယိုများကိုပါ အခမဲ့ ကြည့်ရှုနိုင်ပါတယ်။ သို့ပေမယ့် မိမိနှစ်သက်တဲ့ တေးသီချင်းတွေ သိမ်းဆည်းထားနိုင်ဖို့ အတွက်တော့ Download Link ပေးမထားပါဘူး။ ကွန်ပျူတာမှာဆိုရင် Internet Download Manager Software သုံးပြီး Download ဆွဲယူနိုင်ပေမယ့် ဖုန်းနဲ့ တက်ဘလက် တွေမှာတော့ အခက်အခဲ ဖြစ်လာပါပြီ။

YouTube မှာ ရှာဖွေထားတဲ့ ဗီဒီယိုတွေကိုဖုန်းနဲ့ တက်ဘလက်ကနေ တိုက်ရိုက် Download ဆွဲသိမ်းချင်တယ် ဆိုရင်တော့ App တစ်ခုကို အရင်ဆုံး Download ဆွဲပြီး Install လုပ်ထားရမှာ ဖြစ်ပါတယ်။ အရင်ဆုံး Download ဆွဲရမယ့် App က TubeMate App ပါ။ Download ဆွဲပြီးပြီဆိုရင်တော့ Install လုပ်လိုက်ပါ။ TubeMate App







ကနေတစ်ဆင့် YouTube ထဲ ဝင်ရောက်ကာ ကြိုက်နှစ်သက်တဲ့ ဗီဒီယိုတွေကို ကြည့်ရှုနိုင်မယ့်အပြင် တိုက်ရိုက်ဆွဲနိုင်ပါတယ်။ Download ဆွဲမယ်ဆိုရင် Video Format အမျိုးမျိုး၊ Resolution အမျိုးမျိုးနဲ့ Download ဆွဲနိုင်ပါတယ်။ ဒါ့အပြင် ရုပ်မပါတဲ့ MP3 အသံဖိုင်အနေနဲ့လည်း Download ဆွဲနိုင်ပါသေးတယ်။

Download ဆွဲတဲ့အခါ မြန်ဆန်မှုရရှိစေဖို့အတွက် Fast Download mode ရွေးချယ်ပေးပြီး Download နှုန်းကို နှစ်ဆတိုးမြှင့်တင်လို့ ရပါတယ်။ YouTube links တွေကိုလည်း သင့်သူငယ်ချင်းတွေဆီ တိုက်ရိုက် Share လုပ်နိုင်ပါသေးတယ်။

TubeMate App ရဲ့အားသာချက်တွေက တစ်ကြိမ်မှာ တစ်ခုထက်ပိုတဲ့ ဗီဒီယိုတွေကို တစ်ပြိုင်နက် Download ဆွဲနိုင်ခြင်းပါပဲ။ ဗီဒီယိုဖိုင်တွေကို Format အမျိုးမျိုးနဲ့ သိမ်းဆည်းနိုင်ပြီး ဗီဒီယိုဖိုင်ကို MP3 အသံဖိုင်အဖြစ် Download ဆွဲနိုင်ခြင်းက အားသာချက်တစ်ခုပါ။ Download ဆွဲနှုန်း မြန်ဆန်ပြီး Download Speed ကိုလည်း မြှင့်တင်သုံးနိုင်ပါသေးတယ်။




## Facebook ပေါ်က Video တွေကို အလွယ်တကူ Download ဆွဲကြမယ်

Video Wesite တွေထဲမှာ YouTube ပြီးရင် Facebook က ဒုတိယ နေရာမှာ လိုက်နေပါတယ်။ Facebook မှာ Video တွေကို Upload လုပ်ဖို့ ခွင့်ပြုလိုက်ပြီးတဲ့အခါမှာ မရေမတွက်နိုင်တဲ့ Video ဖိုင်တွေကို User အများစုက Upload လုပ်ခဲ့ကြပါတယ်။ အဲဒီနောက် Video ဖိုင်တင်မှု အများဆုံး၊ ကြည့်ရှုသူအများဆုံး စာရင်းထဲမှာ Facebook က ဒုတိယနေရာကို ရောက်ရှိလာသည်အထိ အောင်မြင်မှု ရရှိခဲ့ပါတယ်။

Facebook ပေါ်က Video ဖိုင်တွေကို Download လုပ်လို့ရမယ့် Link မပေးထားတော့ အခက်ကြုံခဲ့ရပါတယ်။ PC ပေါ်မှာ ဆိုရင် Down-load Software တွေသုံးပြီး Download ချလို့ရပေမယ့် ဖုန်းနဲ့ တက် ဘလက်မှာဆိုရင်တော့ Facebook ကို Download ဆွဲနိုင်မယ့် App တွေ များစွာ ရှိပါတယ်။ အဲဒီထဲမှာမှ Download Videos for Facebook ဆိုတဲ့ App အကြောင်း ဖော်ပြပေးမှာပါ။

Google Play Store မှာ Download Videos for Facebook ဆိုတဲ့ App ကို Download ဆွဲပြီး Install လုပ်လိုက်ပါ။ Facebook app ထဲသွားပြီး ကိုယ် Download လုပ်ချင်တဲ့ Video ကို Tag လုပ်လိုက်ပါ။ အဲဒီမှာ ရိုးရိုး Video Player ကို သွားမှာလား၊ Facebook Video Free ကို သွားမှာလားဆိုတာ ရွေးချယ်မှုနှစ်ခု ထွက်လာပါလိမ့်မယ်။ Download ဆွဲချင်တယ်ဆိုရင် အနီရောင် Icon နဲ့ Facebook Video Free ကိုရွေးပြီး အလွယ်တကူပဲ Download လုပ်နိုင်ပါတယ်။

Download ဆွဲချင်တဲ့ဖိုင်ကို Download မဆွဲခင် ကြိုက်နှစ်သက် ရာ အမည်ပေးနိုင်ပါတယ်။ Download ဆွဲထားတဲ့ ဖိုင်ကို File Manager ရဲ့ Movies ဖိုင်ထဲမှာ သွားရောက်ရှာဖွေနိုင်ပါတယ်။






## iPhone

| iPhone 5S (16GB) | iPhone 5S (32GB) | iPhone 5C (16GB) | iPhone 5 (32GB) |
|---|---|---|---|
| 835,000 Ks | 900,000 Ks | 645,000 Ks | 730,000 Ks |

## HTC

| HTC One | HTC Butterfly | HTC One X+ | HTC One X |
|---|---|---|---|
| 615,000 Ks | 520,000 Ks | 440,000 Ks | 408,000 Ks |
| **HTC One XL** | **HTC One V** | **HTC Desire X** | **HTC Desire VC** |
| 427,000 Ks | 185,000 Ks | 270,000 Ks | 213,000 Ks |

## Samsung

| Note 3 (N9005) | Note 2 | Galaxy S4 | Galaxy S4 Active |
|---|---|---|---|
| 685,000 Ks | 470,000 Ks | 560,000 Ks | 600,000 Ks |
| **Galaxy S4 Mini** | **Galaxy S3 (4G)** | **Galaxy S3 Mini** | **Galaxy S2** |
| 375,000 Ks | 438,000 Ks | 265,000 Ks | 320,000 Ks |
| **Galaxy S2 Plus** | **Galaxy Mega 6.3** | **Galaxy Mega 5.8** | **Galaxy Grand** |
| 280,000 Ks | 400,000 Ks | 340,000 Ks | 284,000 Ks |
| **Galaxy Grand G/C** | **Galaxy Express** | **Galaxy Core** | **Galaxy Win** |
| 302,000 Ks | 260,000 Ks | 237,000 Ks | 268,000 Ks |
| **Galaxy Fame** | **Galaxy S Advanced** | **Galaxy Trend** | **Galaxy Ace 3** |
| 162,000 Ks | 220,000 Ks | 153,000 Ks | 205,000 Ks |
| **Galaxy Ace 2** | **Galaxy Ace** | **Ace Advance** | **Galaxy Ace Plus** |
| 184,000 Ks | 146,000 Ks | 143,000 Ks | 160,000 Ks |
| **Galaxy Pocket** | **Galaxy Y** | **Galaxy Gio** | **Galaxy Mini 2** |
| 88,000 Ks | 90,000 Ks | 124,000 Ks | 114,000 Ks |

## LG

| LG 4X HD | LG GPro | Nexus | Optimus L9 |
|---|---|---|---|
| 349,000 Ks | 599,000 Ks | 399,000- Ks | 275,000- Ks |

## Sony

| Xperia Z1 | Xperia Z Ultra | Xperia Z | Xperia ZR |
|---|---|---|---|
| 649,000 Ks | 590,000 Ks | 460,000 Ks | 410,000 Ks |
| **Xperia T** | **Xperia TX** | **Xperia Arco S** | **Xperia SL** |
| 282,000 Ks | 302,000 Ks | 300,000 Ks | 298,000 Ks |
| **Xperia SP** | **Xperia L** | **Xperia S** | **Xperia V** |
| 298,000 Ks | 228,000 Ks | 290,000 Ks | 296,000 Ks |
| **Xperia M** | **Xperia P** | **Xperia Go** | **Xperia J** |
| 198,000 Ks | 235,000 Ks | 215,000 Ks | 173,000 Ks |

## Lenovo

| K900 | S920 | S820 | A390 |
|---|---|---|---|
| 399,000 Ks | 260,000 Ks | 270,000 Ks | 89,000 Ks |

## Huawei

| Huawei P6 | 610c (C/G) | 610s | 8813D (C/G) |
|---|---|---|---|
| 313,000 Ks | 160,000 Ks | 145,000 Ks | 132,000 Ks |
| **G700** | **G510** | **G525** | **Y511** |
| 220,000 Ks | 110,000 Ks | 150,000 Ks | 103,000 Ks |
| **YT210** | **YT210C (C/G)** | **YT220** | **Y320** |
| 61,000 Ks | 87,000 Ks | 52,000 Ks | 76,000 Ks |
| **Y310** | **Y300** | **Y300C (C/G)** | **Y500** |
| 67,000 Ks | 83,000 Ks | 95,000 Ks | 99,000 Ks |

## Nokia

| Lumina 620 | Lumina 820 | Lumina 920 | Lumina 625 |
|---|---|---|---|
| 225,000 Ks | 320,000 Ks | 580,000 Ks | 255,000 Ks |
| **N9** | **N808** | **ASHA 202** | **C2-02** |
| 425,000 Ks | 380,000 Ks | 65,000 Ks | 65,000 Ks |

Today's Mobile ဖုန်း-၀၉-၇၃၂၁၆၃၃(ပါရမီ)။ ၀၉-၇၃၂၁၆၂၂၂(လှိုင်သာယာ)။ AMT ဖုန်း - ၀၁-၂၉၉၉၀၁။ Orbit ဖုန်း - ၀၁-၃၈၅၈၀၈။ KMD ဖုန်း - ၀၁-၂၄၉၁၈၀

# TABLET CATALOGUE

## iPad Air



| | Wifi | 4G |
|---|---|---|
| 16 GB | 590 | 740 |
| 32 GB | 690 | 860 |
| 64 GB | 820 | 960 |

## iPad4



| | Wifi | 4G |
|---|---|---|
| 16 GB | 495 | 605 |
| 32 GB | 579 | 689 |
| 64 GB | 669 | 789 |

## iPad Mini



| | Wifi | 4G |
|---|---|---|
| 16 GB | 349 | 485 |
| 32 GB | 449 | 565 |
| 64 GB | 529 | 665 |

### ASUS MeMo Pad



Storage 8GB SSD
7" Capacitive
Touch Screen (1024x600)
Processor 1 GHz
RAM 1GB
Andriod 4.1.1. OS
Battery Life 4270 mAh
1.3 front camera, Wifi, USB 2.0
Price - 129,000Ks

### ASUS Fonepad



Storage 8GB SSD
7" Capacitive
Touch Screen (1280x800)
Processor 1.2 GHz
RAM 1 GB
Andriod 4.1.1 OS
Battery Life 4270 mAn
3MP Camera and 1.2 front Camera
Price - 209,000Ks

### ASUS nexus 7



Storage 32GB SSD
7" 10 Points IPS Capacitive
Touch Screen (1280x800)
Processor 1.2 GHz Quad Core
RAM 1GB
Andriod 4.1.1OS
Battery Life 4325 mAh
1.2 front Camera
Price - 219,000Ks

### SAMSUNG GALAXY NOTE 8



Storage 16GB SSD
8.0" TFT Capacitive
Touchscreen (1280x800)
Processor 1.6 GHz Quad Core
RAM 2 GB DDR2
Andriod 4.1.2 OS
Battery Life 4600 mAh
5MP Camera and 1.3MP front Camera
Price - 429,000Ks

### SAMSUNG GALAXY NOTE 10.1



Storage 16GB SSD
10.1" PLS LCD Capacitive
Touchscreen (1280x800)
Processor 1.4 GHz Quad Core
RAM 2 GB DDR2
Andriod 4.0.3 OS
Battery Life 7000 mAh
5MP Camera and 1.9MP front Camera
Price - 525,000Ks

### SAMSUNG GALAXY Tab3 (7")



Storage 16GB SSD
7.0" PLS LCD Capacitive
Touchscreen (1024x600)
Processor 1.2 GHz Core
RAM 1GB
Andriod 4.1.1 OS
Battery Life 4000 mAn
3.15MP Camera and 1.3MP front Camera
Price - 305,000Ks

### SAMSUNG GALAXY Tab3 (10.1")



Storage 16GB SSD
10.1" PLS LCD Capacitive
Touchscreen (1280x800)
Processor 1.6 GHz Dual Core
RAM 1GB
Andriod 4.2.2 OS
Battery Life 6800 mAh
3.15MP Camera and 1.3MP front camera
Price - 425,000Ks

### lenovo A 1000



Storage 4GB SSD
7"IPS LCD capacitive
Touch Screen (1024x600)
Processor 1.2 GHz Dual Core
RAM 1GB DDR2
Andriod 4.1.2 OS
Battery Life 3500 mAh
Bluetooth. Web Camera
Price - 129,000Ks

### lenovo A1010



Storage 16GBSSD
7"IPS LCD Capacitive
Touch Screen (1024x600)
Processor 1 GHz Dual Core
RAM 1GB
Andriod 4.1.1 OS
0.3MMP front Camera
Bluetooth , Web Camera, Card Reader
Price - 149,000Ks

### lenovo A2 ideaTab



Storage 16GB SSD
7" TFT Capacitivie
Touch Screen (1024x600)
Processsor 1 GHz Cortex A9
RAM 1GB DDR2
Andriod 4.0.3 OS
Battery Life 3550 mAh
3MP Camera, Bluetooth , Web Camera
Price - 159,000Ks

December 7, 2013

### lenovo A3000



Storage 4GB SSD
7" IPS LCD Capacitive
Touch Screen (1024x600)
Processor 1.2 GHz Quad Co
RAM 1GB
Andriod 4.2.1 OS
Battery Life 3500 mAh
5MP Camera and 0.3MP Front Camera
Price - 185,000Ks

### ONDA V818 mini



Storage 16GB SSD
7.9" 10 Points IPS Capacitibe
Touch Screen (1024x768)
Processor AllWinner A31S Quad Co
RAM 1GB DDR3
Andriod 4.1.1 OS
Battery Life 4000 mAh
5MP Camera & 0.3MP front Camera
Price - 139,000Ks

### ONDA V819 mini



Storage 16GB SSD
7.9" 5 Points IPS Capacitive
Touch Screen (1024x768)
Processor All Winner A31S Quad Core
RAM 1GB DDR3
Andriod 4.2 OS
Battery Life 4000 mAh
2MP Camera & 0.3 MP front Caemera
Price - 145,000Ks

### ONDA V801



Storage 8GB SSD
8" 5 Points IPS Capacitive
Touch Screen (1024x768)
Processor 1.5 GHz Dual Core A9
RAM 1GB DDR3
Andriod 4.0.3 OS
0.3MP front Camera
Card Reader , Web Camera
Price - 94,000Ks

### ONDA V971s



Storage 16GB SSD
9.7" 5 Points IPS Capacitive
Touch Screen (1024x768)
Processor All Winner A31s Qu
RAM 1GB
Andriod 4.2.2 OS
Battery Life 8000 mAh
2MP Camera & 2MP front Camera
Price - 139,000Ks

### Acer Aspire P3-171



11.6"
Core i3 -1.4GHz
60GB SSD
2GB RAM
Web cam, Wi Fi,
Cardreader,Bluetooth 4.0
Windows 8
Price - USD 792
Contact Ph : 01-218202

### Dell XPS 12



12.5"
Core i5
128GB SSD,8GB RAM
WiFi(N), G-LAN,
Bluetooth 4.0, Cardreader,
USB 3.0, HDMI
Windows 8
Price - USD 1,379

### Intel ECS TM 75A Tablet



7"
Intel Atom Z2460-1.6GHz
16GB, 1GB RAM
WiFi, mini HDMI port
Android 4.0.4
Price - 155,000Ks
Contact-01-240,110

### Huawei Media Pad (M10)



10"
16/32/64GB
2GB RAM
Wi-Fi, Bluetooth 3.0
micro USB
Android 4.0
Price - 355,000Ks

### Huawei Media Pad(M7)



7"
8GB, 1GB RAM
Wi-Fi, Bluetooth,
micro USB
Andorid 4.0.4
Price - 190,000Ks

ဖော်ပြပါဈေးနှုန်းအားလုံးမှာ အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

## နောက်ဆုံးပေါ် 3D ဂိမ်းတွေကို ဆော့ကစားနိုင်မယ့်

# ARCHOS 97b Titanium Tablet

▪ မေသဇင်



ARCHOS 97b Titanium တက်ဘလက်လေးက ပုံမှန်သုံးနေကျ တက်ဘလက်တွေထက် အသွင်အပြင်ဆန်းတဲ့ တက်ဘလက်မျိုးကို ပိုင်ဆိုင်လိုသူတွေအတွက် အသင့်လျော်ဆုံးဖြစ်မှာပါ။ Titanium ကို သုံးထားတဲ့အတွက်ကြောင့် ပေါ့ပါးမှု၊ ပါးလွှာမှု၊ စတိုင်ကျမှု အစွမ်းတွေကိုပိုင်ဆိုင်ထားပါတယ်။ သူ့ရဲ့အထူက 10.5 mm (0.41") နဲ့ အလေးချိန်က 650 g လောက်ပဲရှိတယ်။ ရုတ်တရက် ကြည့်လိုက်ရင် iPad နဲ့ဆင်သယောင်ရှိပြီး ပုံထွက် အရည်အသွေး အံ့မခန်းရှိတဲ့ တက်ဘလက်တစ်လုံးပါပဲ။ သူ့အကြောင်းကို နည်းနည်းစပ်စုကြည့်လိုက်ကြရအောင်။

### Super HD Resolution မျက်နှာပြင်

ဒီတက်ဘလက်လေးကို အဓိကနှစ်သက်မိတဲ့ အကြောင်းအရင်းက ကြီးမားတဲ့မျက်နှာပြင်နဲ့ လိုက်ဖက်စေတဲ့ ဒီဇိုင်းပုံစံကြောင့်ပါပဲ။ နောက်တစ်ချက်က Super HD Resolution မျက်နှာပြင်ကြောင့်လည်း ပိုပြီးနှစ်သက်သွားမိပါတယ်။ သူ့ရဲ့မျက်နှာပြင်က ၉.၇ လက်မ အရွယ်အစားရှိပါတယ်။ IPS မျက်နှာပြင်မျိုးကို သုံးပေးထားပြီး Super HD Resolution စွမ်းရည်တွေကိုပိုင်ဆိုင်ထားတယ်။ Resolution အရေအတွက်က 2048x 1536 pixels ရှိတာကြောင့် Super HD အရည်အသွေးရှိတဲ့မြင်ကွင်းတွေကို မြင်တွေ့ရတာပဲဖြစ်ပါတယ်။ Touch စွမ်းရည်ဘယ်လောက်မြင့်သလဲဆိုရင် လက်ချောင်း ၁၀ ချောင်းရဲ့ Touch ထိတွေ့မှုကိုတောင်မှ အလျှင်မြန်ဆုံး တုန့်ပြန်ပေး နိုင်စွမ်း ရှိနေတယ်။ မျက်နှာပြင်အရည်အသွေး အတွက်ကတော့ ပြောစရာမလိုအောင် ရှိနေပါတယ်။



### Android 4.1 Jelly Bean

ARCHOS 97b Titanium တက်ဘလက်မှာ Android 4.1 Jelly Bean ဗားရှင်းအမြင့်ကို သုံးပေးထားတာကို တွေ့ရပါတယ်။ ဒါကြောင့် ပိုပြီးချောမွတ်တဲ့ Interface Animation တွေ၊ voice စနစ်တွေကိုအသုံးပြုနိုင်သလို သတင်းအချက်အလက်တွေကို အချိန်နှင့်မှန် ဖော်ပြပေးမယ့် Google Now တို့ကိုလည်း မြင်တွေ့နိုင်မှာ ဖြစ်ပါတယ်။ Android OS သုံးစမတ်ဖုန်းတစ်လုံးဖြစ်တဲ့အတွက်ကြောင့်လည်း Google Play မှာ လိုအပ်တဲ့ Apps တွေကို အလွယ်တကူပဲ စိတ်ကြိုက် Download လုပ်နိုင်ပါတယ်။ Gmail, Google+ တွေအပြင် Google Drive ကိုလည်း Original ထည့်သွင်းပေးထားပါတယ်။ Office Document ဖိုင်တွေကို တက်ဘလက်အတွင်းကြည့်ရှုနိုင်စေဖို့ အတွက် OfficeSuite Viewer App ကိုလည်း Install လုပ်ပေးထားပါသေးတယ်။ Android ဗားရှင်းမြင့်တဲ့အတွက် Multi Task တွေကိုအချောမွတ်ဆုံးစွမ်းဆောင်ပေးနိုင်တာကတော့ ကျေးဇူးတင်စရာပါ။



| | |
|---|---|
| Price | : 245,000 Ks |
| Contact | : Phone Corner |
| Phone | : 01-527 594 |

### Powerful စွမ်းရည်

ARCHOS 97 Titanium HD မှာ 1.6 GHz Dual Core processor အပြင် ဂရပ်ဖစ်စွမ်းရည်အတွက် Quad Core graphics processor ကိုပါ ထပ်ပေါင်းထည့်ပေးထားတာ တွေ့ရပါတယ်။ Dual Core processor က Processing တွေအတွက် တာဝန်ထမ်းဆောင်ပေးမှာဖြစ်လို Quad Core graphics processor က နောက်ဆုံးထွက် 3D ဂိမ်းတွေကို ချောချောမွေ့မွေ့ Run နိုင်တဲ့ စွမ်းရည်တွေ ရှိနေပါတယ်။ RAM ပမာဏကတော့ 1GB အထိထည့်သွင်းပေးထားပါတယ်။ Data တွေသိမ်းဆည်းနိုင်ဖို့ 8GB ထည့်ပေးထားပြီးနောက် ကင်မရာ 5MP နဲ့ရှေ့ကင်မရာ 2MP တွေကိုလည်း တပ်ဆင်ပေးထားပါတယ်။ စပီကာနှစ်လုံး တပ်ဆင်ထားတာကြောင့် အားကောင်းတဲ့အသံအရည်အသွေးကို နားဆင်ခံစားနိုင်မှာပါ။ သူကတော့ WiFi only ပဲ အသုံးပြုနိုင်ပါတယ်။

### အဆင့်မြင့် Wireless နည်းပညာ

ဖျော်ဖြေရေး အစီအစဉ်တွေကို အခြား Device တွေနဲ့အလွယ်ကူ ဆုံးမျှဝေကြည့်ရှုနိုင်ဖို့ ARCHOS Media Center apps ကို ထည့်သွင်းပေးထားပါတယ်။ အဆိုပါ App က တက်ဘလက်ကို သင့်ရဲ့ PC (သို့) Mac Device တွေနဲ့ Network ကနေတစ်ဆင့် ချိတ်ဆက်နိုင်သလို သင့်ရဲ့ TV နဲ့ချိတ်ဆက် အသုံးပြုနိုင်ပါသေးတယ်။

### Onda V801 Tablet



Onda V801 က Quad - core Processor သုံးစွမ်းဆောင်ရည်မြင့် တက်ဘလက် တစ်လုံးဖြစ်ပါတယ်။ သူ့မှာ ဘေးပတ်လည်ဘောင်ကို အလူမီနီယံနဲ့ ထိန်းကွပ်ပေးထားတာကြောင့် အကြမ်းခံနိုင်တဲ့ တက်ဘလက်အမျိုးအစားပါပဲ။ ၈ လက်မ အရွယ်အစားရှိပြီး 1024x768 Resolution နဲ့ HD မျက်နှာပြင်အမျိုးအစားကို သုံးပေးထားပါတယ်။ Android 4.1.1 ဗားရှင်းအမြင့်ကိုသုံးပေးထားပြီး RAM ပမာဏက 2GB DDR3 အထိ သုံးပေးထားခြင်းက စိတ်ကျေနပ်စရာပါ။ 8 Core Power GPU ကြောင့်လည်း ဂရပ်ဖစ်စွမ်းရည်မြင့်တဲ့မြင်ကွင်းတွေကိုမြင်တွေ့နိုင်မှာ မလွဲပါဘူး။ အရှေ့ဘက်မှာတော့ 0.3MP ကင်မရာ တစ်လုံးကိုပဲ တပ်ဆင်ပေးထားတာ ဖြစ်ပါတယ်။ Storage အတွက် 16GB အထိ ထည့်သွင်းပေးထားပါတယ်။ Onda V801 ရဲ့ဈေးနှုန်းက ၉၄,၀၀၀ ကျပ်ဝန်းကျင်ခန့်ဖြစ်ပြီး ဖုန်း ၀၁ - ၃၉၈၄၃၆ ကို ဆက်သွယ် ဝယ်ယူနိုင်ပါတယ်။

### Lenovo IdeaTab S6000



ဂိမ်းတွေကို အားပါတရ ဆော့ကစားမယ်ဆိုရင် အသင့်လျော်ဆုံးဖြစ်မယ့် တက်ဘလက်လေးပါပဲ။ 1 GB RAM, Quad-core 1.2 GHz Processor နဲ့ PowerVR GPU တွေကြောင့် ဂရပ်ဖစ်မြင့်တဲ့ဂိမ်းတွေကို အချောမွေ့ဆုံး ဆော့ကစားနိုင်မယ်ဆိုတာ ငြင်းလို့မရနိုင်ပါဘူး။ Android OS, v4.2 (Jelly Bean) အထိထည့်ပေးထားပါတယ်။ သူကတော့ 10.1 လက်မအရွယ်အစားရှိပါတယ်။ အရွယ်စားကြီးကြီး တက်ဘလက်တွေကို ပိုင်ဆိုင်လိုသူတွေအတွက် စိတ်ကြိုက်ဖြစ်စေမှာပါ။ IPS LCD မျက်နှာပြင်ကြောင့်လည်း ပုံထွက်အရည်အသွေးက ထိပ်တန်းမှာရှိနေပါတယ်။ နောက်ကင်မရာအရည်အသွေးကို 5MP အထိထည့်ပေး ထားပြီး အရှေ့ဘက်မှာတော့ VGA ကင်မရာတစ်လုံး ကို တပ်ဆင်ပေး ထားပါသေးတယ်။ GSM နဲ့ WCDMA Network တွေကို ချိတ်ဆက် သုံးနိုင်မှာဖြစ်ပါတယ်။ ၂၉၉,၀၀၀ ကျပ်ဝန်းကျင်ဖြင့် ဖုန်း ၀၁ - ၃၇၃၀၂၆ ကို စုံစမ်းဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။







# Canon ရဲ့ Entry Level DSLR ကင်မရာသစ် EOS 700D

■ Cyra

လွန်ခဲ့တဲ့ ၁၀ နှစ်က ထုတ်လုပ်ရောင်းချခဲ့တဲ့ Canon ရဲ့ Entry Level DSLR ကင်မရာအမျိုးအစား EOS 300D ကို မှတ်မိသိရှိကြဦးမလား? 300D ကနေအစပြုလို့ 350D, 400D ဆိုပြီး တစ်နှစ်ကို မော်လ်ဒယ်သစ်တစ်မျိုးအဖြစ် အဆင့်မြှင့်တင်ပြောင်းလဲထုတ်လုပ်လာခဲ့တာ အခုဆိုရင် 700D ဆိုတဲ့ နာမည်နဲ့ ကင်မရာသစ်ဖြစ်လာခဲ့ပါပြီ ။ ဂျပန်ပြည်တွင်းအတွက် တင်ပို့ရောင်းချတဲ့ နေရာမှာ Kiss X7i လို့ ခေါ်တွင်ပြီး အမေရိကားကို Rebel T5i ဆိုတဲ့အမည်နဲ့ ဈေးကွက်တင်ထားတဲ့ ဒီကင်မရာကို တခြားကမ္ဘာ့အရပ်ရပ်မှာတော့ EOS 700D လို့ပဲ လူသိများပါတယ် ။ ယခင်ရှေ့က ထုတ်လုပ်ထွက်ရှိထားခဲ့တဲ့ EOS 650D ကို အဆင့်မြှင့်တင်ထားတဲ့ ကင်မရာပါလို့တော့ မပြောချင်ပြောချင်နဲ့ ပြောရပါမယ်။ ဒီ 700D ထွက်ပေါ်လာတုန်းက ကင်မရာလောက မေးခွန်းထုတ်စရာတွေ ဖြစ်ခဲ့ပါတယ် ။ Canon ရဲ့ EOS 650D နဲ့ ထပ်တူညီနီးပါး Specification ပါဝင်တဲ့ ဒီ 700D ကို ဘယ်လို ရည်ရွယ်ချက်နဲ့ ထုတ်လုပ်ရောင်းချခဲ့ပါသလဲဆိုတဲ့မေးခွန်းပါ။ ဒါပေမယ့် ဒီမေးခွန်းဟာ 700D ထွက်မှမေးလာကြတဲ့ မေးခွန်းတော့ မဟုတ်ပါဘူး၊ 600D နောက်ပိုင်း 650D ထွက်တုန်းကလည်း ဒီလိုမေးခွန်းတွေ ရှိခဲ့ဖူးပါတယ်။ မရှိရှိတဲ့ကွာခြားချက်များကို ဖြစ်ညှစ်ပြီး ရှာကျန်ပြောရမယ်ဆိုရင် ၃၆၀ ဒီဂရီ လှည့်ပတ်ပြောင်းရွှေ့ချိန်ညှိလို့ရတဲ့ Mode Dial အသစ်ပါဝင်လာခြင်း၊ Live View နဲ့ ရိုက်ကူးနေစဉ်မှာ Creative Filter များနဲ့ တွဲဖက်လို့ ဖမ်းယူရရှိမယ့် ပုံရိပ်မြင်ကွင်းကိုဖော်ပြနိုင်မှု နဲ့ EOS 60D ရဲ့ ကိုယ်ထည်မှာ သုတ်လိမ်းထားတဲ့ အကြမ်းခံမှု အထောက်အကူပြု Coating ပါဝင်လာခြင်းတို့လောက်ပဲ ကွာခြားပါတယ်။ EOS 700D ကို ထုတ်လုပ်ရောင်းချမှုဟာ သိပ်ပြီးတော့ စိတ်ဝင်စားဖို့ မကောင်းပေမယ့် ကင်မရာကို စင်တင်ပွဲထုတ်တုန်းက တွဲဖက်ရောင်းချပေးမယ့် Kit Lens အသစ်ကတော့ ထူးခြားမှုရှိပါတယ်။ Canon ရဲ့ နာမည်ကျော် မှန်ဘီလူး နည်းပညာ တစ်မျိုးဖြစ်တဲ့ STM (Stepping Motor) Technology ကို အသုံးပြုထားတဲ့ EF-S 18-55mm မှန်ဘီလူး Version အသစ်ကိုပါ ပွဲထုတ်ခဲ့ပါတယ် ။ ဒီ STM နည်းပညာအကြောင်း အတိုချုပ်ပြောရရင် Autofocus ဖြတ်တဲ့အခါမှာ တိတ်ဆိတ်ငြိမ်သက်စွာ ချောချောမွေ့မွေ့ အလုပ်လုပ်ပြီး Live View နဲ့ Video ရိုက်ကူးနေစဉ်မှာ Continuous Autofocus ဖြတ်ပေးနိုင်အောင် စွမ်းဆောင်နိုင်ပါတယ် ။ Canon က သူ့ရဲ့နောက်ထွက် DSLR ကင်မရာများကို ဗီဒီယိုရိုက်ကူးရေးဘက်မှာ ဖောင်းပေးထားသလို မှန်ဘီလူးတွေကိုလည်း ရိုက်ကူးရေးအတွက် အဆင့်မြှင့်တင်လိုက်ခြင်းဖြစ်ပါတယ် ။

## Price

Canon USA Store မှာရောင်းဈေး ဒေါ်လာ ၈၅၀ နဲ့ တင်ရောင်းထားပါတယ်၊ Kit Lens တစ်လုံးပါဝင်မှာ ဖြစ်ပြီးတော့ ဒီဈေးနှုန်းက 650D ရဲ့ ဈေးထက် အနည်းငယ်များနေတယ်ဆိုပေမယ့် ကင်မရာနှစ်လုံးက ဘာမှမကွာဘူးဆိုတဲ့အချက်ကြောင့် စိတ်ထဲဝေခွဲမရတော့ဖြစ်စေမှာပါ။

## Resolution

Canon အနေနဲ့ သူ့ရဲ့ ကင်မရာ တော်တော်များများကို 18.0 MP နဲ့ ပဲထုတ်လာတာကို သတိထားမိတာ ကြာပါပြီ၊ Canon အနေနဲ့ Resolution ဘက်မှာ နည်းပညာ ထွန်းကားတာကို သိပြီး ဖြစ်ကြသလို ကပ်စေးနည်းတာကိုလည်း လူတိုင်းလက်ခံရပါတော့မယ် ။ လက်ခံပေးလို့ ရတဲ့ အနေအထားမျိုးနဲ့ ဆိုပေမယ့် 20 MP အထက်တော့ ပါဝင်လာ သင့်ပြီလို့ ယူဆပါတယ် ။

## Video

ဗီဒီယိုရိုက်ကူးရေးဘက်ကိုအသားပေးထားတဲ့ ကင်မရာတစ်လုံးလို့ မစွပ်စွဲတော့ပါဘူး၊ ပေါ်တင်ကြီး ဖြစ်နေလို့ပါပဲ ။ ဗီဒီယို ရိုက်ကူးရေးဘက်မှာသာ အဆင့်မြှင့်တင်မှုတွေ ပြုလုပ်ထားသလို ယခင် 650D မှာတုန်းက ပြဿနာပေါ်ခဲ့တဲ့ Video ရိုက်ကူးနေစဉ် Autofocus ဖြတ်ယူဖို့ ခဲယဉ်းတဲ့ ပြဿနာကိုလည်း တတ်နိုင်သလောက် ဖြေလျှော့ပေးထားပါတယ် ။

## Processor

တခြားပြိုင်ဘက် ကုမ္ပဏီတွေ အနေနဲ့ တီထွင်ဖန်တီးထားသမျှ နောက်ဆုံးပေါ်နည်းပညာများကို ကင်မရာအသစ်တွေမှာ ရက်ရက်ရောရော ထည့်ပေးနေချိန် ယခုလိုလိုလာမှာ... 

ISO

ရုပ်ငြိမ်ဓါတ်ပုံမှာ ISO 12800 လောက်နဲ့ ရုပ်ရှင် ဗီဒီယိုရိုက်ကူးရေးမှာ ISO 6400 လောက်ရရှိနိုင်တယ်ဆိုတာက စံချိန်တင်တော့ မဟုတ်ပေမယ့် Canon ရဲ့ Low - Light စွမ်းဆောင်ရည်က ကမ္ဘာမှာ နာမည်ကျော်ပါတယ် ။

## LCD

ထုံးစံအတိုင်း 3.0 inch နဲ့ပဲ ဆိုပေမယ့် အထက်အောက် ဘေးဘယ်ညာ လိုသလို အရွှေ့အပြောင်းလုပ်လို့ ရတဲ့ Pivot အမျိုးအစား LCD နဲ့ ဆိုတော့ လူကြိုက်များကြဦးမှာ သေချာပါတယ် ။ ယနေ့ခေတ်ပေါ် ကင်မရာတွေမှာ မပါမဖြစ်လို့ သတ်မှတ်ရမယ့် Features ကောင်း တစ်ခုကိုတော့ Canon အနေနဲ့ ထည့်သွင်းပေးဖို့ မမေ့ပါဘူး ။ ဒီအချက်ကလည်း Canon ရဲ့ Mid-Range နဲ့ Entry Level ကင်မရာများ အပြင် G - Series Compact ကင်မရာများကိုပါ အောင်မြင်ထင်ရှားစေတဲ့ အချက်ဖြစ်ပါတယ် ။

## Weight & Dimesion

ကိုယ်ထည်က 650D နဲ့ အတူတူပဲဖြစ်ပေမယ့် Canon ကင်မရာများထဲမှာတော့ အသေးငယ်ဆုံးကင်မရာမဟုတ်ပါဘူး ။ သူ့ထက်သေးငယ်တဲ့ 100D ရှိနေပါတယ် ။ ကင်မရာကိုယ်ထည်က ပေါ့ပါးသလို တွဲဖက်ပါဝင်တဲ့ Kit Lens ကလည်း အလေးချိန် နည်းပါတယ် ။

**TSJ's Comment**

ကင်မရာကို အခုမှ စကိုင်မယ့် သူတွေအတွက် ဝယ်ဖို့ ထည့်စဉ်းစားရမယ့် ကင်မရာပါ။






# နိုင်ငံတကာ ဆုရဓာတ်ပုံများနှင့် ကျွန်တော် (၃၁)

■ ကျော်ကျော်ဝင်း

ကရင်ပြည်နယ်ဘက်ကို အကြိမ်ကြိမ်ရောက်ခဲ့ဖူးပါတယ်။ ရောက်ခဲ့တဲ့ အကြိမ်တိုင်းမှာလည်း အောင်မြင်မှုတွေ တစ်ခုမဟုတ်တစ်ခုတော့ ရခဲ့တာချည်းပါပဲ။ ဟိုတုန်းကတော့ ကရင်ပြည်နယ်ဘက်ကို တစ်ခေါက်တစ်ခါရောက်ဖို့ ကျွန်တော့်အတွက် သိပ်ပြီးတော့ မလွယ်ကူခဲ့တာ အမှန်ပါ။ ကရင်ပြည်နယ်ဘက်ကို ဒုတိယအကြိမ်ရောက်ခဲ့ရတာကတော့ ကျွန်တော့်သူငယ်ချင်း ကိုကျော်သာ (ဟိုက်ချင်း)ရဲ့ ကောင်းမှုကြောင့်ပါ။ ကိုကျော်သာက ကျွန်တော့်ရဲ့ဓာတ်ပုံဝါသနာကို ဖေးမကူညီမှု အများကြီးပေးခဲ့သူတွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်ပါတယ်။

အဲဒီတုန်းက မြန်မာနိုင်ငံဓာတ်ပုံအသင်းရဲ့လစဉ် Outdoor ခရီးစဉ်အဖြစ် ကျိုက်ထီးရိုးကို သွားခဲ့ကြတာပါ။ ကိုကျော်သာကလည်း ဓာတ်ပုံပြိုင်ပွဲတွေကို စိတ်ရောကိုယ်ပါ အားတက်သရောပြိုင်နေချိန် ဆိုတော့ ဓာတ်ပုံအသင်းရဲ့ခရီးစဉ်တွေကို လက်လွှတ်ခံလေ့ရှိသူမဟုတ်ပါဘူး။ ကျွန်တော်လည်းအတူတူပါပဲ။ ဓာတ်ပုံအသင်းရဲ့ ကျိုက်ထီးရိုးခရီးစဉ်အပြန်လမ်းမှာ ကရင်ပြည်နယ်ဘက်ကိုဆက်သွားကြဖို့ကျွန်တော်တို့တိုင်ပင်ထားကြပါတယ်။ ဓာတ်ပုံအသင်းရဲ့အပြန်ခရီးမှာတော့ ကျွန်တော်တို့နှစ်ယောက် သထုံမှာ ဆင်းပြီး နေခဲ့ကြပါတယ်။ သထုံကနေ လိုင်းကားကြုံစီးပြီးတော့ ကရင်ပြည်နယ် ခရီးစဉ်ကို စတင်ခဲ့ကြတာပါ။ ကရင်ပြည်နယ်မှာတော့ လေးဘီးကားလေး တစ်စီးငှားပြီးတော့ ဓာတ်ပုံတော့ လျှောက်ရိုက်ဖြစ်ခဲ့ကြပါတယ်။

ကိုကျော်သက်ရော၊ ကျွန်တော်ပါ ဘားအံဖက်ကို အရင်ဆုံးရောက်ဖူးကြတာမဟုတ်ပေမယ့်လည်း သိပ်ပြီးတော့ ကျွမ်းကျွမ်းကျင်ကျင် နံ့နံ့စပ်စပ်တော့ မရှိကြပါဘူး။ လေးဘီးကားမောင်းတဲ့သူ လိုက်ပို့သမျှ လေးဘီးကားမောင်းလို့ရတဲ့ နေရာတွေမှန်သမျှ လျှောက်သွားကြပါတယ်။ လမ်းမှာတွေ့သမျှ ကောင်းမယ်ထင်တာမှန်သမျှတွေကိုလည်း ဆင်းပြီးတော့ ရိုက်ယူကြပါတယ်။ ကားသမားကလည်း သူသိသမျှတွေကို လိုက်ပြီးပို့ပေးပါတယ်။ အဲဒီအထဲမှာ ကရင်ပြည်နယ်ရဲ့နာမည်ကျော် ဆန္ဒန်လိုဏ်ဂူလည်းပါ,ပါတယ်။ အရင်တုန်းက တခြားဓာတ်ပုံပညာရှင်တွေ ရိုက်ခဲ့ကြတဲ့ ဓာတ်ပုံပြိုင်ပွဲတွေမှာ ဆုရခဲ့တဲ့ ဓာတ်ပုံကောင်းတွေကိုတော့ တွေ့ဖူး၊ မြင်ဖူးခဲ့ပါတယ်။

ဆန္ဒန်လိုဏ်ဂူက လိုဏ်ဂူအပေါက်ဝင်ပေါက်နှစ်ခုတောင်ရှိပါတယ်။ အရှေ့ဘက်တောင်နံရံကမ်းပါးမှာ ဝင်ပေါက်တစ်ခုရှိပြီး အနောက်ဘက်ခြမ်း တောင်နံရံမှာလည်း ဂူပေါက်တစ်ခုရှိနေပါသေးတယ်။ လိုဏ်ဂူထဲမှာလည်း နောက်ထပ်အပေါက်တစ်ခုရှိပါသေးတယ်။ အရှေ့ဘက်လိုဏ်ဂူပေါက်ကတော့ အဓိကဝင်ပေါက်ပါပဲ။ ဆန္ဒန်လိုဏ်ဂူက ကျောက်တောင်ကိုဖောက်ပြီး သဘာဝအတိုင်း ဖြစ်နေတဲ့ ထုံးကျောက် လိုဏ်ဂူကြီးပါ။ အရှေ့ဘက်ဝင်ပေါက်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိပါတယ်။ နောက်ပြီး ဘုရားဆင်းတုတောင်တွေ၊ စေတီတော်တွေ၊ နံရံကပ် အုတ်ခွက်ဘုရားဆင်းတုတော်လေးတွေ၊ သဘာဝကျောက်စက်ပန်းဆွဲတွေ၊ ကျောက်စက်မိုးမျှော်တွေလည်း ဘာတွေကိုဘယ်လိုရိုက်ရမယ်မှန်းတော့ မသိခဲ့ပါဘူး။ မြင်မြင်သမျှတွေလျှောက်ရိုက်ခဲ့ပေမယ့်လည်း စိတ်တိုင်းကျလောက်တဲ့ ဓာတ်ပုံမျိုး တစ်ပုံမှမရခဲ့ပါဘူး။

တကယ်တော့ မြင်သမျှ တွေ့သမျှ လျှောက်ရိုက်တိုင်းလည်း ဓာတ်ပုံဖြစ်တာမဟုတ်ပါဘူး။ ကိုယ့်မှာ အမြင်ရှိဖို့၊ ဓာတ်ပုံရိုက်တဲ့အလေ့အကျင့်တွေ၊ အတွေ့အကြုံကောင်းတွေရှိဖို့လည်း လိုပါသေးတယ်။ အဲဒီအချိန်တုန်းက တကယ့်ကို မမြင်တတ်ခဲ့ပါဘူး။ မရိုက်တတ်ခဲ့ပါဘူး။ နောက်ပိုင်း ဓာတ်ပုံတွေရိုက်တဲ့အလေ့အကျင့် အတွေ့အကြုံတွေများလာပြီး ဘားအံဘက်ကိုအထပ်ထပ်အခါခါရောက်ဖြစ်တော့မှ အရှေ့ဘက်အဝင်လိုဏ်ဂူပေါက်မှာ ဓာတ်ပုံကောင်းတွေ ရိုက်လို့ကို မကုန်နိုင်တော့ပါဘူး။

ဆန္ဒန်လိုဏ်ဂူရဲ့ အခြားတစ်ဖက်ဖြစ်တဲ့ အနောက်ဘက် ဂူပေါက်မှာတော့ ဂူမျက်နှာကျက်မှာ တောင်နံရံပြိုကျပြီး ဖြစ်နေတဲ့ အပေါက်တစ်ခုရှိနေပါတယ်။ လိုဏ်ဂူရဲ့အရှေ့ဘက်ဝင်ပေါက်ကနေ အနောက်ဘက်ဂူပေါက်ကို ရောက်အောင် လိုဏ်ဂူအမှောင်ထဲကို ဖြတ်ပြီး မိနစ် ၂၀/၃၀လောက်သွားရပါတယ်။ အခုချိန်မှာတော့ လိုဏ်ဂူက လမ်းတစ်လျှောက်မှာ လျှပ်စစ်မီးသွယ်တန်းထားပါတယ်။ ဘုရားဖူးခရီးသည်တွေ အလာများတဲ့အခါ မီးစက်မောင်းပြီး မီးထွန်းပေးပါတယ်။ ကျွန်တော်နဲ့ကိုကျော်သာတို့ရောက်တဲ့အချိန်တုန်းကတော့ မီးစက်မရှိသေးပါဘူး။ ကျွန်တော်တို့နှစ်ယောက်မှာလက်နှိပ်ဓာတ်မီးတွေလည်းပါမလာခဲ့ကြပါဘူး။ ဒါပေမယ့်လည်း အရမ်းသွားချင်နေကြ တော့ ဖယောင်းတိုင်ထွန်းပြီး သွားခဲ့ကြပါတယ်။

ကျွန်တော်တို့အတွက် လမ်းပြလည်းရအောင် လိုအပ်ရင် ဓာတ်ပုံတွေလည်းရိုက်လို့ရအောင် ဂူပေါက်ဝ ဘုန်းကြီးကျောင်းကနေ ကိုရင်လေးတစ်ပါးကို ပင့်ခဲ့ကြပါတယ်။ လုံးဝကို ပိန်းနေအောင် မှောင်တဲ့လိုဏ်ဂူထဲမှာ ဖယောင်းတိုင်မီးနဲ့ သွားနေကြရတာ သိပ်ပြီးတော့ အဆင်မပြေလှပါဘူး။ လိုဏ်ဂူထဲမှာက ရေအေးတွေ၊ ရေညှိတွေနဲ့ စိုစွတ်ချောမောနေတဲ့အပြင် အတက်အဆင်း၊ အကွေ့အကောက်တွေ လည်းရှိနေပါသေးတယ်။ ကျွန်တော်တို့နှစ်ယောက်မှာ ကင်မရာအိတ်ကြီးတွေကို လွယ်ထားကြရတဲ့အပြင် ဖယောင်းတိုင်မီးငြိမ်းမသွားအောင်လည်း ဂရုစိုက်နေရပါသေးတယ်။ ကိုကျော်သာဆိုရင် လိုဏ်ဂူထဲမှာ နှစ်ခါလောက် ချော်လဲခဲ့ပါတယ်။

တစ်ဖက်ဂူပေါက်ကို ရောက်သွားတော့ လှပတဲ့ ကျောက်စက်မိုးမျှော်ကြီးတစ်ခု ထီးထီးမားမားရှိနေတာကို တွေ့ကြရပါတယ်။ အဲဒီကျောက်စက်မိုးမျှော်တိုင်ကြီးရဲ့ ထိပ်မှာတော့ စေတီငယ်တစ်ခုတည်ထားကြပါတယ်။ အနီးပတ်ဝန်းကျင်မှာတော့ နံရံမျက်နှာကျက်ဂူအမိုးပြိုကျထားတဲ့ကျောက်တုံးတွေ၊ အစီအရီရှိနေပါတယ်။ ဒီနေရာလေးတစ်ခုပါပဲ။ ဓာတ်ပုံဆုကြီးတွေရခဲ့ကြတဲ့ နေရာလေးပါ။ ကျွန်တော်တို့နှစ်ယောက်အတွက် ကံကောင်းသွားစေတာကတော့ ကျောက်စက်မိုးမျှော်တိုင်ကြီးနဲ့ကျောက်တုံးပေါ်တွေမှာ ရေညှိတွေရှိနေပြီး အားလုံးစိမ်းစိုနေခဲ့တာပါပဲ။ ဒီလို ရေညှိစိမ်းစိမ်းလေးတွေပေါက်ပြီးစိမ်းစိုနေတာကိုက ကျွန်တော်တို့ရဲ့ဓာတ်ပုံတွေထဲမှာဂုဏ်ပြီးတော့ ဆွဲဆောင်မှုရှိသွားစေတာပါ။

ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက် ရောက်သွားခဲ့ကြတဲ့အချိန်က စောနေပါသေးတယ်။ မျက်နှာကျက်ဂူပေါက်ကနေ လိုဏ်ဂူထဲကိုအလင်းရောင်မကျသေးပါဘူး။ ကျောက်တောင်ရဲ့အနောက်ဘက်ခြမ်းဖြစ်နေတော့ ညနေဘက်မှ နေအလင်းရောင်က လိုဏ်ဂူထဲဝင်လာမှာပါ။ နောက်ပြီးတော့ ဒီလိုဂူပေါက်ဝလေးကနေ လိုဏ်ဂူထဲကို နေအလင်းရောင်တိုက်ရိုက်ကျလာဖို့ဆိုရင် နေရဲ့လမ်းကြောင်းနဲ့ လိုဏ်ဂူပေါက်ဝကို ဝင်ဖို့လည်းလိုပါသေးတယ်။ ကျွန်တော်တို့နှစ်ယောက်ရောက်ခဲ့ကြတဲ့အချိန်ကတော့ ကံကောင်းတိုက်ဆိုင်စွာနဲ့ပဲနေက လိုဏ်ဂူပေါက်ကနေ လိုဏ်ဂူထဲကို အလင်းရောင်တိုက်ရိုက်ကျလာအောင်ကတော့ စောင့်ကြရဦးမှာပါ။

ကျွန်တော်တို့နှစ်ယောက်က ဓာတ်ပုံသမားတွေဆိုတော့ ဘယ်လောက်ပဲစောင့်ရစောင့်ရ စောင့်နေနိုင်ကြပါတယ်။ ဒါပေမယ့် အဖော်လိုက်လာပေးတဲ့ ကိုရင်လေးကတော့ အချိန်ကြာလာတာနဲ့အမျှ စိတ်မရှည်နိုင်တော့ပါဘူး။ ပြန်ချင်နေပါပြီ။ ကိုရင်လေးကို မပြန်ဖို့ ကူညီဖို့ကို အထပ်ထပ်အခါခါ တောင်းပန်နေရပါတယ်။ နောက်ဆုံးတော့ လိုဏ်ဂူထဲကို နေအလင်းရောင်တိုက်ရိုက်ကြတဲ့အချိန်ကို ရောက်လာပါတယ်။ ကိုရင်လေးကို အလင်းရောင်ရှိတဲ့ နေရာလေးမှာ ထားပြီးဓာတ်ပုံတွေရိုက်ယူကြပါတယ်။ ဒါပေမယ့်လည်း ဓာတ်ပုံတွေ ၃၊၄ ပုံလောက်ရိုက်ပြီးချိန်မှာတော့ ကိုရင်လေးက ကျွန်တော်တို့နှစ်ယောက်ကိုထားပြီး ပြန်သွားပါတယ်။ ကျွန်တော်တို့ နှစ်ယောက်လည်း ရိုက်ပြီးသမျှ ကျေနပ်လိုက်ကြရပါတယ်။

တကယ်တော့ ခရီးသွားဓာတ်ပုံသမားတစ်ယောက်ဖြစ်ချင်တယ်ဆိုရင် ပြောတတ် ဆိုတတ်၊ ပေါင်းသင်းဆက်ဆံတတ်ဖို့လည်း လိုအပ်ပါတယ်။ ကာလဒေသကို လိုက်ပြီးတော့ လိုက်လျောညီထွေနေတတ်ဖို့လည်း လိုပါသေးတယ်။ ဒါမှသာ ခရီးတွေသွားတဲ့အခါ လူအများနဲ့ ထိတွေ့ဆက်ဆံကြရတဲ့အခါ အဆင်ပြေအောင်မြင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ရိုက်ယူခဲ့ကြတဲ့ ဆန္ဒန်လိုဏ်ဂူထဲမှာ ကိုရင်လေးတစ်ပါး ထီးဆောင်းပြီး ရပ်နေတဲ့ပုံမျိုးက မြန်မာတွေအတွက်တော့ ရိုးစင်းလွန်းပါတယ်။ ပြည်တွင်း ဓာတ်ပုံပြိုင်ပွဲတွေမှာလည်း တခြားဓာတ်ပုံတွေကို ကျော်အောင်မတိုးနိုင်၊ မယှဉ်နိုင်တော့ပါဘူး။ ဒါကြောင့်လည်း ပြည်တွင်းပြိုင်ပွဲတွေမှာ ဘာဆုမှကိုမရခဲ့ပါဘူး။ ဒါပေမယ့် နိုင်ငံတကာမှာ အထူးသဖြင့် အနောက်နိုင်ငံတွေမှာတော့ ဒါကထူးခြားပြီး ဆွဲဆောင်မှုအပြည့်ရှိနေပါတယ်။ ကျွန်တော် အမိုင်အမာ ပြောရဲပါတယ်။

ဒါကြောင့်လည်း ဒီဓာတ်ပုံက အမေရိကန်နိုင်ငံရဲ့ ကမ္ဘာကျော်ဓာတ်ပုံမဂ္ဂဇင်း Popular Photography ကပြုလုပ်တဲ့နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲမှာ ပထမဆုရခဲ့ပါတယ်။ မဂ္ဂဇင်းထဲမှာလည်း စာမျက်နှာ (၂)မျက်နှာအပြည့် ဖော်ပြခံခဲ့ရပါတယ်။



## First Prize in Popular Photography Magazine U.S.A, Your Best Shot Photo Contest 2008

| | | |
|---|---|---|
| Camera | - | Nikon D70 |
| Lens | - | Nikkor 18~70mm DX |
| I.S.O | - | 200 |
| Exposure | - | 1/60 sec at f/5.6 |

“ တကယ်တော့ ခရီးသွားဓာတ်ပုံသမား တစ်ယောက်ဖြစ်ချင်တယ်ဆိုရင် ပြောတတ်ဆိုတတ်၊ ပေါင်းသင်းဆက်ဆံတတ်ဖို့လည်း လိုအပ်ပါတယ်။ ကာလဒေသကို လိုက်ပြီးတော့ လိုက်လျောညီထွေ နေတတ်ဖို့လည်း လိုပါသေးတယ်... ”

## Nikon Coolpix P520




Optical Zoom 42x အထိ အဝေးမှမြင်ကွင်းပုံရိပ်နဲ့ ရှုမျှော်ခင်းများကို အနီးသို့ နဂိုမူလမျက်စိနှင့်မြင်နိုင်တဲ့ ပမာဏထက် အဆပေါင်း ၄၂ ဆ အနီးဆွဲယူမှတ်တမ်းတင်ပေးနိုင်တဲ့ Nikon ရဲ့ Coolpix P520 ကင်မရာပဲဖြစ်ပါတယ်။ Nikon ရဲ့ကိုယ်ပိုင်နည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ နာမည်ကျော် Nikkor မှန်ဘီလူးအမျိုးအစားကို အသုံးပြုထားပြီး ပုံထွက်နဲ့ Zoom ဆွဲယူနိုင်မှုမှာ သာမန် Compact ကင်မရာများထက် ပိုပြီးသာလွန်တိကျရှန်းစိုပါတယ်။ ကင်မရာမှာ Built-in Wi-Fi စနစ်ပါဝင်လာပြီး အနီးအနားပတ်ဝန်းကျင်မှာရှိတဲ့ ဓါတ်ပုံရိုက် လို့ကောင်းမယ့် နေရာအကွက်အကွင်းတွေကို GPS အသုံးပြုရှိတ် ဆက်လို့ ဖော်ပြပေးနိုင်တဲ့ Points of Interest (POI) စနစ်လည်း ပါဝင် ပါတယ်။

### Resolution

18.1 MP ဆိုတာက လုံးဝ ဘုရားစူးမိုးကြိုးပစ် Resolution ဖြစ်တယ်လို့ပြောရင် ရတ်တရက်တော့ ပိုတယ်ထင်နေပါလိမ့်မယ်။ ဟုတ်ကဲ့ လုံးဝ Optical Res စစ်စစ်ပါ။ 18 MP ချင်းတူနေရင်တောင် အကျောပေးလိုက်လို့ ရနိုင်ပါသေးတယ်။

### LCD

3.2 inch လို့ ပြောလိုက်တာနဲ့ ဒီဈေးကွက်ထဲမှာ အကြီးဆုံးနဲ့ အကျယ်ဆုံးဆိုတာ ယုံမှားသံသယရှိမယ့်သူရှိမယ် မထင်ပါဘူး။ Compact ကင်မရာတွေမှာ LCD Display ကို ဒီထက်ပိုပြီး ခပ်ကြီးကြီး ထည့်လိုက်တာနဲ့ စီးပွားပျက်သွားမယ် ထင်နေကြပုံရပါတယ်။ ဘေးဘက်ကို ဖြန့်ထုတ်ပြီး လိုအပ်တဲ့အနေအထားကို စိတ်ကြိုက် ရွှေ့ပြောင်းလို့ရပါတယ်။

### Video

30 fps နဲ့ 1080p အထိ ရိုက်ကူးရေးလုပ်လို့ရတယ်ဆိုတော့ မဆိုးဘူးလို့ပြောလို့ရပါတယ်။ Bridge ကင်မရာတန်းမှာတော့ ထိပ်တန်းအဆင့်ရှိပါတယ်။

### Function

In-Camera Edition အပါအဝင် Scene Mode ပေါင်း ၂၀ လောက်အထိ ထည့်သွင်းပေးထားတာဆိုတော့ Compact တွေကို မကျော်နိုင်ဘူးဆိုပေမယ့် သူ့ဟာနဲ့သူတော့ ဟုတ်နေတာပါပဲ။

### Dimension

ကင်မရာက အတော်လေးတော့ သားနားပါတယ်။ LCD ကိုလည်း ဘေးဘက်ကိုဖြန့်ထုတ်ထားမယ် Flash ကိုလည်း ဖွင့်ထားမယ်ဆိုရင်တော့ ပြန့်ကားတောက်ကြွားစွာ အတော်လေးလူရှိန်ပါလိမ့်မယ်။

### TSJ's Comment

**ပေါင်းကူးကင်မရာတွေထဲမှာ အမိုက်စား Zoom နဲ့ ခေတ်အမီဆုံး Wi-Fi စနစ်သုံး Features တွေ ပါဝင်တဲ့ ကင်မရာပါ။**

## Canon PowerShot G15




Wide ဖြန့်ပြီး ရိုက်မယ်ဆိုရင် Aperture f/1.8 နဲ့ Tele အနီးဆွဲရိုက်မယ်ဆိုရင်တော့ Aperture ကို f/2.8 လောက်အထိထားပြီး ရိုက်လို့ရနိုင်မယ့် Canon ရဲ့ Compact ကင်မရာအတန်းအစားမြင့် G15 ပဲဖြစ်ပါတယ်။ အားလုံးကိုခြုံပြောရရင်တော့ ယခင်ထွက်ရှိထားဖူးခဲ့တဲ့ G12 ရဲ့အားသာချက်တွေကိုယူ၊ အားနည်းချက်တွေကို ဖာထေးပြီး ထုတ်လုပ်ထားတဲ့ ကင်မရာလို့ပြောရင် ရပါမယ်။

### Resolution

12.1 Megapixels ဆိုတော့ အထင်သေးမစောလိုက်ပါနဲ့ဦး။ Canon ကပ်စီးနည်းတတ်တာကိုလည်း သိပြီးသားပဲလေ။ DIGIC 5 လောက်တော့ထည့်ပေးထားပါသေးတယ်။

### LCD

G12 ရဲ့ဘေးဘက်ကိုလိုသလိုဖြန့်ခွဲထုတ်လို့ရတဲ့ LCD Display ကို ဘာလို့ပြန်ထည့်မပေးတာလည်းလို့ ရန်တွေ့ချင်ပါတယ်။ Optical Zoom ကလည်း ကိုယ်ထည်ကို ငဲ့လိုက်ရတော့ 5 ကနေ 4x ဖြစ်သွားတယ်။

### Video

24fps နဲ့ 1920 x 1080 အရည်အသွေးရှိ ရုပ်သံဖိုင်တွေကို ရိုက်ကူးနိုင်တဲ့အပြင် Super Slow Motion ကိုလည်း 120 fps နဲ့ ရိုက်နိုင်တော့ အပျင်းပြေတာပေါ့။

### Function

Function ကတော့ G12 နဲ့ သိပ်မကွာပါဘူး။ 58 Scene Modes ထည့်သွင်းပေးထားတဲ့နေရာမှာ အပျော်တမ်းအတွက်လည်း လွယ်လင့်တကူဖြစ်သလို ပရိုဆန်ဆန် လက်ရာဖန်တီးချင်သူတွေ အတွက်လည်း အဆင်ပြေစေပါတယ်။

### Dimension

G12 ထက်ပိုပါးပြီး ပိုပေါ့သွားအောင် ပြုလုပ်ထားတော့ ကိုင်တွယ်ရ ပိုပြီးကျစ်ကျစ်လျစ်လျစ်ရှိသွားပါတယ်။ အကြမ်းခံမယ့် ပုံပေါက်ပြီး တကယ်လည်း လက်မြဲစေမယ့် တည်ဆောက်ပုံနဲ့ပါ။

### TSJ's Comment

**အပြင်ပန်းကြည့်ရင်တော့ G12 လောက် လိုချင်စရာ မကောင်းပါဘူး။ ဒါပေမယ့် G12 ထက်တော့ ရုပ်ထွက် ပိုကောင်းပါတယ်။**

## Canon IXUS 140




ဓာတ်ပုံရိုက်နေစဉ်အတွင်းမှာ ရုတ်တရက် ဗီဒီယိုပါကောက်ရိုက်ချင်သူများအတွက် Video Rec Button သီးသန့်ထည့်သွင်းပေးထားတဲ့ Compact ကင်မရာပဲဖြစ်ပါတယ်။ ပါဝါသုံးစွဲမှုချွေတာပြီး ပုံအရေအတွက်များများ ရိုက်ကူးပေးနိုင်အောင် စီမံထားတဲ့ Eco Mode ပါဝင်လာပြီး Wi-Fi ကိုအသုံးပြုပြီးလည်း ဓာတ်ပုံများကို ပရင်တာကနေတဆင့် ကြိုးမဲ့ပုံထုတ်ယူနိုင်တဲ့ စနစ်မျိုးတွေလည်း ပါဝင်ပါတယ်။

### Resolution

Canon ရဲ့ Compact တစ်လုံးအနေနဲ့ 16 Megapixels ဆိုတာက ထိပ်ဆုံးတန်းနားမှာ ပါဝင်နေပါတယ်။ Canon ကင်မရာများရဲ့ အားသာချက်ကလည်း Resolution တူနေရင်တောင် ပုံထွက်မှာကျတော့ အသာရတတ်တဲ့ ဓလေ့ရှိပါတယ်။

### LCD

PureColorIIG အမျိုးအစား LCD ကိုပဲထည့်သွင်းထားပါတယ်။ အရွယ်အစားကတော့ ထုံးစံအတိုင်း ၃ လက်မနဲ့ဆိုပေမယ့် အမေရိကားဈေးကွက်ကို ဖြန့်မှာဆိုတော့ နည်းပညာပိုင်းမှာ နည်းနည်းတင်ထားပါတယ်။

### Video

720p ဗီဒီယိုရိုက်ကူးရေးဆိုတာက လုံလောက်တဲ့ အနေအထားပါ။ ဒါပေမယ့် ထိပ်တန်းစာရင်းထဲမှာ မပါဝင်တာကိုတော့ စိတ်မကောင်းပါဘူး။ အပျော်တမ်းတော့ ကောင်းကောင်းရိုက်နိုင်ပါတယ်။

### Function

Function တော့ တအားကြီး မများပါဘူး။ နည်းလည်း မနည်းဘူး။ Optimises People Shots တို့လို နည်းပညာအသစ်တွေ ထပ်ထည့်ထားပေးတာက ကာဗာတော့ဖြစ်ပါတယ်။

### Dimension

ကိုယ်ထည်ကတော့ တခြား Canon ကင်မရာတွေနဲ့ သိပ်အကွာကြီး မဟုတ်ပါဘူး။ ထုံးစံအတိုင်း သတ္တုဆန်ဆန် အရောင်စိုစို မှာမှ ကျစ်ကျစ်လျစ်လျစ်အထာနဲ့ပေါ့။

### TSJ's Comment

**ဈေးတော်သလို၊ ပုံအထွက်စိတ်ချရပြီး လက်တည့်စမ်းထားတဲ့ နည်းပညာတွေ နည်းနည်းပါတဲ့ကင်မရာပေါ့။**




# ပြည်တွင်းမှာ လူကြိုက်များတဲ့ Toyota Kluger 2002

■ လင်းလင်း (IA)

အရင်တုန်းက ပြည်တွင်း ကားဈေးကွက်ကို ကြည့်မယ်ဆိုရင် တန်ကြေးကြီး SUV တွေကို လူကြိုက်များ အလေးထားစီးခဲ့ကြတာ တွေ့နိုင်ပါတယ်။ ဥပမာ Landcruiser လိုကားတွေက ဂုဏ်ဒြပ်တစ်ခုလို သဘောထားပြီး စီးကြ၊ မြင်ကြ၊ လက်ခံကြသလို အခုထိအောင်လည်း အဲဒီ ကားတွေရဲ့အခန်းကဏ္ဍက လျော့ပါးသွားတာမျိုး မရှိသေးပါဘူး။ ဒါပေမယ့် နောက်ပိုင်းမှာတော့ တန်ကြေးနည်း ဒါမှမဟုတ် တန်ကြေးသင့်ကားတွေဖြစ်တဲ့ RAV-4, CR-Vလိုကားမျိုးတွေ ထွက်ပေါ်လာတော့ အရင်လောက်တော့ နေရာမရကြတော့တာ မျက်မြင်ပါ။ ဒီလိုအချိန်မှာ RAV-4 လို ကားမျိုးကို ကြည့်လိုက်တော့လည်း ကိုယ်ထည်က အလယ်အလတ်အရွယ် SUVဆိုတော့ လူ့အလို နတ်မလိုက်နိုင်သလို အရွယ်ကြီးပြီး ဈေးသင့်တဲ့ SUV တွေကို လူတွေက စိတ်ဝင်စားလာကြပြန်ပါတယ်။

အဲဒီလိုပြည်တွင်းမှာ လူကြိုက်များနိုင်တဲ့ ကားမော်ဒယ်တစ်မျိုးကလည်း လက်ရှိမှာ ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်လာတာ တွေ့ရသလို ဈေးကွက်ရဲ့ လိုအပ်ချက်နဲ့ တစ်ထပ်တည်း ကိုက်ညီလောက်အောင် အရွယ်လည်းကြီးတယ်၊ အကြမ်းလည်း ခံနိုင်တယ်။ ဈေးနှုန်းလည်း သင့်တင့်တယ်ဆိုတော့ အခု ကျွန်တော်ပြောမယ့် ကားက ထူးထူးထွေထွေ စောင့်ကြည့် အမှတ်မပေးလိုက်ရပဲ စင်မြင့်ပေါ်ရောက်လာတော့တာပေါ့။ ကောင်းပါပြီ။ အဲဒါ ဘယ်သူလည်းဆိုတာနဲ့ သူ့ရဲ့Biography ပြည့်ပြည့်စုံစုံကို ဆက်ကြည့်လိုက်ရအောင်နော်။

## Pros and Cons

အရင်ဆုံးအားသာချက်ကတော့ ဈေးနှုန်းနဲ့ အသုံးပြုနိုင်မှုအပိုင်း ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော့်ရဲ့ အာဘော်ပါ။ ဘာကြောင့်လဲဆိုတော့ တန်ကြေးပိုင်းကလည်း လူတိုင်းဆိုတဲ့ အတိုင်းအတာတစ်ခုကို လက်လှမ်းမီနိုင်လောက်တယ်။ နောက်ပြီး ကျွန်တော်တို့မြန်မာလူမျိုးတွေကလည်း သိတယ်မဟုတ်လား။ ဘာပဲ ဝယ်ဝယ်၊ ဘယ်လောက်ပဲ ဈေးနည်းနည်း၊ နောက်ဆုံး အလကားပဲ ရရ၊ လက်ထဲမှာ ရေရှည်သုံးနိုင်တာ၊ အကြမ်းခံနိုင်တာမျိုးတွေ လိုချင်ကြတာဆိုတော့ Kluger က ဒီနေရာတွေမှာ ကောင်းမွန်တာကြောင့် ပြည်တွင်းနဲ့ သင့်တော်တဲ့ ကားတစ်စီး ဖြစ်လာတာပါ။ နောက်တစ်ချက်ကတော့ အတွင်းခန်း တည်ဆောက်ထားရှိမှု ကျယ်ဝန်းတာကြောင့် ဝန်တင်ဖို့ရာရော၊ ခရီးသည် လိုက်ပါစီးနင်းနိုင်မှုပါ ကောင်းမွန်ပါတယ်။ နောက်ပြီး ဒီဇိုင်းပိုင်း ရိုးရှင်းမှုက လူကြီးတွေ မျက်စိကျနိုင်လောက်တဲ့ အနေအထားတွေပါနော်။

ကဲ ကျွန်တော်တို့ သူ့မကောင်းကြောင်းအတင်းချရအောင်နော်။ အရင်ဆုံး ဘယ်က စပြောရင် ကောင်းမလဲနော်။ အရင်ဆုံး ဂီယာချက်ပိုင်း ပြောမယ်ဗျာ။ ဂီယာချက် လေးချက်တည်း သုံးနိုင်မယ်ဆိုတော့ ကျွန်တော့်အမြင် Off-road မှာ အဆင်ပြေနိုင်ပေမယ့် Highway မှာတော့ မကောင်းလှဘူးဗျ။ နောက်ပြီး အင်ဂျင်ပိုင်းက အားနည်းတယ်လို့မြင်တယ်ဗျာ။ ဒါကတော့ အသေးစိတ်ကို အောက်မှာ ပြောပြပါမယ်နော်။

## Body

အာရှထုတ် SUV တစ်စီးအတွက် ပေါင် ၃၅၀၀ ဝန်းကျင်လောက်ပဲ အလေးချိန်ရှိတာကတော့ အထူးအဆန်း မဟုတ်ပါဘူး။ ဒါပေမယ့် ကိုယ်ထည်ပိုင်းမှာ နည်းနည်းတော့ ခိုထားတယ်လို့ ဝေဖန်ကြပါတယ်။ Off-Road အတွက်ပါ အကောင်းဆုံးနဲ့ ရေရှည်သုံးနိုင်အောင် အလေးချိန် ပေါင် ၄၀၀၀ လောက်ထိအောင် ကိုယ်ထည်ပိုင်းကို အားဖြည့်သင့်တယ်လို့ ဆိုကြပါတယ်။ နောက်ပြီး ကိုယ်ထည်ရဲ့အလျားက ၁၅ ပေနဲ့ ၄ လက်မ ကျော်ကျော်၊ မျက်နှာစာ အကျယ်က ၆ ပေနီးနီး၊ အမြင့်က ၅ ပေနဲ့ ၆ လက်မ စွန်းစွန်းဆိုတော့ အလုံးအထည်ပိုင်းက မှျပါတယ်။ နောက်ပြီး ရုပ်ထွက်ကလည်း Toyota တွေရဲ့ ပုံမှန်ရုပ်ထွက်လိုမဟုတ်ပဲ ခွဲထွက်တာကြောင့် သိသာမြင်သာစေနိုင်ပါတယ်။ Kluger ကိုမြေပြင်နဲ့ ၆.၉ လက်မထိအောင် ကင်းလွတ်ဖို့ ဖန်တီးထားတာက Off-Road အတွက်ပါနော်၊ ဒါပေမယ့် ရှေ့ဘီးယက်စနစ်ကိုတော့ ကျွန်တော် သဘောမကျလှပါဘူး။

## Engine

တပ်ဆင်ထားတဲ့ အင်ဂျင်ကို ကြည့်ရအောင်နော်။ အထက်မှာ ဒီအပိုင်းကို ကျွန်တော် Cons ထဲမှာ ထည့်ပြီး ပြောထားတယ်နော်။ ကြည့်လေဗျာ၊ အင်ဂျင်က ၂.၄ လီတာသုံး လေးလုံးထိုး အင်ဂျင်၊ ၂၀၀၂ မော်ဒယ်အတွက် လေးလုံးထိုးအင်ဂျင်က အရေးမဟုတ်ဘူး။ ဒါပေမယ့် ဝန်နဲ့ ယာဉ်နှစ်မျိုးပေါင်း ပေါင် ၄၀၀၀ ကျော်ကို ရုန်းမယ့် ကားတစ်စီးက ရုန်းအား ၁၆၃ ပေ - ပေါင်မှာ စွမ်းအင်ထွက်ရှိလာမှုက မြင်းကောင်ရေ ၁၅၅ ကောင်အားပဲ ဆိုတော့ နည်းနေတာပေါ့။ ဒါကို ပြောတာပါ။ တစ်ဖက်က ပြန်တွက်ရင်လည်း အင်ဂျင်ရဲ့ လည်ပတ်နှုန်းက တစ်မိနစ်ကို အမြန်ဆုံး ၅၆၀၀ ပဲဆိုတော့ ဆီစားနှုန်းလည်း နည်းတာပေါ့။

အသုံးပြုမောင်းနှင်နိုင်မယ့် ဂီယာချက် စုစုပေါင်းက ၄ ချက်ဖြစ်ပြီးတော့ Auto စနစ်နဲ့ သွားမှာဖြစ်ပြီး ရှေ့ဘီးယက်စနစ်ဆိုတာကတော့ နည်းနည်း မကြိုက်လှပါဘူး။ အမြန်နှုန်း မြှင့်တင်မောင်းနှင်နိုင်မှုက တစ်နာရီ ကီလိုတစ်ရာနှုန်းကို အချိန် ၁၀ စက္ကန့်ကျော်လောက် ယူမှာဖြစ်သလို အမြန်ဆုံး မောင်းနှင်နိုင်မယ့် နှုန်းကလည်း ပြောရလောက်အောင် တန်းမဝင်ပါဘူး။

## Fuel

တပ်ဆင်ထားတဲ့ ဆီတိုင်ကီက ၁၉.၈ ဂါလံ ဆံ့တယ်ဆိုတော့ ဂါလံ ၂၀ ထည့်ပြီး ကန္တာရထဲမောင်းသွားရင်တောင် တော်တော်နဲ့တော့ မကုန်တော့ဘူးပေါ့ဗျာ။ နောက်ပြီး ဆီစားနှုန်းကလည်း ပျမ်းမျှ ဆီတစ်ဂါလံကို ၂၂ မိုင်ဆိုတော့ SUV တွေထဲမှာ ဟုတ်သားဗျ။ မြို့တွင်းလမ်းကြောင်းတွေမှာ ဆီတစ်ဂါလံကို ပျမ်းမျှ မိုင် ၂၀ နဲ့ အဝေးပြေးလမ်းကြောင်းတွေမှာ ဆိုရင် ၂၇ မိုင်လောက်ထိအောင် စီးနင်းနိုင်မှာဆိုတော့ အဆင်ပြေမှာပါ။









## Others

ပြောရရင် Kluger က ပြည်တွင်းမှာ လူကြိုက်များနေတာကြောင့်သာ သူ့အကြောင်းအကျယ်တဝင့် ပြောရပေမယ့် မော်ဒယ်နိမ့်တဲ့ ကားဆိုတော့ Bluetooth တောင်မှာ သုံးလို့မရပြန်ဘူးဗျ။ Navigation System နဲ့ Heated Seat ဆိုတာမျိုးကတော့ မပြောတော့ပါဘူး။ နောက်ပြီး ယာဉ်မောင်းရဲ့ထိုင်ခုံတွေကလည်း Manual နဲ့ပဲ ညှိလို့ရမယ်။ ဒါပေမယ့် Power Mirror တွေတော့ပါသေးတယ်။ Power Steering တွေ တပ်ထားတယ်။ Alloy ဘီးတွေနဲ့ လာတယ်။ ဘရိတ်စနစ်က လေးဘီးချုပ် ABS တပ်ထားမှာ ဖြစ်သလို အရေးပေါ် ဘရိတ်အကူစနစ်တွေလည်း ပါပါလိမ့်မယ်။ Stabilityနဲ့ Traction Contr သူတွေကတော့ မလိုဘူး ထင်လို့လားမသိဘူး၊ ဖြုတ်ထားတော့ မသုံးနိုင်တော့ဘူးပေါ့။ ဒါပေမယ့် ဒီစနစ်တွေက အသုံးနည်း သလို အရှိန်မြင့်မြင့်နဲ့ သွားလာ မောင်းနှင်မှုတွေမှာသာ သုံးဖြစ်တာဆိုတော့ ကိစ္စမရှိပါဘူး။ နောက်ပြီး သူ့ရဲ့ ဈေးနှုန်း အပိုင်းကလည်း ၁၈၅ သိန်းဖြစ်ပြီးတော့ တကယ်လို့ Kluger ကိုစိတ်ဝင်စားတယ် ဆိုရင် JPM, ဖုန်း - ၀၉ - ၈၆၃၈၅၈၅ မှာ ဆက်သွယ် စုံစမ်းဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။




# ကားလောကရဲ့ မျိုးဆက်သစ် Compact တွေ ဆိုတာ

■ လင်းလင်း (IA)

အခုနောက်ပိုင်း ကားလောကမှာ Compact ဆိုတဲ့ စကားလုံးနဲ့ ကားတွေတော်တော်များများထွက်ရှိလာတာ တွေ့နိုင်သလို သူတို့တွေကို နောက်ပိုင်း ကားလောကရဲ့မျိုးဆက်သစ် ကားတွေရယ်လို့ လူတော်တော်များများက လက်ခံထားကြပါတယ်။ ဒါကလည်း သူတို့ရဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်မှု မြောက်များစွာနဲ့ အသုံးပြုနိုင်တဲ့ Feature တွေ များပြား မြင့်မားမှုတွေကြောင့် ဖြစ်ပါတယ်။ နောက်ပြီး ဒီကား အမျိုးအစားက အခုနောက်ပိုင်းမှ တွင်ကျယ်လာတာ ဆိုတော့ သူ့အကြောင်း သိသေးတဲ့သူ နည်းဦးမယ် ထင်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ကို ကျွန်တော်က Compact ဆိုတဲ့ ကားတွေအကြောင်းကို ရှင်းပြချင်ပါတယ်။

လက်ရှိ ပြည်တွင်းမှာ အလွယ်ဆုံး မြင်နိုင်မယ့် Compact ကား တစ်စီးကိုအရင်ဆုံး ပြောပြချင်ပါတယ်။ ဒါကလည်း စာဖတ်သူအနေနဲ့ မျက်စိထဲမြင်ယောင်ပြီး စာနဲ့ပုံကိုတွဲပြီး ခံစားမိအောင်လို့ပါ။ အလွယ်ဆုံး မြင်နိုင်တာကတော့ လက်ရှိဈေးကွက်မှာပါ အောင်မြင်နေတဲ့ Honda Civic ဆိုတာ Compact တစ်စီးပါပဲ။ ဒါက အာရှထုတ်ထဲကပါ။ နောက်ထပ် Honda Civic ကို မျက်စိထဲ ပေါ်မလာသေးဘူးဆိုရင် Chevrolet Cruze ကို မြင်ကြည့်လိုက်ပါ။ အမေရိကန်ထုတ်ပေါ့နော်။ ဒါလည်း မမြင်မိသေးဘူးဆိုရင်တော့ Vauxhall Astra ကို မြင်ကြည့်လိုက်ပါ။ အင်္ဂလန်ထုတ်ကားဖြစ်ပြီး လက်ရှိပြည်တွင်းမှာ လည်း Astra တွေ အများကြီး ရှိပါတယ်နော်။

ဟုတ်ပါပြီ၊ Compact တစ်စီးကိုမျက်စိထဲ မြင်ယောင်ပြီဆိုတော့ အရင်ဆုံးတစ်ချက် စဉ်းစားစရာရှိတာက Civic ပဲဖြစ်ဖြစ်၊ Focus ဖြစ်ဖြစ်၊ Astra ဖြစ်ဖြစ် Sedan အမျိုးအစား တန်းဝင်၊ ဒါမှမဟုတ် Hatchback တစ်ခုခုပေါ့။ ခေါ်လို့ရတယ်လေ၊ ဒါကို ဘာကြောင့် Compact လို့ ခေါ်ကြပြန်တာလဲ။ ဘာတွေ ကွဲလို့လည်း၊ ဆက်ကြည့်ရအောင်နော်။

Compact ဆိုတဲ့ အခေါ်အဝေါ်က မြောက်အမေရိက ကနေ တစ်ဆင့်ပြန့်ပွားခေါ်ဝေါ်လာတဲ့ ကားအမျိုးအစား တစ်မျိုးဖြစ်ပြီးတော့ အင်္ဂလန်လို ဥရောပတစ်လွှားကတော့ မိသားစုစီး ကားငယ်ရယ်လို့ သတ်မှတ်ကြပါတယ်။ သူတို့ဟာ Subcompact တွေထက် အရွယ်ပိုကြီးပါတယ်။ ဒါပေမယ့် အလယ်အလတ်စား ကားတွေအားလုံးထက် သေးငယ်ပြန်ပါတယ်။ အလယ်အလတ်စား ကားအားလုံးဆိုတာ SUV ရော၊ Sedan ရော အားလုံးကိုပြောတာပါနော်။ Compact ရဲ့အရွယ်ကို ပြောရမယ် ဆိုရင် C အဆစ်အပိုင်း ထိအောင်ပဲ ရှိရမှာပါ။ C အဆစ်အပိုင်းဆိုတာက အရင်တစ်ပတ်တုန်းက ကားတွေရဲ့အမျိုးအစားတွေကို ဘယ်လိုခွဲခြားတယ်ဆိုတဲ့ အကြောင်း ပြောထားတဲ့ ဆောင်းပါးကို ဖတ်ထားသူတွေ သိမှာပါနော်။

ဆက်ရအောင်နော်။ လက်ရှိအမေရိကန်နိုင်ငံအခြေစိုက် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး အဖွဲ့ရဲ့ သတ်မှတ်ထားတဲ့ Compact တစ်စီးရဲ့ အလုံးအထည်ကတော့ Hatchback တွေထဲမှာ ဆိုရင် အလျား ၁၆၁ လက်မ ကနေ ၁၇၅ လက်မ အတွင်းကားများ အားလုံး၊ Convertible Sedan, Saloon, Station Wagons, အတွက်ဆိုရင် ၁၇၃ လက်မ ကနေ ၁၈၇ လက်မ အတွင်း၊ SUV နဲ့ MPV တွေအတွက် ဆိုရင် အမေရိက ကားတွေအတွက်က ၁၆၅ လက်မ ကနေ ၁၇၇ လက်မနဲ့ နိုင်ငံတကာအတွက် ဆိုရင်တော့ ၁၇၃ လက်မ ကနေ ၁၈၅ လက်အတွင်း ရှိရမှာ ဆိုတော့ ကိုယ်စီးနေတဲ့ ကားက Compact လား၊ ရိုးရိုးလား ဆိုတာ သိချင်ရင်တော့ အမျိုးအစားကိုကြည့်ပြီး အိမ်မှာတင် ပေကြိုးနဲ့ တိုင်းကြည့်လိုက်ပါတော့နော်။

ဒါပေမယ့် ဂျပန်ကားတွေမှာတော့ မှတ်ချက်တွေ ရှိနေပါတယ်။ သူကလည်း ကားလောကမှာ ဘုရင်တွေနေတဲ့နိုင်ငံ ဆိုတော့ Compact တွေရဲ့စံကိုကိုယ်တိုင် သတ်မှတ်ထားပြန်ပါတယ်။ ကဲ သူတို့ရဲ့စံတွေကို တစ်ချက်လောက် ကြည့်ရအောင်နော်။ ကားတစ်စီးက အနည်းဆုံး အလျား ၃.၄ မီတာ၊ မျက်နှာစာအကျယ် ၁.၄၈ မီတာနဲ့ အမြင့်က ၂ မီတာ ရှိမယ်၊ အင်ဂျင်က ၆၆၀ cc တပ်ထားတဲ့ ကားလေးကနေ အမြင့်ဆုံး အလျားက ၄.၇ မီတာ၊ မျက်နှာစာ အကျယ် ၁.၇ မီတာ၊ အမြင့်က ၂ မီတာ၊ နောက်ပြီး တပ်ထားတဲ့ အင်ဂျင်က 2000 cc သုံး ကားတွေ အားလုံးကို Sedan ရယ်၊ SUV ရယ်၊ Hatchback ရယ် ဘာမှ မခွဲပဲ Compact ရယ်လို့ သတ်မှတ်ကြပြန်ပါတယ်။

Compact အများစုမှာ တပ်ဆင်ထားတဲ့ အင်ဂျင်ကတော့ ၁.၅ လီတာသုံးကနေ ၂.၄ လီတာသုံး လေးလုံးထိုး အင်ဂျင်တွေဖြစ်ပြီးတော့ ဓါတ်ဆီသုံးအဖြစ်နဲ့ရော ဒီဇယ်အင်ဂျင်အဖြစ်နဲ့ပါ ထုတ်လုပ်ကြပါတယ်။ အဲဒီအင်ဂျင်တွေရဲ့စွမ်းအင် ထုတ်လုပ်မှုကလည်း မြင်းကောင်ရေ ၁၀၀ ကနေ ၁၇၀ ကောင်အား အတွင်းပဲ ရှိရမှာ ဖြစ်ပါတယ်။ တကယ်လို့ အဲဒီထက် ပိုနေရင်တော့ Compact ရဲ့ ဆွေမျိုးစာရင်းထဲက ထုတ်လိုက်ပါတော့နော်။ ဒါပေမယ့်မှတ်ချက်တချို့ရှိတာက အဆင့်မြင့်ကားတွေမှာတော့ ၁.၃ လီတာသုံးနဲ့ ၁.၄ လီတာသုံး အင်ဂျင်တွေကို တပ်ဆင် ထုတ်လုပ်တတ်ကြသလို သူတို့ကို Hot Hatche နဲ့ Sport Compact Sedan တွေရယ်လို့ အမည် နာမတွေ သတ်မှတ်ထား ပြန်ပါတယ်။

နောက်ပြီး ၂.၄ လီတာသုံး အင်ဂျင်ကနေ ပိုကြီး သွားတဲ့ အင်ဂျင်ရယ်လို့ ၂.၅ လီတာသုံး အင်ဂျင်တွေနဲ့ ၃.၂ လီတာသုံး V6 အင်ဂျင်လိုမျိုးတွေလည်း တပ်ဆင်တတ်တာ တွေ့ရပြီး သူတို့ရဲ့စွမ်းအင် ထုတ်လုပ်နိုင်မှုက မြင်းကောင်ရေ ၁၇၀ ကနေ ကျော်လွန်ပြီးတော့ ၃၀၀ အားလောက်ထိအောင် ထွက်ရှိတာတွေလည်း တွေ့ရပါတယ်။ သူတို့ကတော့ တကယ်တမ်း Compact တန်း မဝင်တော့ပေမယ့် ခေါ်စရာ နာမည် အသစ် မရသေးတော့ မှတ်ချက် အဖြစ်နဲ့ Compact ထဲကိုပဲ ဆွဲထည့်ထားရတာတွေ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ Compact တွေရယ်လို့ထုတ်လုပ်လာတဲ့ ရည်ရွယ်ချက်နဲ့ နာမည်ကျော် Compact တွေကိုပြောပြပေးချင်ပါတယ်နော်။ ဒါဆိုရင် စာဖတ်သူတွေအနေနဲ့ ကော်လံ တိုးလာတဲ့ ကျွန်တော့်ရဲ့ Compact အကြောင်းကို ကျေနပ်ကြမှာပါ။ Compact တွေကို အဓိက ထုတ်လုပ်လာတဲ့ ရည်ရွယ်ချက်ကတော့ ပထမ ဆီစားနှုန်း နည်းနည်းနဲ့ မောင်းနှင်နိုင်အောင်၊ ဒုတိယ ဓါတ်ငွေ့ထုတ်လွှတ်မှု နည်းအောင်၊ တတိယ မိသားစု ၅ ယောက်စာ လိုက်ပါ စီးနင်းနိုင်အောင်၊ စတုတ္ထ တန် ကြေးနည်းအောင် (နောက်ပိုင်းမှ တန်ကြေးကြီး Compact တွေ ထွက်လာတာဖြစ်)၊ ပဉ္စမ မြို့တွင်း လမ်းကြောင်းတွေနဲ့ ကိုက်ညီအောင် (အရွယ်သေးအောင်) နဲ့ စသဖြင့်ပေါ့နော်။

နောက်ဆုံး Compact တစ်စီးစီးကိုပဲ ဝယ်စီးတော့ မယ်လို့ တွေးမိသူတွေ ရှိတယ်ဆိုရင် ကျွန်တော်က ကြော်ငြာဝင်ပါတော့မယ်။ ဒါပေမယ့် ကျွန်တော် သေသေချာချာ ပြောချင်တာကတော့ အခုလို ကြော်ငြာဝင်တဲ့အတွက် ကျွန်တော့်ကို ဘယ်ကုမ္ပဏီကမှ တစ်ပြားတစ်ချပ်မှ ဆုမချပါဘူးနော်။ အမခဲ့ကြော်ငြာကဏ္ဍဆိုတာ ကျွန်တော်က စခဲ့တဲ့ ဝန်ဆောင်မှုတစ်မျိုးပါနော်။ ကဲ နာမည်ကျော် Compact တွေ ကြည့်ရအောင်နော်။

အမေရိကာမှာ နာမည်အကြီးဆုံးတွေက Chevrolet Cruze, Pontiac G5 နဲ့ Dodge Dart 2013? ဩစတြေးလျမှာ ဆိုရင် Holden Viva နဲ့ Holden Cruze အာရှမှာဆိုရင် Tata Indigo, Honda Civic, Nissan Bluebird Sylphy, Mazada3, Subaru Impreza, Suzuki SX4, Hyundai Elantra, Kia Forte နဲ့ Toyota Corolla Altis, ဥရောပမှာ ဆိုရင်တော့ Ford Focus, Vauxhall Opel Astra, Audi A3, BMW 1 Series, Citroen C4/DS4, Dacia Logan, Alfa Roemo Giulietta, Fiat Bravo 2007, Lancia Delta, Mercedes-Benz A Class, Volvo V40, SEAT Leon, Skoda Octavia နဲ့ Volkswagen Golf Mk7 တွေ ဖြစ်ပါတယ်နော်။

## Kenwood DVD Receiver သစ် ဈေးကွက် ဝင်ရောက်




လက်ရှိပြည်တွင်းဈေးကွက်ကိုတော့ မျက်နှာပြင် အကျယ် ၆.၁လက်မရှိတဲ့ ကားမော်ဒယ်စုံသုံး DVD Receiver အသစ်တစ်မျိုး ဈေးကွက်ဝင်ရောက်လာတာ တွေ့ရပါတယ်။ အဲဒီ Receiver သစ်က LED စနစ်နဲ့ ရုပ်ထွက်တွေကို ထုတ်လွှင့် ပြသပေးမှာဖြစ်ပြီး Viewing Angelအဖြစ် 170 H အနေအထားလောက်ထိအောင် ကြည့်ရှုနိုင်မှာ ဖြစ်တာကြောင့် ကောင်းမွန်ပါတယ်။

သူက DIVX, WMA, DVD, VCD, CDနဲ့ MP3လို Formatတွေကို အသုံးပြုနိုင်မှာ ဖြစ်ပြီးတော့ အသံထွက်အရည်အသွေးလည်း ကောင်းမွန်တာ တွေ့ရပါတယ်။ ဒါ့အပြင် ထူးခြားချက် အနေနဲ့ Sterring Control ကိုပါ တစ်ပြိုက်တည်း ချိတ်ဆက် ထိန်းချုပ်နိုင်မှာဖြစ်သလို Mirror Link Box နဲ့ပါ ချိတ်ပြီး အသုံးပြုနိုင်ဦးမှာ ဖြစ်တာကြောင့် သင့်စိတ်ကြိုက် ဖြစ်စေမှာပါ။

GPS စနစ်ကိုလည်း ချိတ်ဆက်ထားသူတွေအတွက် Location စနစ်ကိုပါ အသုံးပြုနိုင်မှာ ဖြစ်သေးသလို Music လည်း သုံးနိုင်မယ်၊ ဖုန်းခေါ်တာလည်း လုပ်နိုင်မယ်၊ Media လည်း ကြည့်နိုင်မယ်၊ ဒါပေမယ့် တစ်ခုရှိတာက Bluetooth ပါတဲ့ Receive မရှိသလို မပါတဲ့ Versionလည်း ဈေးကွက် ဝင်လာတာကြောင့် မဝယ်ခင် တစ်ချက်လောက် ဂရုပြုရလိမ့်မယ်နော်။ တကယ်လို့ ဒီ Receiver ကိုစိတ်ဝင်စားတယ်ဆိုရင်တော့ Kenwood အရောင်းဆိုင်ဒါမှမဟုတ် ကားပစ္စည်းအရောင်းဆိုင်တွေမှာ ဝယ်ယူရရှိနိုင်မှာ ဖြစ်ပါတယ်။

■ လင်းလင်း(IA)

## တစ်ပတ်အတွင်း ကားဈေးနှုန်းများ

□ လင်းလင်း(IA)

### (1) Mazada RX-8

Transmission – Auto
Model – 2007
Engine – 1.3 Lit
Price – 145 Lakh
Contact – 09-5185358





### (2) Toyota Caldina

Model – 2002
Equipment – ZT, Ori TV, Back Cam
Engine – 2.0 Lit
Price – 110 Lakh + Slip
Contact – 09-5059362

### (3) Toyota Hilux Surf

Model – 1999
Grade Full Mark
Equipment Intervooler, PS, PW, Alloy Wheel)
Price – 330 Lakh
Contact – 09-73333555





### (4) Toyota Landcruiser

Model – 1999
Engine – 4.7 Lit
Fuel – Gasoline
Price – 540 Lakh
Contact – 09-8638585

### (5) Toyota Passo

Model – 2008
Engine – 1.0 Lit
Fuel – Petrol
Price – 95 Lakh
Contact – 01-511134



## BMW ကားများလည်း ပြည်တွင်းတွင် တရားဝင် ကိုယ်စားလှယ်ယူ ရောင်းချတော့မည်




ဥရောပ နာမည်ကျော် ကားကုမ္ပဏီ တစ်ခုဖြစ်သော BMW ကလည်း၎င်းတို့ရဲ့ အာရှအခြေစိုက်လုပ်ငန်းစုမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်း ကုမ္ပဏီထုတ်ကားများ တရားဝင် ကိုယ်စားလှယ်ဖြင့် တင်သွင်း ရောင်းချနိုင်ရန် ပြည်တွင်း အခြေစိုက် Prestige Automobiles Co.,Ltdအား ကိုယ်စားလှယ်အဖြစ် ရွေးချယ်ကာ လုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်သွားတော့မှာ ဖြစ်ကြောင်း သိရပါတယ်။ အဆိုပါ ကိုယ်စားလှယ် ကုမဏီ အနေနဲ့ BMWရဲ့ ကားအရောင်းပြခန်းကို ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချသွားရန် စီစဉ်ထားလျက်ရှိကြောင်း၊ နောက်ပိုင်းတွင် အရောင်းပြခန်း အတွက်သာ မကပဲ After Sales Servicesကိုပါ ဝန်ဆောင်မှုပေးနိုင်ရန် ဝန်ထမ်းများအား BMW Group Regional Training Cente မထိ အောင်စေလွှတ်၍ ပညာသင်ယူစေကာ ဝန်ဆောင်မှုများ ပေးသွားရန် ရည်ရွယ်ထားကြောင်းနှင့် လက်ရှိ ကားအရောင်းပြခန်းတွင် BMWရဲ့ ဈေးကွက်အတွင်း လူကြိုက်များတဲ့ မော်ဒယ်တွေဖြစ်တဲ့ 3 Series, 5 Seriesနဲ့ 7 Seriesလို မော်ဒယ်များကို တင်သွင်း ရောင်းချသွားရန် ရည်ရွယ်ထားကြောင်းလည်း ကိုယ်စားလှယ် ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက ပြောပါတယ်။ ယခု ကိုယ်စားလှယ် အဖြစ် BMWနဲ့ ပူးပေါင်းလုပ်ဆောင်မယ့် ကုမ္ပဏီဟာ Octagon International Servicesကုမ္ပဏီရဲ့ လက်ခွဲ ကုမ္ပဏီတစ်ခုဖြစ်သလို နာမည်ကျော်ကားများအား ကိုယ်စားလှယ်ယူပြီး ရောင်းချသည့် အပိုင်းတွင်လည်း လက်ရှိမှာ စရီးသည်တင် Scaniaum များကို ပြည်တွင်းဈေးကွက်အတွင်း တစ်ဦးတည်း ကိုယ်စားလှယ်ယူပြီး ရောင်းချနေသော ကုမ္ပဏီ ဖြစ်ပါတယ်။

■ လင်းလင်း(IA)

## ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှု စနစ်ပြောင်းလဲမည်ဟု သတင်းများကြောင်း ဈေးကွက်အနည်းငယ်လှုပ်ခတ်




လက်ရှိ ပြည်တွင်း ယာဉ်အိုယာဉ်ဟောင်း အပ်နှံလဲလှယ်မှု အစီအစဉ်များအရ အကွာရာစဉ်အလိုက် ယာဉ်ဟောင်းများ အပ်နှံလဲလှယ်ခွင့်ပြုနေသော်လည်း လာမယ့် ၂၀၁၄ခုနှစ်အတွင်း မော်တော်ယာဉ် သက်တမ်းအလိုက် ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံ ခွင့်ပြုသွားမည်ဟု သတင်းများထွက်ပေါ်လာပြီးနောက်ပိုင်း သက်တမ်းရင့် မော်ဒယ်နိမ့်ကားများအား ကြိုတင်ဝယ်ယူသူများကြောင့် ဈေးကွက်အတွင်း အနည်းလှုပ်ခတ်မှုများရှိကာ အဆိုပါ မော်ဒယ်နိမ့်ကားများ ဈေးပြန်တက်လာလျက်ရှိကြောင်း သိရပါတယ်။

ဒါ့အပြင် ယခင်က အ အကွာရာများအပြီး အပ်နှံခွင့်ပြုမည်ဟု ယူဆကာ ကြိုတင်ဝယ်ယူထားသော ၅ကနှင့် ၆ကကဲ့သို့သော အကွာရာ များကိုလည်း ဈေးကွက်အတွင်း ပြန်လည်ရောင်းချမှုများ ရှိလာပြီး ယခုကဲ့သို့ သက်တမ်းရင့် မော်ဒယ်နိမ့်ကားများ ပြန်လည်ဝယ်ယူမှုများ ရှိလာသကဲ့သို့ တစ်ဖက်တွင်လည်း CCနှင့် DDကဲ့သို့ တက္ကဆီကားများကိုလည်း ငွေအလိုက်ထည့်၍ ပြန်လည် ဝယ်ယူခြင်းမျိုးများ ရှိနေကြောင်းကိုပါ မင်းရဲကျော်စွာကားရောင်းဝယ်ရေး စခန်းမှ ကားဝယ်ရောင်းသမား တစ်ဦးထံမှ သိရပါတယ်။

လက်ရှိတွင် အ အကွာရာများ အပ်နှံမှုမှာ အပြီးသတ် အခြေအနေနီးပါး ရောက်ရှိလာနေပြီဖြစ်ပြီး နောက်ပိုင်းတွင် အပ်နှံခွင့်ပြုမည်ဟု ယူဆထားသော ၅ကနှင့် ၆က အကွာရာ ကားများမှာ ကျပ်သိန်း ၇၀နဲ့အထက် ဈေးပေါက်လျက် ရှိနေသလို CC နဲ့ DD စသော ကားများမှာတော့ ကျပ်သိန်း ၈၀ဝန်းကျင်လောက်ထိအောင် ဈေးရှိနေကြောင်း ၎င်းက ပြောပါတယ်။

■ လင်းလင်း(IA)

# ၂၀၁၄ ခုနှစ်တွက်တန်ကြေး အကြီးဆုံးကားများ ထုတ်လုပ်မှုကြေငြာ



မကြာခင် ၂၀၁၄ ခုနှစ်အတွင်း ရောက်ရှိတော့မှာ ဖြစ်တဲ့အတွက် ကားကုမဏီတော်တော်များများက သူတို့ရဲ့ကားမော်ဒယ်သစ်တွေကို ဆက်လက်ထုတ်လုပ်သွားဖို့ပြင်ဆင်လျက်ရှိနေကြပြီး အချို့သော တန်ကြေးကြီး ဇိမ်ခံကားထုတ် ကုမ္ပဏီတွေကလည်း ပုံမှန်အတိုင်းတန်ကြေးကြီးကားများကိုထုတ်လုပ်သွားဖို့ရှိနေသလို အခုလည်း လာမယ့်နှစ်အတွင်း ထုတ်လုပ်သွားဖို့ရှိတဲ့ တန်ကြေးကြီးကားများရဲ့ စာရင်းနဲ့ ပုံကြမ်းတွေကို ထုတ်ပြန်လာတာကြောင့် ကျွန်တော်က ဦးဦးဖျားဖျား ဝေမျှပေးလိုက်ပါတယ်နော်။

၂၀၁၄ ခုနှစ်အတွက် တန်ကြေးအကြီးဆုံးအဖြစ် ထုတ်လုပ်သွားမယ့် ကားကတော့ နာမည်ကျော် Lamborghini ရဲ့ Venono Roadster ဖြစ်ပြီးတော့ သူ့ရဲ့တန်ကြေးက ဒေါ်လာ ၄.၅ သန်း ရှိမှာဖြစ်ကာ အဆိုပါ ကားသစ်ဟာ ၆.၅ လီတာသုံး V12 အင်ဂျင်တပ်ဖြစ်ပြီးတော့ မြင်းကောင်ရေ ၇၄၀ အားထွက်ရှိမှာဖြစ်ကာ တစ်နာရီမိုင် ၆၀ နှုန်းကို အချိန် ၂.၉ စက္ကန့်နဲ့ မောင်းနှင်နိုင်မှာ ဖြစ်ပြီးတော့ အမြန်ဆုံး မောင်းနှင်နိုင်မှုက တစ်နာရီ မိုင် ၂၂၀ နှုန်းဖြစ်ကြောင်း သိရပါတယ်။

အခြားသောတန်ကြေးကြီး ထုတ်လုပ်မယ့်ကားတွေကတော့ W Motors ရဲ့ Lykan Hypersport က ၃.၄ သန်း၊ Bugatti Veryon ရဲ့ Grand Sport Vitesse က ၂.၆ သန်း၊ Pagani Zonda Revolutionက ၂.၉ သန်း၊ Lamborghini Sesto Elemento က ၂.၂ သန်း၊ Aston Martin One-၇၇ က ၁.၈ သန်း၊ Koenigsegg Agera R က ၁.၇၁ သန်း၊ Koenigsegg Agera S က ၁.၆၁ သန်း၊ Pagani H က ayra က ၁.၃ သန်း၊ Maybach Landaulet က ၁.၃၅ သန်း၊ Ferrari LaFerrari က ၁.၃ သန်း၊ Zenvo ST1 က ၁.၂၃ သန်း၊ Hennessey Venom GT Spyder က ၁.၁ သန်းနဲ့ McLaren P1 က ၁.၁ သန်းစီတို့ ဖြစ်ကြောင်းလည်း သိရပါတယ်။

■ လင်းလင်း(IA)

# ဆွဲဆောင်မှုအပြည့်ရှိတဲ့ ၂၀၁၄ Ford GT ဆိုတာ...



ပြီးခဲ့တဲ့ သုံးရက်ကပဲ နာမည်ကျော် Ford ကားကုမဏီက လက်ရှိ Spor အရေးကွက်မှာ အောင်မြင်မှုရနေတဲ့ သူ့ရဲ့မော်ဒယ်တစ်မျိုး GT ရဲ့ ၂၀၁၄ ခုနှစ် မော်ဒယ်အကြောင်းကို ထုတ်ဖော်ပြသခဲ့တာကြောင့် အခုကျွန်တော်က GT အသစ်ရဲ့အကြောင်းကို ပရိတ်သတ်ကြီးကိုပြန်ပြီး မျှဝေပေးချင်ပါတယ်။

ဒီတစ်ခါတော့ Ford က သူ့ရဲ့မော်ဒယ်သစ်ကို GT, GT40 နဲ့ GT70 ရယ်ဆိုပြီး Grade သုံးမျိုးခွဲပြီး ဈေးကွက်တင်ရောင်းချမှာ ဖြစ်သလို အထူးခြားဆုံး အပိုင်းက ဒီဇိုင်းဖြစ်ပြီး တကယ်ကို ဆွဲဆောင်မှုရှိရှိနဲ့ အရိုးယူ တည်ဆောက်ထားပါတယ်။ ကားကျွမ်းကျင်သုံးသပ်သူတွေက GT ရဲ့ ဒီဇိုင်းကို အိပ်မက်ထဲက အရိပ်တွေကို ထုဆစ်ထားတဲ့ နတ်သမီးတစ်ယောက်လို့တောင် တင်စားနေကြပါတယ်။

Sport ကား ဒီဇိုင်းနဲ့ လေခွင်းအားကို အကောင်းဆုံး ပြန်လည်တွန်းကန်အားဖြစ်စေမယ့်ဘေးဘက်လေခွင်းစနစ်တွေနဲ့ စွမ်းအင်စားသက်သာကောင်းမွန်ပြီး အသံဆူညံမှု အကောင်းဆုံး ဖြစ်မယ့် ဘက်ပေါင်းစုံပြည့်စုံတဲ့ ကားကောင်းတစ်စီးလည်း ဖြစ်ပါတယ်။ လက်ရှိမှာ Fordu သူ့ရဲ့ကားသစ်အကြောင်းကို အချိန် ၂ မိနစ်စာ ရုပ်သံပြကွက်လေးနဲ့ တင်ပြမိတ်ဆက်ခဲ့တာ ဖြစ်ပြီးတော့ မြန်ဆန်စွာ မောင်းနှင်နိုင်ပုံတွေနဲ့ မောင်းနှင်နေချိန်တွေမှာ အဝေးက မြင်တွေ့နေရတဲ့ GT နတ်သမီးရဲ့အချိုးအကွေ့တွေက ဈေးကွက်မဝင်ခင်မှာတောင်မှ ဝယ်ချင်စိတ်ပေါက်လောက်အောင်ပါပဲ။

လက်ရှိ ရုပ်သံပြကွက်မှာ အစမ်းမောင်းနှင် ပြသသွားခဲ့တာက GT40 အမျိုးအစား မော်ဒယ်သစ်ဖြစ်ပြီးတော့ အဲဒီမော်ဒယ်မှာ တပ်ဆင်ထားတဲ့ အင်ဂျင်က ၄.၇ လီတာသုံး V8 အင်ဂျင်အမျိုးအစားဖြစ်ကာ အင်ဂျင်အသံထွက်နှုန်း အလွန်တရာနည်းပါးတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း Ford က သူ့ရဲ့မော်ဒယ်ကို စီးနင်းရင်း သီချင်းတွေ နားထောင်မယ်ဆိုရင် ဆူညံသံလုံးဝမရှိတဲ့ အနေအထားနဲ့ အနှောက်အယှက် ကင်းကင်းနားထောင်နိုင်ရပါစေမယ်လို့တောင် အာမခံထားပါသေးတယ်။

GT မော်ဒယ်သစ်ဟာ အလျားတိုတိုနဲ့ မြို့တွင်းသုံး Sport ကား ဖြစ်ပြီးတော့ Coupe အမျိုးအစား တန်းဝင်ဖြစ်ကာ အမြန်နှုန်းမြင့်မြင့်နဲ့ မောင်းနှင်နိုင်အောင် ဖန်တီးထားတာဖြစ်လို့ ကားရဲ့ကိုယ်ထည်ပိုင်းမာကျောမှုနဲ့ အသက်ကယ်စနစ်တွေကိုလည်း အမှားအယွင်းတစ်စုံတစ်ရာ မရှိအောင် အဆင့်မြှင့်ထားတယ်လို့ သိရပါတယ်။

ဒါပေမယ့် Ford က သူ့ရဲ့မော်ဒယ်သစ်အကြောင်းကို လက်ရှိထိအောင် ဝှက်ဖဲတွေအဖြစ် ချန်လှပ်ထားသေးတာလည်း တွေ့မြင်ရပြီး အခုထိအောင် ကျွန်တော်တို့ကို အသိပေး ကြေညာခြင်းမရှိသေးတာက GT ရဲ့ မိုင် ၆၀ နှုန်းထိအောင် မောင်းနှင်ဖို့ လိုအပ်တဲ့ အချိန်ပမာဏ၊ အမြင့်ဆုံး မောင်းနှင်နိုင်မယ့် အမြန်နှုန်း၊ ဆီစားနှုန်းစတဲ့ အချက်တွေအပြင် GT ရဲ့ဈေးနှုန်းနဲ့ ဘယ်အချိန်မှာ ဈေးကွက်ကို စတင် ဖြန့်ချိသွားမယ် ဆိုတာတွေဖြစ်တာကြောင့် အခုလို Ford ရဲ့ GT အသစ်အကြောင်းကို ရုပ်သံပြကွက်လေးနဲ့ မထိတထိ သဘောမျိုးမိတ်ဆက်သွားတာက စောင့်ကြည့်စရာကောင်းအောင်ဖန်တီးသွားတာတော့ သိသာနေပါပြီ။

■ လင်းလင်း(IA)

# Ford က မောင်းသူမဲ့ ကားသစ်ကိုမိတ်ဆက်ပြသ



ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းကပဲ Ford ကားကုမ္ပဏီက သူ့ရဲ့မောင်းသူမဲ့မော်တော်ယာဉ်ကားသစ်ကိုမီဒီယာတွေနဲ့တရားဝင် မိတ်ဆက်ပြသခဲ့တာ တွေ့ရပါတယ်။ အဆိုပါ ကားသစ်ဟာ လမ်းစုံ၊ နေရာစုံကို မောင်းသူမဲ့ စနစ်နဲ့ မောင်းနှင်နိုင်မှာ ဖြစ်ပြီးတော့ သူ့ကို လက်ရှိမှာတော့ Automated Fusion Hybrid Research Vehicle လို့ အမည်ပေးထားကြောင်း သိရပါတယ်။ ဒီကားကို မက်ချီကန် တက္ကသိုလ်နဲ့ ပြည်နယ် စက်မှုလယ်ယာအဖွဲ့တို့ ပူးပေါင်းတီထွင်ထားတာ ဖြစ်ကြောင်းနဲ့ နောက်ပိုင်းမှာ တစ်ကမ္ဘာလုံး ဈေးကွက်ထိအောင် ထုတ်လုပ်ရောင်းချသွားဖို့ ရည်ရွယ်ထားကြောင်း သိရပါတယ်။

လက်ရှိ အချိန်ထိအောင် Ford ရဲ့ ၂၀၁၃ မော်ဒယ် Fusion ဟာ မောင်းသူမဲ့ ထိန်းချုပ်စနစ်ကို အကောင်းဆုံး အသုံးပြုနိုင်နေပြီဖြစ်သော်လည်း ယခု မိတ်ဆက်လိုက်သော ကားသစ်မှာ ရပ်တန့်ထိန်းချုပ်မှု အပိုင်းမှာပါ ရာနှုန်းပြည့် ကောင်းမွန်တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် လမ်းကျဉ်း စမ်းသပ်မောင်းနှင်မှုတွေမှာပါ အောင်မြင်ထားပြီး အပြိုင်ကားပါကင် ထိုးခြင်းလုပ်ငန်းကိုပါ လုပ်ဆောင်နိုင်တယ်လို့ သိရပါတယ်။ အာရုံခံ အပိုင်းမှာတော့ LiDAR လို့အမည်ပေးထားတဲ့ အလင်းအာရုံခံစနစ်နဲ့ အာရုံခံလုပ်ဆောင်မှာဖြစ်ပြီးတော့ အာရုံခံစနစ်ရဲ့ လမ်းကြောင်း အာရုံခံမှုနှုန်းက တစ်စက္ကန့်ကို ၂.၅ မီလီယံ သန်းထိအောင် မြန်ဆန်တယ်လို့ ဆိုပါတယ်။ နောက်ပြီး အသံလှိုင်းတွေကိုလည်း အာရုံခံတဲ့ စနစ်ပါဝင်သေးသလို ကားရဲ့ ပေ ၂၀၀ ပတ်လည် တစ်ဝိုက်ရဲ့ ပုံကြမ်းကို လည်း 3D ပုံကြမ်းအဖြစ် ပုံဖော်ပြီး ယာဉ်ပေါ်လိုက်ပါသူတွေက ကြည့်ရှုနိုင်အောင် ဖန်တီးထားကြောင်းလည်း သိရပါတယ်။

လင်းလင်း (IA)

# 2013 Hottest Apps

## 1. Bitstrips

ကာတွန်းမျက်နှာလေးတွေ နေရာမှာ မိမိမျက်နှာ သို့မဟုတ် သင့် သူငယ်ချင်း မျက်နှာတွေကို အစားထိုးထားတဲ့ကာတွန်းပုံလေး တွေကိုShareလုပ်နိုင်မှာဖြစ်ပါတယ်။ ကာတွန်းဒီဇိုင်းတွေကိုလည်း ကိုယ်ပိုင်ဖန် တီးနိုင်ဖို့ ပုံစံပေါင်း ၂ထောင်ကျော်ကို ထည့်သွင်းပေးထားပါတယ်။




## 2. Vine

နေ့စဉ်ဘဝဖြစ်ပျက်မှုတွေ၊ ခံစားမှုတွေကို ဖော်ထုတ်ချင်တယ် ဆိုရင်တော့ Vineကိုကောင်းကောင်းကြီး အသုံးချနိုင်ပါတယ်။ ဓာတ်ပုံ၊ ဗီဒီယိုတွေ တင်နိုင်သလို Shareလုပ်နိုင်ပါသေးတယ်။ သူငယ်ချင်းတွေကိုရှာဖွေပြီး Chat လုပ်နိုင်ပါသေးတယ်။




## 3. Candy Crush

ရောင်စုံတူ Candyလေးတွေကိုတူညီအောင်စုပြီး ရမှတ်တွေရယူနိုင်မယ့် ဂိမ်းလေးပါ။ Candy ရောင်စုံလေးတွေ စုတာများလာပြီဆိုရင် Candy အကြီးရအောင်ယူပြီး ရမှတ်တွေတိုးအောင် ဆော့ကစားရမှာ ဖြစ်ပါတယ်။

## 4. MeetMe

သင်နှစ်သက်သဘောကျသူ ရှာမတွေ့သေးဘူးဆိုရင် MeetMeကိုအသုံးပြုပြီး ရှာဖွေနိုင်ပါတယ်။ မိမိအကြောင်း Profile အနည်းငယ် ဖော်ပြပေးပြီး မိမိနှစ်သက်သဘောကျတဲ့ ယောကျာ်းလေး (သို့) မိန်းကလေး ပုံစံ၊ အသက်တွေကို ဖြည့်သွင်းပြီး မိမိနဲ့ကိုက်ညီသူကို ရှာဖွေနိုင်မှာ ဖြစ်ပါ တယ်။ Chat နဲ့လည်း စကားပြောနိုင်ပါတယ်။

## 5. Snapchat

ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေပေါ်မှာ ချစ်စဖွယ်ရုပ်ပုံတွေ၊ ချစ်စရာဓာတ်ပုံတွေကိုဖန်တီးချင်တယ်ဆိုရင်တော့ Snapchatက စွမ်းဆောင်ပေးမှာပါ။ ပြင်ဆင်ထားတဲ့ ဓာတ်ပုံတွေကိုလည်း သင့်သူငယ်ချင်းတွေကို Share လုပ်နိုင်ပါသေးတယ်။

## 6. Ruzzle




စကားစပ်ဂိမ်းတွေကိုPlayerပေါင်း ၃၅ သန်းကျော်နဲ့ ချိတ်ဆက်ကစားနိုင်မယ့် App ဖြစ်ပါတယ်။ ပေးထားတဲ့ စကားလုံးတွေထဲက စကားလုံးတစ်လုံးဖြစ်စေမယ့်စာလုံးတွေကိုအလျှင်မြန်ဆုံး ရှာဖွေပြီးပြိုင်ပွဲကိုအနိုင်ရယူရမှာပါ။ ဘာသာစကားပေါင်း ၁၀ မျိုးနဲ့ အသုံးပြုနိုင်ပါတယ်။

## 7. Instagram

သန်းပေါင်း ၁၅၀ အသုံးပြုလျက်ရှိတဲ့ ဓာတ်ပုံပြုပြင်ရေး App တစ်ခုပါပဲ။ မိမိစိတ်ကြိုက်ပြုပြင်လိုက်တဲ့ App တွေကို သင့်သူငယ်ချင်းတွေဆီ တိုက်ရိုက် Share နိုင်သလို Facebook, Twitter တို့က တစ်ဆင့်လည်းမျှဝေနိုင်ပါတယ်။ ဓာတ်ပုံတင်နိုင်မည့်အရေအတွက်ကို Unlimitted ပေးထားပြီး ဗီဒီယိုများကိုပါ Share လုပ်နိုင်ပါတယ်။

## 8. Freedly

'မနန်ပ ကတော့ နည်းနဲ့ နာမည်ကျော် သတင်းနှုန်ဘျငအန တွေက သတင်းတွေကို စုံအေန ရယူနိုင်မယ့် ဗစစ တစ်ခုပါ။ မိမိ ရယူလိုတဲ့ သတင်း ,ငအေန ကို သတ်မှတ်ပေးနိုင်ပြီး နေ့စဉ်သတင်းသစ်တွေကို ရယူနိုင်မှာ ဖြစ်ပါတယ်။

## 9. Tinder

Tinder က သင့်ကိုစိတ်ဝင်စားနေတဲ့သူတွေကို အွန်လိုင်းကနေ ရှာဖွေပေးပြီး ချိတ်ဆက်ပေးမှာ ဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် သဘောကျပြီး လက်ခံတယ်ဆိုရင်တော့ Chatting နဲ့ စကားပြောဆိုနိုင်မှာ ဖြစ်ပါတယ်။




## 10. InstaFriends

Instagram မှာ သင့်ကိုဘယ်သူက Follow လုပ်ထားသလဲ၊ သင့်ကို ဘယ်သူ့ကို Follow လုပ်ထားသလဲဆိုတာ လွယ်လွယ်ကူကူ စစ်ဆေးနိုင်ပါတယ်။ Instagram မှာရှိတဲ့ သူငယ်ချင်းတွေကို စိတ်ကြိုက် စီစဉ်နိုင်ပါတယ်။

INSTAFRIENDS

Hyundai ကားကုမ္ပဏီက ထုတ်လုပ်တဲ့ SKY Vega စမတ်ဖုန်းများအပြင် ကိုရီးယားနိုင်ငံထုတ် စမတ်ဖုန်းများကိုတင်သွင်းရောင်းချလျက်ရှိတဲ့ Original Korea Mobile Co.,ltd မှ Managing Director မဖြူနှင်းဖွေးအား သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ပုံကို ဖော်ပြလိုက်ပါတယ်...



မဖြူနှင်းဖွေး (ခ) မစနီး
Managing Director
Orginal Korea Mobile Co.,Ltd.




# Hyundai ကားကုမ္ပဏီက ထုတ်လုပ်တဲ့

# SKY Vega

## မိုဘိုင်းဖုန်းများကို တရားဝင်ဖြန့် ချိလျက်ရှိတဲ့

# Original Korea Mobile Co.,Ltd.

**Q** ပထမဆုံးအနေနဲ့ SKY Vega Brand စမတ်ဖုန်းတွေ တင်သွင်းဖြစ်ပုံကို ပြောပြပေးပါ။

**A** SKY Vega က Samsung တို့ Huawei တို့ထက် Application တွေ ပိုမြင့်တယ်ထင်လို့ တင်သွင်းဖြစ်တာပါ။ ပြီးတော့ သူက စပြီးထုတ်ကတည်းကိုက Level အနိမ့်ဆုံး R1 တို့ R2 တို့မှာတောင်မှ အသံနဲ့ ပြောရုံနဲ့တင် ကင်မရာရိုက်စေတဲ့ Voice System၊ Hand Shade ပြုလုပ်လိုက်တာနဲ့ ရွေ့လျားသွားတဲ့ Motion System၊ ပုံရိပ်ကိုလျင်မြန်စွာ ဖမ်းယူပေးနိုင်တဲ့ Zero Shutter အဲဒီလိုမျိုးလေးတွေပါတော့ အစ်မက စိတ်ဝင်စားသွားတယ်။ အဲဒီအတွက် SKY Brand ကို ဒီမှာထိုးဖောက်ဖို့ ကြိုးစားဖြစ်သွားတာပါ။

**Q** တင်သွင်းဖြစ်တဲ့ SKY စမတ်ဖုန်းတွေ ဘယ်လောက်ရှိသွားပြီလဲ။

**A** အစ်မ တင်သွင်းဖြစ်တဲ့ Model တွေဆိုရင် R1, R2, LTE Ex, SKY S5, S5 Special, R3, Iron, N6 တွေကိုတင်သွင်းထားပါတယ်။ သူ့အရှေ့မှာရှိတဲ့ ဈေးရှင်းနိမ့်တဲ့မော်ဒယ်တွေတော့ မတင်သွင်းဘူး။ R1 ကနေ စပြီး တင်သွင်းတာပါ။

**Q** SKY Vega ဖုန်းအကြောင်းအင်တာနက်မှာ ရှာဖွေကြည့်တဲ့အခါ SKY Vega မဟုတ်ဘဲ Pantech ဖုန်းဆိုပြီး ကျလာတာတွေ့ရပါတယ်။ အဲဒါ ဘယ်လိုများ ကွာခြားပါသလဲ။

**A** အဲဒါက Pantech လုပ်ဆောင်မှုကိုပြောတာ။ Pantech ဆိုတာက ဖုန်း Screen ပေါ်မှာလက်နဲ့ရေးလို့ရတယ်။ Pantech အသေးလေးတွေ ဝယ်ပြီးသုံးလည်းရတယ်။ SK Telecom ကထုတ်တဲ့ Pantech အသေးလေးတွေရှိတယ်။ ဖုန်းကို SK Telecom ကုမ္ပဏီက ထုတ်တယ်။ Brand ရဲ့ Name က SKY Vega ဆိုပြီး ထုတ်တာပေါ့နော်။ ထုတ်လုပ်တဲ့ဆီက Hyundai ကားကုမ္ပဏီက ထုတ်လုပ်တာပါ။

**Q** အစ်မအနေနဲ့ SKY ဖုန်းလေးတွေကို စိတ်ဝင်စားသွားတဲ့ အကြောင်းအရင်းကရော။

**A** အစ်မ သူငယ်ချင်းတစ်ယောက်က "SKY ကို သုံးကြည့်၊ ငါသုံးတာ အရမ်းကောင်းတယ်" လို့ပြောတော့ အစ်မ ပထမဆုံး S5 ရိုးရိုးကို စသုံးလိုက်တယ်။ Touch ကအစ Hang သွားခြင်းမရှိဘူး။ ဒါပေမယ့် တစ်ခုရှိတာက ဘယ်ဖုန်းမဆို Application တွေ Run ပါများလာရင် လေးသွားတာတို့ ရှိတာပေါ့နော်။ နောက်ပြီးအရမ်းကို ပါးလွှာတဲ့ Flat ပုံစံလေးလည်း ဖြစ်တယ်။ Hyundai ကားကုမ္ပဏီက ထုတ်လုပ်တဲ့အတွက်လည်းအကြမ်းခံတယ်။ Hyundai ကားကုမ္ပဏီက ထုတ်လုပ်တဲ့ ဖုန်း Brand ဖြစ်တဲ့အတွက် အစ်မ စိတ်ဝင်စားမိတာပါ။

**Q** တင်သွင်းလာတဲ့ဖုန်းတွေထဲမှာ အစ်မအနေနဲ့ ဘယ်ဖုန်း Model နဲ့ ဘယ် Function ကို အနှစ်သက်ဆုံးလဲ။

**A** အစ်မ အခုကြိုက်ဖြစ်နေတာက N6 နဲ့ Iron ပါ။ N6 ကျတော့ အင်တာနက်သုံးတဲ့အခါကျရင် ဖျပ်ကျယ်တယ်။ သူက ၆လက်မကျော်ရှိတယ်။ အင်တာနက်သုံးတဲ့အခါ သူ့ကိုကြိုက်တယ်။ Iron ကျတော့ Frame က အလူမီနီယံနဲ့ လုပ်ထားတာ။ ပြုတ်ကျသွားရင် ဘာမှမဖြစ်ဘူး။ ပြီးတော့ iPhone ပုံစံလေးလည်းဖြစ်တယ်။ ဖုန်းလေးက ချစ်စရာလေး။ ဒါကြောင့် ကြိုက်ဖြစ်နေတာပါ။ အကြိုက်ဆုံး Function ဆိုရင် Zero Shutter ပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ သူကလှုပ်ရှားမှုပေါင်းစုံကို ဆက်တိုက်ရိုက်သွားပေးလို့ရတယ်။ Brand မြင့်လာတဲ့ အပေါ်မူတည်ပြီး ပုံရိပ်က ၁၀၀ ကနေ ၃၀၀ အထိထွက်တယ်။ ခလုတ် တစ်ချက်လေးနှိပ်ထားတာနဲ့တင် လှုပ်ရှားမှုအားလုံးကိုဖမ်းယူလို့ရတယ်။

**Q** SKY စမတ်ဖုန်း အသုံးပြုသူအနေနဲ့ Accessories အပိုပစ္စည်း အခက်အခဲမဖြစ်အောင် ဘယ်လို စီစဉ်ပေးထားလဲ။

**A** ဘတ်ထရီအပို၊ အသားအိအိလေးနဲ့ Jelly Case တွေ၊ Keychain တွေ၊ မှန်ကပ်တွေကအစ ရှိပါတယ်။ ဒါပေမယ့်တစ်ခုရှိတာက အစ်မတို့ဆီမှာ ဝယ်ယူထားတဲ့ဘောင်ချာလေး ပြပေးမှ အဆင်ပြေမယ်။ ဘာကြောင့်လဲဆိုတော့ အစ်မတို့တွေက ဒါတွေကို အလုံးရေ ကန့်သတ်ပြီးတော့ ဝယ်ရတာ။ ဝယ်ချင်တိုင်း ဝယ်လို့ မရဘူး။

**Q** အခုလောလောဆယ် အသစ်ဝင်လာတဲ့ ဖုန်းလေးကရော။

**A** အခုနောက်ဆုံး ဝင်လာတာက N6 ပါ။

**Q** Korea ဖုန်းတွေက အခြားဖုန်းတွေနဲ့ ဘယ်လိုများ ကွာခြားပါသလဲ။

**A** Original Korea ဖုန်းတွေက Korea Language နဲ့ English Language နှစ်မျိုးပဲ ပါတယ်။

**Q** မြန်မာဖောင့်သွင်းချင်တဲ့အတွက်ကျတော့ရော ဘယ်လို စီစဉ်ထားပေးလဲ။

**A** စစချင်းဖုန်းတွေကိုတင်သွင်းမယ်ဆိုရင် အစ်မတို့က Firmware တွေ Root တွေအကုန်လုံးကိုဟိုဘက်ကနေ ဝယ်ရတယ်။ အစ်မတို့က ဒီမှာ မြန်မာဖောင့်ပြန်ထည့်ပေးတယ်။ မြန်မာဖောင့်မှားတာတွေ မဖြစ်စေရဘူး။ ဖုန်းဝယ်သွားပြီဆိုရင် မြန်မာဖောင့်နဲ့ Customer ထည့်ချင်တဲ့ Application တွေ အကုန်ထည့်ပေးတယ်။ Warranty 1 Year ကာလအတွင်းမှာ ကြိုက်နှစ်သက်တဲ့ Application လာသွင်းရင် အစ်မတို့က အခမဲ့ဆောင်ရွက်ပေးတယ်။ ပြီးတော့ Warranty 1 Year ပထမဆုံး (၁) လမှာ Customer False ကြောင့် မဟုတ်ဘဲ Factory False ကြောင့်ဖြစ်တယ်ဆိုရင် ပါကင်ဖုန်းတစ်လုံးပြန်လဲပေးတယ်။

**Q** SKY Brand က ကိုရီးယားမှာ ဘယ်လိုဈေးကွက်အခြေအနေရှိလဲ။

**A** ကိုရီးယားမှာ SKY က နံပါတ် (၁) နေရာမှာ ရှိနေပါတယ်။ SKY က US မှာလည်း ရှိတယ်။ Austrila မှာလည်းရှိတယ်။ မြန်မာနိုင်ငံမှာတော့ မသိကြသေးဘူး။

**Q** SKY Barnd အပြင် အခြားတင်သွင်းတဲ့ဖုန်းတွေရောရှိပါသလား။

**A** SKY Brand ပြီးတော့ LG နဲ့ Samsung ကိုလည်းတင်သွင်းပါတယ်။ အကုန်လုံးက 4G LTE ဖုန်းတွေပါ။

**Q** ပြည်တွင်းမှာရောင်းချနေတဲ့ LG ဖုန်းတွေနဲ့ အမတို့ဘက်က တင်သွင်းတဲ့ LG ဖုန်းတွေ ဘာများကွာခြားပါသလဲ။

**A** 4G နဲ့ 3G နဲ့ပဲ ကွာသွားတာပါ။ ကျန်တာတော့ အကုန်အတူတူပါပဲ။

**Q** SKY ဖုန်းရဲ့မြန်မာပြည်ဈေးကွက် အခြေအနေကို သုံးသပ်ပေးပါ။

**A** မြန်မာပြည်အခြေအနေက SKY ကို တော်တော်များများ ကြိုက်ကြပေမယ့် Samsung ကို မထိုးဖောက်နိုင်ဘူး။ မြန်မာနိုင်ငံမှာက Samsung က နံပါတ် (၁) ပဲ။ လူလတ်တန်းစားတွေ အတွက်ဆိုရင်တော့ Huawei က နံပါတ် (၁) ပေါ့။ SKY ကျတော့ ကိုရီးယားက ပြန်လာတဲ့လူလောက်၊ နိုင်ငံခြားကပြန်လာတဲ့လူလောက်ပဲ သိကြတယ်။ အခုဆိုရင် လကုန်ပြီး ၁ ရက်နေ့ဆိုရင် တောင်ကြီးမှာ Best Friend ဆိုတဲ့ ကိုယ်စားလှယ် ဆိုင်ဖွင့်ပွဲရှိတယ်။ အဲဒီဆိုင်ဖွင့်ပွဲမှာ ဖုန်းကံစမ်းမဲတွေ ဖောက်ပေးမယ်။ ဖုန်းဝယ်ယူသူတိုင်းကို ထမင်းပေါင်းအိုးနဲ့ ရေနွေးကရားအိုးတွေကို Choice လုပ်ပြီး လက်ဆောင်ပေးမယ်လို့ စီစဉ်ထားပါတယ်။

# Original Korea Mobile မှ တင်သွင်းသော စမတ်ဖုန်းများ

## SKY Vega S5 Special (IM-A840SP) 1




- 5" Display
- Android 4.1.2 Korean
- 16 GB Storage, 1 GB RAM
- 13 MP Camera (Main), 2 MP (Front)
- 1.5 GHz Dual-core Processor
- 320,000 Ks (Black)
- 330,000 Ks (White)

## Sky Vega Iron (IM-A870 S/ K/L) 2




- 5" Display
- Android 4.1.2 Korean
- 32 GB Storage, 2 GB RAM
- 13 MP Camera (Main), 2 MP (Front)
- 1.7 GHz Quad-core Processor
- 550,000 Ks (Black)
- 560,000 Ks (White)

## Sky Vega LTE Ex (IM-A820 S/K/L) 3



- 4.5" Display
- Android 4.0.4 Korean
- 16 GB Storage, 1 GB RAM
- 8 MP Camera (Main), 1.3 MP (Front)
- 1.5 GHz Dual-core Processor
- 270,000 Ks (Black)
- 280,000 Ks (White)

## Sky Vega R3 (IM-A850 S/K/L) 4




- 5.3" Display
- Android 4.1.2 Korean
- 16 GB Storage, 2 GB RAM
- 13 MP Camera (Main), 2 MP (Front)
- 1.5 GHz Quad-core Processor
- 410,000 Ks (Black)
- 420,000 Ks (White)

## Sky Vega Racer 2 (IM-A830 S/K/L) 5




- 4.8" Display
- Android 4.0.4 Korean
- 16 GB Storage, 1 GB RAM
- 8 MP Camera (Main), 2 MP (Front)
- 1.5 GHz Dual-core Processor
- 250,000 Ks (Black)
- 260,000 Ks (White)

## SKY Vega N6 (IM-A860 S/K/L) 6




- 5.9" Display
- Android 4.1.2 Korean
- 32 GB Storage, 2 GB RAM
- 13 MP Camera (Main), 2 MP (Front)
- 1.5 GHz Quad-core Processor
- 460,000 Ks (White)
- 490,000 Ks (Pink)

## LG Optimus GK (F-220 S/K/L) 7




- 5" Display
- Android 4.1.2 Korean
- 16 GB Storage, 2 GB RAM
- 13 MP Camera (Main), 2 MP (Front)
- 1.7 GHz Quad-core Processor
- 520,000 Ks (Black)
- 520,000 Ks (White)

## LG Optimus Vu (F100 S/K/L) 8



- 5" Display
- Android 4.0.4 Korean
- 32 GB Storage, 1 GB RAM
- 8 MP Camera (Main), 1.3 MP (Front)
- 1.5 GHz Dual-core Processor
- 270,000 Ks (Black)
- 270,000 Ks (White)

## LG Optimus Vu II (F200 S/K/L) 9




- 5" Display
- Android 4.0.4 Korean
- 32 GB Storage, 2 GB RAM
- 8 MP Camera (Main), 1.3 MP (Front)
- 1.5 GHz Dual-core Processor
- 400,000 Ks (Black)
- 410,000 Ks (White)

# Original Korea Mobile မှ တင်သွင်းသော စမတ်ဖုန်းများ

## LG Optimus G (F180 S/K/L) 10



- 4.7" Display
- Android 4.1.2 Korean
- 32 GB Storage, 2 GB RAM
- 13 MP Camera (Main), 2 MP (Front)
- 1.5 GHz Quad-core Processor
- 430,000 Ks (Black)
- 440,000 Ks (White)

## Galaxy Note (SHV-E160 S/K/L) 11



- 5.3" Display
- Android 4.1.2 Korean
- 16/32 GB Storage, 1 GB RAM
- 8 MP Camera (Main), 2 MP (Front)
- 1.5 GHz Dual-core Processor
- 340,000 Ks (Black)
- 350,000 Ks (White)

## Galaxy Grand (SHV0E270 S/K/L) 12



- 5" Display
- Android 4.1.2 Korean
- 8 GB Storage, 1 GB RAM
- 8 MP Camera (Main), 2 MP (Front)
- 1.4 GHz Quad-core Processor
- 290,000 Ks (Black)
- 300,000 Ks (White)

## Galaxy Note II (SHV-E250 S/K/L) 13



- 5.5" Display
- Android 4.1.2 Korean
- 16/32 GB Storage, 2 GB RAM
- 8 MP Camera (Main), 2 MP (Front)
- 1.6 GHz Quad-core Processor
- 460,000 Ks (Black)
- 460,000 Ks (White)

## Galaxy SII (SHW-M250 S) 14



- 4.3" Display
- Android 4.1.2 Korean
- 16 GB Storage, 1 GB RAM
- 8 MP Camera (Main), 2 MP (Front)
- 1.2 GHz Dual-core Processor
- 250,000 Ks (Black)
- 260,000 Ks (White)

## Galaxy SIII (SHV-E210 S/K/L) 15



- 4.8" Display
- Android 4.1.2 Korean
- 16/32 GB Storage, 2 GB RAM
- 8 MP Camera (Main), 2 MP (Front)
- 1.4 GHz Quad-core Processor
- 410,000 Ks (Black)
- 420,000 Ks (White)

## SKY Vega Korea စမတ်ဖုန်းများကို ဆက်သွယ်ဝယ်ယူလိုပါက




Original Korea Mobile Co.,Ltd.
Dagon Center II ၊ (၅)လွှာ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ - ၄၂၅ ၂၉၄ ၀၇၀၊ ၀၉ - ၄၂၂ ၅၄၅ ၈၅၈၊ ၀၉ - ၂၅၄ ၀၇၀ ၁၆၁။

Best Friend Mobile (တောင်ကြီးဆိုင်ခွဲ)
အမှတ် (၁၅၉)၊ အရှေ့မြို့ပတ်လမ်းနှင့် ကုန်သည်လမ်းထောင့်၊
ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့။
ဖုန်း ၀၉ - ၄၅၈ ၀၃၄ ၈၀၇။

IT Land Mobile (နေပြည်တော်ဆိုင်ခွဲ)
သပြေကုန်းဈေး၊ Elite ကားဝင်းနှင့် မျက်စောင်းထိုး၊ နေပြည်တော်။
ဖုန်း ၀၆၇ - ၄၃၂၀ ၂၈။

# ၂၀၁၃ ခုနှစ် ကာလအတွင်း ရေပန်းစားခဲ့သော ဂိမ်းများ

နှစ်လည်းကုန်ပါတော့မယ်။ ၂၀၁၃ကို နှုတ်ဆက်ပြီး ၂၀၁၄ ကို ကြိုရတော့မယ် အချိန်ကိုရောက်လာပြီ ဖြစ်ပါတယ်။ ခရစ်စမတ် ကာလအတွင်းမှာလည်း ဂိမ်းတွေအများကြီး ထွက်လာဦးမှာ ဖြစ်ပါတယ်။ ဂိမ်မာတွေ စိတ်လှုပ်ရှားနေကြပြီ ထင်ပါတယ်။ အခုကတော့ ထွက်ခဲ့သမျှ ဂိမ်းတွေထဲက မြန်မာပရိသတ် ကြိုက်နှစ်သက်မယ့် ဂိမ်းတွေကို တင်ဆက်လိုက်ရပါတယ်။ စာဖတ်သူတွေကော အကြိုက်တူကြမယ်လို့ မျှော်လင့်ပါတယ်။

■ ထက်အောင်




## Bioshock : Infinite

အခုချိန်ထိ ကမ္ဘာ့အကောင်းဆုံး ဂိမ်းရယ်လို့ ပြောစမှတ် ပြုကြတာကတော့ Bioshock : Infinite ဖြစ်ပါတယ်။ အရင်တုန်းကတော့ Bioshock တွေလည်းထွက်ပြီးပါပြီ။ ရေအောက်ကမ္ဘာမှာ ရှင်သန်ပြီးတဲ့ နောက်မှာတော့ လေထဲကို ရောက်လာပါပြီ။ လေထဲမှာ မြို့တည်ထားတဲ့ New Columbia ဆိုတဲ့မြို့အကြောင်းပါ။ အဖော် အနေနဲ့ Elizabeth ဆိုတဲ့ ကောင်မလေးပါ။ ကစားသူကတော့ Booker လို့ခေါ်တဲ့ အေးဂျင့်တစ်ယောက်ပါ။ အတိတ်ကို မေ့သလောက်ဖြစ်နေပြီး ရံဖန်ရံခါ အတိတ်ပုံရိပ်တွေက ခြောက်လန့်လိုနေပါတယ်။ Companion System ကတော့ တော်တော်လေးကို ကောင်းမွန်တယ်ပြောရမှာပါ။ Elizabeth မှာလည်း ထူးခြားတဲ့ စွမ်းအင်တွေ ပိုင်ဆိုင်ပါသေးတယ်။

## Devil May Cry

Devil May Cryကတော့ Rebootနီးပါးပါပဲ။ Danteရဲ့ပုံစံကိုလည်း လုံးဝကိုအသစ်ဖြစ်နေပါပြီ။ Devil May Cry Developer တွေကလည်း တော်တော်လေးကို အားလည်းစိုက် တော်တော်လေးကို အရဲစွန့်ပြီး ပြောင်းလဲခဲ့တာပါ။ ကြိုက်တဲ့သူတွေလည်းရှိလို့ မကြိုက်တဲ့သူတွေလည်းအများကြီးပါပဲ။ Gameplay ကတော့ တော်တော်ကို ကောင်းပါတယ်လို့ ပြောစမှတ်ပြုကြပါတယ်။ လက်နက်တွေလည်း အများကြီး ထက်ပါလာပြီး သုံးရတာလည်း ပိုလွယ်ကူလာတယ်ဆိုပါတယ်။ ဂိမ်းအတွင်းက အသံပိုင်းနဲ့ပတ်သက်ရင် Devil May Cry ကို ဘယ်သူမှ မမှီဘူးဆိုကြပါတယ်။







## Tomb Raider 2013

ဗြိတိသျှ ဘူမိဗေဒပညာရှင် Laracoft ရဲ့ စိတ်လှုပ်ရှားစရာ စွန့်စားခန်းတွေအကြောင်းကို တဝကြီးဆော့ရမှာ ဖြစ်ပါတယ်။ Tomb Raider ကတော့ မြန်မာပရိသတ်နဲ့ လုံးဝကိုမစိမ်းပါဘူး။ ရုပ်ရှင်တွေလည်း ထွက်ပြီး ကမ္ဘာပေါ်မှာ စွဲဆောင်မှုအရှိဆုံး ဖြစ်တဲ့ ဂျိုလီက သရုပ်ဆောင်ခဲ့ပါတယ်။ ရုပ်ရှင်တွေလည်း ပေါက်ခဲ့သလို ဂိမ်းတွေကလည်း ဝက်ဝက်ကွဲ အောင်မြင်ခဲ့တာလည်းဖြစ်ပါတယ်။ Tomb Raider ဇာတ်ကြောင်းတစ်ခုလုံးကို Reboot အစက ပြန်စထားတဲ့ ဂိမ်းလည်းဖြစ်ပါတယ်။




## Battlefield 4

Battlefield 4 ကတော့ တော်တော်လေးကို လူတွေ သဘောကျလာတဲ့ ဂိမ်းလည်းဖြစ်ပါတယ်။ Call of Duty နဲ့ ပြိုင်ဘက်အဖြစ် တည်ရှိနေခဲ့တာပါ။ Battlefield မှာတော့ တော်တော်ကိုသာသွားပြီလို့တောင် Game Review ဆိုက်တော်တော်များများက ပြောစမှတ်ပြုနေကြပါတယ်။ ဇာတ်လမ်းကတော့ တော်တော်လေးကို တိုတယ် ထင်ရပါတယ်။ တောင်တရုတ်ပင်လယ်မှာ တရုတ်စစ်ဘက် ဗိုလ်ချုပ်နဲ့ အားပြိုင်ရတဲ့ အမေရိကန်ရေတပ်က တပ်ဖွဲ့ငယ်လေး တစ်ခုအကြောင်းပါ။ ကောင်းမွန်တဲ့ဂိမ်း၊ ခိုင်မာတဲ့ဇာတ်အိမ်နဲ့ ကောင်းမွန်တဲ့ Shooter ဂိမ်းကောင်း တစ်ခုဖြစ်ပါတယ်။




## GTA 5

Open World ထဲမှာတော့ GTA 5ကိုယှဉ်ပြိုင်နိုင်တဲ့သူမရှိပါဘူး။ San Adreasမြို့ကြီးမှာ လက်တွေ့နေထိုင်သူတစ်ယောက်လို့တောင် ထင်ရမှာဖြစ်ပါတယ်။ အသေးစိတ်တိကျတာတာကော၊ သဘာဝနဲ့တူတာကော အဘက်ဘက်မှာကို ကောင်းမွန်တဲ့ ဂိမ်းတစ်ခု ဖြစ်ပါတယ်။ အပြင်မှာ အလုပ်လုပ်သလိုကို ဂိမ်းထဲမှာလည်းအလုပ်လုပ်ကိုင်နိုင်ပါသေးတယ်။ ဇာတ်လမ်းကလည်း အတက်အကျရှိပြီး စိတ်ဝင်စားစရာလည်း ကောင်းလှပါတယ်။

ဆက်ရေးပါဦးမယ်။

# NEW CDs

## The Walking Dead Season 2 Episode 1




Adventure ဂိမ်းအမျိုးအစား (၂၀၁၂) ခုနှစ်ရဲ့နာမည်ကျော်ဂိမ်းစီးရီး Walking Dead ရဲ့ဒုတိယမြောက် Season ဖြစ်ပါတယ်။ Season က ပါဝင်ခဲ့တဲ့ ကောင်မလေး Clementine ရဲ့ အသက်ရှင်ရပ်တည်မှုကံကြမ္မာကိုဝင်ရောက်ဖန်တီး ပေးရမှာ ဖြစ်ပါတယ်။

## Omerta City of Gangsters - The Japanese Incentive




Strategy ဂိမ်းအမျိုးအစား Omerta City of Gangsters ရဲ့ DLC Expansion Pack ဖြစ်ပါတယ်။ Atlantic မြို့တော်ရဲ့မြေပုံအသစ်တွေ လက်နက်အသစ်တွေနဲ့အတူ ဂျပန်ရသစတိုင်လေးတွေ ထပ်မံ ထည့်သွင်းပေးထားလို့ Gangsters ပရိသတ်တွေ အကြိုက်တွေ့ကြဦးမှာပါ။

## Islan Tribe 5




Time Management/Strategy ဂိမ်းအမျိုးအစား၊ ပေါ့ပေါ့ပါးပါး ဆော့ကစားလို့ကောင်းတဲ့ Island Tribe ရဲ့ နောက်ဆုံးထွက်ဇာတ်ရှင်းဖြစ်ပါတယ်။ သိပ္ပံပညာရှင်မိတ်ဆွေကို ကယ်တင်ဖို့အတွက် Level (၄၄) ဆင့် ကျော်ဖြတ်ရမှာပါ။

## Ravensword Shadowlands




Action, Adventure, RPG ဂိမ်းအမျိုးအစား Tyreas နန်းတော်ရဲ့လျှို့ဝှက်မှုတွေကို ဖြေရှင်းရမယ့် RPG ဂိမ်းကောင်းတစ်ခုပါ။ Open World ပုံစံဆော့ကစားရမှာဖြစ်ပြီး လေး၊ မြား၊ ပုဆိန်၊ သေနတ် အစရှိတဲ့လက်နက်မျိုးစုံကိုင်ဆောင်ခွင့်ရမှာ ဖြစ်ပါတယ်။

## Velocity Ultra Deluxe Edition




Mini Puzzle Shooter ဂိမ်းအမျိုးအစားအာကာသတိုက်ခိုက်ရေးဂျက်လေယာဉ်ဂိမ်းဖြစ်ပါတယ်။ ဂလက်ဆီတန်းတွေ၊ ဥက္ကာပျံတွေ အစရှိတဲ့ Sci-fi View တွေနဲ့အတူ Level (၅၀)ကျော် ဖြတ်သန်းနိုင်ဖို့ကြိုးစားရမှာပါ။

## Love Alchemy: A Heart In Winter




Hidden Object/ Puzzle ဂိမ်းအမျိုးအစား၊ မှော်ဆန်ပြီး စိတ်ဝင်စားဖို့ ကောင်းတဲ့ ချစ်သူနှစ်ဦးရဲ့ချစ်ပုံပြင် နောက်ခံသမိုင်းထဲက ဒဏ္ဍာရီပန်းချီကားထဲကို ဝင်ရောက်ပြီး Puzzle တွေ ဖြေရှင်းရမယ့် ဂိမ်းကောင်းတစ်ခု ဖြစ်ပါတယ်။

# NEW GAMEs

## Borderlands 2 : How Marcus Saved Mercenary Day




Borderlands 2 ဟာ FPS ဂိမ်းအမျိုးအစားဖြစ်ပြီး နိုင်ငံခြားမှာလဲ လူကြိုက်တော်တော်များတဲ့ ဂိမ်းတစ်ခုပါ။ စဆော့မယ်ဆိုရင်တော့ Magic နဲ့လုပ်ထားတဲ့တံခါးကိုဖြတ်သန်းရမှာဖြစ်ပြီး နှင်းတောထဲကို ရောက်သွားမှာဖြစ်ပါတယ်။ အဆိုပါနှင်းတောကြီးဟာ Gingerton အမည်ရှိတဲ့နှင်းတော့ကြီးဖြစ်ပြီး ထူးဆန်းတဲ့ အကောင်ကြီးတွေနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရမှာဖြစ်လို့စိတ်ဝင်စားစရာကောင်းတဲ့ ဂိမ်းတစ်ခုဖြစ်မှာတော့ အမှန်ပဲဖြစ်ပါတယ်။

## Legends of Presia

Legends of Persia ဟာ ရှေးခေတ် ရောမသူရဲကောင်း တစ်ဦးနေရာကနေ ဆော့ရမှာဖြစ်ပြီး Diablo ဂိမ်းလိုမျိုး သွေးသံရဲရဲနဲ့ တိုက်ပွဲဝင်ရမှာကတော့ အသေအချာပဲဖြစ်ပါတယ်။ ဇာတ်ကောင်ကတော့ Keykhosro လို့ခေါ်တဲ့ Persian မင်းသား Siavosh ရဲ့သားနေရာကနေ ဆော့ရမှာဖြစ်ပြီး သူ့အဖေကို သတ်သွားတဲ့ Tooran ဘုရင်ပေါ် လက်စားချေဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။ အဲဒီလက်စားချေဖို့ ကြိုးစားတဲ့နေရာမှာ အခက်အခဲများစွာနဲ့ ကြုံတွေ့ရမှာဖြစ်ပြီး ဆော့ရင်ဆော့နိုင်သလောက် Spell ကြမ်းကြမ်းတွေနဲ့ လက်နက်ကြမ်းကြမ်းတွေကို ပိုင်ဆိုင်ရမှာမို့လို အလွန်ဆော့လို့ကောင်းတဲ့ ဂိမ်းတစ်ခုဖြစ်ပါတယ်။




## Spellforce 2 : Demons Of The Past




RPG ဂိမ်းအမျိုးအစားတစ်ခုဖြစ်တဲ့ Spellforce 2: Demons Of The Past တစ်ယောက်တည်းဆော့ရတဲ့ Single Player Campaign ဂိမ်းမျိုးဖြစ်ပါတယ်။ ဆော့မယ်ဆိုရင် Shaikan လူမျိုးစုကို ဦးဆောင်တဲ့ ခေါင်းဆောင်နေရာကနေ ဆော့ရမှာဖြစ်ပြီး မိမိလူမျိုးစုအတွက် မကောင်းဆိုးဝါးတွေကိုတိုက်ခိုက်ဖို့ Zazhut's Power ကိုရှာဖွေရမှာဖြစ်ပါတယ်။ Zazhut's Power ကိုရှာဖွေတွေ့ရှိပြီး မကောင်းဆိုးဝါးတွေကို ဘယ်လိုတိုက်ခိုက်မလဲဆိုတာကိုတော့ ကိုယ်တိုင်ဝင်ရောက်ပြီး ဆော့ကစားကြည့်ရင်း သိနိုင်မှာဖြစ်လို့မဖြစ်မနေ ဆော့သင့်တဲ့ဂိမ်းပါ။

## Shadowrun : Dragonfall

Shadowrun: Dragonfall ဟာခေတ်ပျက်ကြီးထဲမှာ တိုက်ပွဲဝင်ရမဲ့အဖွဲ့တစ်ဖွဲ့နေရာကနေ ဆော့ရမှာဖြစ်ပြီးပြင်းထန်တဲ့ တိုက်ပွဲတွေကြားထဲမှာ ရှင်သန်နိုင်အောင်ကြိုးစားရမှာဖြစ်ပါတယ်။ လက်နက်အဆန်းတွေနဲ့ဆော့ရမဲ့ အပြင် မိမိအဖွဲ့ဝင်ကိုလည်း ကာကွယ်ရမှာ ဖြစ်ပါတယ်။ Berlin မြို့မှာ အကြီးအကျယ် တိုက်ခိုက်ရမှာဖြစ်လို့ အကြမ်းတမ်းဆုံးအချိန်မှာ ဘယ်လိုရှင်သန်ရမလဲဆိုတာကို သိချင်ရင်တော့ ဆော့ကြည့်လိုက်ပါလို့ အကြံပေးလိုက်ပါတယ်။





# JOKES

## ဆရာဝန် နဲ့ ပရိုဂရမ်မာ




တစ်နေ့တော့ ဆရာဝန်တစ်ယောက်နဲ့ ကွန်ပျူတာ ပရိုဂရမ်မာ နှစ်ယောက်ဟာ ချောကလက်အရောင်းဆိုင်ထဲကို ဝင်သွားကြပါတယ်။

ချောကလက်ဆိုင်ထဲမှာလူတွေရှုပ်ယှက်ခတ်နေတုန်း ဆရာဝန်က ချောကလက်သုံးချောင်းကို အသာကလေးခိုးယူလိုက်ပါတယ်။

သူတို့နှစ်ယောက် ဆိုင်ကနေ ပြန်ထွက်လာတဲ့အခါမှာ ဆရာဝန်က ပရိုဂရမ်မာကိုပြောလိုက်ပါတယ်။

"ဒီမှာဟေ့လူ၊ ကျုပ်က အကောင်းဆုံး သူခိုးဗျ၊ ဒီမှာကြည့်လိုက် ချောကလက်သုံးတောင့် ကျုပ်ခိုးလာတာ ဘယ်သူမှ မသိဘူး။ မင်း ငါ့ကိုပြိုင်နိုင်ပါ့မလား"

ဒီတော့ ပရိုဂရမ်မာကပြန်ပြောလိုက်တယ်။

"မင်းတကယ်ပဲ ဒီလိုပြောနိုင်တာသေချာလို့လား? ကောင်းပြီ။ ကျုပ်တို့ အဲဒီစတိုးဆိုင်ကို ပြန်သွားမယ်။ ကျုပ်ခင်ဗျားကို တကယ့်ခိုးယူမှုအစစ်က ဘာလဲဆိုတာကို ပြမယ်"

ဒီလိုနဲ့ သူတို့ဟာ ဆိုင်ကိုနောက်တစ်ခေါက်ထပ်ပြန်သွားတယ်။ ပြီးတော့ ကောင်တာရောက်တဲ့အခါ ပရိုဂရမ်မာက အရောင်းသမား ကောင်ကလေးကို ပြောလိုက်တယ်။

"မင်းမျက်လှည့်ကြည့်ချင်လား?"

အရောင်းသမားကောင်ကလေးက "ကြည့်ချင်တာပေါ့" လို့ ပြန်ဖြေလိုက်တယ်။

"ကောင်းပြီ၊ ဒါဆိုရင် ငါ့ကို ချောကလက်တစ်တောင့်ပေး" လို့ ပရိုဂရမ်မာက ပြောလိုက်တယ်။

ကောင်လေးကထုတ်ပေးတော့ ပရိုဂရမ်မာက စားပစ်လိုက်တယ်။ နောက်တစ်ခုထပ်တောင်းပြီး စားပစ်လိုက်တယ်။နောက်တစ်ခု ထပ်တောင်းပြီး စားပစ်လိုက်ပြန်တယ်။

အရောင်းသမားကောင်လေးက "ဟုတ်ပါပြီ။ ခင်ဗျားပြမယ်ဆိုတဲ့ မျက်လှည့်ကရော....?"

ဒီတော့ ပရိုဂရမ်မာက "ကျုပ်သူငယ်ချင်းရဲ့အိတ်ထဲကိုကြည့်လိုက်၊ ကျုပ်စားလိုက်တဲ့ချောကလက်သုံးတောင့်က သူ့အိတ်ထဲမှာ..." လို့ ပြောလိုက်ပါတော့တယ်။

## ကောင်းလိုက်တဲ့ ရာသီဥတုခန့်မှန်း ကျောက်တုံး




| အခြေအနေ | ခန့်မှန်းချက် |
|---|---|
| ကျောက်တုံးစိုစွတ်နေလျှင် | မိုးရွာသည် |
| ကျောက်တုံး ခြောက်သွေ့နေလျှင် | မိုးမရွာပါ |
| မြေပြင်မှာ အရိပ်ထင်နေလျှင် | နေသာသည် |
| ထိပ်ဖက်မှာ ဖြူဖွေးနေလျှင် | နှင်းကျနေသည် |
| ကျောက်တုံးကို မမြင်ရလျှင် | မြူဆိုင်းနေသည် |
| ကျောက်တုံး ယိမ်းခါနေလျှင် | လေတိုက်နေသည် |
| အထက်အောက်လှုပ်ယမ်းနေလျှင် | ငလျင်လှုပ်နေသည် |
| ကျောက်တုံးပြုတ်ကျသွားလျှင် | အဲဒါ တော်နေးဒိုး လေဆင်နှာမောင်းပဲ |


မိမိရဲ့လုပ်ငန်း လည်ပတ်မှုမြန်ဆန်ပြီး စာရင်းဇယားတိကျမှုကို အလိုရှိသော လုပ်ငန်းရှင်များအတွက်

လုပ်ငန်းသုံးကွန်ပြူတာစနစ်



အရောင်းဆိုင်သုံး ကွန်ပြူတာစနစ်



စားသောက်ဆိုင်သုံး ကွန်ပြူတာစနစ်



ဆေးဆိုင်သုံး ကွန်ပြူတာစနစ်




ဓါတ်ဆီဆိုင်သုံး ကွန်ပြူတာစနစ်

✔ အင်္ဂလိပ်+မြန်မာ နှစ်မျိုးသုံးနိုင်ခြင်း ✔ ကွန်ပြူတာကျွမ်းကျင်စရာမလို ✔ အသုံးပြုနိုင်သည်အထိသင်ကြားပေးခြင်း
✔ မိမိလုပ်ငန်းနှင့်ကိုက်ညီအောင် ပြင်ဆင်ဖြည့်စွက်ပေးခြင်း ✔ တိကျသော ဝန်ဆောင်မှုပေးခြင်း

Sale Center:
ရန်ကုန်၊အမှတ် (၁၀၉)၊ အနော်ရထားလမ်း၊ ၃၇x၃၈ကြား၊ကျောက်တံတား။ ဖုန်း– ၀၉၂၅၀၀၂၅၇၅၅
မန္တလေး ၊အမှတ် (၆၈–အေ)၊ ၇၃လမ်း၊ ၂၆x၂၇ကြား။ဖုန်း– ၀၉၂၅၀၁၂၀၁၁၈
ပြင်ဦးလွင်၊အမှတ် (၈၂)၊ လားရှိုးလမ်း၊ အာရောဂျံဆေးရုံရှေ့။ဖုန်း– ၀၉၂၅၀၁၁၉၀၅၁

Service Center: - ၀၉၇၃၂၁၃၂၉၃၊၀၉၉၁၀၃၇၁၉၀၊၀၉၉၁၀၃၈၉၅၂

Head Office :
အမှတ် (၇-၈) ၊တပ်ဦးကျောင်းလမ်း ၊ ရက်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်။ ဖုန်း-၀၉၅၃၂၂၄၆၁၊၀၉၃၃၃၁၈၇၄၁

EXCELLENT
Business Management Solution Co.,LTD




## အောင်မြင်နေတဲ့ Lego Marvel Super Heroes ရဲ့

# နောက်ဆက်တွဲ DLC များ

■ Leon

Lego Marvel Super Heroes ကို အမြတ်တနိုးနဲ့ကစားဖြစ်ခဲ့ကြတဲ့ဂိမ်မာတွေအနေနဲ့ကတော့ အခုအချိန်မှာ နောက်ဆက်တွဲဘာတွေဆက်လက်ပြီးတော့ ထွက်ချလာဦးမလဲဆိုတာကိုမျှော်နေရင်းပြီးဆုံးသွားတဲ့ဂိမ်းကို နမြောတသစွာနဲ့ အစကနေအဆုံးအထိကိုပြန်ဆော့ကစားဖြစ်နေတယ်လို့ သိရတယ်၊ ဘာကြောင့်လဲဆိုတော့ အစပိုင်းမှာကစားရတာ အသားမကျတာကြောင့် ခက်ခဲမှုတွေရှိတယ်လို့ ထင်ရပေမယ့်လည်း တစ်ကယ်တမ်းမှာတော့ ဒီလိုဂိမ်းတွေက အသားတကျဖြစ်သွားခဲ့ပြီဆိုရင် အတော်လေးကို ဆော့ကစားရတာ ကောင်းမွန်တဲ့အတွက်အချိန်ပေးပြီးတော့ အခန်းတစ်ခန်းအောင်ဖို့ကို အားထည့်ကစားဖြစ်လာကြတယ်။ မာဗယ်ရဲ့ စူပါဟီးရိုးတွေကို အများကြီးထည့်ထားပေးပြီး လိုအပ်တဲ့အခန်းတွေမှာ သင့်တော်သလိုမျိုးကစားရတဲ့အတွက် Lego ဟီးရိုးလေးတွေဟာ ချစ်စရာကောင်းပြီးတော့ စကားပြောဆိုဟန်တွေက ပါလန်းလွန်းတာကြောင့် တစ်ကယ့်လူအစစ်နီးပါးထင်မှတ်မိပြီး ကိုယ်တိုင်ကိုယ်ကျ ဆင်နွှဲနေရတဲ့ အထိဖြစ်လာရတယ်၊ အခုဒီဂိမ်းကိုအားလုံး ပြီးဆုံးအောင်ကစားနိုင်တဲ့ လူတွေရှိလာပြီ၊ နောက်ဆက်တွဲထပ်မံထွက်ချလာဖို့ကိုမျှော်နေတဲ့လူတွေလည်းမြန်မာပြည်မှာတော်တော်လေးများပြားလာတယ်။ နိုင်ငံခြားမှာတော့ဒီဂိမ်းနဲ့ပတ်သက်တဲ့ နောက်ဆက်တွဲကိုပြီးခဲ့တဲ့လမှာတည်းက ထွက်ချပေးထားတယ်လို့ သိရတယ်၊ ဒီနိုင်ငံမှာသာ မရောက်လာသေးတာပါ၊ နိုင်ငံခြားမှာတော့ ဒီဂိမ်းကိုသဘောကျနှစ်သက်ဆော့ကစားတဲ့ဂိမ်မာတွေအတွက်ကတော့ DLC က အဆင်သင့် ရှိနေပါပြီ၊ ပြောရမယ်ဆိုရင်နောက်ဆက်တွဲဖြစ်တဲ့ ဒီဂိမ်းကိုမဖြစ်နေနဲ့ ဆော့ကစားသင့်နေတယ်လို့ အကြံပေးထားချင် တယ်။

ဒီဂိမ်းထဲက DLC ထဲမှာတော့ ဇာတ်ကောင်းအသစ်တွေအနေနဲ့ထပ်မံထည့်ပေးထားသလိုမျိုး ကစားရမယ့် ဇာတ်လမ်းကိုလည်းပြင်ဆင်ပေးထားတယ်။ ဒါကတော့ အသစ်ထွက်ထားတဲ့မာဗယ်ဇာတ်လမ်းတွေထဲက Thor ရဲ့ The Dark World ပဲဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ရုပ်ရှင်နဲ့အပြိုင် မာဗယ်လ်ရဲ့ နေရာအစုံမှာလူတွေသိအောင်လို့ လုပ်ပေးထားတာဖြစ်နေပါတယ်။ ဇာတ်ကောင်အသစ်တွေအနေနဲ့လည်း ၈ ယောက်လောက်အထိကို ထည့်ထားပေးတာဖြစ်လို့ တစ်ဝကြီးကို ဆော့ကစားလို့ ရနိုင်တော့မှာဖြစ်နေတယ်။ ဒါကြောင့်လည်းပဲ ဂိမ်မာတွေက မျှော်နေကြတာပါ၊ ပထမအခွေမှာတုန်းကလည်း ဟီးရိုးတွေကို ပြည့်အောင် မလုပ်နိုင်ကြတဲ့အတွက်ကြောင့် အများကြီးကစားနိုင်တာမျိုး မရှိတာကြောင့် ခိုင်းတာတွေကိုအပြည့်မလုပ်နိုင်သူတွေအတွက် စိတ်ဆင်းရဲစရာမျိုးဖြစ်ရတာကိုပြန်လည်ဖြေပေးတဲ့အနေနဲ့ အခုလို နောက်ဆက်တွဲ ထွက်လာတဲ့အခါမှာလူသစ်တွေပါလာတယ်လို့ ထင်မိတယ်။

အခုတစ်ကြိမ်မှာတော့ DLC (Downloadable Content) Asgard Pack မှာ Sif နဲ့ Thor အပြင် Jane Fosten Malekith၊ Kurse တို့လို ဗီလိန်တွေအပြင် Asgard ရဲ့ အုပ်ချုပ်သူဘုရင်ကြီး Odin နဲ့ Warrior 3 ယောက်ဖြစ်တဲ့ Asgard က Volstagg, Hogun နဲ့ Fandral တို့လည်း ပါလာကြမှာဖြစ် တယ်၊

DLC နောက်တစ်ခုဖြစ်တဲ့ Super Pack မှာတော့ Hawkeye Classic, Symbiote Spider-Man, Thanos, Dark Phoenix, A-Bomb, Falcon, Beta Ray Bill, Spider Buggy and Hawkeye Sky တို့လိုမျိုးဇာတ်ကောင်တွေပါလာကြမှာပါ၊ ဇာတ်ကောင်တိုင်းမှာ အကောင်းဆုံးလုပ်ဆောင်နိုင်စွမ်းတွေအပြည့် ထည့်ထားပေးတာကြောင့် ဂိမ်မာတွေအတွက်တော့ ပျော်စရာကောင်းမှာသေချာနေတယ်။ Winter Soldier ကလည်း မကြာခင်မှာ ထွက်လာတော့မှာဖြစ်လို့ အဲ့ဒီအတွက်ပါဆက်လက်ပြီးတော့ ပြင်ဆင်နေတာကိုလည်း တွေ့ရမှာပါ၊ ထည့်လဲထည့်ထားပေးတာကိုလည်း တွေ့ရတယ်၊ ဒါပေမယ့် DLC ကိုတော့ နှစ်ခုခွဲထုတ်တယ်။ လုပ်စားတယ်ပေ့ါဗျာ။ Winter Soldier ကတော့ ကပ္ပတိန်အမေရီးကားရဲ့ ဒုတိယမြောက် ရုပ်ရှင်ဖြစ်နေတာကြောင့် ဒီဇာတ်လမ်းနဲ့ပတ်သက်တာတွေကိုလုပ်ထားမှာဖြစ်နေတယ်။ Asgard Pack ကတော့ အထက်မှာပြောခဲ့တဲ့အတိုင်း Thor ရဲ့ ဇာတ်လမ်းဖြစ်နေတယ်။ ဒါကိုဟီးရိုးတွေက လိုက်လံပြီးတော့ အားဖြည့် ကူညီပေးရင်းနဲ့ ကစားရဖို့ရှိပါတယ်။ ဗီလိန် ဖြစ်တဲ့ Malekith နဲ့ သူ့အဖွဲ့တွေကို တိုက်ခိုက်ရမှာလေ၊ မှတ်မိကြဦးမှာပါ၊ ရုပ်ရှင်ကြည့်ထားပြီးသူတွေအတွက်တော့ ဒီ ဗီလိန်ကြီးအကြောင်းကိုသိထားနှင့် ကြမှာဖြစ်နေတယ်။ Kurse လိုမျိုးအကောင်းကြီးကြီးနဲ့ပါ ချရတာတွေ ပါလာမှာဖြစ်တယ်။

အကူတွေအနေနဲ့ထပ်တွေ့ရနိုင်တာကတော့ Sif နဲ့ Thor အချစ်ဆုံးလေး Jane Foster တို့ပဲဖြစ်တယ်။ ဇာတ်လမ်းသဘောအရ ထည့်ထားတာတွေကို မြင်ရမယ်၊ Asgard မှာတိုက်ခိုက်ရမှာဖြစ်နေတာကြောင့် နောက်ခံပုံစံဆန်းဆန်းလေးတွေနဲ့ကို တွေ့ရမှာဖြစ်တယ်။ Asgard ရဲ့အုပ်ချုပ်သူဘုရင်ကြီး Odin နဲ့ သူ့ရဲ့ သားတွေလည်းတွေ့ရမယ်၊ လိုကီကတော့ ထုံးစံအတိုင်း ဗီလိန်လိုလို ဟီးရိုးလိုလိုနဲ့ လှည့်ပတ်ပြီးတော့ အရှုပ်တွေကို ဘယ်လိုလုပ်ပြီးတော့ ဖြည်ပြမလဲဆိုတာတွေ့ရမယ်၊ Warrior ၃ ယောက်ဖြစ်တဲ့ Asgardu Volstagg, Hogun နဲ့ Fandral တို့လည်း ဇာတ်လမ်းသဘောအရမြင်ရမှာလဲရှိနေတယ်။ သူတို့တွေနဲ့ပါ ကစားရမှာဖြစ်တယ်။

Lego အရုပ်ကလေးတွေရဲ့ လှုပ်ရှားမှုတိုင်းကို ချစ်စရာကောင်းမွန်စွာနဲ့ ခံစားရမှာဖြစ်နေတယ်။ ပြီးတော့ အထက်မှာပြောခဲ့သလိုမျိုး Winter Soldier အတွက်လည်းပဲ ဆက်လက်ထွက်လာဖို့လုပ်ထားတယ်ဆိုတော့ ဘာပဲပြောပြော စောင့်မျှော်ပြီးတော့ ကစားရဦးမှာပါ၊ Super Pack မှာတော့ ထပ်မံခွဲထားတာက Super Heroe တွေနဲ့ Super Villain တွေပါလာမယ်၊ ပြီးတော့ ထပ်မံပေါင်းထားမှာက vehicle အသစ် ၅ ခုနဲ့ လမ်းအသစ် ၁၀ ခုတို့ပါလာမှာဖြစ်နေတယ်။ မာဗယ်လ်အားပေးသူတွေရဲ့ အားပေးမှုကို အခံရဆုံးအဖြစ် ရပ်တည်နေတဲ့ Dark Phoenix တို့ပါနေတာကြောင့် ကစားရတာ ခပ်မိုက်မိုက်ဖြစ်ဦးမှာပါ၊ ဗီလိန်ကြီးတွေဖြစ်ကြတဲ့ Thanos နဲ့ A-Bomb တို့ရဲ့ အကျင့်ပုတ်မှုတွေကို ဘယ်လိုကျော်လွှားကြဦးမလဲ ဆိုတာကိုတော့ ဆက်လက်ပြီးတော့ စောင့်ကြည့်ရင်းနဲ့ Asgard Pack နဲ့ Super Pack နှစ်ခုရဲ့ အကြောင်းကိုတင်ဆက်ပေးလိုက်ရပါတယ်။ ဒီဟာတွေကတော့ ထွက်နေနှင့်ပြီးသားဖြစ်လို့ နီးစပ်ရာဂိမ်းဆိုင်တွေမှာ မေးမြန်းရင်းနဲ့ ဝယ်ယူဆော့ကစားနိုင်မယ်လို့လည်း ထင်တာကြောင့် ဂိမ်မာတွေအတွက်တော့ မဖြစ်မနေနဲ့ မကျော်လွှားသင့်တဲ့ ဂိမ်းတွေအဖြစ် တင်ဆက်ပေးလိုက်ရတာဖြစ်ပါတယ်။

နှစ်သစ်မှာ ဂိမ်မာတွေအားလုံး ပျော်ရွှင်ချမ်းမြေ့နိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။





# ENDOSCOPY (အင်ဒိုစကုတ်ပီ) အပိုင်း (၂)

Endoscopy ဆိုတာကတော့ Endoscope ကိုအသုံးပြုလျက် ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းများ စမ်းသပ်စစ်ဆေးသော ကိရိယာဖြစ်ပါသည်။ ယင်း Medical Device တွင် ရှည်လျားသေးငယ်သော ကွေးနိုင်သောပိုက်(သို့) မကွေးနိုင်သောပိုက်နှင့် ယင်းတွင် အလင်းရောင်နှင့် ဗီဒီယိုကင်မရာ တတ်ဆင်ထားပါသည်။ လူနာ၏ခန္ဓာကိုယ်တွင်း အစိတ်အပိုင်းများကို တီဗီမှန်သားပြင်ပေါ်တွင် ကြည့်ရှုရသလိုစစ်ဆေးချက်များကိုလည်းမှတ်တမ်းတင်ထားနိုင်ပြီးပြန်လည်၍စစ်ဆေးကြည့်ရှုရသလိုစစ်ဆေးချက်များကိုလည်းမှတ်တမ်းတင်ထားနိုင်ပြီး ပြန်လည်၍ စစ်ဆေးကြည့်ရှု၍ ရပါသည်။

ထို့ကြောင့် Endoscopy ကို Minimally in Vasive Diagnostic Medical Procedure ဟုသတ်မှတ်ထားသည်။ ဆိုလိုသည်မှာ ဆေးပညာတွင် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးသောနည်းများတွင် ဒဏ်ရာအသေးငယ်ဆုံး(သို့) နာကျင်မှုအနည်းဆုံးဖြင့် ကိုယ်တွင်းအင်္ဂါများကို စမ်းသပ်စစ်ဆေးသောနည်းဖြစ်သည်။ ယင်းကို အသုံးပြုလျက် ကိုယ်တွင်းအင်္ဂါ(ထို့) တစ်သျှူးတို့၏မျက်နှာပြင်ကိုစမ်းသပ်စစ်ဆေးပေးသည်။ ထို့ပြင် အစာအိမ်နှင့် အူလမ်းကြောင်းအတွင်းသို့ ပြင်ပမှပစ္စည်းတစ်ခုခုရောက်ရှိနေသည်ကို ခွဲစိတ်ကုသနည်း မပြုလုပ်ဘဲ ဖယ်ရှားပေးနိုင်ပြန်သည်။

## Endoscopy ကို ဘယ်အခါတွင် ပြုလုပ်မည်လဲ

Endoscopy သည် ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းတို့ပေါ်တွင် မူတည်၍အခေါ်အဝေါ်တွေ မျိုးစုံရှိပါသည်။ သို့အတွက် လူနာအတွက် Endoscopy ကို ဘယ်အခါတွင် ပြုလုပ်မည်ဆိုတာ အရေးကြီးပါတယ်။

### ၁။ ရောဂါကို အတည်ပြုပေးရန်

လူနာ၏ ရောဂါကို အတည်ပြုပေးရန်တခြားသော စမ်းသပ်စစ်ဆေးမည့် ကိရိယာတွေရှိပါတယ်။ ယင်းတို့မှာ MRI , X Ray နဲ့ CT တို့ပင်ဖြစ်သည်။ တခါတရံယင်းတို့ဖြင့်စမ်းသပ်စစ်ဆေးသောအခါမသေချာသည့် အခါတွင် Endoscopy ကို ပြုလုပ်ကြသည်။

တစ်ခါတရံတွင်လည်း ရောဂါကို သိရှိပြီးဖြစ်သော်လည်း ယင်းရောဂါ၏ အခြေအနေကို ပိုမိုကွဲပြားစွာသိလိုသည့်အခါတွင်လည်း Endoscopy ကိုပြုလုပ်ကြသည်။

အထူးသဖြင့် ဆရာဝန်သည် မိမိလူနာကို အကောင်းဆုံးအထိရောက်ဆုံးသော ကုသမှုမျိုးပေးလိုသည့်အခါတွင်လည်းပြုလုပ်လေ့ရှိပါသည်။

လူနာများအတွက်လည်း အောက်ဖော်ပြပါအခြေအနေများဖြစ်ပေါ်သောအခါတွင် Endoscopy ဖြင့် စမ်းသပ်စစ်ဆေးရန် လိုအပ်လေ့ရှိပါသည်။ ယင်းတို့မှာ ...

- အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ
- နာတာရှည် ဝမ်းပျက်ဝမ်းလျှောခြင်း
- ဆီးဝမ်းမထိမ်းနိုင်သည့်အခြေအနေများ
- ကိုယ်တွင်းအင်္ဂါသွေးယိုစီးခြင်း
- အူလမ်းကြောင်းမှုမမှန်ရောဂါများ
- အစာအိမ်အနာများ
- ဆီးလမ်းကြောင်းပိုးဝင်ရောက်ခြင်း တို့ဖြစ်သည်။

### ၂။ အသားစနမူနာယူရန် (Biopsies)

Endoscopy ကို များသောအားဖြင့် ကင်ဆာရောဂါအမည်တပ်ရန်သုံးကြသည်။ ယင်းအသားစ(သို့) တစ်သျှူးစများကို နမူနာရယူပြီး ကင်ဆာဆဲလ်တွေရှိမရှိရှာဖွေတတ်ကြသည်။ Endoscopy ကြောင်းပင်အူလမ်းကြောင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်အသားစနမူနာယူရာတွင် မခွဲစိတ်ဘဲယူနိုင်ကြသည်။ အထူးသဖြင့် အူမကြီးကြည့်မှန်ပြောင်း(Colonoscopy) ဖြင့် အူမကြီးနှင့်အစာပေါင်းအိတ်ကင်ဆာကို စောစီးစွာရှာဖွေတွေ့ရှိနိုင်ကြသည်။

### ၃။ ခွဲစိတ်ကုသခြင်း (Sungery)

တချို့သော ခွဲစိတ်ကုသမှုတို့တွင်အထူးစီမံထားသော Endoscope (modified) ဖြင့် ခွဲစိတ်ကုသကြသည်။ ဥပမာ သည်းခြေအိတ်ခွဲစိတ်ထုတ်ယူခြင်း၊ သားဥပြွန်ကိုမချည်နှောင်၍ သားကြောဖြတ်ခြင်း၊ ကင်ဆာကြိတ်များကို ခွဲထုတ်ခြင်း၊ အသက်ရှူလမ်းကြောင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းတို့မှ ပြင်ပမှဝင်ရောက်လာသော ပစ္စည်းများကို အလွယ်တကူ ဖယ်ရှားနိုင်ခြင်းတို့တွင် အသုံးပြုနိုင်သည်။

Endoscopy ကို အသုံးပြု၍ ကျူမာကိုဖယ်ရှားရာတွင် အပေါ်ယံအလွှာတွင်သာ ဖယ်ရှား၍ရသည်။

Endoscope ကိုအသုံးပြုပြီး ခွဲစိတ်ကုသမှု ပြုလုပ်ခြင်းကို Laproscopic (သို့) Key Hole Surgery ဟုခေါ်သည်။ ချောင်းကြည့်ပေါက်မှ ခွဲစိတ်ခြင်းလို့လည်း ခေါ်ကြပါသည်။ ထိုသို့ခွဲစိတ်ကုသရာတွင် ခွဲစိတ် သည့် ဒဏ်ရာ သေးသေးသာလုပ်ပါသည်။ ယင်းနည်းအားဖြင့် အူအတက်ထုတ်ခြင်း၊ သားအိမ်ထုတ်ခြင်းနှင့် ဆီးကြိတ်ခွဲစိတ်ခြင်းတို့တွင် အသုံးများပါသည်။ ခွဲစိတ်စဉ်နှင့် ခွဲစိတ်ပြီး သွေးထွက်မှုနည်းခြင်း၊ တခြားခွဲစိတ်ကုသမှုများနှင့် စာလျှင် နလံထမှုလျင်မြန်ပါသည်။

## Endo Scopy ရဲ့ သမိုင်းကြောင်း

ပထမဆုံး Endoscope ကို ၁၈၀၅ ခုနှစ်လောက်က စခဲ့ပါသည်။ ထိုစဉ်အသုံးပြုသော ပြွန်သည် ကွေးမရသည့်အပြင် ကြီးလည်းကြီးသည့်အတွက် အသုံးပြုရာတွင် ကန့်သတ်ချက်တွေရှိနေခဲ့ပါတယ်။ ၁၉၆၀ခုနှစ်လောက်တွင် Fiber Optics တွေပေါ်လာပြီးနောက် Endoscopy ရဲ့တိုးတက်မှုခေတ်ပြောင်းလဲခဲ့ပါတယ်။ ယင်းကိုတစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ကောင်းပိုမိုကောင်းမွန်လာပြီး ဆရာဝန်အနေဖြင့် လူနာ၏ခန္ဓာကိုယ်အတွင်းပိုင်းကိုကြည့်ရှုရုံမျှမက မှတ်တမ်းတင်ကာပြန်လည်သုံးသပ်နိုင်သည့် နာကြင်မှုလည်းမရှိပါ။ ပထမဆုံး Endoscope ကို စတင်တီထွင်သူမှာ Philipp Bozzini ဖြစ်ပါသည်။ Fiber Optics ကို စတင်ခဲ့သူမှာ Basil Hir Schowitz ဖြစ်သည်။

## Specialized Endo Scopy

ယခုခေတ်တွင် Endoscope များ၌ Surgical Instuments များ တတ်ဆင်လာကြသည်။ အပူ(သို့)လျှပ်စစ်အားကို လွှတ်လျက်ကာ ကျူးမာသေးသေးနှင့် သည်းခြေလျှောက်တို့ကိုပင် ခြေဖျက်နိုင်ကြပါသည်။ နာမည်တွေမျိုးမျိုးရှိပါသည်။

- Bronchoscope - လေပြွန်နှင့်အဆုတ်တွင်း စမ်းသပ်သည်
- Colonoscope - အူမကြီးတွင် စမ်းသပ်သည်
- Grstroscope - အစာရေမျိုပြွန်၊ အစာအိတ်နှင့် အူသိမ်တွင်းကြည့်သည်
- Arltroscope - ရိုးအဆစ်တွင်းကြည့်သည်
- Hysteroscope - သားအိမ်အတွင်းကြည့်သည်
- Cystoscope - ဆီးအိမ်တွင်းကြည့်သည်။

## Endoscopy ပြုလုပ်စဉ် ဆောင်ရွက်သင့်သည့် အချက်များ

Endoscopy ကြည့်မည့်သူများသည် မကြည့်မီ အစားအစာနှင့်ရေမသောက်ရပါ။ စအိုဝမှ သွင်းကြည့်သူများလည်း ထို့အတူပင်ဖြစ်သည်။ တချို့တွင် ဝမ်းနုတ်ဆေးပေးရန်လိုအပ်ပြီး တချို့သော လူနာများတွင် ရောဂါပိုးမဝင်ရောက်စေရန် ပဋိဇီဝဆေးများ ပေးရန်လိုသည်။

သွေးကျဲဆေး Warfarin သောက်ထားသူများတွင် ရက်အနည်းငယ် ကြို၍ ဆေးပြတ်ထားရန်လိုသည်။ Asprin သောက်ထားသူများတွင်လည်း အလားတူပင်ဖြစ်သည် ။

စာမျက်နှာ-၆၂ သို့ >>

<< စာမျက်နှာ-၆၁ မှ

Endoscopy ကိုဆေးရုံနှင့်ဆေးခန်းကြီးများတွင်သာပြုလုပ်လေ့ရှိသည်။ ပြုလုပ်ရာတွင်လည်း မေ့ဆေးမပေးရပါ။ ထုံဆေးဖြန်း၍သာ ဆောင်ရွက်ပါသည်။

### Endoscopy ဝင်ပေါက်များ

- စအို (Anus)
- ပါးစပ်နှင့် လည်ချောင်း (Mouth & Turoat)
- ဆီးပြွန် (Urethra)
- အရေပြားဖောက်၍ (Small Incisian Made in Skin)

Endoscopy ပြုလုပ်သည့် အချိန်သည် ၁၅ မိနစ်မှ ၆၀ ထိကြာတတ်သည်။ လူနာသည်ဆေးရုံ၊ ဆေးခန်းတွင် မအိပ်ရပါ။ လူနာသည် တစ်နာရီတွင်းထနိုင်သည်။ သို့ရာတွင် ကားမမောင်းရပါ။ ဆီးအိတ်စမ်းသပ်သော Cystoscopy တွင် ဆီးတွင်းသွေးပါနိုင်သည်။ ရက်အနည်းငယ်တွင် သက်သာသွားပါသည်။

### Endo Scopy ကြောင့် ပြဿနာများ

National Health Service ရဲ့လေ့လာချက်အရ UK တွင်ပြဿနာဖြစ်တာက ၁% ထက်ပင်နည်းပါသေးသည်။

- ရောဂါပိုးဝင်ရောက်နိုင်ခြင်း

Endoscopy ပိုးသန့်စင်ရာတွင် လိုအပ်ချက်ကြောင့် ရောဂါကူးနိုင်သည်။ ပိုးဝင်နိုင်သည်။

- ကိုယ်တွင်းအင်္ဂါပေါက်နိုင်သည် စုတ်နိုင်သည်

ယင်းအခါမျိုးတွင် ချက်ခြင်းခွဲစိတ်ရမည်။

- သွေးထွက်လွန်ခြင်း

ပုံမှန်ထက်သွေးထွက်လွန်ပါက ခွဲစိတ်ရမည်။

- ထုံဆေးနှင့်မတဲ့ခြင်း

ချက်ခြင်းဖြေဆေးပေးပါ။

### Disinfection

Endoscopy များကို ပိုးသတ်စင်အောင် ပြုလုပ်ခြင်းသည်အထူးအရေးကြီးပါသည်။ သတ်မှတ်ထားသော ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ Endoscope များကို အပူပေး၍ ပိုးသတ်ခြင်း မပြုလုပ်နိုင်သေးပါ။

ယခုအခါတွင် ရောဂါရှာဖွေခြင်း၊ အတည်ပြုခြင်းနှင့် ကုသခြင်းတို့တွင် Endoscope များ၏ အရေးပါအရာရောက်မှုသည် ရှေ့တန်းတွင်ရောက်နေပါသည်။ တကယ်တော့ Endoscopic သည် ကွန်ပျူတာ၊ ကင်မရာတို့အားဖြင့် အခြေခံကာ Information Technology နည်းပညာသစ်လို့ပြောလို့ရပါတယ်။

## Malaysia Healthcare မှ ကျန်းမာရေးဟောပြော ဆွေးနွေးခြင်း




Malaysia Health Care မှ လစဉ်လတိုင်း ပြုလုပ်ကျင်းပမြဲဖြစ်သော Health Talks ကျန်းမာရေး ဟောပြောဆွေးနွေးပွဲကို Summit Park View Hotel တွင် ၁၄.၁၂.၂၀၁၃ ရက်က ပြုလုပ်ကျင်းပခဲ့ပါတယ်။ ဦးစွာပထမ Glaneagles KL မှ တာဝန်ရှိသူက ယင်းဆေးရုံ အကြောင်းရှင်းလင်းပြောကြားပြီးနောက် ယင်းဆေးရုံမှ Orthopaedic & Trauma Surgeon Mr.T van (FRCS) က ဒူးခေါင်းရောဂါအတွက် အစားထိုးကုထုံးနှင့် နောက်ဆုံးပေါ် Computer Navigation အကြောင်းကိုလည်းကောင်း ဟောပြောပြီး တက်ရောက်သူများရဲ့မေးမြန်းချက်ကို ပြန်လည်ပြောကြားခဲ့ပါတယ်။

ထို့နောက် Institut Jantung Negara (IJN) မှ အတိုင်ပင်ခံနှလုံးအထူးကု ဆရာဝန်ကြီး ဒေါက်တာ Balachandran Kandasamy က နှလုံးကုသရေး ဆေးပညာမှ နောက်ဆုံးပေါ် ကုသရေးကိရိယာများ အကြောင်းကို ဟောပြောဆွေးနွေးပါသည်။ တက်ရောက်လာသူများရဲ့ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပြီး အခမ်းအနားပြီးဆုံးစေခဲ့ပါသည်။

နေ့လည်ပိုင်းတွင် အများပြည်သူများအတွက် ကျန်းမာရေးဆွေးနွေးခြင်းကို ဖော်ပြပါ ဆရာဝန်ကြီးများကပင် ဟောပြောဆွေးနွေး ကြပြီး အခမဲ့တိုင်ပင်ဆွေးနွေးခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

■ မြင့်မိုရ်

## မာမီကြီးဒေါ်မြင့်မြင့်ခင်ရဲ့ အသက် (၉၀)ပြည့် မွေးနေ့မင်္ဂလာပြုလုပ်ခြင်း

ယနေ့တိုင်ဆေးလောကတစ်ခုလုံးက လေးစားချစ်ခင်ကြသော မာမီကြီးဒေါ်မြင့်မြင့်ခင် (အငြိမ်းစားဆေးပညာ ပါမောက္ခ - မွန္တလေးဆေးတက္ကသိုလ်) ၏ အသက် (၉၀)ပြည့် မွေးနေ့မင်္ဂလာကို My Gardan Resturant တွင် ၁၅.၁၂.၂၀၁၂ ရက်နေ့ နံနက် ၉း၀၀နာရီ အချိန်က စည်းကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ မာမီကြီး၏ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများ၊ ဆွေမျိုးများနှင့် မာမီကြီး၏ တပည့်သားမြေးများ စုံလင်စွာ တက်ရောက်ခဲ့ကြပြီး မွေးနေ့ဆုတောင်းများ ပေးခဲ့ပါသည်။

■ မြင့်မိုရ်



## Healing After Suffering Work Shop ပြုလုပ်ခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်းအထွေထွေရောဂါကုဆရာဝန်များအဖွဲ့ Medical Ethics Committee နှင့် Demark နိုင်ငံ Dignity Danish Institute တို့ပူးပေါင်းကျင်းပသော Healing After Suffering Workshop ကို ဒီဇင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်နေ့များတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်ဘီတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်းအထွေထွေရောဂါကုဆရာဝန်များအဖွဲ့ဥက္ကဋ္ဌဒေါက်တာတင်အေးက အဖွင့်အမှာစကားပြောကြားပြီး 88 Generation Peace and Open Socity မှ ကိုမင်းကိုနိုင်က Key Note ကို ပြောကြားပါသည်။ ထို့နောက် Prof: Polatin က Emotional Traumatization အကြောင်းကို ရှင်းလင်းပြောကြားပါသည်။ ထို့နောက် Dr.Mitra က Traumatization and the Grief of Loss ကို ရှင်းလင်းပြောကြားရာ Translator အဖြစ် Brian ဖေတင်သိန်းက ဆောင်ရွက်၍ Facilitator အဖြစ်ဒေါက်တာမြင့်ဦးက ဆောင်ရွက်ပါသည်။

ဒုတိယနေ့တွင် Prof: Griffith က Spirituality and Healing ကိုလည်းကောင်း၊ စိတ်ကျန်းမာရေးဆရာဝန် ပါမောက္ခခင်မောင်ကြီးက Stress Management and Relaxation Technique ကိုလည်းကောင်း




ဆွေးနွေးပေးခဲ့ကြသည်။ ထို့နောက်က Trauma Victims နှင့် Role Play လုပ်ကာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်းအထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ဝင်များ၊ National Health Network of NLD ၏ မျိုးဆက်အဖွဲ့ဝင်များ Democray Party နာရေးကူညီမှုအသင်း၊ အခြားလူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပြီး ကိုယ်တွေ့တွေ့ကြုံခံစားခဲ့ရသော စိတ်ခံစားမှုများကိုလည်း မျှဝေခဲ့ကြသည်။

■ မြင့်မိုရ်

## နှိုးဆော်စာ

ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်သည် မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၄ - ၂၀၁၆) ရွေးချယ်တင်မြှောက်ပွဲက (၂၈.၁၂.၂၀၁၃) နေ့ မွန်းလွဲ (၁၂း၃၀) နာရီမှ ညနေ ၅း၀၀ နာရီအထိနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၄ - ၂၀၁၆) ရွေးချယ်တင်မြှောက်ပွဲအား (၁၁.၁.၂၀၁၄) နေ့ မွန်းလွဲ ၁၂း၃၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ (B) တွင် ကျင်းပမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဆရာဝန်အသင်း အသင်းဝင်များ အနေဖြင့် ကိုယ်တိုင်ကိုယ်ကျ လာရောက်မဲပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

■ မြင့်မိုရ်



## NEW MOVIES LISTS

| ဇာတ်ကားအမည် | သရုပ်ဆောင် |
|---|---|
| ဇီဇာကြောင်ကြသူများ | ခန့်စည်သူ၊ နိုင်သင်းကြည် |
| ခိုင်မြဲသောအချစ် | နိုင်းနိုင်း၊ သက်မွန်မြင့် |
| ချုပ်ရိုး | ဖြိုးငွေစိုး၊ ဝိုင်းစုခိုင်သိန်း |
| လျှို့ဝှက်မြို့၏ နောက်ဆုံးအုတ်ချပ် | နေတိုး၊ အိချောပို |
| သမန်းဝံပုလွေ | မင်းသစ္စာ၊ ပွင့်နဒီမောင် |
| ချစ်ပန်းဝေ (ပ+ဒု) | သုထူးစံ၊ ရဲအောင်၊ မေသန်းနု ဆောင်းအိန္ဒြေထွန်း |
| အရှေ့တောင်အာရှရဲ့အချစ်တတ်ဆုံး ယောကျ်ား | ရာဇာနေဝင်း၊ စိုင်းစိုင်းခမ်းလှိုင် ရွှေမှုံ့ရတီ |
| အားလုံးအချစ်နံပါတ်တစ် | စည်ဖြိုး၊ရဲအောင် မေသက်ခိုင်၊ တက္ကသိုလ်ပွမ်းမုံ |
| စာမလာသတင်းမကြား၊ မင်းဟာလေနှင်ရာ လွင့်တဲ့ရွက်ဝါလေးလား | အောင်ရဲလင်း၊ ချစ်သုဝေ |

သရဝဏ်ရုပ်ရှင်ဖြန့်ချိရေးမှ ကူညီပါသည်။

| Movie List | Starrings |
|---|---|
| American Hustle | Christian Bale, Amy Adamsc Bradley Cooper, Jennifer Lawrence |
| Anchorman 2: | The Legend Continues - Will Ferrell, Christina Applegate, Paul Rudd, Steve Carell |
| Saving Mr. Banks | Emma Thompson, Tom Hanks, Annie Rose Buckley, Colin Farrell |
| Walking with Dinosaurs 3D | Charlie Rowe, Karl Urban, Angourie Rice, John Leguizamo |
| Dhoom: 3 | Aamir Khan, Katrina Kaif, Abhishek Bachchan, Uday Chopra |
| Her | Joaquin Phoenix, Amy Adams Scarlett Johansson Rooney Mara |



## NEW ALBUMS LISTS

| စီးရီးအမည် | အဆိုတော် |
|---|---|
| စုန်းမအိပ်မက် | နဒီထွင့်ဆွေ |
| Bo Bo Music Production 3rd Year Records | လူစုံ |
| ဝေးလို့မဖြစ်ဘူး | AuRa |
| နှလုံးသွေးနှင့် ရင်ခုန်ကြသူများ | လူစုံ |
| လူပျိုလှည့်တေး | Bunny Phyo |
| ဝေးလို့မဖြစ်ဘူး | AuRa |
| တစ်နယ်စီခြား | Gကိုလင်း |
| နင်ပျော်မယ်ဆိုရင် | Demojacktoo |
| ပြန်ဆုံတိုင်း | ဆင်ပေါက် |
| Tattoo | သူရနိုင် |
| အချစ်ရေး | အိမ့်ချစ် |
| ကျွန်တော့်ရဲ့အကြောင်း | ဝေထွန်းအောင် |
| New Me | Smile |

| Artist | Album Title |
|---|---|
| Beyonce | BEYONCE |
| Pentatonix | PTXmas |
| The Lox | The Trinity |
| We The Kings | Somewhere Somehow |
| Eminem | The Marshall Mathers LP2 |
| B.o.B | Underground Luxury |
| Childish Gambino | Beacause the Internet |
| Kelly Clarkson | Wrapped In Red |
| R.Kelly | Black Panties |
| Lorde | Pure Heroine |
| One Direction | Midnight Memories |
| The Beatles | The Beatles Bootleg Recording 1963 |
| Tessanne Chin | The Complete Season 5 Collection |
| The Robertsons | Duck the Halls |



## NEW BOOKS LIST

| စာအုပ်အမည် | စာရေးသူ |
|---|---|
| In Quest of Greatness | Major<br>၈,၅၀၀ ကျပ် |
| ထင်ရှားကျော်ကြားအမျိုးသမီးများ | ဆုမွန်အောင်<br>၁,၅၀၀ ကျပ် |
| Nelson Mandela : A Nation's Father | ၁,၀၀၀ ကျပ် |
| နိုဗယ်လ်ငြိမ်းချမ်းရေးကျောင်းသား လူငယ်လူပ်ရှားမှု | 10D ရဲဘော်များ<br>၂,၈၀၀ ကျပ် |
| လင်းလွန်းခင်စိတ်ကြိုက် မဂ္ဂဇင်း ဝတ္ထုတိုများ | ကလောင်စုံ<br>၄,၀၀၀ ကျပ် |
| ဘဝရဲ့အားမာန်နှင့် အခြားဝတ္ထုတိုများ | ရွှေမြိတ်သောင်း<br>၁,၅၀၀ ကျပ် |
| အဘိဓမ္မာဆိုတာ ဘာလဲ | ဗိုလ်မှူးချစ်ကောင်း<br>၂,၅၀၀ ကျပ် |
| More Facets Of Myanmar | Khin Aung<br>၂,၀၀၀ ကျပ် |
| ရှေးဟောင်းတီထွင်မှုများ | ထက်မြက်<br>၁,၂၀၀ ကျပ် |
| ခေတ်သစ်တီထွင်မှုများ | ထက်မြက်<br>၁,၂၀၀ ကျပ် |
| တတိယအကြိမ်ဥရောပခရီးစဉ် မှတ်တမ်း | ဒေါ်အောင်ဆန်းစုကြည်<br>၃,၅၀၀၀ ကျပ် |
| မိဘကျေးဇူးမကျေ ငါမသေဘူး | အရှင်ဝိလာသ<br>၁,၅၀၀ ကျပ် |
| အသေမဦးခင် ယောဂီလက်စွဲ | အသေမဦးခင် ပန်းချီဝင်းဖင်<br>၉,၀၀ ကျပ် |
| ဒုတိယကမ္ဘာစစ်မှတ်တမ်း | သန်းဝင်းလှိုင်<br>၁,၈၀၀ ကျပ် |
| လက်ရွေးစင်ကမ္ဘာ့စကားပုံပေါင်းချုပ် နှင့် အကျော်ဇေယျပုဂ္ဂိုလ်တို့၏ အဆို အမိန့်များ၊ ဘဝဒဿနအမြင်များ | သန်းဝင်းလှိုင်<br>၁,၈၀၀ ကျပ် |
| မိရိုးဖလာဗုဒ္ဓဘာသာဝင်နှင့် တကယ့် ဗုဒ္ဓဘာသာဝင် | မေတ္တာရှင်(ရွှေပြ)<br>၂,၅၀၀ ကျပ် |
| လေးဆူဓာတ်ပုံ မြတ်ရွှေတိဂုံဘုရား သမိုင်း (မြန်မာ + သမိုင်း) | ဆုပြည့်စုံထွန်းစာ<br>၄,၀၀၀ ကျပ် |
| The Intelligent Man's Guide on Education in the 21st Century | Prof.C.Thang Za Tuan<br>၅,၀၀၀ ကျပ် |
| Huawei Handset ၄၇ မျိုးကို Root ဖော်ပြထားသည်။ | ရဲမင်းအောင်<br>၇,၀၀၀ ကျပ် |
| အတ္တနောမတိများ (ဒီမိုကရေစီအကူး အပြောင်းကာလ မြန်မာ့နိုင်ငံရေး သုံးသပ်ဝေဖန်စာများ) | ဖေမြင့်<br>၂,၅၀၀ ကျပ် |
| တန်ခိုးထက်မြက်သည့် ဓမ္မစက်ဝါထာ တော်များ | ဂါထာတော်များ<br>၂,၀၀၀ ကျပ် |
| တရားမမှုများ | ဦးခင်မြင့်၊ ဦးမြင့်ခင်<br>၃,၀၀၀ ကျပ် |
| ပြုတ်စာဖြင်းတောင်းနှင့် အခြားနိုင်ငံ တကာဝတ္ထုတိုများ | တက်တိုး<br>၃,၅၀၀ ကျပ် |
| ငွေကြေးဈေးကွက်၏ အခြေခံသဘော တရားနှင့်စတော့အိပ်ချိန်းတွင် လုပ်ဆောင်ပုံများ | ဦးသိန်းခိုင်(ဘဏ်)<br>၅,၃၀၀ ကျပ် |
| ပျော်မွေ့ဖွယ်ရာတို့တောရှာ မြန်မာ့ရိုး ရာဓလေ့များ | လယ်တွင်းသားစောချစ်<br>၃,,၀၀၀ ကျပ် |
| စာသင်သားများအတွက် Essay နှင့် Letter အလွယ်ရေးနည်း | ဗမိုး<br>၁,၃၀၀ ကျပ် |

## DICTUM

■ The successful man will profit from his mistakes and try again in a different way.

**Dale Carnegie**

အောင်မြင်တဲ့သူတွေက သူတို့ရဲ့ အမှားတွေကနေ အမြတ်ထွက်အောင် လုပ်လေ့ရှိသလို တခြားနည်းလမ်း ပြောင်းပြီး ကြိုးစားလေ့ရှိတယ်။



■ Poverty is the mother of crime.

**Marcus Aurelius**

ဆင်းရဲမွဲတေမှုဆိုတာက ရာဇဝတ်မှု တို့ရဲ့မိခင်ကြီးဖြစ်တယ်။



■ Never underestimate the power of human stupidity.

**Robert A. Heinlein**

လူတွေရဲ့ရူးသွပ်မိုက်မဲမှု စွမ်းပကားကို ဘယ်တော့မှ လျော့မတွက်နဲ့။



■ Never explain- your friends do not need it and your enemies will not believe you anyway.

**Elbert Hubbard**

မရှင်းပြပါနဲ့၊ မိတ်ဆွေအပေါင်း အသင်းတွေအတွက် မလိုသလို၊ ပြိုင်ဘက်ရန်သူတွေကလည်း ဘယ်လိုနည်းနဲ့မှ လက်ခံယုံကြည်မှာ မဟုတ်ဘူး။



# MOVIE REVIEW

## Delivery Man

ပြသချိန် - ၁၀၅ မိနစ်
အမျိုးအစား - ဟာသ၊ ဒရာမာ
ဒါရိုက်တာ - Ken Scott
သရုပ်ဆောင် - Vince Vaughn, Chris Pratt, Cobie Smulders

ဒီ Delivery Man အမည်ရ အမေရိကန် ဟာသရုပ်ရှင်ကို ဒါရိုက်တာ Ken Scott က ရိုက်ကူးပုံဖော်ထားပြီး Vince Vaughn, Chris Pratt, Cobie Smulders တို့က ပါဝင်သရုပ်ဆောင် ပေးထားပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားကို ၂၀၁၃ နိုဝင်ဘာ ၂၂ မှာ ရုံတင်ပြသခဲ့ပါတယ်။ David Wozniak ဆိုတဲ့ လူတစ်ယောက်သာ မိသားစုပိုင် သားသတ်လုပ်ငန်းအတွက် ကဲ့ခေလှတဲ့ အသားဖြန့်ဖြူးရောင်းချသူအဖြစ်နဲ့ အသက်မွေးဝမ်းကျောင်းပြု ရုန်းကန်နေရပါတယ်။ ချေးငှားထားမိတဲ့ ဒေါ်လာ ၈ သောင်းကိုပြန်မဆပ်နိုင်သေးလို့ အကြွေးရှင်က လူမိုက်ငှားပြီး မိုက်ကြေးခွဲတာကိုလည်း ထွက်ပြေးတိမ်းရှောင်နေရတဲ့ ဘဝနဲ့ပါ။

တစ်နေ့မှာတော့ အလုပ်က အပြန်မှာ သုတ်ပိုးဘဏ်က ရှေ့နေတစ်ယောက်နဲ့ တွေ့ပါတယ်။ သူ့ရဲ့ အဆိုအရ David ကျောင်းသားဘဝတုန်းက လှူဒါန်းခဲ့တဲ့ သုတ်ပိုးတွေကနေ ကလေးပေါင်း ၅၃၃ ယောက် ရရှိနေပြီလို့ အသိပေး အကြောင်းကြားပါတယ်။ အဲ့ဒီကလေးတွေထဲက အရွယ်ရောက်လာတဲ့ သားသမီးပေါင်း ၁၄၂ ယောက်က အဖေဘယ်သူလည်းဆိုတာဖော်ထုတ်ဖို့ မျိုးဆက်ပွားဆေးခန်းကို တရားစွဲထားတယ်ဆိုတဲ့အကြောင်းလည်း ပါဝင်ပါတယ်။ David က သူ့ရဲ့သုတ်ပိုးတွေကို လှူဒါန်းခဲ့တုန်းက Starbuck ဆိုတဲ့ နာမည်ဝှက်ကို အသုံးပြုခဲ့တာပါ။ အဲ့ဒီအတွက် David တစ်ယောက် သူငယ်ချင်းဖြစ်သူနဲ့ ပေါင်းပြီး ရှေ့နေ Brett ရဲ့ အကူအညီနဲ့ သုတ်ပိုးဘဏ်ကို အချက်အလက်တွေ ပေါက်ကြားစေမှုနဲ့ တရားပြန်စွဲပါတော့တယ် ။ တရားစီရင်ချက်ချတော့ David အနိုင်ရခဲ့ပြီး လျော်ကြေးငွေ ဒေါ်လာ ၂ သိန်း ရရှိခဲ့သလို သူ့ရဲ့ Identity ကိုလည်း လျှို့ဝှက်ထားရမယ်လို့ အမိန့်ချမှတ်ခဲ့ပါတယ် ။ ဒါပေမယ့် David အနေနဲ့ အကြွေးတွေ ဆပ်လို့ အပြီးမှာတော့ နောင်တရပြီး သူဟာ ကလေး ၅၃၃ ယောက်ရဲ့ ဖခင်ဖြစ်ကြောင်းကို လူမှုကွန်ယက် Facebook ပေါ်မှာ ဖွင့်ချလိုက်တဲ့အခါ .. ဘာတွေဆက်ဖြစ်မယ်ဆိုတာ စောင့်မျှော်ကြည့်ရှုဖို့ တိုက်တွန်းလိုက်ပါရစေ။




# BOOK REVIEW

## iPhone 4S,5,5C,5S,iOS7 အသုံးပြုမှုလမ်းညွှန်



မိုးထိအောင် (၃၀၀၀ ကျပ်)

စမတ်ဖုန်းတစ်လုံးရှိပြီဆိုရင် သူ့ကို အသုံးချပုံတွေကိုတိတိကျကျသိထားမယ်ဆိုရင် ပိုမိုအကျိုးရှိစွာသုံးစွဲနိုင်မှာပါ။ အများစုသောသုံးစွဲသူများကတော့ Android OS သုံးစမတ်ဖုန်းများကိုသုံးကြပေမယ့် ယခုနောက်ပိုင်းပြည်တွင်းမှာ iOS အသုံးပြု iPhone များကိုလည်းများစွာသုံးစွဲလာကြပါတယ်။ ယခုစာအုပ်မှာတော့အဆိုပါ iPhone များသုံးစွဲပုံကို User Guide သဘောမျိုးရေးသားထားပြီး ဖုန်းရဲ့ဖွဲ့စည်းပုံ၊ accessories ပစ္စည်းများ၊ icon များအကြောင်း၊ setup ပြုလုပ်ခြင်း၊ SIM card ထည့်သွင်းခြင်း၊ Wi-Fi ချိတ်ခြင်း၊ အင်တာနက်ချိတ်ခြင်း၊ App များကိုအသုံးပြုခြင်း၊ Voicemail အသုံးပြုခြင်း၊ Facetime အသုံးပြုခြင်း၊ Siri အသုံးပြုခြင်း၊ Jailbreak အကြောင်း၊ iPhone နှင့် iTunes တို့ ဆက်စပ်အလုပ်လုပ်ပုံ ၊ iOS ၏ သဘောသဘာဝ စသဖြင့် iPhone ကိုင်ဆောင်သူတိုင်း သိထားသင့်သည်များကို ရေးသား ထားသည်။

ကိုမြင့်နိုင် သုံးသပ်တင်ပြသည်။

## သားသမီးနှင့်မိဘငြိမ်းချမ်းရေး (ပ+ဒု)



အညတရဘိက္ခု တောင်တွင်းအရှင် ဣန္ဒိပါလ
(၅၀၀၀ ကျပ်)

သက်ရှိထင်ရှား ဘုရားနှစ်ဆူဟုတင်စားထိုက်သည့် မိဘနှစ်ပါး လည်းအပါအဝင်ဖြစ်ပါတယ်။ သက်ရှိဘုရားဖြစ်တာနဲ့အညီ ဘုရားရှင်ကိုကိုးကွယ်သလို အိမ်ဦးခန်းမှာတစ်ခန်းတစ်နားထားပြီး အစစအရာရာလို လေသေးမရှိအောင်ပြုစုကျွေးမွေးကြဖို့လိုအပ်ပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ ... ဒီစာအုပ်ထဲမှာပါတဲ့ "မိဘကို ကျွန်တစ်ယောက်(အိမ်စေ)လို အနားမှာ မခစားခိုင်းပါနဲ့" ဆိုတဲ့စာစုကိုဖတ်ကြည့်စေလိုပါတယ်။ တကယ့်အဖြစ်အပျက်များကထူးဆန်းလှပါတယ်ဆိုတာကို "မိခင်ကိုသူတောင်းစားသွားလုပ်ပါလားဟု ပြောပေမယ့် ဖြစ်သွားသူကတစ်ယောက်" ဆိုတဲ့စာစုမှာတွေ့နိုင်မှာဖြစ်ပါတယ်။ မိဘများရဲ့မေတ္တာတရားကိုဖတ်ရှုဖို့လွယ်ကူတဲ့အဖြစ်အပျက်ကလေးပေါင်းများစွာနဲ့တန်ဆာဆင်ထားတဲ့ဒီစာအုပ်ကတော့ တစ်အိမ်တစ်အုပ်ရှိထားသင့်တယ်လို့ဆိုထားပါတယ်။ မိဘများကိုဘယ်လိုဆက်ဆံပြုမူနေထိုင်ကြရမလဲ၊ သဘောထားကြရမလဲဆိုတာကို ဒီစာအုပ်ကသွန်သင်ဆုံးမပြီး မမှားသင့်တာတွေမမှားနိုင်စေဖို့ ကူညီပေးပါလိမ့်မယ်။

စာပေလောက ၂ မှ ပံ့ပိုးကူညီသည်။ ဖုန်း - ၀၉ - ၇၃၀ ၃၃ ၈၀၂၊ ၀၉ - ၅၁၄၅၃၁၈
အမှတ် ၂၆၂ - ၂၆၄ (မြေညီထပ်)၊ ပန်းဆိုးတန်း(အပေါ်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

# MUSIC ALBUM REVIEW

စုန်းမအိပ်မက်

၁)စုန်းမအိပ်မက်
၂)Night Out
၃)မလွမ်းနဲ့ ဆိုပါလား ft. N Zai
၄)အရူးလို
၅)Beer O] Clock
၆)Bad Boy ft. Jenny
၇)Because I Love You
၈)ဆက်တလိုက် ဗိုင်းရပ်စ် ft. Yatha
၉)ချစ်ကြစို့ ft. Ye Yint
၁၀)Bye Bye
၁၁)အဲလိုမင်းနဲ့
၁၂)ဟိုအဝေးက
၁၃)ဘတ်လဘိုင်လိုက်

Hip Hop အဆိုတော် ကျော်ထွဋ်ဆွေရဲ့ ညီမ ဖြစ်သူ နှင်းထွဋ်ဆွေရဲ့ တစ်ကိုယ်တော်အယ်လ်ဘမ် စုန်းမအိပ်မက် ... မက် ဆိုတဲ့ Title Song အပါအဝင် သီချင်းပုဒ်ရေ ၁၃ ပုဒ် ပါဝင်ထည့်သွင်း သီဆိုထားပါတယ် ။ Featuring အဆိုရှင်များအနေနဲ့ ရဿ၊ ရဲရင့် (One Way)၊ ကျော်ထွဋ်ဆွေ၊ N Zai၊ Lil Z၊ Jenny နဲ့ နဒီထွဋ်ဆွေတို့က ပါဝင်အားဖြည့်ထားကြပါတယ်။ အခွေရဲ့ အစမှာပဲ စုန်းမအိပ်မက် ဆိုတဲ့ သီချင်းကို ခပ်ကြမ်းကြမ်း သီချင်းစာသားများနဲ့ ခံစားဖွင့်ဆိုထားတာကို သတိထားမိပါတယ် ။ ဒုတိယသီချင်းရဲ့နာမည်ကို Night Out လို့ ပေးထားပြီး ပျော်စရာ အလွန်ကောင်းတဲ့ .. ညချမ်းလေး .. အားလုံးမေ့လိုက် .. မင်းအတွက် .. ပြဿနာမရှိ ... ပူပင်စရာတွေ မတွေးနဲ့ .. ချန်ထားခဲ့ ... သောကများလို့ .. မင်းလေး အသက်တိုမယ် ဆိုတဲ့ လူငယ်ဆန်ဆန် သီချင်းစာသားများ ပါဝင်ပါတယ်။ ညဘက်အပြင်ထွက်ပြီး မြူးတူးကခုန်လို့ကြတဲ့ လူငယ်သဘာဝ ဓလေ့စရိုက်များကို ဖွဲ့ဆိုထားတဲ့အတွက် လွတ်လပ်ပေါ့ပါးပါတယ်။ မလွမ်းနဲ့ ဆိုပါလား ဆိုတဲ့ အဆိုတော် N Zai နဲ့ တွဲဖက်သီဆိုထားတဲ့ သီချင်းကလည်း အထာကျပါတယ်။ မိုးသား .. တိမ်တွေ .. လွင့်မျောနေ .. ကောင်းကင်ဘုံ .. ကြည်နူးစရာ နေ့ရက်တွေ .. စောင့်နေခဲ့တာ .. ရောက်ချင်လို့ .. ဆိုတဲ့ Rap စာသားများကို N Zai က ခပ်မိုက်မိုက်သီဆို ဖြည့်စွက်ပေးထားပါတယ်။ အရူးလိုဆိုတဲ့ သီချင်းကတော့ တီးလုံးတီးကွက်ဆန်းသစ်ပြီး သီဆိုပုံလည်း တစ်မျိုးဆန်းပါတယ်။ ခုန်ပေါက် ကလို့ကောင်းမယ့် သီချင်းတစ်ပုဒ်ဖြစ်သလို အရူးလို စည်းလွတ် ဝါးလွတ် ပျော်ချင်သူများနဲ့ လိုက်ပါတယ်။ မိန်းကလေး စရိုက်အတိုင်း .. ငါမချွဲနွဲ့တတ်ပါ .. ဂျစ်ကပ်ကပ် ငါ .. မင်းမကြိုက်ရင်လည်း .. မတွဲနဲ့ကွာ ... ဆိုတဲ့ စကားလုံးများကို ထည့်သွင်းသီဆိုထားက မိန်းကလေး ပရိတ်သတ်ကြီး အကြိုက်ဖြစ်မှာပါ။ ဒီအခွေထဲမှာ အကြိုက်တွေ့မိတဲ့ သီချင်း တစ်ပုဒ်က Because I Love You ဖြစ်ပါတယ် ။ ဟိုး.. Love You , Because I Love You .. တကယ်ပါပဲ .. မင်းရဲ့အချစ်နဲ့ ... ဝေးရမှာ ... စိုး ဆိုတဲ့ သံစဉ်စာသားများကို ခံစားချက်ပါပါတယ်။ တခြားကျန်ရှိနေသေးတဲ့ သီချင်းများကိုတော့ မူရင်းသီချင်းခွေကို ဝယ်ယူနားဆင်အားပေးဖို့ တိုက်တွန်းလိုက်ပါရစေ ။




မင်္ဂလာအီရိ မှ ပံ့ပိုးကူညီသည်။
တိတ်ခွေ၊ စီဒီ၊ ဗွီစီဒီ၊ ဒီဗွီဒီ ထုတ်လုပ်ဖြန့်ချိရေး

## Blackberry နှင့် Foxconn တို့ ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆို

Android နှင့် iOS စမတ်ဖုန်းများ အကြီးအကျယ် ခေတ်စားလာသည့် ယခုနှစ်များအတွင်း အကြပ်အတည်း များစွာဖြင့် ရင်ဆိုင်နေရသည့် Blackberry ကုမ္ပဏီသည် ထိုင်ဝမ်အခြေစိုက် လျှပ်စစ်ပစ္စည်းတပ်ဆင်ထုတ်လုပ်ရေး ကုမ္ပဏီ Foxconn နှင့် ပူးပေါင်းကာ စမတ်ဖုန်းသစ် တစ်လုံး ထုတ်လုပ်နိုင်မည့် ငါးနှစ် သက်တမ်းရှိ စာချုပ်သစ် တစ်ရပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

တစ်ချိန်က ကမ္ဘာ့ အင်အားကြီး မိုဘိုင်းဖုန်း ကုမ္ပဏီဖြစ်ခဲ့သော Blakberry သည် လတ်တလောတွင် ရှယ်ယာဈေး ကျဆင်းမှု အပါအဝင် ဆုံးရှုံးမှုများဖြင့်ရင်ဆိုင်ရလျက်ရှိပြီး ယခုနှစ် တတိယသုံးလပတ်အတွက် အရှုံး စုစုပေါင်းမှာ ဒေါ်လာ ၄.၄ ဘီလီယံအထိ ရှိကြောင်း ထုတ်ပြန်ထားသည်။ ဝင်ငွေရရှိမှုတွင်လည်း ဒေါ်လာ ၂.၇၃ ဘီလီယံမှ ၁.၉ ဘီလီယံ အထိ ကျဆင်းခဲ့ကြောင်း သိရသည်။ ထို့ပြင် ကုမ္ပဏီ၏ နောက်ဆုံးထုတ် Blackberry 10 OS သုံးစမတ် ဖုန်းများမှာလည်း လူကြိုက်နည်းလျက်ရှိရာ ဝင်ငွေရရှိမှု ဆက်လက်ကျဆင်းရန် ရှိကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

Blackberry ဖြင့် လက်မှတ်ရေးထိုးထားသည့် Foxconn ကုမ္ပဏီမှာမူ ကမ္ဘာ့အကြီး ဆုံးလျှပ်စစ်ပစ္စည်းနှင့် အစိတ်အပိုင်းများ တပ်ဆင် ထုတ်လုပ်သူဖြစ်သည်။ ထို့ပြင် Foxconn မှာ Apple ၏ ကာလရှည် မဟာမိတ်ဖြစ်ပြီး iPad နှင့် iPhone များ အဓိကထုတ်လုပ်ပေးသူဖြစ်ကြောင်း သိရသည်။

**BBC**

## ဗြိတိန်နှင့် အမေရိကန်တို့၏ ထောက်လှမ်းခြင်း ခံရသော ပစ်မှတ်များစာရင်း ထွက်ပေါ်လာ

အမေရိကန်နှင့်ဗြိတိသျှ ထောက်လှမ်းရေး တို့၏ စောင့်ကြည့် ထောက်လှမ်းခြင်း ခံခဲ့ရသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း စာရင်းများ ထွက်ပေါ်လာသည်။ ယင်း သတင်းများအား The Guardian, The New York Times နှင့် Der Spiegel သတင်းစာ တို့မှ ဖော်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါ သတင်းစာများ၏ အဆိုအရ ထပ်မံထွက်ပေါ် လာသည့် အချက်အလက်သစ်များတွင် ဥရောပ သမဂ္ဂ ကော်မရှင်နာ၊ အစ္စရေးဝန်ကြီးချုပ်နှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများ အပါအဝင် ပစ်မှတ်ပေါင်း ၁၀၀၀ ခန့်ပါဝင် ကြောင်းသိရသည်။ အမေရိကန်၏ NSA နှင့် ဗြိတိန်၏ GBHQ တို့မှ ပြုလုပ်ခဲ့သော အဆိုပါလေ့လာစောင့် ကြည့်မှုများတွင် ပစ်မှတ်များမှာ နိုင်ငံပေါင်း ၆၀ ခန့်မှ ဖြစ်သည် ဟု ဆိုသည်။

ဗြိတိန် ထောက်လှမ်းရေး GBHQ သည် နိုင်ငံခြားခေါင်းဆောင်များ အထူးသဖြင့်အာဖရိကနိုင်ငံခေါင်းဆောင်များနှင့် တစ်ခါတစ်ရံ ယင်းတို့၏ မိသားစုဝင်များ သုံးစွဲသည့် ဆက်သွယ်ရေး လမ်းကြောင်းများအား လေ့လာစောင့်ကြည့်ခဲ့သည့် အပြင် UN ညွှန်မှူးများနှင့် ကူညီကယ်ဆယ်ရေး အစီအစဉ် များအားလည်း လေ့လာစောင့်ကြည့်ခဲ့သည်ဟု The New York Times တွင်ဖော်ပြသည်။ ထို့ပြင် ၄င်း ထောက်လှမ်းရေး များသည် အစ္စရေးအရာ ရှိများ၏ email များ အားလည်း ၂၀၀၉ ခုနှစ်အတွင်း ကြားဖြတ် ထောက်လှမ်းခဲ့ပြီး ယင်းတို့ အနက် တစ်ခုမှာ အဆိုပါ ကာလအအတွင်း ဝန်ကြီးချုပ် ဖြစ်ခဲ့သည့် Ehud Olmert ၏ email ဖြစ် သည်ဟုဆိုသည်။

ယင်းအချက်အလက်သစ်များမှာ ယခင် NSA ကန်ထရိုက် ဝန်ထမ်းဟောင်း Edward Snowden ထံမှပင် ထပ်မံ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ယင်းအချက်အလက်သစ်များကြောင့် အမေရိကန်နှင့် ဗြိတိန်ထောက်လှမ်းရေးတို့၏ လုပ်ရပ်အပေါ် စိုးရိမ်ပူပန်သည့် နိုင်ငံများ ပိုမိုများပြားလာဖွယ်ရှိကြောင်း BBC တွင်ဖော်ပြ သည်။

**BBC**

# Lego (တုံးများဖြင့် ပြုလုပ်ထားသည့် လေစွမ်းအင်သုံး) ကားအား ထုတ်ဖော်ပြသ



အိမ်၊တံတား၊ မီးရထားများ တည်ဆောက်ကစားရာတွင် အသုံးပြုသည့် Lego များဖြင့် တည်ဆောက်ထားသော ကားတစ်စီး အား သြစတြေးလျ နိုင်ငံတွင် ထုတ်ဖော်ပြသ ခဲ့သည်။ ယင်းကားမှာ လေစွမ်းအင် အသုံးပြုမောင်းနှင်ရသည့် ကားတစ်စီးဖြစ်ပြီး တစ်နာရီလျှင် ၁၂ မိုင်နှုန်းဖြင့် မောင်းနှင်နိုင်ကာ မဲလ်ဘုန်းမြို့တွင် စမ်းသပ်မောင်း နှင်ပြီး ဖြစ်ကြောင်း သိရသည်။

အဆိုပါကားအား သြစတြေးလျ စီးပွားရေး လုပ်ငန်းရှင် တစ်ဦးနှင့် ရိုမေးနီးယား နည်းပညာရှင်များ ပူးပေါင်း တည်ဆောက်ခြင်းဖြစ်ပြီး ကားတစ်စီးလုံး အပြည့်အဝ တည်ဆောက်ရန် Lego တုံးပေါင်း ၅၀၀,၀၀၀ ကျော် ခန့် အသုံးပြုခဲ့ရသည်။ ယင်း ကားအား မောင်းနှင်နိုင်ရန်အတွက် Lego များ နှင့် ပင်ပြုလုပ်ထားသော လေစွမ်းအင်သုံး အင်ဂျင်နှင့် ပစ်စတင်လေးခု ပါဝင်ပြီး ဘီးများအပါအဝင် အစိတ် အပိုင်း အနည်းငယ်မှ လွဲ၍ ကားတစ်စီးလုံးအား Lego များနှင့် ပင်တည်ဆောက်ထားသည်။

Super Awesome Micro Project ဟု အမည်ပေးထားသော Lego ကား စီမံကိန်းအား ရိုမေးနီးယားနည်းပညာရှင်လူငယ်များမှ ဒီဇိုင်း ရေးဆွဲပြီး သြစတြေးလျ နိုင်ငံသား ၄၀ ခန့်မှ ငွေကြေး ထောက်ပံ့ကာ အချိန် ၁၈ လ ရယူ၍ တည်ဆောက်ခဲ့ကြောင်း ယင်းကား တည်ဆောက်ရာတွင် ပါဝင်သူ Steve Sammartino က ဆိုသည်။ Sammartino နှင့် ၄င်း၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ Raul Oaida တို့သည် အဆိုပါ ကားအား ရိုမေးနီးယားနိုင်ငံတွင် စတင် တည်ဆောက်ခြင်းဖြစ်ပြီး သြစတြေးလျနိုင်ငံတွင် ကြီးမားသည့် နောက်ဆုံး အစိတ်အပိုင်း များသာ တပ်ဆင်ခဲ့ကြောင်း သိရသည်။ Sammartino က ၄င်းတို့ အဖွဲ့အနေဖြင့် Lego ကားအား အပျော်သဘောဖြင့်သာ တည်ဆောက်ခြင်း ဖြစ်ရာ ထပ်မံတည်ဆောက်သွားရန် မရှိကြောင်း BBC သို့ ထုတ်ဖော် ပြောကြား သည်။

**BBC**

## Z1F အား ဂျပန်နိုင်ငံတွင် စတင်ဖြန့်ချိ



Sony ကုမ္ပဏီသည် Xperia Z1F အား ဂျပန်နိုင်ငံတွင် စတင်ဖြန့်ချိခဲ့သည်။ NTT DoCoMo မှ တစ်ဆင့်ဖြန့်ချိခဲ့သော Sony ၏ စမတ်ဖုန်းသစ်မှာ အနက်၊ အဖြူ၊ ပန်းရောင်နှင့် အဝါနှု၍ အရောင်လေးမျိုးဖြင့် ထွက်ရှိလာကြောင်း သိရ သည်။

Z1F မှာ Sony ၏ နာမည်ကျော် တန်းမြင့်စမတ်ဖုန်း Z1 ၏ မျက်နှာပြင် သေးဟားရှင်း ဖြစ်ပြီး မျက်နှာပြင်နှင့် ဘက်ထရီ ကဲ့သို့ လုပ်ဆောင်ချက် အချို့မှ လွဲ၍ ဒီဇိုင်းနှင့်အတွင်းပိုင်းလုပ်ဆောင်ချက် အများစုမှာ တူညီကြသည်။ မျက်နှာပြင်ပိုင်း အနေဖြင့် Z1 ၏ မျက်နှာပြင်မှာ ၅ လက်မ ဖြစ်သော်လည်း Z1F တွင်မူ Resolution 720p ရှိသည့် 4.3 လက်မ အရွယ် မျက်နှာပြင်သာ ပါဝင်ပြီး ဘက်ထရီမှာ 2,300 mAh ဖြစ်သည်။ အခြား လုပ်ဆောင်ချက်များ အနေဖြင့်မူ Snapdragon 800 Chipset, 20.7 MP ကင်မရာ, 16GB Internal Storage နှင့် ရေစိုခံ လုပ်ဆောင်ချက်တို့မှာ Z1 နှင့် အတူတူ ပင်ဖြစ်သည်။

Sony ကုမ္ပဏီ အနေဖြင့် Xperia Z1F အား ဂျပန်နိုင်ငံတွင်သာ ဖြန့်ချိဖွယ်ရှိပြီး နိုင်ငံတကာ ဈေးကွက်တွင်မူ Xperia Z1S အမည် ဖြင့် ဖြန့်ချိသွားဖွယ်ရှိသည်။ Z1S နှင့် ပတ်သက်၍ Sony မှ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားထားခြင်း မရှိသေးသော်လည်း ယင်းဖုန်းမှာ Z1F နှင့် လုပ်ဆောင်ချင်း ဆင်တူသည့် Z1 Mini ပင် ဖြစ်ကြောင်း GSM Arena တွင် ဖော်ပြသည်။ ထို့ပြင် Sony သည် Z1S အား လာမည့် လ ၆ ရက်နေ့တွင် Las Vegas ၌ ကျင်းပမည့် CES အကြို သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော် လာဖွယ်ရှိကြောင်း GSM Arena က ဆို သည်။

**GSM Arena**

## ရောမ မျက်နှာပြင်ခွက် တီဗီများအား Samsung နှင့် LG တို့ ထုတ်လုပ်မည်

CES(Consumer Electronics Show) ကျင်းပရန် ရက်သတ္တပတ် အနည်းငယ် အလိုတွင် တောင်ကိုရီးယား နည်းပညာ ကုမ္ပဏီများ ဖြစ်သည့် Samsung နှင့် LG မှ ထုတ်လုပ်မည့် ၁၀၅ လက်မအရွယ် Ultra High Resolution တီဗွီသစ်များအသေးစိတ် လုပ်ဆောင်ချက်များ ထွက်ပေါ်လာသည်။

CES တွင် ထုတ်ဖော်ပြသလာဖွယ်ရှိသည့် အဆိုပါ တီဗွီနှစ်လုံး စလုံးတွင် 21:9 "CinemaScope" အချိုး များ အသုံး ပြုသွားမည်ဖြစ်ပြီး Resolution မှာ 5,126 x 2,160 ရှိမည်ဖြစ်သည်။ ယင်း Resolution မှာ Frame တစ်ခုလျှင် 11.1MP နှုန်းဖြင့် ထောက်ပံ့ပေးနိုင်သည့် ပမာဏ ဖြစ်ပြီး Frame တစ်ခုလျှင် 2.1MP နှုန်းဖြင့် ဖော်ပြပေးနိုင်သည့် HD မျက်နှာပြင်များထက် ၅ ဆခန့် ပိုမိုကောင်းမွန်သည်။ ထို့ပြင် ယင်း တီဗီနှစ်လုံးစလုံးမှာ Resolution 3840x 2160 ရှိ၍ Frame တစ်ခုလျှင် 8.3 MP ဖြင့် ဖော်ပြပေးနိုင်သည့် 4K UHD တီဗွီများထက်လည်း ပိုမိုကြည်လင် ပြတ်သားမည် ဖြစ်ကြောင်း Daily Mail တွင် ဖော်ပြသည်။

Samsung နှင့် LG တို့သည် အဆိုပါ TV နှစ်လုံးစလုံးအား လာမည့် ဇန်နဝါရီလ ၇ ရက်နေ့တွင် Las Vegas ၌ စတင်ကျင်းပမည့် CES ၂၀၁၄ တွင် တရားဝင်ထုတ်ဖော်မိတ်ဆက်မည်ဖြစ်ပြီး ဈေးနှုန်းကို မူမထုတ်ပြန်သေးပေ။

**Daily Mail**

# Android အခြေခံ တန်ဖိုးမြင့် ဖုန်းတစ်လုံးအား Gresso ထုတ်ဖော်




တန်ဖိုးမြင့်ဇိမ်ခံစမတ်ဖုန်းထုတ်လုပ်သူ Gresso သည် Android အခြေခံတန်ဖိုးမြင့်ဖုန်းတစ်လုံးအား Redical အမည်ဖြင့် ထုတ်လုပ်ခဲ့သည်။

Radical R1 ဟု အမည်ပေးထားသည့် အဆိုပါစမတ်ဖုန်းတွင် ကိုယ်ထည်အား အဆင့် ၅ ရှိ တိုက်တေနီယံဖြင့်ပြုလုပ်ထားပြီးမျက်နှာစာရှိခလုတ်များ အပါအဝင် ကိုယ်ထည်တစ်ခုလုံးမှာ Unibody ဖြစ်သည်။ လုပ်ဆောင်ချက်များ အနေဖြင့် မျက်နှာပြင်မှာ qHD Resolution (245 ppi) ရှိသည့် 4.5 လက်မအရွယ် မျက်နှာပြင်ဖြစ်ပြီး အတွင်းပိုင်းတွင် Quad-core 1.2 GHz Processor နှင့် 36GB Internal memory တို့ ပါဝင်သည်။ OS အနေဖြင့် Android 4.1.2 Jelly Bean ပါဝင်မည်ဖြစ်ပြီး ကင်မရာမှာ 8MP ဖြစ်ကာ 1080p အရည်အသွေးရှိသည့် ဗွီဒီယိုများ ရိုက်ကူးနိုင်မည် ဖြစ်သည်။ ထူးခြားချက်အနေဖြင့် Radical R1 တွင် တန်ဖိုးကြီး ဖုန်းများ၌ ပါဝင်လေ့ မရှိသည့် SIM ကတ်နှစ်ကတ်သုံး စနစ်ပါဝင်သည်။

Grosso သည် Radical R1 အား Las Vegas တွင်ကျင်းပမည့် CES 2013 တွင်တရားဝင်ထုတ်ဖော်ပြသမည်ဖြစ်သည်။ ဈေးနှုန်းကိုမူ ဒေါ်လာ ၁၈၀၀ သတ်မှတ်ထားပြီး အလုံးရေ ၉၉၉ လုံးသာ ကန့်သတ်ထုတ်လုပ် မည် ဖြစ်သည်။

GSM Arena

# Honor စမတ်ဖုန်းသစ်များ Huawei မိတ်ဆက်




တရုတ်နည်းပညာ ကုမ္ပဏီ Huawei သည် Honor စမတ်ဖုန်းမော်ဒယ်သစ်များအား ထုတ်ဖော်မိတ်ဆက်ခဲ့သည်။ Huawei မှ မိတ်ဆက်ပေးခဲ့သည့် စမတ်ဖုန်း နှစ်လုံးအနက် Honor 3X မှာ မျက်နှာပြင် အကျယ် ၅.၅ လက်မရှိ သည့် Phablet တစ်လုံးဖြစ်ပြီး Honor 3C မှာ ၅ လက်မအရွယ် စမတ်ဖုန်း တစ်လုံးဖြစ်ကာ နှစ်မျိုးစလုံးမှာ Dual-SIM စနစ် ဖြစ်သည်။

Honor 3X ၏ 5.5 လက်မအရွယ် IPS မျက်နှာပြင်တွင် Resolution မှာ 720p ဖြစ်သည်။ အတွင်းပိုင်းတွင် 1.7GHz Octa-core Cortex A7 Chipset နှင့် 2GB RAM တို့ပါဝင်သည်။ကင်မရာအနေဖြင့် ကျောဘက်တွင် 13MP ပါဝင်ပြီး မျက်နှာစာတွင် 5MP ပါဝင်ကာ ဘက်ထရီမှာ 3,000 mAh ဖြစ်သည်။ Huawei သည် Honor 3X အား တရုတ်နိုင်ငံတွင် ယွမ် ၁၇၀၀ (ဒေါ်လာ ၂၈၀) ဖြင့် ဖြန့်ချိမည်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်သို့ ဖြန့်ချိရန် ရှိမရှိကိုမူ မထုတ်ပြန်သေးပေ။

အခြားဖုန်းတစ်လုံးဖြစ်သည့် Honor 3C တွင် 3X ထက်ပိုမိုခေတ်မီသည့် လုပ်ဆောင်ချက်များ ပါဝင်သော်လည်း ဈေးနှုန်းမှာမူ ထက်ဝက်ခန့် သက်သာသည်။ ယင်းစမတ်ဖုန်းတွင် မျက်နှာပြင်ပိုင်း အနေဖြင့် ၅ လက်မအရွယ် IPTS မျက်နှာပြင် ပါဝင်ပြီး Resolution မှာ 720p ဖြစ်သည်။ အတွင်းပိုင်းတွင် 1.2 GHz Quad-core Cortex A7 Processor နှင့် 8GB Internal memory တို့ ပါဝင်မည် ဖြစ်ပြီး microSD ဖြင့်ထပ်မံတိုးချဲ့နိုင်မည်ဖြစ်ကာ OS မှာ Android 4.2 ဖြစ်သည်။ မျက်နှာစာ ကင်မရာမှာ 3X ကဲ့သို့ 5MP ဖြစ်သော်လည်း ကျောဘက်တွင်မူ Sony ကုမ္ပဏီထုတ် 8MP f/2.0 ကင်မရာ တပ်ဆင်ထားသည်။ ထူးခြားချက်အနေဖြင့် RAM အား 1GB နှင့် 2GB ဟူ၍ အမျိုးအစားခွဲခြားထုတ်လုပ်သွားမည်ဖြစ်ပြီး ဈေးနှုန်းကိုမူ 1GB ဗားရှင်းအား ယွမ် ၈၀၀ (ဒေါ်လာ ၁၃၀)နှင့် 2GB ဗားရှင်းအား ယွမ် ၁၀၀၀ (ဒေါ်လာ ၁၆၀) သတ်မှတ်ထားကြောင်း သိရသည်။

GSM Arena

# Apple ၏ Mac Pro အသစ် စင်ကာပူသို့ ရောက်ရှိ

ယခုနှစ်ဖွန်လအတွင်းကြေညာခဲ့သည့် Apple ၏ဆလင်ဒါပုံသဏ္ဍာန် Mac Pro ကွန်ပျူတာသစ်အား စင်ကာပူနိုင်ငံတွင် စတင်ဖြန့် ချိနေပြီဖြစ်ကြောင်း သိရသည်။ Apple ၏ ထုတ်ပြန် ကြေညာချက်အရ စင်ကာပူ နိုင်ငံတွင် ကနဦး ဖြန့်ချိမည့် Mac Pro မှာ တန်ဖိုးအနည်းဆုံး မော်ဒယ်ဖြစ်ပြီး စင်ကာပူဒေါ်လာ ၄၂၈၈ (၃၃၉၇ ဒေါ်လာ) ဖြင့် ဝယ်ယူနိုင်မည် ဖြစ် သည်။

Apple သည် ယင်းမော်ဒယ်အား အမေရိကန်တွင် ၂၉၉၉ ဒေါ်လာဖြင့် ရောင်းချခြင်း ဖြစ်သော်လည်း စင်ကာပူတွင် ဈေးနှုန်း ကြီးမြင့်နေမှုမှာ ယင်းနိုင်ငံ၏ အခွန်နှုန်းကြောင့် ဖြစ် ကြောင်း Apple ကဆိုသည်။ အဆိုပါမော်ဒယ်တွင် အတွင်းပိုင်း လုပ်ဆောင်ချက်များ အနေဖြင့် 3.7GHz Quad-core Intel Xeon E5 Processor, Dual AMD FirePro D300 GPUs, 12GB RAM နှင့် 256GB PCIe Flash storage တို့ ပါဝင်သည်။

ယင်းမော်ဒယ်ထက် ပိုမိုကောင်းမွန်သည့် 3.5GHz Hexa-core Intel Xeon E5, Dual AMD FirePro D300 GPUs, 16GB RAM နှင့် 256GB PCIe Flash storage တို့ ပါဝင်သော မော်ဒယ်ကိုမူ စင်ကာပူ ဒေါ်လာ ၅၆၈၈ ဒေါ်လာ သတ်မှတ် ထားသည်။ထို့ ပြင် Apple ကုမ္ပဏီ ထုတ် MacPro မော်ဒယ်များတွင် အမြင့်ဆုံးဖြစ် သည့် 12-Core 2.7GHz Intel Xeon E5, 64GB RAM, 1TB Flash storage နှင့် AMD Firebird D700 GPUs တို့ပါဝင်သည့် မော်ဒယ်ကိုမူစင်ကာပူဒေါ်လာ၁၃၅၂၈ ဒေါ်လာ သတ်မှတ်ထားကြောင်း သိရသည်။

Cnet

# CES တွင် Samsung တက်ဘလက်သစ်တစ် လုံး ထွက်ပေါ်လာဖွယ်ရှိဟုဆို

Samsung ကုမ္ပဏီသည်လာမည့်လတွင် ကျင်းပမည့် CES Las Vegas တွင် ၁၀.၅ လက်မ အရွယ် AMOLED မျက်နှာပြင်ဖြင့် တက်ဘလက် သစ်တစ်လုံး ထုတ်ဖော်လာဖွယ် ရှိကြောင်း တောင်ကိုရီးယား နည်းပညာသတင်းဝက်ဘ်ဆိုက် ETNews တွင် ဖော်ပြသည်။

အဆိုပါသတင်းဝက်ဘ်ဆိုက်၏ ဖော်ပြချက်အရ Samsung ၏ Galaxy Tab မျိုးဆက်သစ်မှာ အရည်အသွေးမြင့် တန်ဖိုးကြီး တက်ဘလက် တစ်လုံးဖြစ်ဖွယ်ရှိကြောင်း သိရသည်။အဆိုပါ တက်ဘလက်သစ်နှင့် ပတ်သက်၍ ယခင်ထွက်ပေါ်ခဲ့သည့် သတင်းများ တွင် Samsung သည် Apple ၏ iPad နှင့် iPad Mini တို့အား ယှဉ်ပြိုင် နိုင်ရန်အတွက် ၎င်းတို့၏ မျိုးဆက်သစ် Galaxy Tab4 ဖြစ်ဖွယ်ရှိသည့် တက်ဘလက်များအား အကောင်းဆုံးဖြစ်စေရန် ကြိုးပမ်းနေသည် ဟုသိရ သည်။

လတ်တလောတွင်လည်း Samsung သည် AMOLED မျက် နှာပြင်ဖြင့် တက်ဘလက် တစ်လုံး ထုတ်လုပ်ရန် ပြင်ဆင်နေကြောင်း သတင်းများထွက်ပေါ်နေသည့်အပြင် အခြား သတင်းများတွင် တောင်ကိုရီးယား၏ အကြီးဆုံး နည်းပညာ ကုမ္ပဏီသည် ၂၀၁၄ အစောပိုင်းတွင် ၈ လက်မနှင့် ၁၀ လက်မ တက်ဘလက်များ ထုတ်လုပ်ရန်ရှိသည်ဟု ဖော်ပြသည်။ ထို့ပြင် အဆိုပါ ၂၀၁၄ အစောပိုင်း ကာလအတွင်း Samsung သည် AMOLED တက်ဘလက်များ အပြင် စမတ်ဖုန်းသစ် ၅ လုံးအထိ ထုတ် ဖော်လာဖွယ်ရှိကြောင်း Cnet တွင် ဖော်ပြသည်။

Cnet

# LG GX အား တောင်ကိုရီးယားတွင် ကြေညာ



LG ကုမ္ပဏီသည် ၅.၅ လက်မအရွယ် 1080p IPS မျက်နှာပြင် နှင့် Qualcomm Snapdragon 600 Chipset တို့ပါဝင်သည့် LG GX အား တောင်ကိုရီးယားတွင် ကြေညာခဲ့သည်။

LTE စနစ်ပါဝင်သည့် LG ၏စမတ်ဖုန်းသစ်မှာ LG Optimus G Pro အား အနည်းငယ်သာ ပြုပြင်ပြောင်းလဲထားသည့် ဗားရှင်း ဖြစ်သည်။ GX တွင် G Pro ၏ မျက်နှာပြင်နှင့် Chipset တို့ ပြန် လည်ပါဝင်လာသလို 2GB RAM, 32GB Memory, 13MP ကင်မရာနှင့် 3,140 mAh ဘက်ထရီ တို့လည်း ပြန်လည် ပါဝင်လာသည်။ GX ၏ အတိုင်းအတာမှာ 150.6 x 76.1 x 9.2 mm ရှိမည် ဖြစ်ပြီး အလေးချိန်မှာ ၁၆၇ ဂရမ် ရှိမည်ဖြစ်ကာ အဖြူရောင်နှင့် အနက်ရောင်ဟူ၍ အရောင်နှစ်မျိုးဖြင့် ရရှိနိုင်မည် ဖြစ်သည်။ OS အနေဖြင့် Android Jelly Bean ပါဝင်မည်ဟု သိရသော်လည်း ဗားရှင်း အတိအကျအား မသိရသေးပေ။ အခြားလုပ်ဆောင်ချက် အနေဖြင့် LG G2 တွင် ပါဝင်သည့် "Koock On" လုပ်ဆောင်ချက် ပါဝင်မည်ဖြစ်သည်။ အဆိုပါ လုပ်ဆောင်ချက်မှာ LG ကုမ္ပဏီထုတ် စမတ်တီဗွီ၊ Q Remote အစရှိသည် တို့ဖြင့် တွဲဖက် အသုံးပြုနိုင်သည့် လုပ်ဆောင်ချက် ဖြစ်ကြောင်း သိရသည်။

LG သည် GX အားလာမည့် တောင်ကိုရီးယားတွင် ရက်သတ္တပတ် အနည်းငယ်အတွင်း ဖြန့်ချိသွားမည် ဖြစ်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့သွားရန်ရှိမရှိကိုမူ မသိရသေးပေ။

GSM Arena

# စမတ်ဖုန်းနည်းပညာကို ရိုင်ဖယ်စစ်သည်များ၏ လက်နက်တွင် ပေါင်းစပ်အသုံးပြုခြင်း







General Dynamics Canada Company နှင့် Colt Canada Company တို့ ပူးပေါင်း၍ niper Weapon & Observer Reconnaissance Devices (SWORD) စနစ်ကို တီထွင်ခဲ့ကြပြီး အဆိုပါစနစ်သည် လက်ရှိစစ်မြေပြင်တွင် ဖြစ်ပျက်နေသော အဖြစ်အပျက်များကို ကိုင်ဆောင်ထားသော လက်နက်မှ တစ်ဆင့် စစ်သည်ထံသို့ ပေးပို့နိုင်မည် ဖြစ်သည်။

Colt Canada Company သည် လက်နက်ထုတ်လုပ်ခြင်းနှင့် အဆင့်မြင့်တင်ခြင်းဆိုင်ရာ လုပ်ငန်းများတွင် များစွာ အတွေ့အကြုံရှိသလို General Dynamics Canada Company သည် လည်း စစ်သည် တစ်ဦးချင်းစီအတွက် ကွန်ရက် ချိတ်ဆက်နိုင်မှုအပိုင်းတွင် ပိုင်နိုင်သည်ဟု သိရပါသည်။

SWORD စနစ်သည် စစ်သည်များ အတွက်များစွာအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း Colt Canada မှ အထွေထွေ မန်နေဂျာ Jeff MacLeod က ဆိုပါသည်။ စမတ်ဖုန်းနည်းပညာကို လက်နက်တွင် အသုံးပြုရန် ပေါင်းစပ်လိုက်ခြင်းဖြင့် စစ်သည်များအနေဖြင့် စစ်မြေပြင်၌ ၎င်းတို့လိုအပ်နေသော သတင်းအချက်အလက်များကို လက်ထိပ်ဖျားလေးနှင့် တို့ထိလိုက်ရုံဖြင့် သိရှိနိုင်မည်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် SWORD စနစ်သည် ပုံမှန်ပေးပို့နေကြဖြစ်သည့် ကွန်ပျူတာ၊ သို့မဟုတ် ဖန်သားပြင်များမှ နေ၍ သတင်းအချက်အလက်များကို ပေးပို့ခြင်းမဟုတ်ဘဲ ရိုင်ဖယ်မှ ပေးပို့သည့်စနစ်ဖြစ်ပါသည်။

အဆိုပါစနစ်တစ်ခုလုံး ပါဝင် တပ်ဆင်ထားသော သေနတ်ကို Android-Networked Rifle ဟုခေါ်ပြီး ကိုင်ဆောင်သူစစ်သည်များအတွက် ၎င်းတို့၏ရည်မှန်းချက်တာဝန်များ ပြီးမြောက်သည်အထိ လုံခြုံစိတ်ချစွာ တာဝန်ထမ်းဆောင်စေနိုင်ရန် စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည်။ SWORD စနစ်ကို ဒီဇင်ဘာလ ၁၀ ရက်မှ ၁၁ ရက်အတွင်း Canadian Association of Defence and Security Industries (CADSI) က ထုတ်ဖော်ပြသခဲ့ကြောင်း သိရှိရပါသည်။

Source:http://www.defencetalk.com/smartphone-technology-enables-rifle-centric-soldier-system-49892/

ပြန်ဆိုသူ - worldwide



# Tech Space နည်းပညာဂျာနယ် ၂ နှစ်ပြည့် လက်ဆောင်ပစ္စည်းလဲလှယ်ပေးမည့် အစီအစဉ်

**Vol 2 Issue 32- 52**

Tech Space နည်းပညာဂျာနယ်ကို အစဉ်အဆက်မပျက်တမ်းဖတ်ရှုသည့် စာဖတ်ပရိသတ်များအတွက် ကျေးဇူးတုံ့ပြန်သည့် လက်ဆောင်ပစ္စည်းပေးအပ်သွားမည့် အစီအစဉ်ကို အမှတ်စဉ် ၃၂ မှ ၅၂ အထိ ပြုလုပ်သွားမည်ဖြစ်ပါသည်။

COLLECT → j

**Program**

| Collect | Arrange | Exchange |
|---|---|---|
| fa my te uri vo | my fa vo uri te | |

| စကားလုံးအတွဲ | ရရှိမည့် လက်ဆောင်ပစ္စည်း |
|---|---|
| i) my fa vo uri te t e c h s p a c e j o u r n a l | Bonus Price (32GB Memory Stick) + TSJ Gift Pack + Amazing Gift |
| ii) my fa vo uri te t e c h s p a c e | Bonus Price (16GB Memory Stick) + TSJ Gift Pack |
| iii) t e c h s p a c e j o u r n a l | Bonus Price (16GB Memory Stick) + TSJ Gift Pack |
| iv) my fa vo uri te j o u r n a l | Bonus Price (8GB Memory Stick) + TSJ Gift Pack |
| v) t e c h s p a c e | Bonus Price (8GB Memory Stick) + TSJ Gift Pack |

tsj Special Key (လိုအပ်သည့်နေရာတွင် တစ်ကြိမ်ထည့်သွင်းနိုင်သည်။ သို့သော် TSJ Gift Pack နှင့် Amazing Gift ကို ခံစားခွင့်မရှိပါ)

ဥပမာ - t e c h s p tsj c e

**စည်းကမ်းချက်များ** လက်ဆောင်ပစ္စည်းများ လဲလှယ်ထုတ်ယူရာတွင် စာလုံးများပါဝင်သည့် ဂျာနယ်များကိုပါ တစ်ပါတည်း ယူဆောင်လာရပါမည်။ August Mynamar Media မှ ဝန်ထမ်းများ ပါဝင်ခွင့်မပြု။

UBIQUITI™ NETWORKS




**The Only Authorized Distribution in Myanmar**

# InyaLand Co., Ltd.

affiliated with PYI WAI SHAN Group of Companies

30-C, Than Lwin & Inya Road, Bahan, Yangon 11201 / +95 151 2430, info@inyaland.com